www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# မင်းစက္က



## ဝင်္ကပါဝါးတောထဲက သန်းထိုက်ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com

မင်းစက္ကာ
ဝက်ပါတောထဲကသန်းထိုက်ပတ္တမြား

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၃ခုနှစ်၊
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၃၀၀ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ချိုချိုမြင့်
ကောင်းဆုအော့ဖ်ဆက်
အမှတ်(၅၂/ခ)၊ရွှေယင်းမာလမ်း၊
၁၃ရပ်ကွက်၊ရန်ကင်း။
ထုတ်ဝေသူ - ဦးလှနိုင်(မြိတ်စာပေ)
အမှတ်(၆၆)၊ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင့်တိုင်၊ရန်ကုန်မြို့
ဖြန့်ချိရေး - မြိတ်စာပေ(ဖုန်း-၀၉၇၃၂၄၅၀၄၈)
စီစဉ်သူ - ကိုလှနိုင်(မြိတ်)(ဖုန်း-၀၉၅၀၃၁၀၃၄)

၈၉၅. ၈၃
မင်းစက္ကာ
ဝက်ပါတောထဲကသန်းထိုက်ပတ္တမြား- ရန်ကုန်၊
မြိတ်စာပေ၊ ၂၀၁၁။
၂၈၀ - စာ ၊ ၁၂ × ၁၈စင်တီ
ဝက်ပါတောထဲကသန်းထိုက်ပတ္တမြား။



သက္ကရာဇ်-၁၉၇၈ခုနှစ်

(လှည်းကူးမြို့ နယ်-မင်းလွင်ကုန်းကျေးရွာ)

www.burmeseclassic.com



## နိဒါန်း

နွေနှောင်းရာသီ. . .။

ကြခတ်ဝါးရုံကြီးများပေါ်မှ ခြောက်သွေ့နေသော ဝါးရွက်ခြောက်များက တလွင့်လွင့် ကြွေကျနေ၏။ ထို့ကြောင့် လမ်းမရှိသော ဝါးရုံတောအတွင်းတွင် ဝါးရွက်ကြွေများက ဖုံးလွှမ်းလျက်. . .။

အားနည်းသော နေ၏အလင်းရောင်က ဝါးရုံတောအတွင်းကိုတော့ ထင်ထင်ရှားရှားမြင်သာအောင် စွမ်းဆောင်နိုင်သေး၏။ လေပူတစ်ချက်ဝှေ့၍ တိုက်ခတ်လာသည်။ ရွက်





ခြောက်ကြွေများက မြေပြင်ပေါ်မှ ရုပ်တိုက်ပြေးလွှားရွေ့လျားသွားကြလေ၏။

ရုတ်တရက် ဖိနပ်မပါသော ခြေထောက်တစ်စုံသည် လေတိုက်ခတ်မှုကြောင့် ရွေ့လျားသွားခဲ့သော ရွက်ကြွေများ၏ မူလနေရာသို့ ရောက်ရှိလာသည်။ ဖြူနုသန့်ရှင်းပြီး အနည်းငယ်ကြီးမားသည့် ခြေထောက်တစ်စုံသည် ဖြည်းညှင်းစွာ ရွေ့လျားလာသည်။

ယင်းခြေထောက်ပိုင်ရှင်မှာ အသက်(၃၀)ခန့်ရှိသော ရုပ်ရည်ချောမောသန့်ပြန့်သည့် လူရွယ်တစ်ဦးဖြစ်သည်။ ထူထဲဖြောင့်တန်းသော မျက်ခုံး၊ ဖြောင့်စင်းသောနှာတံနှင့်ပိရိသေသပ်သော နှုတ်ခမ်းပါးအစုံတို့က လူရွယ်အား ဥပဓိရုပ်တည်ကြည်ခန့်ညားသူအဖြစ် ဖန်တီးပေးထား၏။

သူ၏ မျက်လုံးအစုံမှာ ရီဝေမှုန်မှိုင်းနေ၏။ သူသည် ဝါးပင်များအကြား ကွေ့ပတ်လျှောက်လှမ်းနေသည်။ ဖြည်းညှင်းစွာလျှောက်နေသော သူ၏အသွင်အပြင်မှာ တစ်စုံတစ်ဦး၏ အညို့ခံနေရသလိုပင်။

ဝါးပင်များမှာ ရှုပ်ထွေးစွာ ရှင်သန်ပေါက်ရောက်နေကြသည်။ ခြုံနွယ်တစ်ချို့ကလည်း ဟိုတစ်စု၊ သည်တစ်စုအရပ်လေးမျက်နှာလုံး၌ ဝါးပင်ရှည်များကိုသာ မျက်စိဆုံး တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်။ ရွက်ကြွေများပြည့်နှက်နေသော ဝါးရုံတောကြီးအတွင်းမှာ လူသွားလမ်းမရှိပဲ ဝက်ပါတစ်ခုနှယ်။ လူသူအရောက်အပေါက်မရှိသော ဝက်ပါဝါးတောကြီးအတွင်း ဝါးပင်များကို ရှောင်တိမ်းရင်း လျှောက်နေသော လူရွယ်၏ ခြေလှမ်းများ ရပ်တန့်သွားသည်နှင့်။

"နှိ..နှိ..နှိ"

ဟူသော မြွေတွန်သံက ထွက်ပေါ်လာတတ်သည်။ ထိုအခါ ထိုမြွေတွန်သံထွက်ပေါ်လာရာဘက်သို့ လူရွယ်က ဦးတည်ကာ ဆက်လျှောက်သွားသည်။

ဤသို့ဖြင့် သူသည် ဝါးပင်များ ကင်းလွတ်နေသောကြီးမားကျယ်ပြန့်သည့် မြေကွက်လပ်တစ်ခုမှာ ဝါးရုံတောများကြား၌ လျှို့ဝှက်စွာ ရှိနေသည်ကို တွေ့မြင်ခွင့်ရလိုက်ပေပြီ။

သူ့..ပထမဆုံးသတိပြုမိသည်မှာ လူတစ်ရပ်မကမြင့်သော မြို့ရိုးဟောင်းပေါ်ရှိ ယိုယွင်းပျက်စီးနေသော ထုံးဖြူဖြူစေတီတော်(၅)ဆူပင်ဖြစ်သည်။ တစ်ဆူနှင့်တစ်ဆူ သိပ်မဝေးလှပေ။ မြို့ရိုးဟောင်း၏ အခြားတစ်ဖက်မှာလည်း ရှည်လျားရှုပ်ထွေးစွာ ရှင်သန်နေကြသော ဝါးပင်များက ရှေးဟောင်းစေတီတော်ပျက်ငါးဆူကို လုံခြုံစွာ လျှို့ဝှက်တားဆီးထားလေပြီ။

ထိုဝါးတောအလွန်မှာတော့ ရေပြည့်နေသော ကျုံးကြီး





ရှိနေမှာကို သူတွေးသိသွားလေသည်။ ဟံသာဝတီမင်းနေပြည်တော်၏ ရွှေမြို့တော်ဟောင်းအား ကာရံထားသော မြို့ရိုးဟောင်းပေါ်ရှိ စေတီငုတ်တိုငါးဆူပေါ်၌ ဝါးရွက်ခြောက်ကြွေများက နေရာမလပ် ထူထပ်စွာ စုပုံလျက်။ စေတီပေါ်သို့တက်နိုင်ရန် ပြုလုပ်ထားသော ကျောက်လှေကားထစ်များပေါ်တွင်လည်း ဝါးရွက်ခြောက်များ နေရာယူထားသည်။

လူရွယ်က ဝါးရွက်ခြောက်များဖုံးနေသော ကျောက်လှေကားထစ်များပေါ်သို့ တစ်လှမ်းချင်းတက်သွားသည်။ သူသည် စေတီတစ်ဆူချင်းစီကို ကြည်ညိုစိတ်များယိုဖိတ်လျက် လိုက်လံဝတ်ပြုလေသည်။ စေတီတော်ငါးဆူတို့၏ ဘွဲ့တော်များမှာ ဒုတ္ထစေတီ၊ စူဠာမဏိစေတီ၊ အေးချမ်းသာယာစေတီ၊ မြရတနာစေတီနှင့်လွမ်းစေတီတော်တို့ဖြစ်ကြောင်း သူသိရှိလိုက်ရသည်။

သူသည် ရှေးဟောင်းစေတီတော်များ၏ ပျက်ယွင်းနေသော နေရာများကို ကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းလာမိသည်။ ထိုစေတီတော်များအား ပြုပြင်မွမ်းမံလိုသော သဒ္ဓါစိတ်များက ထကြွလာသည်။ စေတီတော်များအား ဖုံးကွယ်ဝှက်ထားသော ဝက်ပါဝါးတောကြီးကို မကျေမနပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

ရုတ်တရက် သူ၏မျက်လုံးအစုံသည် တစ်နေရာ၌ရပ်တန့်သွား၏။ မြို့ရိုးဟောင်းနှင့်ကပ်လျက်နေရာ၌ ဟောင်းနွမ်းပြိုပျက်နေသော ကြီးမားသည့် နှစ်ထပ်အိမ်အိုကြီးတစ်လုံးကို စူးစူးစိုက်စိုက် ကြည့်မိ၏။ သူ. . မြို့ရိုးပေါ်တက်လာစဉ်က လုံးဝမတွေ့မမြင်မိခဲ့သော အိမ်အိုကြီးသည် မြေကွက်လပ်၏ အဆုံးတွင် ဝါးပင်များအား နောက်ခံထားရင်း လျှို့ဝှက်ဆန်းကြယ်မှုကို ဆောင်ယူလျက်. . ။

ကျွန်းသားဖြင့် တည်ဆောက်ထားသော ထိုအိမ်အိုကြီးက သူ့အား အင်အားကောင်းကောင်းဖြင့် ညို့ငင်ခေါ်ယူနေလေသည်။ ထိုညို့ငင်အားကို သူတင်းခံမနေနိုင်ပါ။ ချက်ချင်းပင် မြို့ရိုးပေါ်မှဆင်းကာ ထိုအိမ်အိုကြီးထံသို့ လျှောက်လှမ်းသွားသည်။

ကျွန်းအိမ်ကြီးမှာ ခြုံနွယ်များ၏ ရစ်ပတ်လွှမ်းမိုးမှုကို ခံနေရသည်။ လူရွယ်က အိမ်အိုကြီး၏ တံခါးမကြီးရှေ့၌ ရပ်တန့်လိုက်၏။ ထိုနောက် ကြေးလက်ကိုင်ကွင်းသို့ လက်လှမ်းလိုက်သည်။

ရုတ်တရက် သူသည် လှမ်းနေသောလက်ကို ဆတ်ကနဲပြန်ရုတ်ပြီး နောက်သို့ခုန်ဆုတ်လိုက်သည်။





"မြွေ. . . မြွေ"

ပါးစပ်ကလည်း အလန့်တကြား အော်မိ၏။ တံခါးမကြီးရှိ ကြေးလက်ကိုင်ကွင်းအား ရစ်ပတ်ပြီး ပါးပျဉ်းခွက်နေသော မြွေဟောက်သေးသေးလေးကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

သို့သော် အသေအချာကြည့်လိုက်တော့ အလွန်လက်ရာမြောက်စွာ အသေးစိတ်ဖန်တီးထားသော မြွေရုပ်လေးဖြစ်နေမှန်း သိရသည်။ ထိတ်လန့်မှုက ချက်ချင်းပြေဖျောက်သွားလေ၏။ အသက်ဝင်လွန်းလှသော မြွေရုပ်ကလေးရစ်ပတ်ထားသည့် ကြေးလက်ကိုင်ကွင်းအား သူဆုပ်ကိုင်ပြီး တွန်းဖွင့်လိုက်လေသည်။

"ကျွီ. . အီ. . အီ"

သံချေးတက်နေသော ပတ္တာများက အသံစုံမြည်ပြီး တံခါးမကြီးပွင့်သွားလေပြီ။ အိမ်ကြီးတွင်း၌ ကျွန်းသားဖြင့်ပြုလုပ်ထားသော အိမ်ထောင်ပရိဘောဂများကို ဆန်းကြယ်စွာတွေ့မြင်လိုက်ရသည်။

စားပွဲနှင့်ထိုင်ခုံများ၏ ခြေထောက်တို့မှာ မြွေများက



www.burmeseclassic.com

www.burmeseclassic.com



ပါးပျဉ်းထောင်ရင်း ခန္ဓာကိုယ်အောက်ပိုင်းတို့ကို ခွေလိပ်ထားဟန်ရှိ၏။ အလွန်လှပသော မြွေရုပ်တုများမှာ အသက်ဝင်နေသည့်အလား လက်ရာမြောက်လွန်းလှသည်။ မည်းနက်စိုလက်သော မျက်လုံးအစုံတို့က သူ့အား ဝိုင်းစိုက်ကြည့်နေသလိုပင်။

ထိုပရိဘောဂပစ္စည်းများနှင့်ကြမ်းပြင်ပေါ်၌ ဖုန်မှုန့်များ ပြည့်နှက်လျက်။ မျက်နှာကျက်နှင့်နံရံများတွင် ပင့်ကူအိမ်များ ရှုပ်ထွေးစွာရှိနေ၏။ သူက စူးစမ်းလိုစိတ်ဖြင့် အိမ်ကြီးအတွင်းသို့ လှမ်းဝင်သွားသည်။

သူ့ . အလွန်အမင်း အံ့ဩလာသည်။ အိမ်ကြီးတွင်းရှိ အသုံးအဆောင်ပစ္စည်းတိုင်း၌ မြွေရုပ်များကို သင့်တော်သလို အလှဆင် တပ်ဆင်ထားခြင်းအပေါ် အံ့ဩနေမိ၏။ ဘီရို၊ ကုတင်နှင့်ကြောင်အိမ်တို့၏ ခြေထောက်များမှာ မြွေရုပ်တုများ ဖြစ်နေသည်။

အရောင်အသွေးစုံ၊ အမျိုးအစားစုံလှသော မြွေရုပ်တုများကို သူတအံ့တဩ ကြည့်ရှုနေမိသည်။ ဤအိမ်ကြီးအတွင်း၌ မြွေရုပ်နှင့်လွတ်ကင်းသည့် ပစ္စည်းတစ်ခုမှမရှိပေ။ မြွေရုပ်များဖြင့် အဆန်းတကြယ် အလှဆင်ထားသည့် ဤအိမ်ကြီး၏ အိမ်ရှင်ကို သူသိလိုစိတ် ပြင်းပျလာခဲ့သည်။





အိမ်ကြီး၏ အပေါ်ထပ်သို့တက်ရန် ပြုလုပ်ထားသော ကျွန်းလှေကားရှိ လက်ရန်းများ၊ ကာရံထားသော တိုင်လေးများမှာလည်း မြွေရုပ်များ ပြည့်နှက်စွာ နေရာယူထားလေ၏။

သူသည် မြွေရုပ်များကို အံ့ဩငေးမောရင်း အပေါ်ထပ်သို့ ရောက်လာခဲ့သည်။ အခန်းတံခါးအချို့က ဖွင့်၍မရ။ တချို့က အသင့်ပွင့်လျက်။ သူသည် အခန်းတစ်ခန်းတွင်းသို့ ရောက်သောအခါ အသက်ရှူရပ်မတတ် အံ့ဩမင်တက်သွားရသည်။

ထိုအခန်းတွင်း၌ ကျောက်သားဖြင့် ထုဆစ်ပုံဖော်ထားသော မြွေမျိုးစုံကို ပါးပျဉ်းထောင်လျက်အနေအထားဖြင့် တွေ့မြင်လိုက်ရသည်။ မြွေရုပ်တုများက တစ်ရာထက်မနည်း။ အလွန်ကြီးမားသော မြွေရုပ်ကြီးများက အသည်းယားစဖွယ်။ မြွေပါးပျဉ်းကြီးများက စကောဝိုင်းခန့်ရှိ၏။ မြွေရုပ်များ၏ ခန္ဓာကိုယ်ပေါ်တွင် ဆေးရောင်မျိုးစုံ ခြယ်သထားသဖြင့် တကယ့်မြွေများနှင့်မခြား။

ထိုရုပ်တုများအနက် ပြိုကျပျက်စီးနေသော ရုပ်တုများတစ်ချို့လည်း ရှိ၏။ ရုပ်တုအားလုံးတို့သည် အခန်းပအား ကျောခိုင်းထားလျက် အနေအထားများဖြင့် မြွေရုပ်များမျက်



www.burmeseclassic.com

www.burmeseclassic.com



နှာမူထားရာ အခန်းနံရံအဆုံး၌ လက်တစ်တောင်ခန့်မြင့်သော ကျွန်းစင်မြင့်တစ်ခုရှိ၏။ ထိုစင်မြင့်ပေါ်တွင် ပြိုကျပျက်စီးနေသော မြွေရုပ်တုကြီးတစ်ခုကို အပုံလိုက်တွေ့မြင်လိုက်ရသည်။

"ဒါဟာ ဒီမြွေတွေရဲ့ အကြီးအကဲဖြစ်မယ်ထင်တယ်၊ အတော်လှမယ့်ပုံပဲ"

သူက စိတ်ထဲမှ ရေရွတ်မှတ်ချက်ချမိ၏။ သူ၏ မျက်လုံးအစုံက အခန်းနံရံသို့ ရောက်သွားသည်။ နံရံပေါ်၌ အလွန်ကြီးမားသော မြွေကြီးများ၏ ရုပ်ပုံကို နံရံပြည့်ဆေးပန်းချီခြယ်သထား၏။ အလွန်လက်ရာမြောက်လွန်းသဖြင့် အသက်ဝင်လှုပ်ရှားယိမ်းနွဲ့နေသလိုပင် ထင်မှတ်ရသည်။

အလွန်လှပ၍ ကြီးမားသော မြွေဟောက်မကြီးတစ်ကောင်ကို ကျန်မြွေမျိုးစုံတို့က ဝိုင်းရံလျက် ဦးညွှတ်နေကြပုံကို အသေးစိတ်ပန်းချီခြယ်ထား၏။

"ဒီအိမ်ပိုင်ရှင်ဟာ ဘယ်သူများပါလိမ့်၊ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ အိမ်တစ်လုံးကို မြွေတွေနဲ့ ဖန်တီးထားရတာလဲ"

ဖြေသူမရှိသော မေးခွန်းများကို သူစဉ်းစားရင်း မြွေရုပ်တုများထံသို့ လျှောက်သွားသည်။





ရုတ်တရက်. . .။

"ရှီ. . ရှီ. . ရှီ"

မြွေတွန်သံများ ဆူညံစွာ ထွက်ပေါ်လာပြီး ရုပ်တုများမှာ လှုပ်ရှားလာကြသည်။ သူက ခြေလှမ်းရပ်တန့်ပြီး မျက်လုံးများကို လက်နှစ်ဖက်ဖြင့်ပွတ်ကာ လှုပ်ရှားလာသည်ထင်နေရသော မြွေရုပ်တုများထံ ကြည့်လိုက်သည်။

သူ၏အမြင် မမှားပါ။ မြွေရုပ်တုများမှာ အသက်ဝင်လှုပ်ရှားတွန့်လိမ်လာပြီး သူ့ဘက်သို့ ပါးပျဉ်းများ လှည့်လာကြလေပြီ။ မည်းနက်စိုလက်သော မျက်လုံးအစုံတို့က သူ့အားစိုက်ကြည့်လာကြသည်။

"ဟာ"

သူအံ့သြထိတ်လန့်လွန်းသဖြင့် နေရာ၌ပင် အကြောင်သားရပ်ရင်း ပြူးကျယ်သော မျက်လုံးအစုံတို့ဖြင့် အသက်ဝင်လာသော မြွေများကို ငေးကြည့်မိ၏။

"ရှီ. . ရှီ. . ရှီ"

ကြီးမားလှသော မြွေကြီးများက ခန္ဓာကိုယ်များအားလျှောတိုက်ရင်း သူ့ထံသို့ ဦးတည်ရွေ့လျားလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူသတိဝင်လာပြီး ကြောက်ရွံ့စွာဖြင့် ချာကနဲလှည့်ကာ ပြေးထွက်လာသည်။ သူ. . လှေကားအတိုင်းပြေးဆင်းလာ၏။ လှေကား၏ လက်ရန်းအား သူဆုပ်ကိုင်မိစဉ် အေးစက်သော အထိအတွေ့တစ်ခုက သူ့လက်အား ရစ်ပတ်လာသည်။ သူ့လက်အား ကြည့်လိုက်သည်။

ထိုအခါ မြွေတစ်ကောင်က သူ့လက်အား ရစ်ပတ်ထားသည်ကို တွေ့ရ၏။ တစ်ဆက်တည်းမှာပင် လှေကားတွင် အလှဆင်ထားသော မြွေရုပ်များမှာ အသက်ဝင်လှုပ်ရှားနေတာကို သူအံ့သြထိတ်လန့်စွာ သိလိုက်ရသည်။ လက်ရန်းနှင့်တိုင်များမှ မြွေများက သူ့ထံသို့ ဦးတည်ရွေ့လျားလာသလို နောက်မှလိုက်လာသော မြွေကြီးများကလည်း အလွန်နီးကပ်လာပြီ။

သူ. . နောက်သို့ လှည့်ကြည့်မိစဉ် သူ၏ ခြေလက်များအား မြွေလေးများက ရစ်ပတ်လိုက်ကြ၏။ နောက်မှလိုက်လာသော မြွေကြီးတစ်ကောင်က သူ၏ခန္ဓာကိုယ်အား စတင်ရစ်ပတ်လိုက်လေပြီ။ မြွေများစွာတို့၏ ရစ်ပတ်ခြင်းကို ခံရသောသူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အားကုန်အော်ဟစ်လိုက်လေတော့သည်။

"အား"





"အား"

သန့်စင်ထွန်းတစ်ယောက် ယောင်ရမ်းအော်ရင်း ထထိုင်မိသည်။ သူ၏ ခန္ဓာကိုယ်အနှံ့အပြားမှ ချွေးစေးများ စိမ့်ထွက်နေ၏။ အိပ်မက်မှ လန့်နိုးလာ၍ သူ၏ နှလုံးခုန်သံမှာ မြန်ဆန်ကျယ်လောင်လျက်။

ထိုစဉ် အတွင်းခန်းမှ ဦးလေးထွန်းရီနှင့်ဒေါ်လေးဝိုင်းကြည်တို့ အလျင်စလို ထွက်လာသလို သူ၏ ဘေးတွင် အိပ်ပျော်နေခဲ့သော ထွန်းကြည်မှာလည်း ချက်ချင်းထလာသည်။

"အစ်ကိုကြီး. . အစ်ကိုကြီးဘာဖြစ်တာလဲ"

ထွန်းကြည်က သူ၏လက်မောင်းအား ဆုပ်ကိုင်လှုပ်ရမ်းရင်း မေး၏။ ဦးလေးထွန်းရီနှင့်ဒေါ်လေးဝိုင်းကြည်တို့ကလည်း သူ့ဘေးမှာ ဝိုင်း၍ထိုင်လိုက်ကြရင်း. . .။

"ဟဲ့. . တူကြီး၊ ဘာဖြစ်လို့လဲ၊ ဒေါ်လေးကို ပြောစမ်းပါဦး"

"အိပ်မက်ဆိုးမက်လို့ ထအော်တာထင်တယ်"

ဦးလေးထွန်းရီ၏ ထင်မြင်ချက်မှန်ကန်ကြောင်းကို သူခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်. . ဒေါ်လေး၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်ရင်း ယောင်အော်မိတာပါ"

"ဘယ်လိုအိပ်မက်မျိုး မက်လို့တုန်း"

ဒေါ်လေးဝိုင်းကြည်၏အမေးကို သူမှန်ကန်တိကျစွာ ဖြေချင်စိတ်မရှိပါ။

"ဘယ်လိုအိပ်မက်မှန်းတောင် မမှတ်မိတော့ပါဘူးဗျာ ဒေါ်လေးရာ"

"ခရီးပန်းပြီး နေရာဒေသအပြောင်းအလဲကြောင့် သွေးလေခြောက်ချားပြီး လျှောက်မက်တာဖြစ်မှာပေါ့. . ကဲ. . ကဲ သား. . ထွန်းကြည် မင်းအစ်ကိုကြီးကို ရေခပ်တိုက်လိုက်ဦး"

"ဟုတ်ကဲ့. . . အဖေ"

ထွန်းကြည်က သွက်လက်စွာဖြင့် အခန်းထောင့်သို့ လျှောက်သွားကာ သစ်သားရေအိုးစင်ပေါ်ရှိ ရေအိုးကြီးအတွင်းမှ ရေတစ်ခွက်ခပ်ကာ ပြန်ရောက်လာသည်။ သန့်စင်ထွန်းက ထွန်းကြည်ပေးသော ရေခွက်ကိုယူပြီး နှုတ်ခမ်းဖျားတေ့၍ ဖြည်းညှင်းစွာပင်သောက်ရင်း စိတ်ထဲမှ ကြိတ်၍စဉ်းစားနေမိ၏။

"ငါ့ကို ဒီလာဖို့ လာပြောသွားတဲ့ အဘက ဘယ်သူပါလိမ့်၊ ဘာကြောင့်များ ဒီကိုလာဖို့ ခိုင်းရတာလဲ၊ ငါကိုယ်တိုင်ကလည်း ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်ရဲ့ ခိုင်းစေချက်





ကို ဘာကြောင့် လိုလိုလားလား လိုက်နာနေရပါလိမ့်"

သူက အတွေးများဖြင့် ငြိမ်သက်နေစဉ် ထွန်းကြည်က သူ့လက်ထဲမှ ရေခွက်ကိုယူပြီး နေရာတကျ ပြန်သွားထား၏။ ဦးလေးထွန်းရီက ထုံးစံအတိုင်း ဆေးပြင်းလိပ်ကို ဖွာရှိုက်နေ၏။ ဒေါ်လေးဝိုင်းကြည်တစ်ယောက်ကတော့. . . ။

"ဟယ်. . ဒီကောင်လေးတွေ ပြတင်းပေါက်ကော တံခါးမကြီးကိုပါ ဖွင့်ထားကြပါလား"

"အိုက်တာကိုး. . အမေရဲ့၊ လကလည်း သာနေတာနဲ့ အားလုံးဖွင့်ပြီး သက်တောင့်သက်သာ လှဲနေခဲ့ကြတာလေ၊ နောက်တော့ စကားပြောရင်းပြောရင်း ဘယ်အချိန်က အိပ်ပျော်သွားမှန်း မသိလိုက်ဘူး၊ ဟဲ. . ဟဲ. . ."

ထွန်းကြည်က ပြောရင်း တံခါးများကို လိုက်လံပိတ်၏။ ဒေါ်ဝိုင်းကြည်က မီးအိမ်ထွန်းရင်း တဖျစ်တောက်တောက်နဲ့ ဆူပူပါလေ၏။

"ထွန်းကြည်. . ထွန်းကြည်၊ နင်ဟာလေ အသက် ၂၀ သာပြည့်ရော အခုထက်ထိ စဉ်းစားဉာဏ်မရှိသေးဘူး၊ သတိကလည်း မေ့တတ်လိုက်တာ၊ ငါတောင်အရှုံးပေးရတယ်၊ [illegible] တည်း မပြောလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့တော့. . မိန်းမရယ်၊ ကဲ. . ကဲ မင်းလည်း သွားအိပ်တော့"

စကားနည်းသော လူအေးကြီးဦးထွန်းရီက ဝင်ရောက်ဟန့်တားရာ ဒေါ်ဝိုင်းကြည်က ဦးထွန်းရီအားကြည့်ရင်း. . ။

"ရှင်ကော ပြန်မအိပ်တော့ဘူးလား"

"အိပ်ချင်စိတ် မရှိသေးပါဘူးကွာ"

"ရှင့်မလဲ အချိန်ရတာနဲ့ ဒီဆေးပြင်းလိပ်ကြီးပဲ ခဲနေတော့တာပဲ"

ဒေါ်ဝိုင်းကြည်က ပြောရင်း မီးအိမ်ကို တွဲလောင်းကျနေသော သံချိတ်၌ ချိတ်ဆွဲပြီး အတွင်းခန်းသို့ ပြန်ဝင်သွား၏။ ထွန်းကြည်က အိပ်ရာခင်းများကို ဆွဲဆန့်ပေးရင်း. . . ။

"ဒီလောက်အိုက်နေတာကို အစ်ကိုကြီးမို့ စောင်ခင်း အိပ်သေးတယ်"

"မင်းအစ်ကိုကြီးက မြို့သားသူဌေးလေကွာ၊ မင်းနှင့် အနေအထိုင် ဘယ်တူပါ့မလဲ၊ ကဲ. . ကဲ. . အိပ်ကြတော့၊ မီးအိမ်ငြိမ်းပေးရမလား. . . သန့်စင်"

သန့်စင်ထွန်းက လက်ပတ်နာရီအား မြှောက်ကြည့်မိလိုက်သည်။ နာရီလက်တံများက လေးနာရီထိုးပြီဖြစ်ကြောင်း





ကို ညွှန်ပြနေ၏။

"မငြိမ်းနဲ့. . ဦးလေး၊ ကျွန်တော်မအိပ်တော့ဘူး"

"အစောကြီးရှိပါသေးတယ်ကွယ်"

"ကျွန်တော်က မနက်လေးနာရီဆို အမြဲထနေကျပါ"

"ဩော်"

ဦးထွန်းရီက စကားနည်းသူပီပီ ဘာမှမပြောတော့။ ထွန်းကြည်ကတော့ ကြမ်းခင်းပေါ် ခြေပစ်လက်ပစ်လှဲပြီး ပြန်အိပ်လေပြီ။ သန့်စင်ထွန်းက တံခါးမကြီးထံ လျှောက်သွားပြီး ဖွင့်ကာ အိမ်ပြင်သို့ထွက်သွား၏။

ထိုနောက် ကိုယ်လက်သန့်စင်၍ အိမ်တွင်းပြန်ဝင်လာ၏။ ရေတစ်ပုံးပါ ဆွဲလာခဲ့သည်။ သူသည် ရေပုံးကို ဘုရားစင်ရှေ့ချပြီး ဘုရားစင်အောက်ရှိ ပြတင်းပေါက်ကိုဖွင့်၏။ ပြီးလျှင် ဘုရားပန်းအိုးအား ရေလဲလှယ်ခြင်း၊ သောက်တော်ရေချမ်းကပ်ခြင်း၊ ဆီမီးနှင့်အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်းစသော ဝေယျာဝစ္စများကို စိတ်ရှည်လက်ရှည် သန့်ရှင်းစွာ ပြုလုပ်လေသည်။

ယင်းနောက် ဆောင့်ကြောင့်ထိုင်ပြီး အသံတိုးတိုးဖြင့် ဘုရားရှိခိုးလေပြီ။ သူ၏အသံကို ဦးထွန်းရီက ဆေးပြင်းလိပ်



www.burmeseclassic.com

www.burmeseclassic.com



အား ဖွာရှိုက်ရင်း နားထောင်နေမိသည်။ သူမကြားဖူးသော ဘုရားစာများကို သန့်စင်ထွန်းက ပါဠိလိုဆိုလိုက်၊ မြန်မာလို အဓိပ္ပါယ်ဖွင့်လိုက်ဖြင့် ရွတ်ဆိုပူဇော်သည်မှာ နာရီဝက်မနည်း အချိန်ကြာသွား၏။

ဘုရားဝတ်ပြုပြီးလျှင် သန့်စင်ထွန်းက အမျှဝေပြီး တင်ပလ္လင်ခွေပြောင်းထိုင်၏။ ခါးအား မတ်မတ်ထားပြီး လက်နှစ်ဖက်အား ဒူးပေါ်သက်တောင့်သက်သာ တင်ရင်း ဝင်လေ၊ထွက်လေမှတ်ခြင်းဖြင့် သမာဓိထူထောင်လေပြီ။

ဦးထွန်းရီက တရားထိုင်နေသော သန့်စင်ထွန်းအား ကြည့်ပြီး ကိုယ့်ကိုယ်ကို ရှက်လာမိသည်။ သန့်စင်ထွန်းကိုလည်း စိတ်ထဲမှကြိတ်၍ ချီးကျူးနေမိ၏။ သူကဲ့သို့ ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်လူငယ်များသည် ဘာသာရေးအား မေ့လျော့လျက် ပျော်ပါးနေကြသည်ကများ၏။

မဝိုင်းကြည်၏ အစ်ကိုဝမ်းကွဲတစ်ယောက်၏ တစ်ဦးတည်းသောသား သန့်စင်ထွန်းအကြောင်းကို မဝိုင်းကြည်ပြောတုန်းက သူသိပ်အလေးထား အသိအမှတ်မပြုခဲ့မိ။ မဝိုင်းကြည်သူ့အမျိုးတွေဆီသွားတိုင်း ဦးထွန်းရီမလိုက်ခဲ့ပေ။ မဝိုင်းကြည်တို့ ရန်ကုန်မှပြန်လာတိုင်း သန့်စင်ထွန်းဆိုသော သူ့အကြောင်း





ချည်းပြောတတ်၏။

သန့်စင်ထွန်းသည် ဆုံးပါးသွားသော မိဘနှစ်ပါးတို့၏ ပွဲရုံလုပ်ငန်းကို ဦးစီးလုပ်ကိုင်ပြီး အိမ်ထောင်ရေးကို စိတ်မဝင်စားပဲ ဘာသာရေးကို အလွန်ကိုင်းရှိုင်းသည်။ ဆွေမျိုးမိတ်ဆွေများအား ကူညီထောက်ပံ့ ပေးကမ်းတတ်သည်။ သဒ္ဓါတရားထက်သန်လွန်းသူအဖြစ် ဦးထွန်းရီသိရှိထားခဲ့သည်။

ယခု သန့်စင်ထွန်းသည် သူ၏ ပွဲရုံကို မန်နေဂျာများနှင့်လွှဲထားခဲ့ပြီး မင်းလွင်ကုန်းရွာသို့ လာရောက်ကာ လည်ပတ်အပန်းဖြေသည့်အတွက် မဝိုင်းကြည်တို့ သားအမိ အလွန်ကျေနပ် ပျော်ရွှင်နေကြ၏။ မဝိုင်းကြည်ပြောပြသော သန့်စင်ထွန်းအကြောင်းကို စဉ်းစားရင်း တရားထိုင်နေသည့် တည်ကြည်ခန့်ညားမှုရှိသော သန့်စင်ထွန်းကို ငေးကြည့်ရင်း ဦးထွန်းရီမှာ သန့်စင်ထွန်းကို လေးစားလာမိသည်။

* * *

သန့်စင်ထွန်း တရားဖြုတ်သည့်အချိန်၌ နံနက်(၅)နာရီရှိခဲ့ပေပြီ။ သူသည် ခြံထဲသို့ဆင်းကာ မေတ္တာသုတ်ကို ရွတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပွားများရင်း စကြံ့လျှောက်နေလေသည်။

ဦးထွန်းရီကလည်း အိမ်ထဲမှထွက်လာပြီး ဝါးကွပ်ပျစ်ပေါ်ထိုင်ရင်း ဆေးပြင်းလိပ်တစ်လိပ်ကို ထပ်မံဖွာရှိုက်၏။ ထိုဆေးပြင်းလိပ်ကုန်သွားသောအခါမှ သူကိုယ်လက်သန့်စင်လေသည်။ နေရောင်ခြည်ကလည်း လောကတခွင်ကို လွှမ်းခြုံပြီ။

ထိုစဉ် သန့်စင်ထွန်းက ဦးထွန်းရီအနီးသို့ ရောက်လာ၏။

"ဦးလေးကို ကျွန်တော်တစ်ခု မေးချင်တယ်"

"မေးလေ"

"ဒီရွာအလွန်မှာ မြို့လေးတံတားမှတ်တိုင် ရှိတယ်နော်"

"အေးလေ"

"အဲဒီမှတ်တိုင်ကနေ အနောက်မြောက်အရပ်ကို လှမ်းကြည့်ရင် ဝါးတောကြီးတစ်ခုကို တွေ့ရတယ်နော်"

"ဟုတ်တယ်၊ တူကြီးက ဘာသိချင်လို့လဲ"

"အဲဒီ ဝါးတောထဲမှာ ဘာရှိသလဲဆိုတာ ကျွန်တော် သိချင်တယ်"

"ဒါတော့ ဦးလေးမသိဘူးကွယ့်၊ ဦးလေးမှ မရောက်ဖူးပဲ၊ ဦးလေးမှမဟုတ်ဘူး၊ အဲဒီထဲကို ဘယ်သူမှမရောက်ဖူးဘူး"

"ဟုတ်ရဲ့လား. . ဦးလေးရယ်၊ ဝါးတောထဲရောက်ဖူး





တဲ့ လူတစ်ယောက်တောင် မရှိဘူးတဲ့လား"

ဦးထွန်းရီက သန့်စင်ထွန်းအား စူးစမ်းအကဲခတ်ရင်း ခေါင်းခါရမ်း၏။

"မရှိဘူး၊ အဲဒီမှာ ဝါးပင်တွေက အုံနှင့်ကျင်းနဲ့ ရှင်သန်နေကြတာ၊ သိပ်ကို ရှုပ်ထွေးနေတယ်၊ အပြင်ကကြည့်ပြီးတော့ကို မဝင်ရဲကြတာ၊ ဝင်ရင်လည်း အစပ်နားလောက်အထိပဲဝင်ဖြစ်ကြတယ်"

"ဘာဖြစ်လို့လဲ. . ဦးလေး"

"မြွေတွန်သံတွေ ကြားရလို့လေ၊ တစ်ကောင်တည်း တွန်တဲ့အသံမျိုး မဟုတ်ဘူး၊ မြွေရာပေါင်းများစွာနဲ့ တွန်သံမျိုး၊ အဲဒီဝါးတောထဲမှာ မြွေတွေ အများကြီးရှိနေတယ်ဆိုပြီး ဘယ်သူမှ မသွားကြတော့ဘူး၊ အဲဒီက ဝါးတစ်ချောင်းကိုတောင် ဘယ်သူမှ မခုတ်ရဲကြဘူး၊ မျှစ်တစ်ချောင်းမချိုးရဲဘူး၊ ဝါးခုတ်ဖို့ မျှစ်ချိုးဖို့သွားတဲ့လူမှန်သမျှ ခြေကုန်ပြေးလာရတာချည်းပဲ"

သန့်စင်ထွန်းမှာ အံ့သြခြင်းနှင့်အတူ ရင်လှိုက်ခုန်လာမိ၏။

"ဘာဖြစ်လို့လဲ. . ဟင်"

"မြွေလိုက်လို့လေ၊ မြွေအကြီးကြီးတွေ၊ ထွက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဲဒီဘက် ဘယ်သူမှ မသွားကြတော့ဘူး”

ဦးထွန်းရီ၏ စကားအား ငြိမ်သက်စွာ နားစိုက်ထောင်နေသော သန့်စင်ထွန်းမှာ လွန်ခဲ့တဲ့တစ်ပတ်က သူ၏ ခြံဝ၌ သူ့အပြန်ကို ရပ်စောင့်ပြီး စကားလာပြောသော ဝတ်ဖြူစင်ကြယ်နှင့်အဘိုးကြီးတစ်ယောက်၏ ကြည်လင်သော ရုပ်ပုံကို ပြန်လည်မြင်ယောင်လာမိလေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ အသံကိုလည်း ကြားယောင်လာမိ၏။

“ရောက်ချိန်တန်လို့ အဘကတော့ လူလေးဆီ ရောက်လာခဲ့ရပြီ. . လူလေး၊ မြင်ချိန်၊ သိချိန်တန်ပြီမို့ လူလေးမြင်ခွင့်၊ သိခွင့်ရအောင် လှည်းကူးမြို့နယ်က မင်းလွင်ကုန်းရွာကို အရောက်လာခဲ့ပါ”

ပြောပြီးသည်နှင့် သန့်စင်ထွန်းဘာမှမပြောနိုင်မီ လှည့်ထွက်ကာ ပျောက်ကွယ်သွားသော ပုဂ္ဂိုလ်ကို သတိဝင်လာချိန်မှာ သူကားပေါ်ကဆင်းကာ အပြေးအလွှား ရှာခဲ့သေးသည်။ လုံးဝမတွေ့တော့။ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့လေသည်။

အဘယ်ကြောင့်မှန်းမသိ။ သန့်စင်ထွန်းသည် ထိုပုဂ္ဂိုလ်အပေါ် ကြည်ညိုစိတ်၊ ယုံကြည်စိတ်၊ စူးစမ်းလိုစိတ်များဖြင့် ထိုရွာသို့ အရောက်လာခဲ့မိသည်။ ရောက်ရောက်ချင်းညမှာပင်





မက်ခဲ့သော ထူးဆန်းသည့် အိပ်မက်ကိုလည်း ပြန်လည်တွေးတောနေမိစဉ်. . .။

“တူကြီးက ဘာလို့ ဒီဝါးတောကြီးအကြောင်းကို စိတ်ဝင်တစားနဲ့ မေးရတာလဲ”

ဦးထွန်းရီ၏ အသံကြောင့် သန့်စင်ထွန်း၏ အတွေးများ ရပ်တန့်သွားသည်။

“ဩော်. . ညတုန်းက အဲဒီဝါးတောကြီးထဲ ကျွန်တော် ဝင်သွားရတယ်ဆိုပြီး အိပ်မက်မက်လို့ပါ”

“ငါ့တူကြီးမျက်စိထဲ ဒီဝါးတောကြီးအပေါ် အမြင်ဆန်းပြီး စိတ်စွဲသွားလို့ ဖြစ်မှာပေါ့ကွယ်၊ နေဦး. . အဘ မဝိုင်းကြည်တို့ကို သွားနှိုးလိုက်ဦးမယ်၊ သူတို့ သားအမိက နေ့တိုင်းနှိုးမှထတာ”

ပြောရင်းမှာပင် ဦးထွန်းကြည်က အိမ်ပေါ်သို့ တက်သွား၏။ သန့်စင်ထွန်းက ဝါးကွပ်ပျစ်ပေါ်၌ ထိုင်လိုက်စဉ်။

“လူလေး. . မင်းအိပ်မက်ထဲက နေရာကို အရောက်လာခဲ့ပါ”

ကြည်လင်ပီသသော စကားသံကို သူချက်ချင်းမှတ်မိလိုက်၏။ ဝတ်ဖြူစင်ကြယ်နှင့်သူ့ထံရောက်လာခဲ့သော ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏အသံ။

"ဟင်"

သူ. . ချက်ချင်းထရပ်ပြီး ဘေးဘီဝဲယာကို အလျင်အမြန် လှည့်ပတ်ကြည့်၏။ ဘယ်သူမှမရှိ။ နား,နားကပ်ပြောသလို ပီသသောအသံကသာ ထပ်မံထွက်ပေါ်လာ၏။

"လူလေး. . မင်းအဲဒီကို အရောက်လာခဲ့နော်၊ မင်းကို စောင့်မျှော်နေကြတယ်"

"ဘယ်သူတွေက စောင့်မျှော်နေကြတာလဲ"

အရပ်လေးမျက်နှာလုံးမှ တပြိုင်နက်တည်း ထွက်ပေါ်လာသလိုမျိုး အသံ၏ တုန့်ပြန်မှုကို သူဖန်တီးလိုက်နိုင်၏။ သို့သော် တုန့်ပြန်အဖြေက မတိကျ။

"သိချိန်တန်တော့ သိရမှာပေါ့ကွယ်၊ ဆန္ဒမစောပါနဲ့၊ လူလေးသာ အရောက်လာခဲ့ပါ"

သန့်စင်ထွန်းမှာ ကိုယ်ကိုယ်ကို အံ့ဩခြင်းမက အံ့ဩရင်း မယုံကြည်နိုင်ဖြစ်လာရ၏။ လူမမြင်ရပဲ အသံကိုသာ ပီပီသသကြားနေရသည့်အတွက် စိတ်ထဲတစ်မျိုးဖြစ်လာသည်။

"ငါ. . ငါ. . ရူးများသွားပြီလား"

* * *





## အခန်း- ၁

### ပြေးလမ်း

ပုဇွန်ဆီရောင် ခြုံလွှမ်းထားသော နေဝန်းကြီးက အနောက်ဘက်မိုးကုတ်စက်ဝိုင်းသို့ ဦးတည်ကာ ရွေ့လျားနေ၏။ တောစပ်ရှိ ယာတဲလေးတစ်ခုထဲတွင် အသက်-၄၀ကျော်အရွယ် မိန်းမကြီးတစ်ဦး အထုပ်အပိုးများ ပြင်ဆင်နေ၏။ ထိုမိန်းမကြီးမှာ ဗိုက်ဖုံးအင်္ကျီဝတ်ထားရသော ကိုယ်ဝန်ဆောင်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးကြီးသည် အထုပ်အပိုးများကို စနစ်တကျ စီစဉ်ပြင်ဆင်နေစဉ် မြင်းခွာသံများ တဖြောင်းဖြောင်းထွက်ပေါ်လာ၏။

"ဟော. . ကိုအောင်မောင်းတောင် ပြန်လာပြီ"

သူမက တဲဝသို့လျှောက်သွား၏။ မြင်းနှစ်ကောင်ဆွဲသော မြင်းလှည်းတစ်စီးက ယာခင်းတွင်းသို့ အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာသည်။ မြင်းလှည်းမှာ ယာတဲရှေ့ရောက်သည်နှင့် တုန့်ကနဲရပ်သွားပြီး မြင်းလှည်းမောင်းသူက အလျင်စလို ခုန်ဆင်းလာ၏။

မြင်းလှည်းမောင်းသူမှာ အသက်-၄၀ကျော်ခန့်ရှိသော အမျိုးသားကြီးတစ်ဦးဖြစ်၏။ သူ၏ ခန္ဓာကိုယ်ပေါ်၌ ချွေးများစို့ရွှဲနေသည်။ သူ့ပုံစံက အထိတ်တလန့်နဲ့။ သူက တဲထဲသို့ပြေးဝင်သွားပြီး. . .။

"မေဝင်း. . လှည်းပေါ် အမြန်တက်၊ ငါ. . ပစ္စည်းတွေယူပြီး လာခဲ့မယ်"

"ဘာဖြစ်လို့လဲ၊ ရှင်ဘာဖြစ်လာတာလဲ. . ကိုအောင်မောင်း"





"ဘာမှမေးမနေနဲ့၊ လှည်းပေါ် သာ အမြန်တက်တော့"

အောင်မောင်းက ထိုသို့ပြောရင်း တဲခေါင်မိုးကြားထဲ လက်နှိုက်ကာ ပစ္စည်းတစ်ခုကို နှိုက်ယူလိုက်သည်။ အဖုံးပါသည့် သံဗူးလေးတစ်ခုဖြစ်သည်။

ထိုစဉ် မေဝင်းက မြင်းလှည်းပေါ်သို့ တက်ပြီးပေပြီ။ အောင်မောင်းက သံဗူးလေးကို မေဝင်းထံပေးပြီး မြင်းလှည်းပေါ် ခုန်တက်ကာ မြင်းနှစ်ကောင်တို့၏ ဇက်ကြိုးများအား ကောက်ကိုင်ရင်း နောက်ပြန်လှည့်၍ ဒုန်းစိုင်းမောင်းနှင်လေပြီ။

ယင်းအချိန် တောလမ်းကလေးတလျှောက် ဖုန်လုံးများ တလိမ့်လိမ့်တက်ကာ လျှင်မြန်စွာ ရွေ့လျားလာနေသည်ကို မေဝင်းတွေ့လိုက်၏။ မြင်းငါးကောင်အား လူငါးယောက်က အပြင်းနှင်လာခြင်းဖြစ်ကြောင်း သိလိုက်သည်။ သူမထိတ်လန့်သွားပြီး. . .။

"ကိုအောင်မောင်း. . ဘာဖြစ်လာတာလဲဟင်"

လှည်းအား အပြင်းနှင်နေသော ခင်ပွန်းသည်ကို တုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။ ကိုအောင်မောင်းက နောက်လှည့်မကြည့်ပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမမကြြည်ရဲ့ ပါးစပ်ပေါက်ကြောင့် ငါတို့အကြောင်းကို ရွာသားတွေ သိကုန်ပြီထင်တယ်၊ ရွာသားတွေသိတာက အကြောင်းမဟုတ်ဘူး၊ ဟိုလင်မယားနှစ်ယောက်ရဲ့ မိတ်ဆွေတွေပါ သိသွားပြီ"

"ဟင်"

"ငါ. . ရွာထဲကို ရိက္ခာခြောက်တွေ ဝယ်ဖို့အသွား သူတို့နဲ့ လမ်းမှာဆုံတာ၊ ငါတို့ဆီ လာတာဖြစ်မယ်၊ ငါ့ဆီက ပစ္စည်းကိုတောင်းတယ်၊ ငါလည်း ခုခံပြီး အတင်းပြန်ပြေးလာရတာ"

ပါးနပ်သော မေဝင်းမှာ အခြေအနေကို နားလည်သွားလေပြီ။ မြင်းလှည်းနောက်သို့ အသည်းအသန် လိုက်လာနေသော မြင်းစီးသမားများကို ကြောက်ရွံ့စွာ လှမ်းကြည့်ရင်းမှ သံဗူးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

(၅)လရှိပြီဖြစ်သော သူမ၏ ဝမ်းဗိုက်ကိုလည်း ကျန်လက်တစ်ဖက်ဖြင့် ပိုက်ထားသည်။ ထိုကိုယ်ဝန်ကြောင့် သူမတို့ လုပ်သင့်လုပ်ထိုက်သော ကိစ္စများ ကြန့်ကြာနေခဲ့ရခြင်းဖြစ်သည်။ ကိုယ်ဝန်နုနယ်စဉ် ခရီးသွားလျှင် တစ်စုံတစ်ရာထိခိုက်မည်ကို စိုးရိမ်တွေးပူနေသော ခင်ပွန်းသည်ကိုအောင်မောင်းကို အပြစ်တင်မိ၏။





"အဲဒါ. . ရှင့်ကြောင့်၊ ရှင်. . အလကားတွေးပူနေလို့ အခုလို ပြဿနာတွေပေါ်လာတာ"

ပြောမည့်သာ ပြောလိုက်ရသည်။ အသက်ကြီးမှရလာသော ရင်သွေးလေးကို ဆုံးရှုံးမှာ သူမလည်း တွေးပူခဲ့သည်ပဲ။ အောင်မောင်းက သူမအား လှည့်ကြည့်လိုက်သည်။ သူမ၏ ဝမ်းဗိုက်ပူပူအား တစ်ချက်မျှ စိုက်ကြည့်ပြီး ပြန်လှည့်သွားရင်း။

"မကြောက်နဲ့. . မေဝင်း၊ ဒီတော,ဒီတောင်ကို သူတို့ထက် ငါတို့က ကျွမ်းပါတယ်၊ အခု မှောင်လည်းလာပြီ၊ ငါတို့ သူတို့လက်ထဲ မရောက်နိုင်ပါဘူးကွာ"

သူက ဇနီးသည်အား အားပေးလိုက်၏။ သို့သော် သူကိုယ်တိုင်က စိုးရိမ်ပူပန်နေမိ၏။ အထူးသဖြင့် ကိုယ်ဝန်ဆောင်ထားရသော မိန်းမအတွက် အလွန်စိုးရိမ်နေလေပြီ။

သို့သော် သူတို့လင်မယား ရင်ဆိုင်ခဲ့ရသော အဖြစ်အပျက်တချို့ကို သတိရမိလျှင် စိုးရိမ်စိတ်လျော့ပါးသွားရ၏။ မေဝင်း၌ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ခြင်း မရှိဟု ယုံကြည်လာမိ၏။

ထိုစဉ်. . . ။

"ကိုအောင်မောင်း. . မြန်မြန်မောင်းပါရှင့်၊ ငါ့မှာ. .



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တဖြည်းဖြည်း နီးလာနေပြီ”

မေဝင်း၏ တုန်ယင်သော အော်သံကြောင့် အောင်မောင်းနောက်လှည့်ကြည့်လိုက်သည်။ ထိုအခါ လိုက်မှီလာသော မြင်းငါကောင်နှင့်လူငါးယောက်ကို ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့မြင်လိုက်ရ၏။

“ဟေ့. . သားကြီးတို့၊ မြန်မြန်ပြေးပါကွ၊ ကားလမ်းမကြီးပေါ် ရောက်ခါနီးပါပြီကွယ်”

ကားလမ်းမပေါ်၌ ရဲကင်းရှိနေ၍ သူအားတက်သရောဖြင့် မြင်းများကို အပြင်းနှင်လေပြီ။ သို့သော် နောက်မှလိုက်လာသော မြင်းများက ပို၍သန်မာထွားကျိုင်းနေသဖြင့် တစ်စထက်တစ်စ သူတို့နှင့်ပို၍ နီးကပ်လာနေ၏။

အောင်မောင်း. . နောင်တရလာပေပြီ။ ခြေခင်းလက်ခင်းသာရှိသော ယခုကဲ့သို့ နွေရာသီမျိုး၌ လယ်ယာသမားများသည် သူတို့၏ စိုက်ခင်းများကို ရိတ်သိမ်းကာ အရောင်းအဝယ်ပြုကြပြီး ရွာထဲရှိအိမ်များ၌ နေထိုင်ကြပေပြီ။ ယခင်နှစ်များက သူတို့လည်း ယခုအချိန်ဆို စပါးများကို ရိတ်သိမ်းပြီး တခြားလုပ်ငန်းကို လုပ်ခဲ့၏။ ယခုနှစ်၌မူ သူသည် လက်ထဲတွင်ရှိ ပစ္စည်းများနှင့်ကိုယ်ဝန်ဆောင်ထားသော ဇနီးကို ချန်ထား





ခဲ့ရမှာ စိတ်မချသဖြင့် ခေါ်ဆောင်သွားရန် စီစဉ်နေခြင်းကြောင့် ရွာထဲရှိအိမ်သို့ ပြောင်းမနေဖြစ်သည်ကို နောင်တရခြင်းဖြစ်လေသည်။

ယခင်းအချိန်တွင် ရုတ်တရက်. . . ။

“ဟေ့. . အောင်မောင်းဆိုတဲ့ ဗမာကောင်၊ မင်းတို့လင်မယား ငါ့လက်က မလွတ်ပါဘူးကွာ၊ မင်းကို ငါတမင်လွှတ်ပေးလိုက်တာကွ၊ ဒါမှ မင်းက ဝှက်ထားတဲ့ပစ္စည်းကို ထုတ်ပြီးပြေးမှာပေါ့၊ ဒီလမ်းကို ငါတမင်ဖွင့်ပေးလိုက်တာပါ. . အောင်မောင်းရာ”

ဗလုံးဗထွေးဖြင့် ထွက်ပေါ်လာသော ဩရှရှအသံပိုင်ရှင် ဂိုဘင်၏စကားကြောင့် အောင်မောင်းတစ်ယောက် ထောင်ချောက်ထဲ တိုးဝင်သွားမိပြီဖြစ်ကြောင်း ယခုမှ သတိပြုမိလိုက်သည်။ သူတို့လင်မယားနှစ်ယောက် ကြောက်ရွံ့ ထိတ်လန့်သွားရ၏။

ဂိုဘင်မှာ ကုလားလူမျိုးတစ်ဦးဖြစ်၏။ သူသည် မြွေများကို နှိမ်နင်းသော မြွေအလမ္ပာယ်ဆရာကြီးတစ်ယောက်ဖြစ်ပြီး သူ့ထံ၌ တပည့်လေးဦးရှိသည်။ နှစ်ဦးမှာ ကုလားလူမျိုးဖြစ်ပြီး ကျန်နှစ်ဦးမှာ မြန်မာများဖြစ်၏။



www.burmeseclassic.com

သူတို့ ရွာထဲ၌ အခြေချပြီး မြွေများဖြင့်ဖျော်ဖြေခြင်း၊ မြွေသည်းခြေအရေခွံ၊ အသားစသည့်များကို ရောင်းချခြင်းတို့ဖြင့် အသက်မွေးနေခဲ့သည်မှာ ၅လခန့်ရှိပေပြီ။ မြွေကိုက်ခံရသူများကိုလည်း အခကြေးငွေအနည်းငယ်ယူကာကုသပျောက်ကင်းစေသဖြင့် ရွာသူရွာသားများနှင့်ပင် ရင်းနှီးနေပြီဖြစ်သည်။

အောင်မောင်းတို့ လင်မယားနှင့်တော့ မရင်းနှီးပေ။ သူတို့အား ဂိုဘင်က အတင်းလာရောသော်လည်း သူတို့က ခပ်တန်းတန်းပင် ဆက်ဆံခဲ့ခြင်းကြောင့် ဖြစ်သည်။

"ကိုအောင်မောင်း. . ဒီအတိုင်းဆို ကားလမ်းမကြီးပေါ် မရောက်မီ သူတို့ ကျွန်မတို့ကို မိသွားမှာ သေချာတယ်ရှင့်"

"ဟုတ်တယ်. . မိန်းမ၊ ဒီတော့ ငါတို့ တောထဲပဲ ဝင်ပြေးကြမယ်၊ သူတို့ မြင်းတွေနဲ့ လိုက်နိုင်မှာမဟုတ်ဘူး"

"ကောင်းတယ်၊ ဒီနားတစ်ဝိုက်က ကျွန်မတို့ ကျွမ်းကျင်ပြီးသားပဲ၊ အမြန်လုပ်"

မေဝင်းက အားတက်သရော သဘောတူသဖြင့် အောင်မောင်းက မြင်းဇက်ကြိုးများအား ဆောင့်ဆွဲကာ ရပ်တန့်စေလိုက်သည်။ မြင်းနှစ်ကောင်က ဟီသံပေးပြီး တုန့်ကနဲ ရပ်တန့်





သွားသည်။

ထိုအခါ အောင်မောင်းက လှည်းပေါ်၌ အသင့်ရှိနေသော ကိုင်းခုတ်ဓားကို ကောက်ယူပြီး မေဝင်းအား ဖေးမရင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ ထိုနောက် သူတို့သည် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော တောအုပ်ကြီးအတွင်းသို့ ပြေးဝင်သွား၏။

"ဟာ. . ဟော့ကောင်တွေ အမြန်လိုက်ကြစမ်း"

ဂိုဘင်၏ အော်ဟစ်အမိန့်ပေးသံက ရွှံမုန်းဖွယ်ရာပင်။

အောင်မောင်းက မေဝင်းလက်ကို ဆုပ်ကိုင်ရင်း ကိုင်းခုတ်ဓားအား ကျန်လက်က အသင့်ကိုင်ရင်း သစ်ပင်များကြား လျှင်မြန်စွာ ပြေးလွှားနေ၏။ ကိုယ်ဝန်ကြီးနှင့်ပြေးနေရသော မေဝင်းအတွက် သူစိတ်ပူနေရသည်။

"မိန်းမ. . ငါတို့ ခွဲပြီးပြေးကြရအောင်"

"အို. . ဘာလို့ ခွဲပြေးရမှာလဲ"

"မင်းအရမ်းကြီးပြေးလို့ မဖြစ်ဘူးလေ၊ ဒီတော့ မင်းဟိုဘက်ကို ဆက်ပြေး၊ ငါက သူတို့ကို တခြားတစ်ဖက်ဆီ မြားယူသွားမယ်၊ ပြီးရင် ခြေရာဖျောက်ပစ်လိုက်မယ်၊ ဟုတ်လား"

"ဟင့်အင်း၊ ကျွန်မ. . ရှင့်ကိုစိတ်မချဘူး၊ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



အောင်း. . အန္တရာယ်များတယ်"

"စိတ်မပူပါနဲ့ကွာ၊ ဟိုဘက်တကြောက ငါမျက်စိမှိတ်ပြီးသွားတောင်ရတယ်၊ ပုန်းလို့ကောင်းတဲ့ နေရာတွေလည်းအများကြီးရယ်၊ ညကလည်း မှောင်နေပြီဆိုတော့ ငါဘာမှဖြစ်မှာမဟုတ်ဘူး၊ အခု မင်းပါနေတော့ အားကုန်လည်း ပြေးမရဖြစ်နေတယ်၊ ဒီအတိုင်းဆို အားလုံးဒုက္ခရောက်သွားမယ်၊ မေဝင်းသွားတော့"

မေဝင်း၏ မျက်လုံးအစုံ၌ မျက်ရည်ကြည်များ ပြည့်လျှံလာပြီး. . .။

"ကိုအောင်မောင်း. . ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင်နဲ့ပဲ အတူရှိနေချင်တယ်၊ သေအတူ ရှင်မကွာပေါ့ရှင်"

အောင်မောင်း၏ရင်ထဲ နင့်ကနဲဖြစ်သွားရ၏။ လှိုက်တက်လာသော ဝမ်းနည်းကြေကွဲမှုကို သူအနိုင်နိုင်ဖုံးရင်း အားတင်းပြုံးလိုက်သည်။

"ခဏခွဲရတာပဲ. . မေဝင်းရယ်၊ မင်းတစ်ရွာရွာကနေပြီးတော့ ရဲကင်းကို အရောက်သွားပါ၊ ငါလည်း လာခဲ့မယ်၊ အခု ငါပြောတဲ့နည်းလမ်းက အားလုံး အန္တရာယ်ကင်းနိုင်တယ်၊ ငါတို့ရဲ့ ရင်သွေးလေးက ထိခိုက်လို့မဖြစ်ဘူးဆိုတာ မမေ့ပါနဲ့





မိန်းမရယ်"

ရှိုက်နေသော မေဝင်းမှာ ဝမ်းဗိုက်အား ကိုင်ရင်း အံကိုတင်းတင်းကြိတ်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်မ. . ရှင့်စကားကို နားထောင်ပါ့မယ်၊ နားထောင်ပါ့မယ်. . ကိုအောင်မောင်းရယ်၊ ကျွန်မတို့ရဲ့ ရင်သွေးလေးအတွက် ကျွန်မတို့ စွန့်စားကြတာပေါ့နော်"

"မေဝင်းရယ်"

အောင်မောင်းက ပြေးနေရာမှ ရုတ်ချည်းရပ်တန့်ပြီး မေဝင်းအား ခပ်တင်းတင်း ပွေ့ဖက်လိုက်သည်။ ထိုနောက် ချက်ချင်းပင် လူချင်းခွာပြီး. . .။

"ကဲ. . သွားတော့၊ ဂရုစိုက်နော်၊ အဲဒီဘက်ခြမ်းက တို့သွားဖူးလာဖူးတာ မဟုတ်ဘူး"

"ရှင်က ကျွန်မထက်ပိုပြီး အန္တရာယ်များပါတယ်၊ ဒါပေမယ့် ကျွန်မတို့ ဘာမှဖြစ်မှာမဟုတ်ဘူး၊ ကျွန်မတို့ရဲ့ ကလေးက ကျွန်မတို့ကို ကံကောင်းမှုတွေ ပေးမှာပါ"

"ဟုတ်တယ်၊ ငါလည်း အဲဒီလိုပဲ ယုံကြည်ထားတယ်၊ ကဲ. . အမြန်သွားတော့၊ ငါ. . ဟိုကောင်တွေကို မြှားခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေဝင်းက ပါးစပ်အား လက်ဝါးဖြင့်ဆုပ်၍ ငိုရှိုက်ရင်း သစ်ပင်များကြားသို့ ခပ်သွက်သွက်လေး ပြေးလွှားနေသည်။ သူမ၏ ကျန်လက်တစ်ဖက်က သံဗူးလေးကို တင်းကြပ်စွာဆုပ်ကိုင်ထားလျက်. . .။

သံဗူးလေးထဲ၌ မည်သို့သော ပစ္စည်းမျိုး ပါရှိနေသနည်း။

* * *





## အခန်း - ၂

### ဝါးတောထဲဝင်ခြင်း

နေဝင်သွားပေပြီ။ အမှောင်က ကြီးစိုးလာ၏။ ကောင်းကင်၌ ကြယ်ကလေးများ ပေါ်ထွက်လာပေပြီ။

သို့သော် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော တစ်တောလုံး မည်းမှောင်နေ၏။ သို့စေကာမူ မေဝင်းက မျက်စိကောင်းပါ၏။ တောတွင်းမှာ ကြီးပြင်းလာသူဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာပင် ခလုတ်ကန်သင်းနှင့်အန္တရာယ်ကို တိမ်းရှောင်နိုင်သည်။

ခဏအကြာတွင် လထွက်လာ၏။ အနည်းငယ် ပိန်သော လဝန်းကြောင့် မြင်ကွင်းက ပို၍ကြည်လင်လာသည်။ မေဝင်းက မပြေးတော့ပါ။ ခလုတ်ကန်သင်းများအား ဂရုစိုက်ရှောင်တိမ်းရင်း ခပ်သွက်သွက်သာ လျှောက်နေသည်။

တောကြီးထဲ၌ တစ်ယောက်တည်းရှိနေသော မိမိအဖြစ်ကို တွေးရင်း အားငယ်ကြောက်ရွံ့နေမိ၏။ တဆက်တည်းမှာပင် အန္တရာယ်ကြားရောက်နေမည့် ခင်ပွန်းသည်ကို သတိရစိုးရိမ်နေလေသည်။ ထိုအခါ သူမခြေလှမ်းရပ်ကာ အားပါးတရ ရှိုက်ငို၏။ ခဏကြာလျှင် မျက်ရည်သုတ်ပြီး အားတင်းကာရှေ့ဆက်လျှောက်သွားလိုက်ဖြင့် ခြေဦးတည့်ရာ ခရီးနှင်နေရသည်။ ဒါတောင် ဤနေရာတစ်ဝိုက်၌ လူကိုပင် အန္တရာယ်ပြုတတ်သည့် သားကောင်ကြီးများမရှိတာကို သူမသိထား၍ အနည်းငယ်စိတ်သက်သာရာ ရနေခြင်းဖြစ်၏။ သူမက ဘေးဘီဝဲယာအားကြည့်လိုက်၊ အောက်သို့ဂရုစိုက်ကြည့်လိုက်ဖြင့် တောတိုးသွားရင်း သတိရသော တစ်ချက်တစ်ချက်၌ ရသမျှဘုရားစာကို ဆို၏။ မေတ္တာပို့၏။ ရွာတစ်ရွာသို့ အမြန်ရောက်





ရန် ဆုတောင်း၏။

ဤသို့ဖြင့် သူမသည် ခင်ပွန်းသည်အတွက် စိုးရိမ်လိုက်၊ ဘုရားဂုဏ်တော်ကို ရွတ်ဖတ်လိုက်၊ မေတ္တာပို့ အမျှဝေလိုက်၊ ဆုတောင်းလိုက်ဖြင့် ကြောက်ရွံ့စွာ လျှောက်နေရင်း မီးရောင်တချို့ကို တွေ့မြင်လိုက်ရလေသည်။

"ဟာ. . တို့က မီးရောင်ထွက်နေတဲ့ ဝါးတောထဲမှာ ရွာတစ်ရွာရှိတယ်ထင်တယ်"

အားတက်သရောဖြင့် ရေရွတ်ရင်း မီးရောင်များဖြာထွက်နေသော ဝါးတောကြီးအတွင်းသို့ မေဝင်းလှမ်းဝင်သွားသည်။ ဝါးရုံများက ထူထပ်သိပ်သည်းလွန်းလှ၏။ သန်မာသော မျှစ်စို့ကြီးများပေါက်ရောက်နေကြ၏။ မတော်တဆ ခြေချော်ပြီး ထိုမျှစ်စို့ကြီးများပေါ် မှောက်လျက်လဲကျမည်ဆိုလျှင် သက်သာမည်မဟုတ်ချေ။

ဝါးရွက်ခြောက်ကြွေများ ဖုံးလွှမ်းနေသော ဤနေရာတွင် လူသွားလမ်းမရှိ။ မေဝင်းကတော့ မီးရောင်ကို လှမ်းမျှော်ကြည့်ရင်း မီးရောင်ဆီသို့ ဦးတည်ကာ လျှောက်နေသည်။ တစ်ချက်တစ်ချက် ပေါ်လာသော မြွေတွန်သံတချို့အား ကြားလျှင် သူမ၏ ခြေလှမ်းများ တုန့်ကနဲရပ်တန့်သွားတတ်၏။ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရွံ့စွာဖြင့် ဘေးပတ်လည်အား အသေအချာ အားစိုက်ကြည့်တတ်သည်။

ထိုနောက် စိတ်ကိုတင်းပြီး ရွာဟုထင်ရသော မီးရောင်ထွက်ပေါ်ရာသို့ ဦးတည်ကာ ဆက်လျှောက်သွားပြန်သည်။ မီးရောင်မှာ နီးနီးလေးဟု ထင်နေရသော်လည်း တော်တော်နဲ့မရောက်။

သို့နှင့် နောက်ဆုံး၌ သူမသည် ဝါးတောကြီးများအား လွန်မြောက်ကာ ကြီးမားကျယ်ပြန့်သည့် မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာသည်။ ထိုအခါ မြို့ရိုးဟောင်းပေါ်၌ တည်ထားသည့် ပျက်စီးယိုယွင်းနေပြီဖြစ်သော စေတီဖြူငါးဆူကို ဖူးတွေ့လိုက်ရသည်။

"ဟင်. . စေတီပျက်လေးတွေ"

ထူးဆန်းစွာဖြင့် မီးရောင်က ချက်ချင်းပျောက်ကွယ်သွားလေသည်။

"စောစောက ငါတွေ့ရတဲ့ အလင်းရောင်ဟာ ဒီနေရာက ထွက်လာတာပါ၊ ငါထင်သလို ရွာလည်းရှိမနေဘူး၊ ဧကန္တ ဒီစေတီတွေက ရောင်ခြည်တော်ကွန့်မြူးနေတာပဲဖြစ်မယ်"

မှတ်ချက်ချရင်း မီးရောင်အား တွေ့လိုတွေ့ငြား ထပ်





ရှာကြည့်၏။ မီးရောင်ကိုတော့မတွေ့။ မြို့ရိုးဟောင်းဘေးတွင် ကပ်လျက်ရှိသော ကျွန်းအိမ်အိုကြီးတစ်လုံးကိုသာတွေ့ရသည်။

"ဟာ. . အိမ်တော့ရှိတယ်၊ လူတော့ရှိမလားမသိဘူး၊ အင်း. . ကြုံတော့ကြုံခဲ့ပဲ၊ ငါ. . ဘုရားကန်တော့ပြီးရင် ဝင်ကြည့်ရမယ်"

သူမက တီးတိုးရေရွတ်ပြီး ကျောက်လှေကားထစ်လေးများထံသို့ ဦးတည်ကာ လျှောက်သွားသည်။

ရုတ်တရက်. . .။

"ရှီ. . ရှီ. . ရှီ. . ရှီ. . ရှီ"

"ရှူး. . ရှူး. . ရှူး. . ရှူး"

မြွေတွန်သံနှင့်နှာမှုတ်သံများ ထွက်ပေါ်လာသဖြင့် သူမ၏ ခြေလှမ်းများ ရုတ်ချည်းရပ်တန့်သွားသည်။ အသံများနှင့်အတူ မြို့ရိုးပေါ်မှ ဆင်းလာကြသော ကြီးမားသည့် မြွေအမျိုးမျိုးကို တွေ့မြင်လိုက်ရလေသည်။

မေဝင်းက တုန့်ကနဲရပ်လိုက်၏။ သူမတစ်ကိုယ်လုံးရှိ အကြောအခြင်များ တောင့်တင်းသွားသည်။ သူမနောက်ဘက်သို့ တဖြည်းဖြည်းချင်း လှမ်းဆုတ်သည်။

ထိုစဉ်. . .။



www.burmeseclassic.com

www.burmeseclassic.com



“ရှူး. . ရှူး”

နောက်မှထွက်ပေါ်လာသော အသံကြောင့် သူမချာကနဲလှည့်ကြည့်လိုက်သည်။ ထိုအခါ စကောဝိုင်းခန့်ကြီးမားသော ပါးပျဉ်းကြီးအားထောင်ရင်း သူမအား စိုက်ကြည့်နေသော စပါးကြီးမြွေမတစ်ကောင်ကို တွေ့မြင်လိုက်ရသည်။

မြွေမကြီးက လျှာအား ဆတ်ကနဲ၊ ဆတ်ကနဲ သွင်းလိုက်၊ ထုတ်လိုက်လုပ်ရင်း ပါးပျဉ်းအား ယိမ်းနွဲ့ကာ သူမထံသို့ ဖြည်းဖြည်းလေး ရွေ့လာသည်။ မေဝင်းမှာ မြွေများဝန်းရံခံရလေပြီ။

ကြီးမားလှသော ပါးပျဉ်းကြီးအား ယိမ်းနွဲ့ရင်း သူမထံသို့ ဝန်းရံချဉ်းကပ်လာနေကြသော မြွေများကိုကြည့်ရင်း မေဝင်းဒူးများချောင်လာ၏။ လည်ချောင်းတစ်လျှောက် ခြောက်သွေ့လာသည်။ အော်ဟစ်လိုက်သော်လည်း အသံက ထွက်မလာချေ။

နဂိုကမှ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်လာခဲ့သော မေဝင်း၏ ခန္ဓာကိုယ်မှာ မြေပြင်ပေါ်သို့ ဒူးညွှတ်ကျသွားသည်။ နောက်ဆုံး၌ ခန္ဓာကိုယ်မှာ တအိအိလဲပြိုငြိမ်သက်သွားသည်။ ပင်ပန်းနွမ်းနယ်ခြင်း၊ ထိတ်လန့်ခြောက်ခြားခြင်းနှင့်စိတ်လှုပ်





ရှားမှုတို့က သူမအား သတိလစ် မေ့မြောသွားစေလေသည်။

* * *

မေဝင်း၏ အနီးတစ်ဝိုက်တွင် မြွေများဖြင့် ပြည့်နှက်နေ၏။ မြွေများမှာ အလွန်လှပကြပြီး ကြီးမားလွန်းလေသည်။ အကြေးခွံတစ်ချပ်မှာ ယောက်ျားခြေမခန့်ရှိလေ၏။ လရောင်အောက်တွင် မြွေများ၏ အကြေးခွံတို့မှ အရောင်တလက်လက်ထွက်ပေါ်လျက်. . .။

ထူးခြားသည်က ထိုမြွေအားလုံးတို့မှာ အမများဖြစ်နေခြင်းပင်။ သူတို့သည် ကြီးမားလှပသော ပါးပျဉ်းကြီးများထောင်ရင်း မေဝင်းအနီးသို့ ချဉ်းကပ်သွားကြ၏။ မေဝင်းက မလှုပ်မယှက် ငြိမ်သက်လျက်. . .။

ပါးပျဉ်းထောင်နေသော မြွေကြီးများအနက် အချို့က မေဝင်းခန္ဓာကိုယ်အား ကိုယ်ဖြင့် ပွတ်တိုက်ကြသည်။ မေဝင်း၏ အင်္ကျီမှာ အပေါ်သို့လှန်သွားပြီး ဖြူဖွေးသော ဝမ်းဗိုက်ပူပူက ပေါ်လာသည်။

ထိုအခါ မြွေကြီးများက ပါးပျဉ်းကိုရှုတ်ပြီး ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် မေဝင်း၏ ဝမ်းဗိုက်အား ပွတ်သပ်ကြသည်။ မြွေတချို့က ပါးပျဉ်းများကို ထောင်လိုက်၊ ချက်ချင်းပါးပျဉ်းရုတ်ကာ ဦးခေါင်းကို အောက်ချလိုက်ဖြင့် ထူးဆန်းစွာ ပြုလုပ်ကြသည်။ သူတို့၏ ပုံစံမှာ ရှိခိုးဦးခိုက်ကန်တော့သည့်ဟန်။

အလွန်ထူးခြားဆန်းကြယ်သော မြင်ကွင်းပင်ဖြစ်၏။ အကြေးခွံများကို ထင်ထင်ရှားရှား တွေ့နိုင်သည်အထိ ကြီးမားလှသော မြွေမကြီးများက လူသားတစ်ဦးအား အန္တရာယ်မပြုပဲ ဝိုင်းဝန်းဦးခိုက်နေကြသည့် မြင်ကွင်းမှာ လရောက်အောက်တွင် ထူးဆန်းလှပလျက်. . .။

စပါးကြီးမြွေကြီးက မေဝင်း၏ဝမ်းဗိုက်ပေါ် ဦးခေါင်းကို မှေးတင်ထား၏။ မြွေမကြီး၏ မျက်လုံးများမှာ မျက်ရည်များစီးကျနေသည်ကို တအံ့တသြတွေ့မြင်ရသည်။

ရုတ်တရက် အဖြူရောင်အလင်းတန်းများစွာက သူတို့အားလုံးအား လွှမ်းခြုံရစ်သိုင်းပစ်လိုက်လေသည်။ ထိုအလင်းတန်းများမှာ မြွေများ၏ အကြေးခွံတို့မှ ထွက်ပေါ်လာသည်ဟု ထင်မှတ်ရသည်။

* * *





မေဝင်းသတိရရခြင်း ချက်ချင်းထထိုင်ကာ ပတ်ဝန်းကျင်ကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်လိုက်သည်။

ထိုအခါ အလွန်ချောမောလှပကြသော မိန်းမပျိုလေးများကို သူမ၏ ပတ်လည်၌တွေ့ရ၏။ ထိုမိန်းမပျိုလေးများမှာ ပါးလွှာသော အင်္ကျီကို ဝတ်ဆင်ထားပြီး အရောင်တူဇာပုဝါရှည်များကို လွှမ်းခြုံထားကြသည်။ အင်္ကျီထက်အရောင်ပိုရင့်သော ထမီများကို သေသပ်ကျနစွာ ဝတ်ဆင်ထားကြသည်။ တချို့မိန်းကလေးများက ဆင်တူဝတ်ဆင်ထား၏။ အတော်များများကတော့ အရောင်မတူကြပေ။

ထူးဆန်းသော မိန်းမလှလေးများဟု ဆိုရပေမည်။ သူမတို့၏ မျက်နှာများမှာ အနည်းငယ်ဆင်ကြ၏။ မည်းနက်ထူထဲသော ဆံပင်ရှည်ကြီးများက တချို့နေရာများတွင် ပုစံကျနလှပစွာ အနည်းငယ်လိမ်နေကြသည်။ ဆံပင်များကို စည်းနှောင်ခြင်းမရှိကြ။ ကပိုကရိုဖြင့် လှပနေကြ၏။ ဆံနွယ်တချို့ကရင်ရှေ့သို့ ရောက်ရှိနေကြ၏။ တချို့ဆံမျှင်များက ညလေတွင် လူးလွန့်လျက်. . .။

အထူးခြားဆုံးကတော့ သူတို့၏ ဝိုင်းစက်လှပသော မျက်လုံးများပင်ဖြစ်၏။ ထိုမျက်လုံးများက အလွန်အရှောင်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေသည်မှာ မီးပွင့်ကလေးများအလား။ ထိုမျက်လုံးများ၌ ညှို့ဓာတ်တို့ ကိန်းအောင်းနေသလိုပင်။

အထူးသဖြင့် မေဝင်းနှင့်နီးကပ်စွာထိုင်နေသော မိန်းမပျိုလေးများ၏ မျက်လုံးအစုံမှာ ညှို့ဓာတ်ပိုပြင်းပြီး ပို၍လှပ၏။ သူမအား မေဝင်းသည် ပါးစပ်အဟောင်းသားဖြင့် မိန်းမောငေးကြည့်နေမိ၏။ ထိုမိန်းမပျိုလေးက နှစ်လိုဖွယ်ပြုံးပြလိုက်သည်။

"ကျွန်မတို့ကို တွေ့ရလို့ အတော်အံ့သြသွားသလား"

သူမ၏အသံမှာ စူးရှသေးငယ်၏။ ထိုအသံကြောင့် ဒေါ်မေဝင်းသတိဝင်လာပြီး. . .။

"အင်း. . ဟုတ်တယ်၊ အဒေါ်သတိမလစ်မီက အင်မတန်ကြီးတဲ့ မြွေမကြီးတွေကို တွေ့ခဲ့ရတယ်၊ သတိလစ်နေတုန်းက အိပ်မက်ထဲမှာ အဲဒီမြွေတွေကိုပဲ မက်ခဲ့တယ်၊ သူတို့က အဒေါ့်ကို အန္တရာယ်မပြုဘူးတဲ့၊ အဲ. . အခု အဒေါ်သတိရလာတော့ အဲဒီမြွေတွေ လုံးဝမရှိတော့ပဲ အင်မတန်လှပကြတဲ့ တူမလေးတို့ကို တွေ့ရတယ်၊ အဒေါ့်မျက်စိတောင် အဒေါ်မယုံနိုင်တော့ဘူး"

မိန်းမပျိုလေးက ထပ်မံပြုံးလိုက်၏။





"ရှင့်အမြင်မမှားပါဘူး၊ ပထမ စစချင်းအတွေ့မှာ ကျွန်မတို့ကို ရှင်. . မြွေတွေအဖြစ် မြင်တွေ့ခဲ့ရပါတယ်"

"ဘာ. . . ဘယ်လို"

မေဝင်းက နားမလည်နိုင်ပေမယ့် ထိတ်လန့်တုန်လှုပ်စွာဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်းစကားက ဘာအဓိပ္ပါယ်လဲ. . ကောင်မလေး"

မိန်းကလေးက မျက်နှာတည်သွား၏။

"ရှင်နားလည်အောင် ပြောပြရမှာပေါ့၊ တကယ်တော့ ရှင်အခုမြင်နေရတဲ့ ကျွန်မတို့ဟာ အသက်-၂၀အရွယ်သာရှိသေးတဲ့ လူသားစစ်စစ်မိန်းမလှလေးတွေ မဟုတ်ဘူး၊ ဒီခန္ဓာကိုယ်မျိုးကို ခေတ္တခဏသာ ဖန်တီးနိုင်စွမ်းရှိတဲ့ နတ်မြွေတွေပဲ"

"ဟင်"

"ပြီးတော့ ကျွန်မတို့ဟာ ရှင့်ထက် အသက်ပိုကြီးတယ်၊ ဘယ်လောက်တောင် ပိုကြီးလဲလို့ မမေးနဲ့၊ ကျွန်မလည်း အတိအကျမသိဘူး၊ ဒါပေမယ့် ရှင့်ထက် အဆပေါင်းများစွာ ပိုကြီးမှာကတော့ ကျိန်းသေတယ်"

မေဝင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်လာပြီး ပါးစပ်အဟောင်းသားဖြင့် မိန်းကလေးအားငေးကြည့်ရင်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့တုန်လှုပ်လာမိသည်။

"နတ်. . မြွေ. . နတ်မြွေဆိုပါလား၊ ဒါ. . ဒါမျိုးက တကယ်ပဲရှိနေသလား"

သူမ၏ စကားသံမှာ ထိတ်လန့်မှုကြောင့် တုန်ယင်လျက်။ သူမ၏ အကြောက်တရားကိုသိသော မိန်းကလေးက သူမ၏ မျက်လုံးအစုံကို စိုက်ကြည့်နေရင်း ပြုံးပြ၏။

"ရှင်. . မကြောက်ပါနဲ့၊ ကျွန်မတို့က ရှင့်ကို အန္တရာယ်မပြုပါဘူး၊ ရှင့်ကို ကျွန်မတို့က စောင့်ရှောက်ကူညီပေးမှာပါ၊ ဘာဖြစ်လို့ စောင့်ရှောက်ကူညီရလဲဆိုတာကို ရှင်သိချင်လား"

မေဝင်းက စိတ်အေးအားတက်သွားပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်မသိပ်သိချင်ပါတယ်"

ရိုရိုကျိုးကျိုးဖြင့် ပြန်ဖြေမိ၏။ ထိုအခါ နတ်မြွေဆိုသော မိန်းကလေးက မေဝင်း၏ ဝမ်းဗိုက်ကို လက်ညှိုးထိုးပြီး။

"ရှင့်ဗိုက်ထဲက ကလေးကြောင့်ပဲ၊ ရှင့်ဗိုက်ထဲမှာရှိနေတဲ့ ကလေးဟာ ကျွန်မတို့ရဲ့ မြွေဘုရင်မလေး၊ သူ့ကြောင့် ကျွန်မတို့က ရှင့်တို့လင်မယားနှစ်ယောက်ကို ကူညီစောင့်ရှောက်ပေးမှာ"





မေဝင်းက သူမ၏ ဝမ်းဗိုက်အား လက်တစ်ဖက်ဖြင့် အုပ်ကိုင်ရင်း ထိတ်လန့်တုန်လှုပ်စွာဖြင့် ငုံ့ကြည့်လိုက်သည်။

"ငါ့ဗိုက်. . ငါ့ဗိုက်ထဲမှာ မြွေဘုရင်မရှိနေတယ်. . . ဟုတ်လား"

မိန်းကလေးက တည်ကြည်သော မျက်နှာထားဖြင့် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်. . ကျွန်မတို့ရဲ့ မြွေဘုရင်မက ရှင့်ဗိုက်ထဲရောက်နေပြီ၊ မကြာမီ လူ့လောကထဲကို မိန်းကလေးတစ်ဦးအဖြစ် ရောက်လာတော့မှာ"

"မင်း. . မင်းမဟုတ်တာမပြောနဲ့၊ ဒါ. . လုံးဝမဖြစ်နိုင်ဘူး၊ ငါလည်းမယုံဘူး"

ထိတ်လန့်စိုးရိမ်မှုကြောင့် အော်ဟစ်လိုက်ရာ မိန်းကလေး၏ မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။

"ကျွန်မတို့က ရှင်ဖူးမြင်နေရတဲ့ ဘုရားငါးဆူက ဌာပနာတွေကို စောင့်ရှောက်နေရတဲ့ သိုက်စောင့်နတ်မြွေတွေရှင့်၊ ဘယ်တော့မှ မဟုတ်တာမပြောဘူး၊ ရှင့်ကို ကျွန်မတို့ရဲ့ မြွေဘုရင်မအကြောင်းပြောပြမယ်၊ ရှင်. . ကျွန်မရဲ့ မျက်လုံးတွေကို စိုက်ကြည့်ပြီး အသေအချာ နားထောင်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အမိန့်အတိုင်း ဒေါ်မေဝင်းက သူမ၏ ညို့မျက်လုံးအစုံကို စိုက်ကြည့်လိုက်လေသည်။

ထိုအခါ. . . ။

* * *





## အခန်း– ၃

ပြည့်ဝပိုင်းစက်သော လဝန်းကြီးသည် တောက်ပနေသော ကြယ်ပေါင်းများစွာကို ခြံရံရင်း တဖြည်းဖြည်း မသိမသာ ရွေ့လျားလာသည်မှာ ယခုဆိုလျှင် ကောင်းကင်တည့်တည့်သို့ ရောက်ရှိနေပေပြီ။

လရောင်,ကြယ်ရောင်အောက်တွင် အုတ်မြို့ ရိုးဟောင်းပေါ်ရှိ စေတီပျက်ကလေး ငါးဆူပေါ်၌ အလွန်ကြီးမားလှသော မြွေအချို့ ရှိနေသည်ကို တွေ့ရ၏။ ထိုမြွေများသည် စေတီတော်လေးများအား လက်ယာရစ်ပတ်,ပတ်သွားကြပြီးနောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ပြန်ဆင်းလာကြသည်။

ထိုမြွေများအားလုံး လှပပါသည်။ အလှပဆုံးနှင့်အကြီးမားဆုံး မြွေတစ်ကောင်ကို ထိုမြွေများကြားတွင် ထင်ရှားစွာ တွေ့မြင်နေရသည်။ ၎င်းမြွေမှာ တောကြီးမြွေဟောက်အမျိုးအစားဖြစ်၏။ သူ့ကိုယ်ပေါ်မှ အကွက်များက လိမ္မော်ရောင်၊ လရောင်အောက်တွင် တဖိတ်ဖိတ်တောက်နေသည်။ တောကြီးမြွေဟောက်သည် အလွန်လှပသော သတ္တဝါတစ်ကောင်ဖြစ်သော်လည်း အလွန်အဆိပ်ပြင်း၏။ တောကြီးမြွေဟောက်မ၏ အလှသည် မြွေမကြီးများအကြား ပေါ်လွင်နေသည်။

ထိုတောကြီးမြွေဟောက်မသည် ဘုရားတည်ထားသော မြို့ရိုးဟောင်းပေါ်မှဆင်းပြီး မြွေကွက်လပ်အလယ်အရောက်၌ ပါးပျဉ်းထောင်ရင်း မြူးကြွစွာ ယိမ်းနွဲ့ကလေ၏။ ကျန်မြွေများနှင့်ကျွန်းအိမ်အိုကြီးဘက်မှ ထပ်မံရောက်ရှိလာကြသော မြွေမများကလည်း ပါးပျဉ်းကိုယ်စီထောင်ရင်း လှပစွာ ယိမ်းနွဲ့ကကြလေပြီ။

လပြည့်ဝန်းက ပင်လယ်ရေကို မြင့်တက်အောင် ဆွဲငင်နိုင်သလို ထိုမြွေများကိုလည်း စိတ်လွတ်လက်လွတ် ကခုန်သည်အထိ စိတ်ရွှင်လန်းမြူးကြွအောင် ဆွဲဆောင်နိုင်စွမ်းရှိနေ၍ဖြစ်ပေမည်။





ရုတ်တရက်. . . အဖြူရောင် အခိုးအငွေ့များက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ ထိုအခိုးအငွေ့များ ပျောက်ကွယ်သွားသောအခါ ချောမောလှပသော မိန်းကလေးများက စည်းဝါးကျကျ ကခုန်မြူးတူးနေကြရသည်ကို တွေ့ရ၏။ ဆံနွယ်ရှည်များနှင့်ဇာပုဝါလေးများက လေတွင် တလွင့်လွင့်ဖြင့်. . ။

နတ်မိမယ်သမျှ ချောမောလှပသော မိန်းကလေးများကခုန်နေသည့် မြင်ကွင်းမှာ လရောင်အောက်တွင် အလွန်လှပဆန်းကြယ်လျက်. . . ။

ထိုမိန်းကလေးများထဲတွင် သူမတူအောင် ချောမောလှပသော မိန်းကလေးမှာ လိမ္မော်ရောင်ဇာဝမ်းဆက်ကို ဝတ်ဆင်ထား၏။ သူမ၏ ကြီးမားကျယ်ဝန်းသော မျက်လုံးအိမ်နက်နက်၌ အလွန်ပြင်းထန်သော ညို့ငင်အားများ ကိန်းဝပ်လျက်အရည်လဲ့နေသည်။

သူမသည် လဝန်းကြီးကို ခေါင်းမော့လှန်ကြည့်ရင်းမှ လက်နှစ်ဖက်ကို ယှက်ကာ လူပ်ရှား၍ လှပစွာကနေသည်။ သူမ၏ မျက်ခုံးနှစ်ခုကြား၌ အနည်းငယ်ကြီးမားသော မှဲ့နီတစ်လုံး ရှိနေသည်။

သူမသည် နုတ်ခမ်းလေးက လေသံမျှထွက်အောင် ဖြည်းဖြည်းရွရွလှုပ်ရင်း ခြေလက်များကို လှပစွာလှုပ်ရှားရင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းရှိ ဆံနွယ်နက်နက်များကို ဝဲကနဲလှုပ်သွားအောင်လို့ ခေါင်းများကို လှုပ်ရမ်းရင်းဖြင့် ကခုန်နေလေသည်။

ထိုစဉ် ရုတ်တရက် . . ။

"ဗွိုး"

လေတိုးသံနှင့်အတူ ပြင်းထန်သော လေထု၏ ရိုက်ခတ်မှုကို ရသဖြင့် သူမက ကခုန်ခြင်းကို ရပ်တန့်လိုက်သည်။ သူမသည် အလွန်ချောမောခန့်ညားသော လုလင်ပျိုတစ်ဦး၏ ရီဝေညို့မှိုင်းသော မျက်လုံးနက်တစ်စုံကို နီးကပ်စွာ တွေ့မြင်လိုက်ရသည်။

လုလင်ပျိုက သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ရစ်သိုင်းထားလိမ္မော်ရောင်ပုဝါစကို ဆွဲယူပြီး နှစ်လိုစဖွယ်ပြုံးရင်း . . ။

"မင်းပုဝါလေး ပြန်လိုချင်ရင် ကိုယ့်နောက်လိုက်ခဲ့"

ဟုတိုးသဲ့သဲ့ပြောသည်။ ထိုနောက် ချာကနဲလှည့်ကာ ငေးငိုင်နေသော မိန်းကလေးများအကြားမှ ပြေးထွက်သွား၏။ သူ၏ လှုပ်ရှားမှုအားလုံးမှာ လေအလျင်လို လျင်မြန်လှပေ၏။

အချိန်တိုအတွင်းဖြစ်သွားသော မထင်မှတ်သည့် အဖြစ်အပျက်ကြောင့် မိန်းကလေးအားလုံးမှာ ငေးငိုင်သွားကြ၏။ ပထမဆုံး သတိဝင်လာသူမှာ ပုဝါအလုခံရသော လိမ္မော်ရောင်ဝတ် မိန်းမလှလေးပင်ဖြစ်၏။ သူမ၏ မျက်နှာတစ်ခုလုံး တင်း





မာခက်ထန်သွား၏။

"တောက် . . အတင့်ရဲလိုက်တာ၊ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်၊ ဆူဆီရီ . . ငါ သူ့နောက်လိုက်သွားမယ်"

စူးရှသော အသံဖြင့် ပြောရင်းမှာပင် ရှမ်းတိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ထားသော လုလင်ပျိုနောက်သို့ ပြေးလွှားလိုက်ပါသွားသည်။ ဆူဆီရီဆိုသော အနက်ရောင်ဇာဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမပျိုလေးက သူမနောက်မှ ပြေးလိုက်ရင်း . . ။

"သခင်မချန်နီ . . လိုက်မသွားပါနဲ့၊ ပြန်လာခဲ့ပါ" ဟု အော်ပြောလေသည်။

ချန်နီဆိုသော လိမ္မော်ရောင်ဝတ် မိန်းမလှလေးက ဆူဆီရီကို လှည့်ပင်မကြည့်။ ဆူဆီရီက ဝါးတောစပ်သို့ရောက်သောအခါ ခြေလှမ်းရပ်တန့်ပြီး သက်ပြင်းရှည်ချရင်း ဦးခေါင်းအား ဖြည်းညှင်းစွာခါရမ်း၍ နောက်ပြန်လှည့်လာသည်။

လှုပ်လှုပ်ရှားရှားဖြစ်နေသော မိန်းကလေးများမှာ ဆူဆီရီက လက်ဝါးတစ်ဖက်မြှောက်သည်ကို မြင်သည်နှင့်ငြိမ်သက်သွားကြသည်။ ဆူဆီရီမှာ သူတို့၏ ဒုတိယသခင်မဖြစ်သည် မဟုတ်ပါလော။

ဆူဆီရီက အားလုံးကို ဝေ့ကြည့်ရင်း . . ။



www.burmeseclassic.com

www.burmeseclassic.com



"သတိလက်လွတ် သိပ်မဖြစ်စေကြနဲ့၊ ငါတို့ရဲ့ ဒီနေရာက လုံခြုံလို့ ဝှက်စွာ ရှိနေတယ်ဆိုမေမယ့် လုံးလုံးကြီးစိတ်ချထားလို့ မဖြစ်ဘူး၊ သတိထားကြပါ၊ ကိုယ့်တာဝန်ကိုယ် ကျေကြပါစေ"

ထိုသို့ ပြောပြီးသည်နှင့် သူမသည် မလှမ်းမကမ်းရှိ ကျွန်းအိမ်အိုကြီးထံသို့ အမြန်လျှောက်သွားပြီး ဝင်ရောက်သွားသည်။

သူမသည် အပေါ်ထပ်သို့ အပြေးတက်ပြီး မြွေရုပ်ထုနှင့်နံရံဆေးရေးပန်းချီများ ရေးဆွဲထားသော အခန်းထဲသို့ လှမ်းဝင်သွားသည်။ သူမ၏ အထိမ်းအမှတ်သင်္ကေတဖြစ်သော ရှေ့ဆုံးရှိ စပါးကြီးမြွေ၏ ရုပ်တုဘေး၌ ရပ်တန့်လိုက်သည်။ ထို့နောက် စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် စင်ပေါ်ရှိ တောကြီးမြွေဟောက်မကြီး၏ ကြီးမားလှပသော ရုပ်တု၏မျက်လုံးအစုံကို စိုက်ကြည့်လိုက်သည်။

တောကြီးမြွေဟောက်မ၏ ရုပ်တုမှာ မြွေဘုရင်မချန်နီ၏ အထိမ်းအမှတ် သင်္ကေတဖြစ်သည်မဟုတ်ပါလော။ ယခုထိုရုပ်တု၏ မျက်လုံးအစုံ၌ ပုံရိပ်များ ထင်ဟပ်လှုပ်ရှားနေလေသည်။

ထိုပုံရိပ်များ. . .။





ရှမ်းတိုင်းရင်းသား ဝတ်စုံအား အပြည့်အစုံ ပတ်ဆင်ထားသည့် လုလင်ပျိုမှာ အလွန်ကြည့်ကောင်းသော လူငယ်ပင်တည်း။ သူ၏ ခန္ဓာကိုယ်မှာ ကျစ်လျစ်တောင့်တင်းပြီး အရပ်မြင့်မား၏။ အသားအရေမှာ ဖြူနုညက်ညောလှသည်။ ပုံစံကျနသော မျက်နှာပြင်ပေါ်ရှိ သွေးကြောမျှင်များကို အထင်းသား တွေ့မြင်နေရသည်။

ထူထဲဖြောင့်တန်းသော မျက်ခုံးအောက်ရှိ မျက်လုံးအစုံမှာ အလွန်လှပ၏။ ညို့ ရိပ်များဖြင့် အရည်တဖျတ်ဖျတ်လက်နေသည်။ဖြောင့်စင်းသော နှာတံအောက်ရှိ လေးကိုင်းသဏ္ဍာန်ပြုံးစစ နှုတ်ခမ်းပါးအစုံက ပန်းနုရောင်သန်းနေ၏။

ပြုံးရင်းစိုက်ကြည့်နေသော လုလင်ပျို၏ ညို့ ယူဖမ်းစားခြင်း၌ ချန်နီတွယ်ငြိနေပေပြီ။ ဒေါသတရားများမှာ ထူးဆန်းစွာ ပျောက်ကွယ်သွားပြီး နွေးထွေးလိုက်ဖိုသော ခံစားမှုကို အစားထိုးဝင်ရောက်လာသည်။ သူမ အတိုင်းအဆမဲ့ စိတ်လှုပ်ရှားလာရ၏။

ထိုစဉ် လုလင်ပျိုက လိမ္မော်ရောင်ပုဝါစကို သူ၏လည်တိုင်၌ ခပ်လျောလျော ချည်လိုက်၏။ ထိုအခါမှ ချန်နီသတိဝင်လာသည်။ သူမမှာ လူမိန်းကလေးအဖြစ် ခေတ္တခဏသာ ရှင်သန်နေနိုင်သည့် နတ်မြွေမဖြစ်ကြောင်းကို ဆင်ခြင်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုဝါပြန်ပြေးပါ"

"ကျွန်တော့်နာမည်က စိုင်းဆိုင်မော်ပါ၊ မင်းနာမည် ဘယ်လိုခေါ်လဲ. . . ဟင်"

လုလင်ပျိုက ညို့ငင်စွာ မေးလေသည်။ သူ၏အသံမှာ အနည်းငယ်စူးရှပြီး အက်သံပါနေတာကို ချန်နီသတိပြုမိသွား၏။ ထိုအခါမှ သူမက စိတ်ကိုစုစည်းပြီး စိုင်းဆိုင်မော်ဆိုသော လူကို စိုက်ကြည့်လိုက်သည်။

သူမ၏ မျက်လုံးအိမ်၌ ပုံရိပ်တစ်ခု ထင်ဟပ်လာ၏။ စိုင်းဆိုင်မော်၏ ရုပ်ပုံမဟုတ်ပါ။ ကြီးမားလှသော ပါးပျဉ်းကြီးကို ဖြန့်ကားထားသည့် မြွေတစ်ကောင်ပုံဖြစ်သည်။ ထိုမြွေ၏ ပါးပျဉ်း၌ သူမ၏ လိမ္မော်ရောင်ပုဝါလေး ရှိနေသည်။ လည်ပင်းရှိ ဂငယ်ပုံစံသဏ္ဌာန်လေးတစ်ခုက မြွေဟောက်အမျိုးအစားဖြစ်ကြောင်း ဖော်ပြနေ၏။ သူမကဲ့သို့ပင် တောကြီးမြွေဟောက်ပင်တည်း။ သို့သော် သူမထက် အနည်းငယ်ပိုကြီးသော မြွေဟောက်အပို ဖြစ်နေလေသည်။

"ဟင်. . ရှင်. . ရှင်ဟာ. . ."

စိတ်လှုပ်ရှားမှုကြောင့် သူမ. . ဘယ်ကစပြောရမှန်းမသိ။ လိုက်လှဲဝမ်းမြောက်မှုက သူမရင်ထဲ ဘယ်လိုအကြောင်းကြောင့် ဝင်ရောက်မွှေနှောက် နေရာယူထားမှန်း စဉ်းစားမရ၊





စိုင်းဆိုင်မော်က နူးညံ့သိမ်မွေ့စွာဖြင့် နှစ်လိုဖွယ်ပြုံးရင်း. . ။

"ကိုယ်နဲ့မင်းက ဘဝတူတွေပါ၊ မတူတာက ကိုယ်စောင့်ရှောက်နေရတဲ့ ပစ္စည်းတွေဟာ ကိုယ့်ရဲ့ပစ္စည်းတွေပဲ၊ ကိုယ်တို့မောင်နှမငါးယောက် ဘုရားတည်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စုဆောင်းထားတဲ့ ဥစ္စာပစ္စည်းတွေကို ကိုယ်တို့ ပြန်ပြီးစောင့်ရှောက်နေရတာ"

"အို. . ရှင်တို့မောင်နှမ ငါးယောက်လုံး နတ်မြွေတွေဖြစ်နေပြီ. . ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်တို့ငါးယောက်လုံး သင်္ဘောနစ်တဲ့အထဲ ပါသွားပြီး သေခဲ့ကြတာ၊ သေခါနီး ဒီပစ္စည်းတွေအပေါ် စိတ်မချတာရယ်၊ နောက်တော့ မြွေဖြစ်ရင် လွတ်မြောက်မှာပဲဆိုတဲ့ အတွေးတွေးမိလို့ ဒီဘဝရောက်တာ၊ မြွေအဖြစ် နှစ်တွေကြာတာကြောင့်လား၊ ဘုရားတည်ဖို့ ရည်မှန်းစောင့်ရှောက်ကြတဲ့ ကုသိုလ်ကြောင့်လားတော့မသိဘူး၊ ကိုယ်တို့မှာ တစ်နေ့တစ်ခြား ဂမ္ဘီရစွမ်းအင်တန်ခိုးတွေ တိုးပွားရရှိလာတယ်၊ မင်းအကြောင်းလည်း ကိုယ့်ကို ပြောပြလေ"

သူက တရင်းတနှီး မေး၏။ ချန်နီက လှပစွာပြုံးရင်းခေါင်းရမ်းပြီး. . . ။

"အတိတ်ဘဝကို ကျွန်မ မမှတ်မိဘူး၊ စိတ်လည်းမဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဘူး၊ ကျွန်မနဲ့ မြို့ရိုးဟောင်းပေါ်က စေတီငါးဆူဟာ ရေစက်ရှိခဲ့လို့ ထင်တယ်၊ အဲဒီကိုရောက်တာနဲ့ အဲဒီမှာပဲ အခြေချနေဖို့ ဆုံးဖြတ်လိုက်တာ၊ နောက်တော့ ကျွန်မလိုပဲ မြွေမတွေ ဆက်တိုက်ရောက်လာတယ်၊ အဲဒီတုန်းက ကျွန်မတို့မှာ စွမ်းအင်ထူးတွေ မရှိသေးဘူး၊ သာမန်မြွေလေးတွေပဲ"

သူမက စိတ်လိုလက်ရဖြင့် စကားဆက်ပြောပြန်သည်။

"နောက်တော့ ဒီစေတီငါးဆူကို စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့ ဝတ်ဖြူစင်ကြယ်ဝတ် အဘက သက္ကရဘာသာစကားနဲ့ ကျွန်မတို့ကို လမ်းညွှန်သွန်သင်တာတွေကြောင့် အခုလိုဖြစ်သွားတာ၊ ဒါနဲ့ ရှင်. . ကျွန်မတို့ နယ်ထဲကို ဘယ်လိုရောက်လာတာလဲ"

"ကိုယ်တို့နေတဲ့ တောင်ပို့နားကို လူတွေပြောင်းလာကြလို့ ပစ္စည်းတွေကိုလည်း စိတ်မချတော့ဘူး၊ ဒါကြောင့် နေရာသစ်လိုက်ရှာရင်း ရောက်လာတာ၊ အခုအချိန်ထိလည်း ဒီပစ္စည်းတွေကို အပ်နှံပို့ထိုက်တန်တဲ့ ပုဂ္ဂိုလ်မတွေ့သေးတော့ခက်တယ်"

"ကျွန်မတို့လည်း ဒီလိုပါပဲ၊ ကဲ. . ကျွန်မရဲ့ ပုဝါလေးပြန်ပေးတော့၊ ကျွန်မပြန်တော့မယ်"

စိုင်းဆိုင်မော်က သူ၏ လည်တိုင်ရှိ ပုဝါစလေးအား





ဆုပ်ကိုင်ရင်း ငြိမ်သက်သွားသည်။ သူ၏မျက်နှာ ညှိုးနွမ်းသွားသည်ဟု သူမထင်၏။ သူမရင်ထဲ ကြေကွဲဝမ်းနည်းသွားမိ၏။ သို့သော် သူမ၏ စိတ်နှလုံးကို အနိုင်နိုင်ထိန်းရင်း. . .။

"ကဲ. . . ပေးတော့၊ ဆူဆီရီတို့ စိုးရိမ်နေဦးမယ်"

စိုင်းဆိုင်မော်က ဆုံးဖြတ်ချက်တစ်ခုအား အခိုင်အမာချလိုက်ဟန်ဖြင့် အံတစ်ချက်ကြိတ်ပြီး ချန်နီအား ညှို့ငင်စွာကြည့်ရင်း. . .။

"ချန်နီ. . . မင်းမပြန်ပါနဲ့တော့၊ ကိုယ်လည်း မပြန်တော့ဘူး၊ ကိုယ်တို့နှစ်ယောက် မိုးမြေဆုံးတဲ့အထိ အတူတူလျှောက်သွားကြမယ်ကွာ"

ဟုလှိုက်လှိုက်လှဲလှဲ ပြောလေသည်။ သူ၏မျက်လုံးအစုံ၌ ချစ်ခင်မြတ်နိုးမှုများဖြင့် ပြည့်သိပ်လျက် သူ၏ ဟန်နှင့်စကားသံတို့က ချန်နီ၏ စိတ်နှလုံးကို ပြင်းပြင်းထန်ထန် ဆွဲကိုင်လှုပ်ရမ်းလိုက်နိုင်သည်။

"မင်းကို မြင်မြင်ချင်း ကိုယ်စုံမက်မိတယ်၊ ကိုယ်လေအရာအားလုံးကို စွန့်လွှတ်နိုင်တယ်၊ မင်းနဲ့တော့ ဝေးမနေနိုင်တော့ဘူး၊ ကိုယ့်ကိုယ်ကို သိတယ်၊ မင်းနှင့်အတူနေရရင် ကိုယ့်သိပ်ကို ပျော်ရွှင်နေမိမှာ ချန်နီရယ်၊ ကိုယ်တောင်းပန်ပါတယ်၊ မပြန်ပါနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ညို့မြူသလို လှိုက်သံဖြင့်ပြောရင်း ချန်နီအနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ ချန်နီက သူ၏မျက်နှာကို ငေးမောရင်းငြိမ်သက်နေမိသည်။ သူမ. . ဘာကိုမှ သတိမရ။ အားလုံးကို မေ့လျော့နေလေပြီ။

ရုတ်တရက် ပြည့်ဝဝိုင်းစက်သော လဝန်းနှင့်ကြယ်ကလေးများဖြင့် ကြည်လင်နေသော ကောင်းကင်မှာ ရုတ်ချည်းပင် မည်းမှောင်သွား၏။ တိမ်မည်းများ၏ လွှမ်းမိုးခြင်းကို ခံလိုက်ရသောကြောင့် ဖြစ်သည်။ လောကတခွင် မှောင်မိုက်သွား၏။

မကြာမီ မိုးသီးမိုးပေါက်များက ကမ္ဘာမြေပြင်ပေါ်သို့ အပြိုးတကြီးဖြင့် ခုန်ဆင်းလာကြပြီး အဖော်လေပြင်းက ကြမ်းကြမ်းတမ်းတမ်း မွှေနှောက်သောင်းကျန်းလေတော့သည်။

*  *  *

"ဂျိမ်း"

လျှပ်ရောင်များနောက်မှ မိုးကြိုးပစ်သံသည် ကျယ်လောင်လွန်းလှသည်။ ဆူဆီရီ၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။ သူမသည် ကျွန်းအိမ်အိုကြီး၏ တံခါးမကြီးအား





ဆွဲဖွင့်လိုက်သည်။ လေပြင်းနှင့်အတူ မိုးစက်ပေါက်များက သူမ၏ ခန္ဓာကိုယ်ပေါ် ကျရောက်လာသည်။ သူမ၏ ပါးစပ်အားလက်ဝါးဖြင့် ဖုံးအုပ်၍ တသိမ့်သိမ့်ရှိုက်ငိုရင်း ဒူးထောက်ကျသွားသည်။ အတန်ကြာ. . သူမက လျှပ်စီးများလက်နေသော ကောင်းကင်ကို မော့ကြည့်ရင်း. . .။

"သခင်မချန်နီ. . ရှင်. . ကျွန်မတို့ရဲ့ သစ္စာစကားကို မေ့နေပြီလား"

ဟုအသံကုန်အော်ဟစ်ပစ်လိုက်သည်။ သူမ၏ အသံက မိုးသံလေသံကို ထိုးဖောက်၍ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက် သူမက အသံတိုးတိုးဖြင့်. . .။

"ကျွန်မတို့ဟာ ဒီစေတီတော်တွေကို ပြုပြင်ပြင်ဆင်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်မရောက်မချင်း အပျိုစင်ဘဝနဲ့ စောင့်ရှောက်ပါ့မယ်လို့ သစ္စာပြုခဲ့ကြတာ ရှင်မေ့နေပြီလား. . သခင်မရယ်၊ ဒီသစ္စာကို ချိုးဖောက်ရင် ဆိုးဝါးတဲ့ ကံကြမ္မာနဲ့ ရင်ဆိုင်ကြုံတွေ့ရပါစေဆိုတဲ့ ကျိန်စာကိုကော ရှင်အလွယ်တကူ မေ့ပစ်လိုက်ပြီလား. . ဟင်"

ဟုတွတ်တွတ်ဖြေလေသည်။ သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ မိုးရေများ ရွှဲရွှဲစိုလေပြီ။ ထို့နောက် သူမသည် အလွန်စိတ်ထိခိုက်ကြေကွဲစွာဖြင့် ရှိုက်ကြီးတငင် ငိုပြန်၏။ ထို့စဉ်. .



www.burmeseclassic.com

www.burmeseclassic.com



သူမအား ငြိမ်သက်စွာ စောင့်ကြည့်နေကြသော မိန်းကလေးများက သူမအနီးသို့ ချဉ်းကပ်လာကြသည်။

"ဆူဆီရီရယ်. . ရှင်ဒီလိုမလုပ်ပါနဲ့၊ လာပါ"

"အဲဒီလောက်ကြီးထိ မခံစားနဲ့လေ. . ဆူဆီရီ၊ အခုချိန်မှာ အရေးကြီးဆုံးက သခင်မကျန်စာမသင့်အောင့်လို့ ဆုတောင်းပေးကြဖို့ပဲ၊ လာ. . . ကျွန်မတို့ ကြိုးစားကြရအောင်"

"ဟုတ်တယ်. . ဆူဆီရီ၊ ကျွန်မတို့ လုပ်နိုင်သမျှ လုပ်ပေးကြရမယ်"

မိန်းကလေးများက တစ်ယောက်တစ်ပေါက်ဖြင့် ချော့မော့ပြောရင်း ဆူဆီရီကို ဆွဲခေါ်သွားကြသည်။ အဝါရောင် အဖြူရောင်နှင့်အမည်းရောင်များ ရောစပ်ထားသော ဇာဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမငယ်လေးက မိုးလေသည်းနေသော အပြင်သို့ မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . လမိုက်ညမှာ မိုးမှောင်ကျတဲ့ အမှောင်ထက် ရမ္မက်ရဲ့ မှောင်မိုက်မှုက အများကြီးပိုမှောင်တာပဲကိုး"

သံဝေဂရစွာဖြင့် သူမက ခပ်တိုးတိုး မှတ်ချက်ချပြီး တံခါးမကြီးအား ပိတ်လိုက်လေတော့သည်။

* * *





နောက်တစ်နေ့. . . . ။

မိုးတိတ်သွားပြီး ရာသီဥတု ကြည်လင်တောက်ပလာသည်။ နေထွက်လာသည်နှင့် တွေ့လိုက်ရသော မြင်ကွင်းမှာ အမျိုးအစားစုံသော မြွေကြီးများက စနစ်တကျဖြင့် စေတီတစ်ဆူချင်းစီကို လက်ယာရစ်ပတ်ပြီး စီတန်းကာ မြွေကွက်လပ်သို့ ပြန်ဆင်းလာကြခြင်းပင်ဖြစ်သည်။

သိပ်မကြာလိုက်။ အားလုံး မြွေကွက်လပ်၌ စုစည်းမိသွားကြ၏။ ထိုအခါ အချို့သော မြွေကြီးများက အုတ်မြို့ရိုးဟောင်းအခြေရှိ မြေတွင်းကြီးများထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။ တချို့က အိမ်လေးထဲသို့ ဝင်သွားကြပြီး တချို့က ဝါးရုံများတွင်းသို့ ဝင်ရောက်သွားလေသည်။

ယခု မြွေကွက်လပ်၌ စပါးကြီးမြွေကြီးတစ်ကောင်ထဲသာ ကျန်တော့၏။ စပါးကြီးမြွေမသည် ခန္ဓာကိုယ်အား ရစ်ခွေပြီး ဦးခေါင်းအား ကိုယ်ပေါ် မှေးတင်ရင်း နေပူစာလှုံနေ၏။

နေဝန်းက တစ်စထက်တစ်စ ကောင်းကင်ပေါ်သို့ မြင့်တက်လာသည်။ ထိုနောက် အနောက်ဘက် မိုးကုတ်စက်ဝိုင်းသို့ ဦးတည်ကာ ခရီးနှင်လေသည်။ စပါးကြီးမြွေမကြီးသာ ပုံစံမပျက် ခွေလျက်နေသည်မှာ ညနေစောင်းအထိပင်. . ။



www.burmeseclassic.com

www.burmeseclassic.com



နေစောင်းသွားပြီဖြစ်သဖြင့် နေရှိန်က အားပျော့သွားသလို အလင်းရောင်ကလည်း ဖျော့တော့သွားသည်။ ပုစွန်ဆီရောင် ဖျန်းပက်ခံထားရသော ဤနေရာကလေးမှာ လွမ်းဆွေးဆွတ်မောဖွယ်ရာအသွင်ဖြင့် တိတ်ဆိတ်လျက်. . .။

ရုတ်တရက်. . .။

"ရှီ. . ရှီ. . ရှီ. . ရှီ. . ရှီ"

စူးရှကျယ်လောင်သော မြွေတွန်သံများက ဝါးတောတွင်းမှ ထွက်ပေါ်လာ၏။ စပါးကြီးမြွေမ၏ ဦးခေါင်းမှာ ဆတ်ကနဲထောင်းလာကာ ပါးပျဉ်းကြီးကို ဖြန့်ကားလိုက်သည်။ သူမ၏ မျက်လုံးအစုံက ရှေ့တည့်တည့်ရှိ ဝါးတောအတွင်းသို့ မမှိတ်မသုန် ကျရောက်သွားသည်။

ထိုစဉ်. . .။

အလွန်ကြီးမားလှပကြသော တောကြီးမြွေဟောက်အဖိုနှင့်အမသည် ဝါးတောတွင်းမှ ယှဉ်တွဲ၍ ထွက်လာကြသည်။ ထိုစုံတွဲကို စပါးကြီးမြွေမက ပါးပျဉ်းထောင်ရင်း စူးစူးရဲရဲစိုက်ကြည့်နေ၏။

မြွေဟောက်မက စပါးကြီးမြွေမ၏ရှေ့၌ ပါးပျဉ်းထောင်ရင်း ရပ်တန့်သွားကာ စပါးကြီးမြွေမကို စိုက်ကြည့်၏။ ခဏ





ကြာတော့ စပါးကြီးမြွေမကို ကွင်းရှောင်သွားကာ အုတ်မြို့ရိုးပေါ်သို့ တက်သွားသည်။ မြွေဟောက်ဖိုက မြွေဟောက်မ၏နောက်မှ ထပ်ကြပ်မကွာ လိုက်သွား၏။

စပါးကြီးမြွေမက ရစ်ခွေနေသော ခန္ဓာကိုယ်ကို တစ်ပတ်ချင်း ဖြေလျော့ပြီး ပုစွန်ဆီရောင်တောက်နေသော ကောင်းကင်ကို တစ်ချက်လှမ်းကြည့်သည်။ ထိုအခါ သူမ၏ ခန္ဓာကိုယ်ပေါ်မှ အလင်းတန်းများ ဖြာထွက်လာသည်။ ခဏအကြာ၌ အဖြူရောင်အခိုးငွေ့များအကြား သူမ၏ ခန္ဓာကိုယ် ပျောက်ကွယ်သွား၏။

အခိုးအငွေ့များ လွင့်ပြယ်သွားသောအခါ ထိုနေရာ၌ အမည်းရောင်ဇာဝတ်စုံ ဝတ်ဆင်ထားပြီး အမည်းရောင်ပုဝါစလွှမ်းခြုံထားသော မိန်းမလှလေးတစ်ယောက် လက်နှစ်ဖက်ပိုက်ကာ ရပ်တန့်ရင်း အုတ်မြို့ရိုးထဲသို့ လှမ်းကြည့်နေသည်ကို တွေ့ရသည်။

ယင်းအချိန်. . . လွမ်းစေတီပေါ်မှ အဖြူရောင်အခိုးအငွေ့များ ထွက်ပေါ်လာပြီးနောက် ရှမ်းတိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသော စိုင်းဆိုင်မော်နှင့်လိမ္မော်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး လိမ္မော်ရောင်ဇာပုဝါ လွှမ်းခြုံထားသည့် ချန်နီတို့



www.burmeseclassic.com

www.burmeseclassic.com



ကို သူမလှမ်းတွေ့ရသည်။

သူမကြည့်နေစဉ်မှာပင် စိုင်းဆိုင်မော်နှင့်ချန်နီတို့သည် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ရင်း လှေကားထစ်လေးများမှတစ်ဆင့်ချင်း ဆင်းလာနေကြသည်။ သူတို့၏ မျက်နှာများမှာ ပြုံးရွှင်နေကြ၏။ ပျော်ရွှင်ကြည်နူးနေကြတာကို မေးရန်မလိုပဲ သိနိုင်၏။

ချန်နီ၏ အပြုံးသည် ဆူဆီရီရှေ့ကိုရောက်သည်နှင့် ပျောက်ကွယ်သွား၏။ ကြေကွဲဝမ်းနည်းရိပ် ထင်ဟပ်လာသည်။ ဆူဆီရီ၏ မျက်လုံးအစုံမှာတော့ မျက်ရည်ဝဲနေပြီ။ သို့သော် သူမမျက်နှာထားကတော့ တင်းမာခက်ထန်နေ၏။

"ရှင်ဟာ ကျွန်မတို့နဲ့ အရှင်သခင်မ,မဖြစ်နိုင်တော့ဘူး ချန်နီ"

လေသံမာမာဖြင့် ပြောလိုက်သော်လည်း ကြေကွဲဝမ်းနည်းမှုများကို ပုန်းကွယ်မထားနိုင်ပဲ တုန်ယင်နေလေသည်။ နှစ်ပေါင်းများစွာ အတူနေလာခဲ့သည့် သံယောဇဉ်က ခိုင်မာလွန်းနေပြီမဟုတ်ပါလော။

ချန်နီက သူမ၏ ခံစားချက်ကို ကောင်းစွာရိပ်မိသည်။ သူမက ယဲ့ယဲ့ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။





"ဟုတ်တယ် . . ဆူဆီရီ၊ ကျွန်မ . . ဒီနေရာကို မလာသင့်တော့မှန်း သိပါတယ်၊ ဒါပေမယ့် နောက်နောင် ဘယ်တော့မှ မလာနိုင်တော့မှာကို တွေးမိလို့ နောက်ဆုံးအနေနဲ့ လာနှုတ်ဆက်တာပါ၊ ကျွန်မ . . သွားတော့မယ်နော်"

ဆူဆီရီက ချန်နီကို စေ့စေ့ကြည့်ရင်း . . ။

"ရှင်က ဘယ်ကိုသွားမှာလဲ၊ ရှင့်ရဲ့ ကြင်ယာနှင့်အတူ လိုက်သွားပြီး သူတို့ရဲ့ ဥစ္စာပစ္စည်းတွေကို ကူညီစောင့်ရှောက်ပေးတော့မယ်ပေါ့ . . ဟုတ်လား"

ချန်နီနှင့်စိုင်းဆိုင်မော်တို့က တပြိုင်နက်တည်းမှာပင် ခေါင်းသွင်သွင် ခါရမ်းကြ၏။

"မဟုတ်ပါဘူး . . ဆူဆီရီရယ်၊ ကျွန်မတို့နှစ်ယောက်က တကယ့်ကို ဘဝတူတွေ ဖြစ်နေပါပြီ"

"ဟုတ်ပါတယ်ဗျာ၊ ချန်နီတို့လိုပဲ ကျွန်တော်ကပဲ ဦးဆောင်ပြီး သစ္စာပြုထားခဲ့ကြတယ်၊ အဲဒီတုန်းက ကြည်ညိုသဒ္ဓါစိတ် ပြင်းထန်လွန်းနေတာကြောင့် ပြင်းထန်တဲ့ ကျိန်စာမျိုးလည်း ဆိုခဲ့မိတယ်လေ"

ဆူဆီရီက မဲ့ပြုံးပြုံးလိုက်၏။

"ဒါဖြင့် ရှင်တို့ ကျိန်စာသင့်တော့မှာပေါ့၊ ကျွန်မအထင်



www.burmeseclassic.com

www.burmeseclassic.com



မမှားဘူးဆိုရင် ရှင်တို့နှစ်ယောက်စလုံး မကြာမီ သေဘေးနှင့် ကြုံရလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် ဆူဆီရီမှာ ဟန်မဆောင်နိုင်တော့ပဲ ချန်နီ၏ ပခုံးပေါ် မျက်နှာအပ်ကာ ငိုရှိုက်လိုက်လေသည်။

"အဟင့် . . ဟင့်၊ ရှင် . . ဘာလို့ ဒီလောက်မိုက်မဲခဲ့ရတာလဲ . . ချန်နီ . . ဟင်၊ နှစ်ပေါင်းများစွာ မျှော်လင့်ထားခဲ့တဲ့ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်တဲ့အချိန်ထိ ရှင်တို့ ဘာကြောင့် မစောင့်ခဲ့ကြတာလဲရှင်"

ချန်နီက ဆူဆီရီကို ပွေ့ဖက်ရင်း . . ။

"ချစ်ခြင်းမေတ္တာဆိုတဲ့အရာက သိပ်ကို စွမ်းအားကြီးလွန်းလို့ပေါ့ . . ဆူဆီရီရယ်၊ သူဟာ ညှို့ငင်ဖြားယောင်းနိုင်စွမ်းရှိတယ်လေ၊ ဒါကြောင့် ကျွန်မချစ်ခြင်းမေတ္တာအောက်မှာ ပျော်ဝင်သွားခဲ့ရတယ်၊ ကျွန်မအတွက် စိတ်မကောင်းမဖြစ်ပါနဲ့တော့နော်"

ချော့ချော့မော့မော့ပြောရင်း လူချင်းခွာလေသည်။ ဆူဆီရီက မျက်ရည်များကို သုတ်ရင်း . . ။

"ရှင် . . . နောင်တရနေပြီမဟုတ်လား"





ချန်နီက သူမ၏ လက်ကို ဆုပ်ကိုင်လာသော စိုင်းဆိုင်မော်၏ လက်ဝါးကို တင်းတင်းကြပ်ကြပ် ပြန်လည်ဆုပ်ကိုင်ပြီး ပြုံးရင်း ခေါင်းခါရမ်း၏။

"ဟင့်အင်း . . နောင်တမရဘူး၊ ကျွန်မတို့ရဲ့ ကျန်တဲ့အချိန်တွေကို နောင်တတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ မကုန်ဆုံးစေရဘူး"

သူမက စိုင်းဆိုင်မော်ကို ခေါင်းလှည့်ကြည့်ပြီး နူးညံ့သိမ်မွေ့စွာ ပြော၏။ စိုင်းဆိုင်မော်က နွေးထွေးစွာပြုံးရင်း ခေါင်းညိတ်လေသည်။

"ဟုတ်ပါတယ် . . . ချန်နီ၊ ကိုယ် . . မင်းကို ပျော်ရွှင်အောင် ထားပါ့မယ်၊ ကိုယ်က မင်းနှင့်မပတ်သက်မိကတည်းက အရာအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ကိုယ့်အသက်အပါအဝင်ပေါ့၊ ဒါပေမယ့် ကိုယ်စိတ်မကောင်းတာက မင်းလည်း ကိုယ့်လို ကျိန်စာဆိုထားခဲ့တာကို မသိခဲ့ရတာကိုပဲ"

"ဒါတွေ မပြောပါနဲ့တော့ကွယ်၊ ကျွန်မတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ မိုးမြေအဆုံး လျှောက်သွားကြပါစို့နော်"

"ကောင်းတာပေါ့ . . ချန်နီရယ်"

"ဆူဆီရီ . . ကျွန်မတို့ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ထွက်ခွာသွားကြသော စိုင်းဆိုင်မော်နှင့်ချန်နီတို့၏ နောက်ကျောများကို ဆူဆီရီတစ်ယောက် ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . . ချစ်ခြင်းမေတ္တာဆိုတဲ့ အရာကြီးက အဲဒီလောက်ထိတောင် စွမ်းအားကြီးသတဲ့လား၊ မယုံနိုင်စရာပါပဲ"

* * *





## အခန်း- ၅

လူလား. . . မြွေလား. . .

ဤနေရာတွင် စိမ်းစိုနေသေးသော စပါးခင်းကြီးက ကျယ်ပြန့်စွာ နေရာယူထားသည်။ မိုးဖွဲဖွဲရွာသွန်းနေသဖြင့် မှည့်ဝင်းခြင်းမရှိသေးသော စပါးစိမ်းခင်းကြီးက ပို၍ စိမ်းလန်းနေသလို ထင်ရ၏။

ထိုစပါးခင်းရှိသော ယာခင်းအတွင်း၌ လယ်တဲတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးရှိသည်။ လယ်တဲအတွင်း၌ အောင်မောင်းနှင့်မေဝင်းတို့ လင်မယား နေ့လည်စာ စားနေကြ၏။ ကိုအောင်မောင်းက တွေးဆနေဟန်ရှိသဖြင့် မမေဝင်းက. . .။

"ကိုအောင်မောင်း. . . ရှင်ဘာတွေ စဉ်းစားနေတာလဲတော်၊ ထမင်းစားတာ စိတ်မပါသလိုပဲ"

"ငါ. . ရေကန်ကြီးအထိ ယာခင်းချဲ့ပြီး မုန်ညင်းတွေ ထပ်စိုက်ရင် ကောင်းမလားလို့ စဉ်းစားနေတာ. . . မိန်းမရ"

"ကောင်းတာပေါ့. . . ကိုအောင်မောင်းရဲ့၊ မိုးမရွာတဲ့ နေ့တွေမှာ ရှင်. . အဲဒီရေကန်ကြီးထဲက ရေသယ်ပြီး လောင်းပေါ့၊ အခုဆို ရှင်. . ရေတွင်းကြီးထဲက ရေသွား,သွားခပ်ရတာ ဘယ်လောက်ပင်ပန်းသလဲ၊ ယာခင်းနှင့်ရေတွင်းနဲ့က တဝေးကြီးရယ်၊ မေကြည်တို့ လင်မယားကတော့ အလည်သားရှင်၊ ရေတွင်းနဲ့ အနီးဆုံးမြေကို အားလုံးနဲ့ အတိုက်အခံလုပ်ပြီး လုယူထားတော့ သူတို့က အတော်သက်သာတယ်ဆိုပဲ"

ကိုအောင်မောင်းက ရေဇလုံထဲ လက်နှိုက်ဆေးပြီး ခါးပုံစဖြင့် လက်ကိုသုတ်ရင်း. . .။

"ဒါကတော့ သူတို့လင်မယားက ရေတွင်းကြီးကို စတွေ့တာကိုး၊ သူတို့ကိုတောင် ကျေးဇူးတင်ရမှာ၊ မဟုတ်ရင် တစ်ရွာလုံး လယ်ယာအလုပ် ဘယ်လုပ်နိုင်ကြပါ့မလဲ၊ ဝါးခုတ်၊





တောလိုက်၊ သစ်ခုတ်၊ ဒါတွေပဲ လုပ်နေကြရမှာ"

"အိုတော်. . . မိုးရေရှိသားပဲ၊ ပြီးတော့ ရွာသွားတွေ စုပေါင်းပြီး တူးထားတဲ့ ကန်ကြီးလည်းရှိတယ်၊ မိုးရွာရင် ကန်ထဲမှာ ရေအပြည့်ပဲ"

"တို့တူးထားတဲ့ ကန်ကြီးက ရေကြောမမိပါဘူးကွာ၊ မိုးရွာမှ အဆင်ပြေမှာ၊ တစ်ရွာလုံး သုံးရတာဆိုတော့ ဘယ်လောက်ပါမလဲ၊ မေကြည်တို့တွေ့တဲ့ ရေတွင်းဟောင်းက ရေကို အမြဲပြည့်နေတာ၊ အဲဒီရေတွင်းကြောင့် တို့ယာခင်းတွေ ပိုပြီးဖြစ်ထွန်းအောင်မြင်လာလို့ တစ်ရွာလုံး အဆင်ပြေလာတာပေါ့ကွာ၊ အဲဒီရေတွင်းကြီးကြောင့် ဒီရွာတည်မြဲနေတာ၊ မဟုတ်ရင် ပျက်တာကြာပေါ့"

မေဝင်းက ကိုအောင်မောင်းအား မျက်စောင်းထိုးရင်း။

"ရှင်ကတော့လေ. . တစ်ရွာလုံးမှာရှိတဲ့ လူအားလုံးကို အကောင်းချည်းမြင်နေ"

အောင်မောင်းက ရယ်မောပြီး. . .။

"အားလုံးက ကောင်းနေတာကိုး၊ ဒါကြောင့်လည်း တို့ ဒီမှာ အခြေချဖို့ ဆုံးဖြတ်လိုက်တာနဲ့ ရေတွင်းကို တွေ့တယ်၊ သစ်တွေ၊ ဝါးတွေကလည်း ဝေးဝေးလံလံ သွားခုတ်နေစရာမလိုဘူး၊ ဟော. . . မြေဆီမြေနှစ်ကလည်း ကောင်းလိုက်တာ မ



www.burmeseclassic.com

www.burmeseclassic.com



ပြောနဲ့ ပြီးတော့. . . "

"တော်ပါတော့ရှင်. . . တော်ပါတော့ ရှင်. . အဲဒီလို စိတ်ထားမျိုးရှိလို့ သူများမယူပဲ နောက်ဆုံးကျန်တဲ့ ဒီအစွန်ဆုံး နေရာကိုရတာ သိလား"

"အဲဒါ ပိုကောင်းတာပေါ့ကွာ၊ အစွန်ဆုံးဆိုတော့ ကိုယ် မြေချဲ့နိုင်သမျှ ချဲ့လို့ရတယ်လေ၊ အဲဒီရေကန်ကြီးနားက အ တော်မြေဆီမြေနှစ် ကောင်းတယ်ကွ"

မေဝင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် ရှင်းဖို့က အတော်မလွယ်ဘူး ရှင့်၊ ခြုံနွယ်တွေက အတော်များတယ်၊ အပင်ကြီးမျိုးတွေလည်း ရှိနေသေးရဲ့"

"စိုက်ခင်းထဲမှာလည်း လုပ်စရာမှ သိပ်မရှိပဲ၊ ငါတို့ အားနေတဲ့အတူတူ တစ်နေ့ နည်းနည်းစီ ရှင်းသွားကြတာပေါ့"

"ကောင်းပါတယ်"

အောင်မောင်းရဲ့ ဆုံးဖြတ်ချက်ကို မေဝင်းက ထောက် ခံပြီး ထမင်းချက်စားရင်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သူမတို့၏ ရွာလေးတည်ထောင်ပုံကို ပြန်သတိရနေမိသည်။

သူတို့ ယခင်နေထိုင်ခဲ့သော ရွာမှာ လဂွန်းဗျည်းချောင်း ဘေး၌တည်ရှိပြီး ချောင်းရေလျှံသောနှစ်က သူတို့၏ လယ်ယာ





မြေနှင့်တကွ အိမ်များ ပျက်စီးသွားသည်။ ထိုအဖြစ်မျိုးကို အ လွန်ကြောက်ရွံ့ သွားကြသော လူနည်းစုက ထိုနေရာမှ ခွဲထွက် လာခဲ့သည်။

ယခုနေရာသို့အရောက်၌ ကြီးမားပြီး ညီညာပြန့်ပြူး သော မြေကွက်လပ်ကို တွေ့၍ ယာယီရွာလေးအဖြစ် တည် ထောင်၍ နေကြည့်သည်။ ရေအခက်အခဲကြုံရသည်။

သူမတို့ ယခုရှင်းလင်းမည်ဆိုသော ရေကန်မှ ရေမှာ ကြည်လင်စိမ်းမြနေသဖြင့် ထိုနားတဝိုက်ရှိ ခြုံနွယ်ရိုင်းများကို ရှင်းလင်းရန် ပြင်ဆင်နေကြစဉ် ရေတွင်းကြီးကို တွေ့သဖြင့် အဆင်ပြေ ဝမ်းမြောက်သွားကြရသည်။

ထိုနောက် သူတို့ တစ်ရွာလုံးသည် လယ်ယာအလုပ် ကို စနစ်တကျ လုပ်ကိုင်ရင်း အခြေချနေထိုင်ခဲ့ကြခြင်း ဖြစ် လေသည်။

* * *

နောက်တစ်နေ့. . .။

မိုးမရွာပါ။ ရာသီဥတု သာသာယာယာရှိသည်။ အောင် မောင်းက စပါးခင်းများအား ရေလောင်းပြီးသည်နှင့် ကိုင်းခုတ် များကို ကိုင်ရင်း ပေါက်တူးကို ပခုံးပေါ်ထမ်းလျက် စပါးခင်း အဆုံးသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဝင်းကလည်း ဂေါ်ပြားကို ပခုံးပေါ် ထမ်းပြီး အောင်မောင်းနောက်မှ တိတ်ဆိတ်စွာလိုက်ပါလာသည်။ ဒါကို အောင်မောင်းမသိလိုက်။ ထို့ကြောင့် ခြေလှမ်းကျဲကျဲဖြင့် ခပ်သွက်သွက်လျှောက်၏။ ကြာတော့ မေဝင်းလိုက်မမီတော့ပေ။

"ကိုအောင်မောင်း. . . ကျွန်မကို စောင့်ပါဦး"

အော်ပြောလိုက်ရ၏။ ထိုအခါကျမှ အောင်မောင်းက နောက်သို့လှည့်ကြည့်ပြီး. . .။

"မေဝင်း. . . ဘာလိုက်လုပ်တာလဲကွာ"

မေဝင်းက ဂေါ်ပြားကိုထမ်းရင်း အောင်မောင်းအနားသို့ ပြေးသွားလိုက်သည်။

"ရှင်တစ်ယောက်တည်းဆို အရမ်းပင်ပန်းမှာပေါ့၊ ကျွန်မကူရင် ရှင်နည်းနည်းတော့ သက်သာမှာ သေချာတယ်"

"ရပါတယ်ကွာ၊ မင်းပင်ပန်းနေပါ့မယ်၊ ပြန်တော့နော်"

"ဟင့်အင်း. . . ကျွန်မလည်း ကူရှင်းပေးမယ်၊ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့ရှင်၊ လာ. . . သွားမယ်"

"ငါ့မိန်းမကတော့ကွာ တကယ့်စံပြပဲ"

"ရှင်ကမှ တကယ့်စံပြခင်ပွန်းကောင်းတစ်ယောက်ပါ ကိုအောင်မောင်းရယ်၊ ရှင်နှင့်ကျွန်မရဲ့ အိမ်ထောင်သက်တမ်းက အနှစ်နှစ်ဆယ်ကျော်ပြီ၊ အခုထိ သားသမီးတစ်ယောက်မှ





မရသေးပေမယ့် ရှင်. . . ကျွန်မကို ပစ်မသွားခဲ့ဘူး၊ သစ္စာရှိရှိနဲ့ အခုထိ ရှာဖွေကျွေးမွေးနေတယ်၊ ကျွန်မ. . ရှင့်ကို ကျေးဇူးတင်ပါတယ်တော်"

အောင်မောင်းက မေဝင်းနှင့်ပခုံးချင်းယှဉ်လျှောက်နေရာမှ ရုတ်ချည်းခြေလှမ်းရပ်တန့်ပြီး. . .။

"မေဝင်းရာ. . ဒီလိုမပြောပါနဲ့လို့ ငါဘယ်နှစ်ခါပြောရဦးမှာလဲ၊ ငါ့ရဲ့ ချို့ယွင်းချက်လည်း ဖြစ်နိုင်တာပဲကွာ၊ ဒီကိစ္စကို မေ့ထားပါ၊ သားသမီးမရှိတော့လည်း တစ်မျိုးအေးတာပါပဲလေ"

"မေ့သွားလို့ပါတော်၊ လာ. . ကျွန်မတို့ အတူတူရှင်းကြမယ်"

ထိုနေ့မှစ၍ သူတို့သည် အချိန်ရလျှင်ရသလို ဖုန်းဆိုးမြေအား ရှင်းလင်းလာသည်မှာ တစ်ဧကခန့် ပြီးစီးလာလေ၏။

သို့သော်. . .။

ယနေ့၌လည်း အောင်မောင်းနှင့်မေဝင်းတို့သည် စပါးခင်းအား ရေလောင်းပြီးသည်နှင့်ကန်ဘေးရှိ ဖုန်းဆိုးမြေသို့လာကာ ရှင်းလင်းရေး စတင်လုပ်ကြလေသည်။

အတန်ကြာ. . . ရုတ်တရက်. . .။

"ရှီ. . . ရှီ. . . ရှီ"



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော မြွေတွန်သံက ခြုံနွယ်များရစ်ပတ်ပိတ်ဖုံးခံထားရသော တောင်ပို့တစ်ခုထဲမှ စူးစူးရှရှ ထွက်ပေါ်လာသည်။ အောင်မောင်းက ထိုတောင်ပို့အောက်ခြေရှိ အပင်ငယ်များကို ခုတ်ပိုင်းနေရာမှ ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ အမြန်ဆုတ်၏။ မလှမ်းမကမ်းတွင် မြက်ရိုင်းများကို ကိုင်းဓားဖြင့် ခုတ်ပိုင်းနေသော မေဝင်းကလည်း အောင်မောင်းထံသို့ ထပြေးလာသည်။

"ကိုအောင်မောင်း. . မြွေ. . မြွေတွန်သံကြီးက ကျယ်လိုက်တာရှင်၊ ဒီလောက်ကျယ်တဲ့ မြွေတွန်သံမျိုး မကြားဖူးပါဘူးတော်"

အောင်မောင်းက တောင်ပို့ထံသို့ လှမ်းကြည့်ရင်း ခေါင်းညိတ်၏။

"ဟုတ်တယ်. . မေဝင်း၊ နှစ်ချို့ မြွေကြီးရှိနေတယ်ထင်တယ်၊ အသံက တောင်ပို့နောက်က ထွက်လာတာ ဟော. . ဟိုမှာ တောင်ပို့နောက်က အပင်တွေလှုပ်လာပြီ"

လေမတိုက်ပဲ ကြမ်းကြမ်းတမ်းတမ်း လှုပ်လာသော လူတစ်ရပ်ကျော်မက ရှည်လျားသည့် မြက်ရိုင်းပင်ကြီးများကို လင်မယားနှစ်ယောက် ငေးကြည့်နေကြသည်။

ထိုစဉ် မြက်ရိုင်းပင်ကြီးတစ်ချို့ လဲပြိုသွားကြ၏။ ထို





အပင်များအပေါ် လျှောတိုက်၍ထွက်လာသော သတ္တဝါနှစ်ကောင်ကို အောင်မောင်းနှင့်မေဝင်းတို့ တွေ့လိုက်ရသည်နှင့် မျက်လုံးအစုံ ပြူးကျယ်သွားကြသည်။

"ဟာ"

"အမလေး. . . မြွေ. . . မြွေကြီး အကြီးကြီးတွေ၊ ကိုအောင်မောင်း. . . လုပ်. . . လုပ်ပါဦး"

တသက်နှင့်တကိုယ် လုံးဝမတွေ့ဖူးခဲ့သည့် အလွန်ကြီးမားလှပသော တောကြီးမြွေဟောက်အဖိုနှင့်အမတို့ကိုမြင်သည်နှင့် မေဝင်းမှာ အကြောက်လွန်ကာ မြေပေါ် ဒူးညွှတ်ကျသွား၏။ အောင်မောင်းက သူမကို ကပျာကယာ ပွေ့ထူပြီး စကောဝိုင်းခန့် ကြီးမားသော ပါးပျဉ်းကြီးတွေကို ယိမ်းနွဲ့ကာ တရှူးရှူး နှာမှုတ်နေကြသည့် မြွေစုံတွဲကို ကြောက်ရွံ့ ထိတ်လန့်စွာကြည့်ရင်း. . .။

"ဒီလောက်ကြီးတဲ့မြွေ လောကမှာ မရှိနိုင်ဘူး မေဝင်း၊ ဒါဟာ တောစောင့်နတ်တွေက ဒီနေရာကို မရှင်းလင်းစေချင်လို့ ဟန့်တားတာဖြစ်မယ်"

သူ၏ စကားသံက တုန်တုန်ယင်ယင်ဖြင့်. . .။ သို့သော် နေရာမှ ရှေ့ သို့ လုံးဝမရွှေ့ပဲ နှာမှုတ်ရင်း ပါးပျဉ်းယိမ်းနွဲ့နေကြသည့် မြွေဟောက်တို့က ရန်ပြုလိုသည့်ဟန်မရှိဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ယုံကြည်လာမိ၏။

"တောစောင့်နတ်၊ တောင်စောင့်နတ်မင်းတို့ခင်ဗျား ကျွန်တော်တို့ရဲ့ အမိုက်အမဲကို ခွင့်လွှတ်ပေးကြပါ၊ ဒီနေရာကို ဆက်မရှင်းတော့ပါဘူး၊ ခွင့်လွှတ်ပေးပါ"

စိတ်ထဲမှ ယုံယုံကြည်ကြည်ဖြင့် ထုတ်ဖော်ပြောမိ၏။ အံ့ဩစရာကောင်းလောက်အောင်ပင် မြွေနှစ်ကောင်တို့က ပါး ပျဉ်းအားချပြီး မြက်ရိုင်းပင်ကြီးများကြားထဲသို့ ခေါင်းလှည့်ကာ ပြန်ဝင်သွားကြသည်။

မြွေဟောက်ကြီးနှစ်ကောင်တို့၏ ကိုယ်လုံးများမှာ လူ တစ်ကိုယ်စာခန့်ရှိပြီး အလွန်ရှည်လျား လှပတာကို အောင် မောင်းနှင့်မေဝင်းတို့ ငေးငိုင်ကြည့်နေကြသည်။ မျက်စိအောက် က လုံးဝပျောက်ကွယ်သွားတော့မှ သူတို့လင်မယား သတိဝင် လာကြ၏။ အောင်မောင်းက စိတ်သက်သာရာရသွားပြီး လေ ပူမှုတ်ထုတ်လိုက်သည်။

"ဟူး. . . တော်သေးတာပေါ့၊ တောင်းပန်တာ မြန်ပေ လို့၊ မဟုတ်ရင် ငါတို့ ဘယ်လိုမှ ပြေးလွှတ်မှာ မဟုတ်ဘူး"

ပြောရင်း မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက် သည်။ မေဝင်းက သူ့ဘေးနားထိုင်ပြီး သူ့လက်မောင်းကို ဆုပ် ကိုင်ရင်း. . .။





"ရှင်ထင်သလို တောစောင့်နတ်၊ တောင်စောင့်နတ် ဟုတ်မယ်မထင်ဘူး. . ကိုအောင်မောင်း၊ တကယ့် နှစ်ချို့ မြွေ တွေရှင့်၊ ကျွန်မကြောက်လိုက်တာ"

"မဟုတ်ပါဘူးကွာ၊ နှစ်ချို့ မြွေအစစ်တွေဆိုရင် ငါတို့ ဆီပြေးလာပြီး မျိုပစ်လိုက်မှာပေါ့၊ အခု ငါက တောင်းပန်လိုက် တာနဲ့ ချက်ချင်းပြန်လှည့်သွားကြပြီမဟုတ်လား"

"ဒါပေမယ့် သူတို့ရဲ့ ကိုယ်လုံးရာကြီးတွေ ကျန်ခဲ့တယ် လေ၊ အိုရှင်. . . ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ဒီနေရာမှာ နည်း နည်းလေးမှ မနေချင်တော့ဘူး၊ လာ. . . ပစ္စည်းတွေယူပြီး အ မြန်ပြန်ကြစို့"

မေဝင်းက ပြောပြောဆိုဆိုဖြင့် ကိုင်းခုတ်ဓားနှစ်ချောင်း ကို ကောက်ယူကာ ခပ်သွက်သွက် လျှောက်သွား၏။ အောင် မောင်းက ပေါက်တူးနှင့်ဂေါ်ပြားထမ်းကာ မေဝင်းနောက်သို့ အမီလိုက်သွားသည်။ မေဝင်းက ခြေးများကို အကြိုလက်စဖြင့် သုတ်ရင်း. . .။

"ရွာသားတွေ ဒီဘက်မလာမိအောင် ပြောပြထားဦးမှ"

* * *



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းနှင့်မေဝင်းတို့၏ အဖြစ်အပျက်များကို တစ်ရွာလုံး သိသွားသောအခါ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ တစ်ချို့က ရွာမှ ထွက်ပြေးရန်ပြင်သဖြင့် ကျန်လူများက ဝိုင်းတားကြသည်။

ထိုနောက် တစ်ရွာလုံးစုပေါင်းပြီး တောစောင့်နတ်ကို ရည်စူး၍ ကန်တော့ပွဲပေးကာ ပူဇော်ပသကြသည်။ ထိုနေ့က တစ်ရွာလုံး အလုပ်ရှုပ်သွားကြ၏။ ယင်းညက အောင်မောင်းနှင့်မေဝင်းတို့သည် ရွာထဲရှိ သူတို့၏ ပျဉ်ထောင်အိမ်လေး၌သာ အိပ်လိုက်ကြသည်။

စိတ်မောလူမောဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော မေဝင်းမှာ နူးညံ့အေးစက်သော အထိအတွေ့ကြောင့် နိုးလာသည်။ ထိုအခါ သူမအား လှုပ်နှိုးနေသော အလွန်ချောမောလှပသည့် မိန်းကလေးကို တွေ့ရ၏။ ထိုမိန်းကလေး၏နောက်၌ အလွန်ခန့်ညားသည့် လူငယ်တစ်ဦးရပ်နေသည်။

"ထပါဦးရှင့်. . . ကျွန်မစကားနည်းနည်း ပြောချင်လို့ပါ"

မေဝင်းက တအံ့တသြဖြင့် ထထိုင်ပြီး. . .။

"သမီးတို့က ဘယ်သူတွေလဲ၊ ဘယ်လိုလုပ် တို့အိမ်ထဲ ဝင်လာတာလဲ၊ ဘာကိစ္စရှိလို့လဲ"





မိန်းကလေးက တရင်းတနှီးဖြင့် လှပစွာပြုံးပြပြီး. .။

"ကျွန်မနာမည်က ချန်နီ၊ ကျွန်မရဲ့ ခင်ပွန်းသည်က စိုင်းဆိုင်မော်၊ ကျွန်မတို့ ဒီထဲကို ဘယ်လိုဝင်လာတယ်ဆိုတာ ရှင့်ကို ပြောပြလည်း ရှင်နားလည်မှာမဟုတ်ဘူး၊ ကိစ္စကတော့ ရှင်တို့ရဲ့ ယာခင်းထဲကို ပြန်လာနေဖို့ ပြောချင်လို့ပါ၊ ကျွန်မတို့က ဘယ်သူ့ကိုမှ အန္တရာယ်မပြုပါဘူးရှင်၊ ကျွန်မတို့ကြောင့် ရှင်တို့ကို အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ ယာတဲထဲ ပြန်လာနေပါ"

"ဟာ. . မဖြစ်ဘူး၊ အဲဒီနားမှာ အင်မတန်ကြီးတဲ့ မြွေဟောက်မောင်နှံရှိတယ်၊ တောကြီးမြွေဟောက်တွေ၊ အင်မတန်လှသလောက် အင်မတန်အဆိပ်ပြင်းတဲ့ သတ္တဝါတွေရှိတယ်ကွယ့်"

"ရှင်. . . အခုထိ နားမလည်သေးပဲကိုး၊ ရှင်းရှင်းပြောရရင် ဒီနေ့မနက်က ရှင်တို့တွေ့ခဲ့ရတဲ့ မြွေဟောက်မောင်နှံဟာ ကျွန်မတို့နှစ်ယောက်ပါ"

"ဘာ. . . မင်း. . . မင်းတို့က. . . "

မေဝင်း၏ စကားမဆုံးမီ ချန်နီက သူမ၏ ပါးစပ်ကို လက်ဝါးဖြင့် လှမ်းပိတ်ပြီး ကြားဖြတ်ပြောသည်မှာ. . .။

"အခုကိစ္စကို ရှင့်ယောက်ျားကလွဲပြီး ဘယ်သူ့ကိုမှ မ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါနဲ့၊ ပြီးတော့ ကန်ဘေးက ခြုံတွေကို ဆက်ရှင်းဖို့ မကြိုးစားနဲ့တော့၊ ရှင်တို့ နေမြဲအတိုင်း ပြန်နေပါ၊ ကျွန်မပြောတာ နားလည်လား"

အရောင်တလက်လက် တောက်ပနေသော ချန်နီ၏ မျက်လုံးနဲ့ဆုံသည်နှင့် မေဝင်းမှာ ကြောက်ရွံ့တုန်လှုပ်သွားမိသည်။ သူမခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်၏။ ချန်နီ၏မျက်နှာမှာ နူးညံ့ပျော့ပျောင်းသွား၏။

"ဒီလိုဆို ကျေးဇူးတင်ပါတယ်၊ အရေးကြီးတာက ကျွန်မတို့အကြောင်းကို ရှင်တို့ လင်မယားနှစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိစေနဲ့နော်"

"စိတ်ချပါကွယ်၊ ဒေါ်ဒေါ်ကတိပေးပါတယ်"

"ဒါဖြင့် ကျွန်မတို့ပြန်တော့မယ်၊ နောက်အားရင် ကျွန်မတို့ ရှင်တို့နဲ့ စကားလာပြောပါဦးမယ်"

ထိုသို့ပြောပြီး ချန်နီက စိုင်းဆိုင်မော်၏ လက်ကို ဆွဲကာ လှည့်ထွက်သွားသည်။ သူတို့အားကြည့်ရင်း သူမတွေးနေသည်မှာ. . .။

"ဒီကလေးတွေက လူတွေပါ၊ သူတို့ကိုယ်သူတို့ တောကြီးမြွေဟောက်မောင်နှံလို့ ပြောတယ်၊ သူတို့ဟာ လူတွေလား၊ မြွေတွေလား"





မေဝင်း. . အိပ်မက်မှ နိုးလာသည်အထိ ထိုမေးခွန်းကို ဆက်လက်စဉ်းစားနေမိ၏။ မျက်လုံးများကိုတော့ မှိတ်ထားလိုက်သည်။

ထိုစဉ် သူမ၏ဘေး၌ အိပ်ပျော်နေခဲ့သော အောင်မောင်းမှာ အိပ်ယာမှ အသာအယာထပြီး ထိုင်နေသည်ကိုတွေ့ရသဖြင့် သူမပါ ထလိုက်သည်။

"ကိုအောင်မောင်း. . ."

"ဟင်. . . ဘာလဲ. . . မေဝင်း"

"ကျွန်မ. . . အိပ်မက်ဆန်းမက်တယ်ရှင့်"

"ဘယ်လို. . . အိပ်မက်ဆန်း ဟုတ်လား"

"ဟုတ်တယ်၊ အိပ်မက်ထဲမှာ အင်မတန်ချစ်ဖို့ကောင်းကြတဲ့ ကောင်းလေးနှင့်ကောင်မလေးလင်မယား ကျွန်မနားကို ရောက်လာတယ်၊ သူတို့က ယာတဲထဲမှာ ကျွန်မတို့ကို ပြန်လာနေပါတဲ့၊ သူတို့ကိုယ်သူတို့ ကျွန်မတို့မနက်က တွေ့ခဲ့ရတဲ့ မြွေဟောက်တွေလို့ ပြောသွားတယ်ရှင့်၊ ကျွန်မစိတ်စွဲသွားလို့ ဖြစ်မယ်ထင်ပါရဲ့"

"ကောင်လေးနာမည်က စိုင်းဆိုင်မော်၊ ကောင်မလေးနာမည်က ချန်နီမဟုတ်လား"

"ဟင်. . . ရှင်. . ရှင်. . ကျွန်မအိပ်မက်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သိနေတာလဲ”

“အင်း. . . သိပ်ကို ထူးဆန်းနေပြီ. . မေဝင်း၊ ငါလည်း မင်းလို အိပ်မက်မျိုးကိုပဲ မက်ပြီးနိုးလာတာ”

“ရှင်”

သူတို့နှစ်ယောက်ကြား တိတ်ဆိတ်မှုက ကြီးစိုးသွားကြသည်။ တအံ့တသြဖြင့် ငြိမ်သက်သွားကြခြင်း ဖြစ်သည်။ အတန်ကြာမှ အောင်မောင်းက မီးခြစ်စမ်းပြီး အသင့်ရှိနေသော ဖယောင်းတိုင်ကို မီးညှိလိုက်သဖြင့် အခန်းတစ်ခုလုံး လင်းထိန်သွား၏။ အောင်မောင်းက ငေးငိုင်နေဆဲဖြစ်သော မေဝင်း၏ လက်ဝါးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း. . .။

“ငါတို့ လင်မယားနှစ်ယောက် တစ်ချိန်တည်းမှာ ထပ်တူညီတဲ့ အိပ်မက်ကို မက်တာဟာ စိတ်စွဲလို့တော့ မဖြစ်နိုင်ဘူး၊ မိန်းမ. . ဒီတော့ သူတို့မှာတဲ့အတိုင်း ဂရုတစိုက် လိုက်နာကြရမယ်”

“အံ့သြစရာ ကောင်းလိုက်တာရှင်၊ သိပ်ကိုချစ်ဖို့ကောင်းတဲ့ ကလေးတွေ သူတို့ဟာ လူလား. . မြွေလား”

“ငါလည်း အဲဒါပဲ စဉ်းစားနေတာ၊ ဒါပေမယ့် ဒီကိစ္စကို ငါတို့ ဆက်စဉ်းစားနေလို့ မဖြစ်ဘူး”

မေဝင်းက နားမလည်နိုင်သဖြင့် မျက်မှောင်ကုပ်ရင်း။





“ဘာဖြစ်လို့လဲ”

အောင်မောင်း၏ မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။ သူက မေဝင်းကို စိုက်ကြည့်ရင်း. . .။

“ဆက်စဉ်းစားနေလို့လည်း အဖြေမှန် မရနိုင်လို့ပေါ့ကွာ၊ ဒီလောကမှာ သာမန်လူတွေ စဉ်းစားလက်ခံလို့ မရနိုင်တဲ့ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းတွေ အမှန်တကယ် လျှို့ဝှက်စွာ ရှိနေတယ်၊ တို့က သာမာန်လူတွေလေ၊ ဒီတော့ သူတို့မှာတဲ့အတိုင်းပဲ နေပေးလိုက်ရုံကလွဲပြီး ဘာမှစဉ်းစားမနေပါနဲ့တော့. . မေဝင်းရာ”

မေဝင်းက ခေါင်းညိတ်ထောက်ခံပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

“အင်း. . . ကျွန်မတော့ အိပ်မက်ထဲက ကလေးနှစ်ယောက်ကို မြင်ယောင်နေတုန်းပဲ၊ သိပ်ကို ချစ်ဖို့ကောင်းကြတဲ့ ကလေးတွေ”

ထိုနောက်ပိုင်းတွင် သူတို့သည် ယာတဲသို့ ပြန်ပြောင်းနေပြီး စပါးခင်းကြီးကိုသာ ဂရုတစိုက် ပြုစုစောင့်ရှောက်ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ သူတို့ပြောပြခဲ့သော ဖြစ်ရပ်ကို ရွာသားများက ပုံပြင်အဖြစ် သတ်မှတ်သွားကြသည်။ အရာအားလုံး ပုံမှန်ပြန်လည်ပတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းနှင့်မေဝင်းတို့ လင်မယားကတော့ အိပ်မက်ထဲ၌ မကြာခဏ စကားပြောကြရသော စိုင်းဆိုင်မော်နှင့် ချန်နီတို့လင်မယားနှင့် ရင်းနှီးလာသည်။ သူတို့က စပါးခင်း၏ ဘယ်နေရာ၌ ရေဝပ်နေသည်။ ဘယ်နေရာ၌ ပိုးစကျနေပြီစသည့် စိုက်ခင်းအခြေအနေကို လာ,လာပြောတတ်သည်။

မနက်လင်းလို့ ထိုနေရာကို သွားကြည့်ရင် အိပ်မက်ထဲကအတိုင်း တကယ်ပဲ တွေ့ရသည်။ သူတို့၏ စပါးခင်းအား ကူညီစောင့်ရှောက်ပေးနေသော အိပ်မက်ထဲမှ သားနှင့်သမီးကို သူတို့လင်မယား ယုံကြည်ချစ်ခင်အားကိုးလာမိ၏။

သူတို့လင်မယား ပျော်ရွှင်နေကြသည်။ သို့သော်. . သူတို့ အကြာကြီး မပျော်ကြရပေ။ အကြောင်းကား. . .။

* * *





## အခန်း– ၅

## မဖိတ်ခေါ်ထားသော ဧည့်သည်

မိုးသည်းထန်လွန်းသော နေ့၌ဖြစ်၏။ အောင်မောင်းသည် နံနက်စာအတွက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေသော မေဝင်းကို ကူညီရင်း ရောက်တတ်ရာရာ စကားများ ပြောနေကြသည်။

ဂျီသားခြောက်များကို ထောင်း၍မွပြီး ကြော်၏။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် အောင်မောင်းအသင့်ပြင် ပေးထားသော တောကြက်သားကို ဆီသပ်ပြီး ရေမျှားမျှားထည့်ကာ ပစ်တင်ထားသည်။ အောင်မောင်းက ထင်းမပြတ်ထိုးနေစဉ် မေဝင်းက ချဉ်ပေါင်ရွက်ချွေနေသည်။

"ကျွန်မတို့ စိုက်ခင်းထဲက စပါးနှံတွေက တော်တော်ဖွံ့လာတယ်နော်. . . ကိုအောင်မောင်း"

"အေးကွ. . . နေ့ချင်းညချင်းကို ထွားလာကြတာ၊ ဒီနှစ် ငါတို့ရဲ့စပါးတွေ ဈေးကောင်းရမှာ သေချာတယ်"

"အိပ်မက်ထဲက ကျွန်မတို့ရဲ့ သားနှင့်သမီးတို့က ကူညီစောင့်ရှောက်တာတွေကြောင့်ပေါ့ရှင်၊ အရင်နှစ်တွေကလို လေလွင့်ဖြုန်းတီးတာတွေ မရှိဘူး၊ ပင်ဖျက်ပိုးတွေကိုလည်း အချိန်မီ နှိမ်နှင်းတားဆီးနိုင်နေပြီနော်"

"အင်း. . . ငါတို့အဖြစ်ကတော့ ဆန်းပါ့ကွာ၊ တစ်ခါတစ်လေ အခု ငါတို့ကြုံနေတာဟာ တကယ်မှဟုတ်ရဲ့လားလို့ စေ့စေ့ ပြန်တွေးနေမိတယ်"

"ဟုတ်ပါ့၊ ဟော. . ဟိုမှာ ကျွန်မတို့ ယာခင်းထဲကို လူသုံးယောက်ဝင်လာပါလား၊ မိုးထဲလေထဲ ဘယ်သူတွေလဲမသိဘူး"





မေဝင်း၏ စကားကြောင့် အောင်မောင်းလှည့်ကြည့်လိုက်သည်။ ထိုအခါ သူတို့၏ ယာတဲသို့ ဦးတည်လာနေကြသော လူသုံးဦးကို တွေ့လိုက်ရ၏။ ဘယ်သူတွေမှန်းတော့ မသဲကွဲ။ ယောက်ျားနှစ်ယောက်နှင့်မိန်းမတစ်ယောက်ဆိုတာကိုတော့ ခန့်မှန်းမိသည်။

"ငါသွားကြည့်လိုက်မယ်"

အောင်မောင်းက တဲဝသို့ လျှောက်သွား၏။ တဲနှင့်နီးလာသော လူသုံးဦးအနက် အသက်(၅၀)ခန့်ရှိသော အသားညိုညို၊ အရပ်မြင့်မြင့်နဲ့ အနည်းငယ်ပိန်သော ယောက်ျားကြီးကိုတော့ အောင်မောင်းသိသည်။

ထိုလူမှာ မုဆိုးကြီးဖိုးထော်ဖြစ်၏။ သူနှင့်အတူ ပါလာကြသော အသက်(၃၀)ဝန်းကျင်ခန့်ရှိကြသည့် အမျိုးသားနှင့် အမျိုးသမီးမှာ ဟိန္ဒူလူမျိုးများဖြစ်သည်။ သူတို့နှစ်ယောက်ကိုတော့ အောင်မောင်းလုံးဝမသိ။

"လာဗျို့. . . ကိုဖိုးထော်၊ ဧည့်သည်တွေလည်း ပါလာတာကိုး၊ ဝင်ကြ. . . ဝင်ကြ"

သူက ခရီးဦးကြိုပြုလိုက်၏။ မေဝင်းက ချဉ်ပေါင်ရွက်ကို ရေဆေးပြီး အိုးထဲထည့်ရင်း လှမ်းကြည့်နေသည်။ စစ်မိုး



www.burmeseclassic.com

www.burmeseclassic.com



ကာအင်္ကျီကိုခြုံလျက် ခမောက်ဆောင်းကာ ဝင်လာကြသူသုံးဦးစလုံးတို့က အောင်မောင်းကို အပြုံးဖြင့် နှုတ်ဆက်လိုက်ကြသည်။ အောင်မောင်းက ဟိန္ဒူနှစ်ဦးကို အကဲခတ်ရင်း. . .။

"မိုးထဲလေထဲ လာတာဆိုတော့ ကိစ္စထူးရှိလို့လား. . ကိုဖိုးထော်"

ဖိုးထော်က ခမောက်နှင့်စစ်မိုးကာအင်္ကျီကိုချွတ်ရင်း ခေါင်းညိတ်လိုက်၏။

"ရှိတယ်. . . အောင်မောင်း"

"ဒါဖြင့် အေးအေးဆေးဆေး ပြောလို့ရအောင် အပေါ်တက်နှင့်ကြဦး၊ ကျုပ်. . ရေနွေးကြမ်းနှင့်ဂျီသားခြောက်ကြော်ယူလာခဲ့မယ်"

"ကောင်းတယ်ကွာ၊ လာ. . . တူမကြီးတို့"

ဖိုးထော်က ဦးဆောင်၍ ဝါးလှေကားမှတစ်ဆင့် အပေါ်သို့တက်၏။ ဟိန္ဒူလူမျိုးနှစ်ဦးကလည်း သူတို့၏ ခမောက်နှင့်စစ်မိုးကာအင်္ကျီများကို မြေပေါ်ပုံခဲ့ပြီး နောက်မှလိုက်တက်သွားကြသည်။

အောင်မောင်း၏တဲမှာ နှစ်ထပ်တဲလေးလိုဖြစ်နေ၏။ အောက်ဘက်ကို ထမင်းဟင်းချက်ရန်သာ အသုံးပြုပြီး လူတစ်





ရပ်ကျော်ခန့်မြင့်သော အပေါ်ပိုင်းဝါးတဲလေး၌သာ နေထိုင်ကြလေသည်။ မေဝင်းက ဆီပြန်နေပြီဖြစ်သော ကြက်သားဟင်းအိုးကိုချပြီး အသင့်ပြင်ထားသော ချည်ပေါင်အိုးကို တင်၏။ ထင်းတုံးကြီးတစ်တုံးကို ထပ်ထည့်ရင်း. . .။

"ဧည့်သည်တွေကို ကျွန်မတို့ဆီ ဘာလို့ခေါ်လာတာလဲမသိဘူးနော်. . ကိုအောင်မောင်း"

"ဘယ်သိမလဲကွ၊ သိချင်ရင် မင်းလည်း တက်ပြီးနားထောင်ပေါ့၊ ချဉ်ပေါင်ဟင်းအိုးက ပစ်တင်ထားလို့ရတာပဲ"

အောင်မောင်းကပြောရင်း အသင့်ရှိနေသော ရေနွေးကရား၏ နှုတ်သီး၌ အကြမ်းပန်းကန်သုံးလုံး ထပ်တင်ပြီး ဂျီသားခြောက်ကြော်ပန်းကန်ကို မ,ကာ ဝါးလှေကားမှတစ်ဆင့် အပေါ်တက်သွား၏။ မေဝင်းကလည်း ချဉ်ပေါင်ဟင်းအိုးထဲ ရေနည်းနည်းထည့်ပြီး အောက်ဘက်ရှိ တံခါးကို ပိတ်ကာ အပေါ်လိုက်သွားလေသည်။

* * *

"သူတို့လင်မယားနှစ်ယောက်က ငါတောထဲမှာ ပိုးထိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတိလစ်နေတုန်း အသက်ကယ်ပေးခဲ့တဲ့ ကျေးဇူးရှင်တွေပဲ. . အောင်မောင်း၊ ကောင်လေးနာမည်က ပျာရီလားလ်တဲ့၊ ကောင်မလေးနာမည်က ရာနာဘီဘီတဲ့၊ ဟိန္ဒူလူမျိုးတွေပေါ့"

ဖိုးထော်က စတင်မိတ်ဆက်ပေးလိုက်သည်။ အောင်မောင်းနှင့်မေဝင်းတို့က ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ ကိုဖိုးထော်က သူ့ရဲ့ ဧည့်သည်တွေကို ဘာကြောင့် လာမိတ်ဆက်ပေးနေပါလိမ့်လို့တော့ ကြိတ်ပြီးစဉ်းစားနေမိ၏။

ပျာရီလားလ်ဆိုသော လူရွယ်က အောင်မောင်းအား ပြုံးပြရင်း. . .။

"ကျွန်တော်တို့က မြွေအလမ္မာယ်ပြစားတဲ့ အလုပ်နဲ့ အသက်မွေးတာပါ၊ မြွေကိုက်ခံရတဲ့ လူတွေကိုလည်း မြွေဆိပ်ဖြေပေးနိုင်ပါတယ်၊ ဒီက အစ်ကိုတို့လင်မယားအကြောင်းကိုတော့ ဦးဖိုးထော်ကတစ်ဆင့် သိပြီးပါပြီ"

ဗလုံးဗထွေးဖြင့်ပြောသော ပျာရီလားလ်၏ စကားကြောင့် အောင်မောင်းတို့လင်မယား ရင်ထိတ်သွားကြသည်။ ထိုလူတွေ သူတို့ဆီလာတဲ့ ရည်ရွယ်ချက်ကို သူတို့ တွေးသိလိုက်လို့ပါပဲ။

အောင်မောင်းတို့ လင်မယား တစ်ယောက်မျက်နှာ





တစ်ယောက် လှမ်းကြည့်မိကြ၏။ သူတို့၏ မျက်နှာများမှာ မကြည်မလင်ဖြစ်သွားကြသည်။ ပျာရီလားလ်ကတော့ အရောင်ဖြာသော မျက်လုံးအစုံဖြင့် အောင်မောင်းကို ကြည့်ရင်း ဆက်ပြောသည်မှာ. . .။

"အစ်ကိုတို့လင်မယား နှစ်ချို့မြွေကြီး နှစ်ကောင်ကို တွေ့ခဲ့တဲ့နေရာ အတိအကျကို လိုက်ပြပေးပါလားခင်ဗျာ"

"ဟာ. . . အဲဒါ တကယ့်နှစ်ချို့မြွေတွေ မဟုတ်ပါဘူးဗျာ၊ တောစောင့်နတ်က ဖန်ဆင်းပြလိုက်တာပါ၊ ကျုပ်တောင်းပန်လိုက်တာနဲ့ ချက်ချင်းပြန်လှည့်သွားတယ်လေ"

အောင်မောင်းက ပျာပျာသလဲ ပြောလိုက်သည်။ ပျာရီလားလ်က ခေါင်းခါ၏။

"မဖြစ်နိုင်တာ. . အစ်ကိုရာ၊ တောစောင့်နတ်က ဘာကိစ္စနဲ့ အစ်ကိုတို့ကို ဟန့်တားရမှာလဲ"

"ဒါတော့ ကျုပ်ဘယ်သိမလဲ၊ အဲ. . အဲဒီမှာ ကျုပ်တို့ကို မတွေ့မြင်စေချင်တဲ့ ပစ္စည်းတစ်ခုခု ရှိနေလို့လားမှမသိတာ"

"မဟုတ်ပါဘူးဗျာ၊ အစ်ကိုတို့တွေ့ခဲ့တာ တကယ့်နှစ်ချို့မြွေတွေ ဖြစ်မှာပါ၊ ကြီးလွန်း,လှလွန်းနေတာကြောင့် အစ်ကိုတို့ မယုံကြည်နိုင်ပဲ အထင်မှားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို မင်းကို ငါတစ်ခုမေးမယ်"

မေဝင်းက ပျာရီလားလ်ကို စေ့စေ့ကြည့်ရင်း ကြားဖြတ်ပြော၏။ ပျာရီလားလ်၏ မျက်ဝန်းအကြည့်က မေဝင်းထံ ပြောင်းရွှေ့လာသည်။

"မေးပါ. . အစ်မ၊ ဘာမေးမလို့လဲ"

မေဝင်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်. . .။

"နှစ်ချို့မြွေတွေက လူတွေကို မြှိုတတ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အဲဒီမြွေဟောက်မောင်နှံက ကျွန်မတို့နှစ်ဦးကို ဘာကြောင့်လွှတ်ပေးခဲ့တာလဲ၊ ကိုအောင်မောင်းရဲ့ စကားကို နားလည်တဲ့ပုံနဲ့ ဘာကြောင့် ချက်ချင်းလှည့်ထွက်သွားကြတာလဲ၊ မင်း. . . ဖြေစမ်း"

ပျာရီလားလ်ပါးစပ်ပိတ်သွား၏။ သူ၏ မိန်းမဖြစ်သူ ရာနာဘီဘီကို ကြည့်လိုက်၏။ ရာနာဘီဘီက သူနှင့်မျက်နှာချင်းဆိုင်၌ ထိုင်နေသည်။

"အစ်မတို့ ထင်ထားတဲ့အတိုင်း မှန်ရင်တော့ ကိစ္စမရှိ







ပါဘူးရှင်၊ တကယ်နှစ်ချို့မြွေသာဖြစ်နေခဲ့ရင် ဒီက ရွာသားတွေအတွက် အန္တရာယ်ရှိနိုင်တယ်လေ၊ ဟုတ်,မဟုတ်သေချာသွားအောင် ကျွန်မတို့ သွားကြည့်ကြည့်မယ်၊ တွေ့ခဲ့တဲ့နေရာကိုသာ အတိအကျ ပြောပြပါလား"

ရာနာဘီဘီ၏ စကားသံက ကြည်လင်ပြတ်သား၏။ သူမ၏နံဘေးတွင် ထိုင်နေသော ဦးဖိုးထော်က သူမ၏စကားကို ခေါင်းညိတ်ထောက်ခံလေသည်။

"ဒီကလေးမပြောတာ နည်းလမ်းကျတယ်. . မေဝင်း၊ သူတို့သိချင်တာကို ပြောပြလိုက်ပါ၊ ညည်းတို့အတွက်လည်း ဘာမှအပန်းကြီးတာမှမဟုတ်ပဲ"

"အပန်းမကြီးတာတော့ မှန်တယ်. . ကိုဖိုးထော်၊ ကျွန်မက တောစောင့်နတ်မင်းကြီး အမျက်ထွက်မှာကိုစိုးတာ၊ သူတို့အတွက်က အရေးမကြီးဘူး၊ ဒီမှာ အခြေချနေတဲ့ ကျွန်မတို့က ဒီကိစ္စကို အသေအချာ စဉ်းစားရမှာပေါ့ရှင်"

"ရွာထဲမှာရှိတဲ့ လူအတော်များများကတော့ သူတို့လင်မယားနှစ်ယောက်ကို ဒီကိစ္စအတွက် အကူအညီတောင်းထားကြတယ်၊ တောစောင့်နတ်ဆိုတာ သမ္မာဒေဝနတ်ကောင်းနဲ့ မြတ်တစ်ပါးဆိုတော့ လူတွေကို အကြောင်းမဲ့ ဒုက္ခပေးမှာမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူးလို့ ယုံကြည်နေကြတယ်လေ. . . မေဝင်းရဲ့"

ဦးဖိုးထော်စကားအား နားထောင်ရင်း အောင်မောင်းနှင့်မေဝင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ဦးဖိုးထော်ဆက်ပြောသည်မှာ. . .။

"တို့ရွာသားတွေကတော့ သူတို့ဆန္ဒကို အားတက်သရော ထောက်ခံကြတယ်၊ သူတို့ကို ယုံကြည်အားကိုးနေကြပြီ"

"အားလုံးက ဒီကိစ္စကို အားပေးနေကြတယ်ဟုတ်လား"

အောင်မောင်းက မကျေနပ်ခြင်းကို မျိုသိပ်ဖုံးဖိရင်းမှ မေး၏။ ဦးဖိုးထော်က ခေါင်းခါရမ်းလေသည်။

"အားလုံးတော့ ဘယ်ဟုတ်မလဲ၊ မထောက်ခံတဲ့ လူတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် ပြင်းပြင်းထန်ထန် ကန့်ကွက်တဲ့လူတော့မရှိဘူး၊ အမှားအယွင်းဖြစ်ခဲ့ရင်တောင် ခံရမှာက သူတို့ကိုယ်တိုင်ပဲလေ၊ တို့ကို မထိခိုက်အောင် သူတို့လုပ်ပေးမယ် ပြောထားတယ်"

"ဘယ်လိုလုပ်ပေးကြမှာလဲ"

မေဝင်းက လေသံမာမာဖြင့် မေးလိုက်၏။ ရာနာဘီဘီက. . .။

"ရှင်တို့ ရိုးရာအတိုင်း ကန်တော့ပွဲပေးပြီး အပြစ်ပြုမိရင် ကျွန်မတို့နှစ်ယောက်ပဲ ခံပါ့မယ်လို့ ပြောပေးမယ်၊ ကျွန်မတို့က အသက်နဲ့ရင်းပြီး ရှင်တို့တစ်ရွာလုံးကို ကူညီဖို့ ကြိုးစားနေတာပါရှင်"

"စကားကြီးစကားကျယ် မပြောစမ်းပါနဲ့အေ၊ ညည်းတို့လိုချင်တာကိုယူဖို့ ကြိုးစားနေတာပါ"

ဟန်မဆောင်နိုင်ပဲ ရန်စကားပြောသည့် မေဝင်းအား အောင်မောင်းနှင့်ဖိုးထော်တို့က ကပျာကယာ ဟန့်တားကြပါသည်။

"ဟာ. . . မိန်းမကလည်း ကောင်းကောင်းပြောပါကွ"

"ဟဲ့. . ဟဲ့. . မေဝင်း. . ဘယ်လိုပြောလိုက်တာလဲ၊ ဧည့်သည်တွေကို အားနာစရာ"

"ဟွန်း"

မေဝင်းက နှာခေါင်းရှုံ့ပြီး ချက်ချင်းထကာ အောက်သို့ဆင်းသွား၏။ အောင်မောင်းအတော်ပင် အားနာသွားသည်။

"ဟိုလေ. . ကျုပ်မိန်းမက အစွဲအလန်းကြီးလွန်းတယ်၊ စိတ်ထဲမထားနဲ့နော်၊ ကဲ. . ကဲ. . ဂျီသားခြောက်ကြော်နဲ့ ရေနွေးလေးသုံးဆောင်လိုက်ပါဦး"

ပျာရီလားလ်နှင့်ရာနာဘီဘီတို့က အစားအသောက်





www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်ဟန်မရှိချေ။ ရာနာဘီဘီက မေဝင်း၏နောက်ကျော ကို လှမ်းကြည့်ရင်း. . .။

"ကျွန်မတို့ အကျိုးအတွက်လည်း ပါတယ်ဆိုတာကို တော့ မငြင်းပါဘူး၊ ဒါပေမယ့် ကမ္ဘာပေါ်မှာ တောအုပ်တွေ အများကြီးရှိသလို နှစ်ချို့မြွေဆိုတာကလည်း နှစ်ကောင်တည်း ရှိတာမဟုတ်ပါဘူး၊ လူတွေကို ကူညီချင်တဲ့စေတနာ ကျွန်မတို့ မှာ တကယ်ရှိတာပါ"

အောင်မောင်းက သက်ပြင်းတစ်ချက် ကြိတ်ချပြီး. .။

"တစ်ရွာလုံး မကန့်ကွက်မှတော့ ကျုပ်လည်း အတိုက် အခံ မလုပ်ချင်ပါဘူးလေ၊ ကျုပ်တို့ စပါးခင်းအဆုံးမှာ ရှင်းပြီး သား မြေကွက်တစ်ကွက်လောက်ကို တွေ့ရမယ်၊ အဲဒီမြေကွက် အဆုံးမှာ အပင်တွေဖုံးနေတဲ့ တောင်ပို့ကြီးတစ်ခုရှိတယ်၊ အဲဒီ နောက်က ထွက်လာကြတယ်ထင်တာပဲ"

ရာနာဘီဘီက တောက်တောက်ပပပြုံးရင်း. . .။

"အဲဒီလောက်သိရရင်ပဲ လုံလောက်ပါပြီ၊ ကျွန်မတို့က ကိုယ်တိုင်ကြုံခဲ့တဲ့ လူတွေရဲ့ နှုတ်ထွက်စကားကို တန်ဖိုးထား ပြီး မေးတာပါ၊ ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

အောင်မောင်းက ရာနာဘီဘီကို စိုက်ကြည့်ရင်း. .။





"မင်းတို့က အဲဒီမြွေနှစ်ကောင်ကို ဖမ်းချုပ်မယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ဒီတောထဲမှာ နှစ်ချို့မြွေကြီးတွေ ရှိတယ်ကြားလို့ ကျွန်မတို့ လာခဲ့တာလေ၊ သူတို့ကို ဖမ်းချုပ်ပြီး ကျွန်မတို့ဆရာကြီးဂိုဘင်ဆီ ယူသွားပေးရပါလိမ့်မယ်"

"ဪ. . . မင်းတို့ကို သတိတော့ ပေးလိုက်မှပဲ၊ ကျုပ် တို့တွေ့ခဲ့တဲ့ မြွေကြီးတွေက တော်တော်လေးကြီးတယ်၊ နောက် ပြီးတော့ တောကြီးမြွေဟောက်တွေ၊ ပိုင်ပိုင်နိုင်နိုင်ကြီးမဟုတ် ပဲနဲ့တော့ မစွန့်စားသင့်ဘူးနော်"

"စိတ်မပူပါနဲ့. . . အစ်ကိုအောင်မောင်း၊ ကျွန်မတို့ လင်မယားနှစ်ယောက်စလုံး ကျွမ်းကျင်ပြီးသားအလုပ်ပါ"

"မင်းတို့မှာရှိတဲ့ ပချုပ်တွေလောက်နဲ့ အဆင်ပြေမယ် မထင်ဘူးကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့တွေ့ခဲ့တဲ့ မြွေ တွေက လူတစ်ကိုယ်စာနီးပါးကိုကြီးတာ၊ အတော်လည်း ရှည် တယ်"

ရာနာဘီဘီက အလေးမထားဟန်ဖြင့် လက်ကာပြ လိုက်သည်။

"ဒါကလည်း ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့ နှစ်ချို့မြွေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေအတွက် ရည်ရွယ်ပြီး ပခြုပ်ကို အသေအချာ စီမံပြု ပြင်ပြီးသားပါ။ ကဲ. . ကဲ. . စကားတော့ ကောင်းပါရဲ့၊ ပြင်ဆင် သင့်တာလေးတွေ ပြင်ဆင်ရဦးမှာမို့ ပြန်လိုက်ပါဦးမယ်. . အစ် ကိုအောင်မောင်းရယ်”

သူမက သိသိသာသာပင် စကားဖြတ်ပြီး ထရပ်သည်။ ပျာရီလားလ်ကလည်း ထရပ်ပြီး. . .။

“ကျေးဇူးတင်ပါတယ်. . အစ်ကိုအောင်မောင်းရယ်၊ နောက်ယှက်သလိုဖြစ်သွားခဲ့ရင်တော့ ခွင့်လွှတ်ပါနော်”

ဟုယဉ်ကျေးချိုသာစွာ ပြော၏။ အောင်မောင်းကဟန် ဆောင်၍ ပြုံးရယ်ပြလိုက်၏။

“ရပါတယ်ကွာ”

စိတ်ထဲကတော့ အိပ်မက်ထဲက ကောင်လေးနှင့်ကောင် မလေးတို့အတွက် စိုးရိမ်နေမိ၏။ သူတို့က သူတို့ကိုယ်သူတို့ မြွေပောက်တွေလို့ ဆိုထားသည်မဟုတ်ပါလော။

အခုတလော အောင်မောင်းတို့လင်မယားနှစ်ယောက် စိုင်းဆိုင်မော်နှင့်ချန်နီတို့ကို အိပ်မက်မမက်တော့ချေ။ မေဝင်း ပင် အိပ်မက်ကို တမ်းတမ်းတတ မျှော်နေပေပြီ။ သူသက်ပြင်း တစ်ချက် ကြိတ်ချမိပြန်၏။





ထိုစဉ် မုဆိုးကြီးဖိုးထော်၏ အသံသြသြကြီးက ကျယ် လောင်စွာ ထွက်ပေါ်လာသည်။

“ဟေ့. . ကောင်လေးနှင့်ကောင်မလေး၊ မင်းတို့ချည်း ပဲ ငါ့အိမ်ပြန်လို့ဖြစ်မလား”

ပျာရီလားလ်နှင့်ရာနာဘီဘီတို့က တပြိုင်နက်တည်း လိုလို ခေါင်းညိတ်ကြ၏။

“ဖြစ်ပါတယ်. . ဦးလေး၊ ကျွန်တော်တို့ ပြန်နှင့်တော့ မယ်”

“သွားပြီနော်. . . ဦးလေး”

သူတို့ ခပ်သွက်သွက်ပင် ဆင်းသွားကြ၏။ ဦးဖိုးထော် ကတော့ ဂျီသားခြောက်ကြော်ကို အားပါးတရ စားနေ၏။

“စားလို့ကောင်းလိုက်တာကွာ၊ ငါက မုဆိုးလုပ်နေပေ မယ့် အသားပ နဲ့ ဝေးနေရတာကွ၊ ငါ့မိန်းမက စားဖို့တောင် မချန်ပဲ ရှိသမျှရောင်း,ရောင်းပစ်လို့လေ”

ပြောပြီး ရေနွေးကြမ်းသောက်ပြန်၏။ ဂျီသားခြောက် ကြော်စားပြန်သည်။ သူ့အားကြည့်ရင်း အောင်မောင်းရယ်ပြီး။

“ဒါဖြင့်လည်း အကုန်သာစားသွားပါ. . မုဆိုးကြီးဦး ဖိုးထော်ရယ်၊ ကဲ. . အေးအေးဆေးဆေးသာနေ၊ အားနာစရာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေမှမဟုတ်ပဲ၊ ကျုပ်အောက်ဆင်းပြီး မေဝင်းကို ကူလုပ်ပေးလိုက်ဦးမယ်”

“ကောင်းပါပေ့ . . ကောင်းပါပေ့”

ဖိုးထော်က ရယ်မောရင်း ဂျီသားခြောက်ကို အားပါးတရ စားတော့၏။ အောင်မောင်းကတော့ အောက်သို့ ပြန်ဆင်းလာသည်။ စိုင်းဆိုင်မော်နှင့်ချန်နီတို့အတွက် စိတ်ပူနေမည့် မေဝင်းကို သူနှစ်သိမ့်ရဦးမည်မဟုတ်ပါလော။

*   *   *





## အခန်း – ၆

### တိုက်ပွဲဝင်ရန် ပြင်ဆင်ပြီ

မိုးစဲသွားလေပြီ။ စိုက်ခင်းများအလယ်ရှိ ရွာသို့သွားရာ လမ်းမကြီးမှာ ဗွက်ထနေ၏။ ဗွက်တောထဲရုန်း၍ တဖြည်းဖြည်းသွားနေကြသူ နှစ်ဦးသာရှိသည်။

ခမောက်ဆောင်းပြီး စစ်မိုးကာတွေ ခြုံထားသော ထိုလူနှစ်ဦးမှာ ပျာရီလားလ်နှင့်ရာနာဘော်ဘီတို့ဖြစ်၏။ [illegible]က ခြေ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကျော်ကျော်အထိ မြုပ်၏။ ရာနာဘီဘီက ရှေ့မှသွားနေ၏။ ပျာရီလားလ်က သူမနောက်မှ ကပ်လိုက်ရင်း . . ။

"ရာနာ . . မင်းက သိပ်ထက်မြက်တာပဲ၊ စကားပြောတာ သိပ်ပါးနပ်တယ်၊ နောက်ဆုံးတော့ သူတို့ ဖွင့်ပြောရတော့တာပဲနော်"

"ဒါလေးပြောပြဖို့ကို သူတို့ ဘာကြောင့် ဒီလောက်ခါးခါးသီးသီး ဖြစ်နေရတယ်မသိတူး"

"သူတို့က တောသူတောင်သားတွေလေကွာ၊ ဒါကမဆန်းပါဘူး၊ ဆန်းတာက ဆရာကြီးဂိုဘင်ပဲ၊ ဒီတောထဲမှာရှိတဲ့ နှစ်ချို့မြွေကိုမှ ဆရာကြီးက အသည်းအသန် လိုချင်နေတာမထူးဆန်းဘူးလား . . ရာနာ"

"မထူးဆန်းပါဘူး . . . ယောက်ျားရယ်"

ပျာရီလားလ်၏ မျက်ခုံးထူကြီးအစုံက နဖူးပေါ် သို့မြင့်တက်သွားသည်။

"ဘာလို့ မထူးဆန်းရမှာလဲ . . ရာနာရဲ့၊ နှစ်ချို့မြွေဆိုပြီးပြီပေါ့၊ အခုတော့ ဒီတောထဲက နှစ်ချို့မြွေကိုမှ လိုချင်နေတာ ထူးဆန်းတယ်လို့ မထင်မိဘူးလား"

ရာနာဘီဘီက ခြေလှမ်းမပျက်လျှောက်ရင်း မခါင်းခါ၏။

"နည်းနည်းမှ မထူးဆန်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့





ဒီနေရာဟာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ရဲ့ ရွှေမြို့တော်ဟောင်းဖြစ်နေလို့ပေါ့"

ပျာရီလားလ်မှာ ပို၍နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူက မျက်မှောင်ကုပ်ရင်း . . ။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ရာနာဘီဘီက ခြေလှမ်းရပ်တန့်ပြီး ချာကနဲလှည့်ကာ သူနှင့်မျက်နှာချင်းဆိုင် ရပ်တန့်လိုက်သည်။

"ရာဇာဓိရာဇ်မင်းဟာ စေတီပုထိုး အများအပြားကို တည်ထားကိုးကွယ်ခဲ့လို့ပေါ့ရှင်၊ အခု အဲဒီစေတီပုထိုးဟောင်းအတော်များများဟာ ပျောက်ကွယ်နေသေးတယ်လေ"

"ကိုယ်မရှင်းသေးဘူး . . . ရာနာ"

"ရှင် . . အဲဒီလောက်ထိ ဒုန်းဝေးလိမ့်မယ်လို့ ကျွန်မမထင်ခဲ့မိဘူး"

ပျာရီလားလ်က ရယ်ကျဲကျဲဖြင့် . . . ။

"မင်းပြောလည်း ခံရမှာပဲ . . ရာနာရေ၊ ကိုယ်အခုထိဆရာကြီး ဒီတောထဲက နှစ်ချို့မြွေကိုမှ ရှာဖမ်းခိုင်းတာ ဘာကြောင့်မှန်း မရိပ်မိသေးတာအမှန်ပဲ"

ရာနာဘီဘီက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပျာရီလားလ်ကို စိုက်ကြည့်ရင်း . . . ။



www.burmeseclassic.com

www.burmeseclassic.com



"အခု ဆရာကြီးဂိုဘင် ဘာလုပ်နေတာလဲ"

"သူကောက်ရတဲ့ စာအုပ်ကြီးကို လေ့လာနေတာလေ"

"အဲဒီစာအုပ်ထဲမှာ ရေးထားတဲ့အကြောင်းအရာတွေကိုရော ရှင်သိလား"

"မသိဘူး. . . မင်းသိလား"

"သိတယ်၊ အဲဒီစာအုပ်ထဲမှာ စေတီပုထိုးတွေက ဥာပနာပစ္စည်းတွေကို တူးယူနိုင်ဖို့ ဆိုင်ရာအစောင့်သိုက်တွေနှင့် ယှဉ်ပြိုင်ရာမှာ သုံးရမယ့် ပညာရပ်တွေ ရေးမှတ်ထားတယ်"

ပျာရီလားလ်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

"ဟာ. . . ဒါဆို ဆရာကြီးက. . ."

"ဒီနယ်မြေမှာရှိတဲ့ စေတီပုထိုးဟောင်းတွေက ဥာပနာကို ဖောက်ယူဖို့ ကြိုးစားနေတာပေါ့ရှင့်၊ လူတွေမတွေ့မီ ဦးအောင်ရှာဖွေနိုင်ဖို့ ကျွန်မတို့ကို နှစ်ချို့မြေရှာခိုင်းလိုက်တာ၊ ရှင်နားလည်ပြီမဟုတ်လား"

"ဟင့်အင်း. . ဒီကိစ္စက နှစ်ချို့မြေနှင့်ဘာဆိုင်လို့လဲ"

ရာနာဘီဘီက တစ်ချက်ပြုံးလိုက်၏။

"ဆိုင်တာပေါ့ရှင်၊ ဒီနယ်မြေက စေတီပုထိုးတွေကို စောင့်ရှောက်ပေးကြတာ မြွေတွေဖြစ်နေလို့လေ၊ သိုက်မြွေတွေက ဒီနယ်မြေကို စောင့်ရှောက်ကာကွယ်ပေးနေတာ"





"မင်းဘယ်လိုလုပ် အတတ်ပြောနိုင်တာလဲ"

"မကြာမီ လပိုင်းလောက်ကမှ အသစ်ပြန်တည်ပြီး ထီးတော်တင်တဲ့ နာဂဿဒေးမစေတီတော်အကြောင်း ရှင်ကြားဖူးပြီမဟုတ်လား"

"မြို့ဦးအောင်စေတီ ဆရာတော်တည်တဲ့ စေတီကို ပြောတာလား"

"ဟုတ်တယ်၊ အဲဒီဆရာတော်လက်ထက်မှ ဒီစေတီကို တည်လို့ရတာ၊ ပထမတည်ဖို့ကြိုးစားတဲ့ ဘုန်းတော်ကြီးတွေလက်ထက်တုန်းက မြွေကြီးတွေ ထွက်လိုက်တယ်တဲ့၊ တွေ့တာကြာပြီဖြစ်ပေမယ့် အခုမှ တည်လို့ရတာလေ၊ ဒါကြောင့် ဒီနယ်မြေမှာရှိတဲ့ စေတီပုထိုးတွေက အစောင့်ဟာ မြွေတွေဖြစ်မယ်လို့ ကျွန်မခန့်မှန်းမိတယ်၊ သိုက်မြွေတွေပေါ့ရှင်"

ပျာရီလားလ်၏ မျက်လုံးအစုံမှာ လက်ဖြာသွားသည်။ သူက နားလည်သဘောပေါက်ပြီဖြစ်သဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဟုတ်ပြီ. . ကိုယ်နားလည်ပြီ. . ရာနာ၊ ဆရာကြီးက နှစ်ချို့မြွေတွေဟာ သိုက်မြွေဖြစ်ဖို့ ပိုနီးစပ်တယ်လို့ စဉ်းစားမိတာကြောင့် ကိုယ်တို့ကို ဒီလွှတ်လိုက်တာ၊ ကိုယ်တို့ယူသွားတဲ့ နှစ်ချို့မြွေကို သိုက်မြွေဟုတ်၊မဟုတ် သူစစ်ဆေးလိမ့်မယ်၊ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် အဲဒီမြွေကို သူကောင်းကောင်းအသုံးချပြီး သိုက်တူးနေပြီပေါ့လေ’

သူ့အတွေးမှန်ကန်ကြောင်းကို ရာနာဘီဘီက ခေါင်းညိတ်ပြပြီး. . .။

“အဟုတ်ရင်တော့ ဆရာကြီးက ကျွန်မတို့ကို ထပ်ရှာခိုင်းလိမ့်မယ်၊ မတွေ့မချင်း ရှာခိုင်းနေဦးမှာ. . . သိလား”

“အခု ကိုယ်တို့နဲ့တွေ့ရမယ့် နှစ်ချို့မြွေတွေက ဆရာကြီးလိုချင်တဲ့ မြွေမျိုးဖြစ်မယ်ထင်တယ်၊ လူကို အန္တရာယ်မပြုခဲ့ပဲ လှည့်ထွက်သွားတာကိုထောက်ရင် ဖြစ်နိုင်ခြေအများကြီးရှိတယ်. . . ရာနာ”

“ဟုတ်တယ်၊ ဒါကြောင့် မြန်မာလူမျိုးတွေက ဘုရားမှာနေတဲ့ မြွေတွေကို ဘုရားစောင့်မြွေဆိုပြီး သဘောကျနေကြတာဖြစ်မယ်၊ သိုက်ဆရာတွေကတော့ သိုက်မြွေအဖြစ် သတ်မှတ်ကြတာပေါ့”

ပျာရီလားလ်က သက်ပြင်းရှည်ချလိုက်သည်။

“အင်း. . . ဆရာကြီးက တော်တော်အကြံကြီးတာပဲနော်”

ရာနာဘီဘီကလည်း သက်ပြင်းတစ်ချက်ချရင်း ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်။





“အင်း. . . ဟုတ်တယ်၊ ကျွန်မတော့ ဒါမျိုးအလုပ်ကို လုံးဝလုပ်ချင်စိတ် မရှိဘူး. . . ယောက်ျားရယ်”

“ကိုယ်လည်း မင်းလိုပါပဲ. . . ရာနာ၊ ဒါပေမယ့် ဆရာကြီးလိုချင်တာကတော့ ကိုယ်တို့ရအောင် ရှာပေးမှဖြစ်မယ်”

“ရှာပေးရမှာပေါ့ရှင်၊ ဆရာကြီးရဲ့ ကျေးဇူးက ကျွန်မတို့အပေါ်မှာ အများကြီးရှိတယ်လေ”

ပျာရီလားလ်က သက်ပြင်းတစ်ချက် ချလိုက်၏။

“အင်း. . . ကျန်တဲ့ကိစ္စကိုတော့ ကိုယ်တို့ မသိမသာရှောင်နေရင်ကောင်းမယ်. . . ရာနာ”

“ကျွန်မလည်း အဲဒီလိုပဲ စဉ်းစားထားပါတယ်”

“မသိချင်ယောင်ဆောင်နေလို့ ရပါ့မလားမသိဘူး”

“ရမှာပါ၊ ကျွန်မတို့ကိုလည်း ဆရာကြီးက အတိအလင်း ထုတ်ဖော်အသိမပေးတာကိုပဲကြည့်”

“ကောင်းတယ်. . . ရာနာ၊ ကိုယ်တို့အတွက် အဆင်ပြေတာပေါ့၊ ကိုယ်တို့အပိုင်းက နှစ်ချို့မြွေယူသွားပေးရင်ပြီးပြီ”

ရာနာဘီဘီ၏ မျက်လုံးအစုံမှာ အရောင်လက်ဖြာသွားလေ၏။

“ဒါပေါ့၊ နှစ်ချို့မြွေတစ်ကောင်အတွက် ဆရာကြီး. . . ကျွန်မတို့ကို ချီးမြှင့်မယ့် ပမာဏက မနည်းဘူး၊ အခု နှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိုတော့ . . ."

"သတိတော့ထားရလိမ့်မယ် . . . ရာနာ၊ ပေါ့ဆလို့မဖြစ်ဘူး၊ တောကြီးမြွေဟောက်ဆိုတာ အင်မတန်အဆိပ်ပြင်းတဲ့မြွေပဲ"

ပြင်ဆင်သင့်တာတွေကို အသေးစိတ် သေသေချာချာ ပြင်ဆင်ထားကြတာပေါ့ . . . ယောက်ျားရယ်"

"ကိုယ်တို့ရဲ့ ပုလွေသံကြားမှာ တောကြီးမြွေဟောက်စုံတွဲဟာ ယစ်မူးနစ်မြောသွားစေဖို့ ဆုတောင်းကြတာပေါ့ကွာ"

ပျာရီလားလ်က ပြောပြီး ရပ်တန့်ထားသော ခြေထောက်များကို စတင်ရွေ့လျားလိုက်သည်။ ရာနာဘီဘီက နေရောင်ထွက်ပေါ်လာပြီဖြစ်သော ကောင်းကင်ကို တစ်ချက်မော့ကြည့်ပြီး ပျာရီလားလ်၏နောက်မှ လိုက်ပါသွားလေသည်။

* *





## အခန်း – ၇

### ကျိန်စာသင့်သူများ

ဆည်းဆာရောင်ခြည်က ခြုံနွယ်ပိတ်ပေါင်းများ၊ မြက်ရိုင်းပင်များ၊ ညောင်ပင်မြင့်ကြီးများနှင့်တောင်ပို့များ ဝန်းရံထားသော ရေကန်ကြီးပေါ်သို့ သဲ့သဲ့လေး ယှက်ဖြာကျလာသည်။ စိမ်းလဲ့နေသော ကန်မျက်နှာပြင်၌ လှိုင်းဂယက်များ လှုပ်လွန့်နေ၏။ လေတိုက်ခတ်ခြင်းကြောင့် ထသောလှိုင်းဂယက်လို



www.burmeseclassic.com

www.burmeseclassic.com



ညင်သာမှုမရှိပါ။

ရုတ်တရက်. . .။

"ဗွမ်း"

ရေမျက်နှာပြင်အထက်သို့ လွင့်စင်လာသော ရေမှုန် ရေမွှားများကြားမှ ပါးပျဉ်းကြီးတစ်ခု ထွက်ပေါ်လာ၏။ တောကြီးမြွေဟောက်၏ လှပသော ဦးခေါင်းပိုင်းက ဆည်းဆာရောင်ခြည်အောက်တွင် အရောင်တောက်ပလျက်. . .။

သူ၏ ပါးစပ်၌ ကြီးမားသော ငါးကြီးတစ်ကောင်၏ ဦးခေါင်းကို မလွတ်တမ်းကိုက်ချီထား၏။ ထိုနောက် သူသည် ငါးခေါင်းကို ကိုက်ချီရင်း ကမ်းစပ်သို့ ကူးခတ်လာသည်။ ကြီးမားရှည်လျားသော ခန္ဓာကိုယ်ကို လူးလွန့်ရင်း ကျင်လည်စွာ ကူးခတ်လာသော မြွေကြီးကို စောင့်ကြိုနေသူ တစ်ဦးရှိသည်။ အလွန်ညို့ငင်ဆွဲဆောင်နိုင်စွမ်းရှိသည့် မိန်းမချောလေးတစ်ဦးဖြစ်သည်။

မိန်းမချောလေး၏ မျက်ခုံးကွေးနှစ်တန်းကြား၌ မှဲ့နီတစ်လုံး ထင်ရှားလှပစွာ ရှိနေ၏။ ချန်နီပင်ဖြစ်၏။ သူမသည် တောကြီးမြွေဟောက်ဖို၏ ပါးစပ်တွင်းရှိ ငြိမ်သက်နေပြီဖြစ်သော ငါးကြင်းကြီးကို လှမ်းယူလိုက်သည်။





"ညစာလုံလောက်ပါပြီ. . . အချစ်ရယ်"

မြွေကြီးက သူမ၏ ခန္ဓာကိုယ်လေးအား ရစ်ပတ်လိုက်၏။ မြွေကြီးက သူမ၏ မျက်နှာကို ပြူတစ်ပြူတစ်ဖြစ်နေသော သူ၏ လျှာနှစ်ခွဖြင့် တို့ထိလေသည်။ သူမက မြွေကြီး၏ ဦးခေါင်းအောက်သို့ လက်လေးတစ်ဖက်ဖြင့် ပင့်ရင်း. . .။

"ရှင်ပင်ပန်းသွားပြီ၊ အနားယူလိုက်ဦး၊ ကျွန်မ ညစာအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပေးမယ်၊ ညစာစားပြီးရင် ကျွန်မတို့နှစ်ယောက် ကြယ်ကလေးတွေကို ရေတွက်ကြည့်ရအောင်ကွယ်. . . နော်"

မြွေကြီးက ချန်နီကို ရစ်ပတ်ထားသော သူ၏ခန္ဓာကိုယ်ကို တစ်ပတ်ချင်းလျှော့ပြီး မြေပြင်သို့ ဆင်းသွားကာ ပုစွန်ဆီရောင်အဆင်းဖြင့် လှပနေသော ကောင်းကင်ကို မော့ကြည့်နေလေသည်။

* * *

လတစ်ခြမ်းပဲ့လေးက ကောင်းကင်ပေါ်၌ မဝံ့မရဲဖြင့် နေရာယူထား၏။ ကြယ်ကလေးများက ဟိုတစ်စု၊ သည်တစ်စု



www.burmeseclassic.com

www.burmeseclassic.com



ကြပြုံနေ၏။

ထိုကောင်းကင်ကြီးအား မျက်တောင်မခတ် စိုက်ကြည့်နေသော လူသားနှစ်ဦးမှာ ချန်နီနှင့်စိုင်းဆိုင်မော်တို့ဖြစ်သည်။ သူတို့သည် နွယ်ပင်များ ပိန်းပိတ်အောင် ရစ်ပတ်ထားသော ခြုံပင်ကြီးပေါ်၌ လှဲလျောင်းနေကြသည်။ စိုင်းဆိုင်မော်သည် ကြယ်ကလေးများကို အသံထွက်လျက် ရေတွက်နေ၏။

"ကိုးဆယ့်ခုနစ်. . ကိုးဆယ့်ရှစ်. . ကိုးဆယ့်ကိုး. . တစ်ထောင်"

သူ့မရေတွက်ရသေးသော ကြယ်ကလေးများကို မျက်လုံးဝေ့၍ ရှာဖွေနေစဉ် သူ့နံဘေး၌ ငြိမ်သက်နေခဲ့သော ချန်နီထံမှ စကားသံထွက်လာသည်။

"ကျွန်မတို့ဆီမှာရှိတဲ့ အစွမ်းသတ္တိတွေဟာ တစ်နေ့တစ်ခြား လျော့ပါးလာတယ်နော်. . အချစ်၊ အခုဆို သူများတွေကို အရင်လို အလွယ်တကူ အိပ်မက်ပေးလို့ မရတော့ဘူး၊ဗိုက်လည်း ဆာတတ်လာကြပြီ၊ အဆိုးဆုံးကတော့ လူအဖြစ်ပြောင်းဖို့ အချိန်အကြာကြီး ကြိုးစားရတာပဲ"

ကြယ်ကလေးများကို ရေတွက်နေသော စိုင်းဆိုင်မော်၏ လက်ချောင်းလေးမှာ အောက်သို့ ကျသွားသည်။ သူက





ထထိုင်ပြီး ချန်နီကို ငုံ့ကြည့်လိုက်၏။

"ချန်နီက အဲဒါတွေကို နှမြောနေလို့လား"

ချန်နီက သူ့မျက်နှာကို မော့ကြည့်ရင်း. . ။

"လုံးဝမနှမြောဘူးလို့တော့ ကျွန်မ,မလိမ်ပြောချင်ဘူး အချစ်ရယ်၊ ဒါပေမယ့် ကျွန်မ,လုံးဝနောင်တမရဘူး၊ သိလား"

စိုင်းဆိုင်မော်၏ မျက်နှာမှာ ညှိုးနွမ်းသွား၏။ သူ၏ မျက်လုံးတွေကလည်း အရောင်မှေးမှိန်သွားသလိုပင်။

"တကယ် လုံးဝနောင်တမရဘူးလား. . ချန်နီ"

ချန်နီက ထထိုင်ပြီး စိုင်းဆိုင်မော်၏ မျက်နှာကို စိုက်ကြည့်ရင်း လှလှပပ ပြုံးလိုက်သည်။

"တကယ်မရတာ ကျွန်မဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရဘူးတဲ့ ကြည်နူးပျော်ရွှင်မှုတွေကို ကျွန်မခံစားနေရပြီပဲ၊ အဲဒီအတွက် ကျွန်မမှာရှိတဲ့ အစွမ်းသတ္တိအားလုံးတို့ ပျောက်ကွယ်မယ်ဆိုရင်တောင် ကျွန်မတန်တယ်လို့ ယူဆတယ်၊ တကယ်လို့ ကျွန်မကို ရွေးချယ်ခွင့် ပြန်ပေးမယ်ဆိုရင်လေ အချစ်ကိုပဲ ကျွန်မထပ်ရွေးချယ်မှာ"

သူမ၏ စကားသံက နူးနူးညံ့ညံ့ သာသာယာယာဖြင့် စိုင်းဆိုင်မော်နားထဲသို့ စီးဝင်သွားသည်။ စိုင်းဆိုင်မော်၏ မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းမှာ ရုတ်ချည်းတောက်ပလာ၏။ အပြုံးကလည်း နှုတ်ခမ်းပါးအစုံမှာ ပီပီပြင်ပြင် ထင်လာ၏။

"ဒီစကားဟာ ကိုယ့်အတွက် ခွန်အားပဲ. . ချန်နီ၊ ကျိန်စာသင့်နေတဲ့ ကိုယ်တို့နှစ်ယောက် အသက်ရှင်ခွင့်ရတဲ့ အချိန်လေးအထိ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်လား"

"စိတ်ချပါ. . အချစ်ရယ်၊ ကျွန်မစကားတွေကြောင့် အချစ်စိတ်မကောင်းဖြစ်သွားတယ်ထင်တယ်. . ဟုတ်လား"

ချန်နီက စိုင်းဆိုင်မော်၏ လက်တစ်ဖက်ကို သူမ၏ လက်လေးနှစ်ဖက်ဖြင့် တမြတ်တနိုး ဆွဲယူပြီး ပါး၌ကပ်ရင်းမေး၏။ စိုင်းဆိုင်မော်က ခေါင်းညိတ်ရင်း. . .။

"ဟုတ်တယ်၊ မင်းစိတ်ညစ်နေပြီလားဆိုပြီး ကိုယ်ဖြင့် ရင်ထိတ်သွားတာပဲ"

"အဟင်း. . ဟင်း. . အချစ်ရယ်၊ ကျွန်မအတွက်ချည်း စဉ်းစားမနေပါနဲ့၊ ရှင့်အတွက်လည်း စဉ်းစားပါဦး၊ ကျိန်စာသင့်နေတာက နှစ်ယောက်စလုံးပါနော်"

"ကိုယ်က ဘာမှမကြောက်ဘူး၊ ကိုယ်အသက်ရှင်နေတုန်း မင်းနှင့်အတူ မနေရမှာက လွဲလို့ပေါ့"

"ကျွန်မကလည်း ထပ်တူထပ်မျှပါပဲရှင်၊ မဟုတ်သေး





ဘူး၊ ရှင့်ထက်တောင် ပိုမယ်ထင်တယ်၊ ကျွန်မက နောင်ဘဝအထိ ရှင်နဲ့တွေ့ချင်သေးတယ်၊ ရှင်နဲ့ပဲ အတူနေချင်တာ"

"ကိုယ်ကောပဲ"

စိုင်းဆိုင်မော်က ထိုသို့ပြောရင်း ချန်နီ၏ ပါးကို လက်ဝါးတစ်ဖက်ဖြင့် အုပ်မိုးရင်း စိုက်ကြည့်နေသည်။ ချန်နီက ပြုံးရင်း ပြန်စိုက်ကြည့်နေရာမှ အတန်ကြာတော့. . .။

"ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ. . . ဟင်"

စိုင်းဆိုင်မော်၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။ သူက ချန်နီပါးပေါ်ရှိ သူ၏လက်ကို ရုတ်သိမ်းကာ ကောင်းကင်ပေါ်သို့ မော့ကြည့်၏။

"ကိုယ်စဉ်းစားထားတာ ရှိတယ်"

ချန်နီက ကြယ်ကလေးများနှင့်အပြိုင် တောက်ပနေသော သူ့မျက်ဝန်းအစုံကို စိုက်ကြည့်ရင်း. . .။

"ပြောလေ"

စိုင်းဆိုင်မော်က ကောင်းကင်ပေါ်သို့ မော့ကြည့်ရင်း ပြုံးပြီး တစ်လုံးချင်းပြောသည်မှာ. . .။

"သစ္စာဆိုကြမယ်၊ ကိုယ်တို့ သစ္စာပြုပြီး ဆုတောင်းကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံ၌ ယုံကြည်မျှော်လင့်ခြင်းများဖြင့် ပြည့်နှက်နေလေသည်။

* * *





## အခန်း – ၈

### အသက်လုပွဲ

လပြည့်ည သန်းခေါင်ယံအချိန်ဖြစ်၍ လဝန်းသည် ကောင်းကင်ဗဟိုတည့်တည့်၌ နေရာယူရင်း အစွမ်းကုန် ထွန်းလင်းတောက်ပနေ၏။ ယနေ့ညၾ ကြယ်တာရာတို့ကလည်း အစုံအလင် များပြားစွာ ထွက်ပေါ်နေကြသည်။

နွယ်ပင်များ နေရာမလပ် ရစ်သိုင်းအုပ်မိုးခံထားရသော



www.burmeseclassic.com

www.burmeseclassic.com



ခြုံမြင့်ကြီးတစ်ခုပေါ်၌ ကြီးမားလှပသော တောကြီးမြွေဟောက်မောင်နှံ ပါးပျဉ်းထောင်နေကြသည်။ သူတို့သည် လှပသော ကောင်းကင်အား စိုက်ကြည့်နေကြသည်။

ရုတ်တရက် အလွန်သာယာ နာပျော်ဖွယ်ကောင်းလှသော ပုလွေသံစဉ်က ညလေနှင့်အတူ လိုက်ပါလွင့်မျောလာသည်။ ညို့ ငင်ဖြားယောင်းနိုင်စွမ်းရှိသော ပုလွေသံက ငြိမ့်ငြိမ့်ညောင်းညောင်းကလေး. . .။

မလှုပ်မယှက် ငြိမ်သက်နေခဲ့သော မြွေဟောက်ကြီးနှစ်ကောင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့၏ ပါးပျဉ်းများမှာ ယိမ်းနွဲ့လှုပ်ရှားလာကြသည်။ ပုလွေသံစဉ်က တစ်စထက်တစ်စ ကျယ်လောင်လာ၏။ မြွေများ၏ ပါးပျဉ်းများက ပို၍ယိမ်းနွဲ့လာကြ၏။

ထိုစဉ် တောကြီးမြွေဟောက်မသည် သူမ၏ကိုယ်လုံးကို ရှေ့သို့ဆွဲယူကာ သွားများဖြင့် ကိုက်ပစ်လိုက်သည်။ နီရဲသော သွေးများ စိမ့်ထွက်လာ၏။ ပုလွေသံစဉ်၏ ဆွဲငင်မှုအား လွန်ဆန်နိုင်ရန် အနာခံကြိုးစားလိုက်ခြင်းဖြစ်သည်။

ယင်းနောက် ပုလွေသံစဉ်၌ နစ်မျောရင်း တေးသွားအလိုက် ယိမ်းနွဲ့လှုပ်ရှားနေသော မြွေဟောက်ဖိုကြီး၏ ခန္ဓာကိုယ်ကိုလည်း မြွေဟောက်မက လှမ်းကိုက်၏။ မမီလိုက်ချေ။





အကြောင်းကား မြွေဟောက်ဖိုကြီးက ခြုံပုတ်ထဲမှ လျှင်မြန်စွာ လျောဆင်းသွားသောကြောင့်ဖြစ်၏။ သူ၏စိတ်သည် ကိုယ်နှင့်မကပ်တော့။ လပြည့်ဝန်း၏ ညို့ ငင်ခြင်းအပြင် ဖြားယောင်းနိုင်စွမ်းကောင်းလွန်းသည့် ပုလွေသံစဉ်တို့၏ညို့ စက်ကွင်းသို့ ဝင်ရောက်နေပေပြီ။ သူသည် မြူးကြွသွက်လက်စွာကရင်း ပုလွေသံစဉ်ထွက်ပေါ်လာရာနေရာသို့ သွားရောက်ရန် ခေါင်းလှည့်နေ၏။

ထိုစဉ် မြွေဟောက်မက သစ်ကိုင်းတစ်ကိုင်းကို ပါးစပ်ဖြင့် လှမ်းကိုက်ရင်း သူမ၏ ရှည်လျားသော ခန္ဓာကိုယ်ကို ဆန့်ထုတ်ကာ မြွေဟောက်ဖို၏ ပါးပျဉ်းအား ရစ်ပတ်ဟန့်တားလိုက်သည်။

မြွေဟောက်ဖို၏ လှုပ်ရှားမှုမှာ ရပ်တန့်သွား၏။ ပုလွေသံစဉ်အတိုင်း လွင့်မျောသွားသော သူ၏စိတ်ကို စုစည်းလိုက်နိုင်ပေပြီ။ သူတို့အတွက် အန္တရာယ်ကိုလည်း ရိပ်စားမိပြီဖြစ်ကြောင်းကို ချာချာလည်အောင် လှုပ်ရှားသွားသော သူ၏မျက်လုံးများအရ သိနိုင်၏။

ယင်းအခါ်ချိန် ပုလွေသံစဉ် ပြောင်းသွား၏။ ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်နေသော တေးသွားသည် ရှုင်မြူးပင် လိုင်းတံပိုးထသကဲ့သို့ ခက်ထန်ကြမ်းတမ်းလာသည်။ တေး



www.burmeseclassic.com

www.burmeseclassic.com



သွားအတွင်း ပျော်ဝင်နေသော ညှို့ငင်အားကလည်း အဆပေါင်းများစွာ များပြားမြင့်တက်နေ၏။

ပုလွေသံ၌ ထူးခြားဆန်းကြယ်သော သံစဉ်များ ပျော်ဝင်နေ၏။ အသေအချာ နားစိုက်ထောင်ကြည့်ပါက သံစဉ်နှစ်မျိုး ရောယှက်ထွက်ပေါ်နေကြောင်း သတိပြုမိပေမည်။ သံစဉ်တစ်မျိုးက နူးညံ့ပျော့ပျောင်း၏။ ကျန်တစ်မျိုးက ကြမ်းတမ်းခက်ထန်၏။

ဆန့်ကျင်ဘက်သံစဉ်နှစ်မျိုး ပေါင်းစပ်နေသော ပုလွေသံမှာ ညှို့ငင်နိုင်စွမ်းအား ပြင်းထန်လွန်းနေ၏။ မြူးကြွဖျတ်လတ်ခြင်း၊ ရဲရင့်ပျော်ရွှင်ခြင်းနှင့်စိတ်လှုပ်ရှားခြင်းတို့ ဖြစ်ပေါ်ခံစားရလေအောင် လှုံ့ဆော်နေ၏။

အေးမြသော လရောင်ကလည်း စိတ်ကြည်နူးပျော်ရွှင်အောင် အားပေးနေ၏။ လရောင်အောက်ရှိ မြွေဟောက်ဖို၏ စိတ်နှလုံးမှာ ပုလွေသံစဉ်အတွင်းသို့ ပျော်ဝင်သွားပြန်သည်။ သူ၏ ပါးပျဉ်းကြီးမှာ တဖြည်းဖြည်း ယိမ်းနွဲ့လှုပ်ရှားလာနေပြီ။

မြွေဟောက်မမှာ သစ်ကိုင်းအား ကိုက်ခဲရင်း ပုလွေသံစဉ်ထဲ စိတ်မမျောသွားလေအောင် ကြိုးစားထိန်းချုပ်နေ၏။ သူ၏ခန္ဓာကိုယ်အောက်ပိုင်းဖြင့် ရစ်ပတ်ထားသောမြွေဟောက်ဖို၏ ပါးပျဉ်းမှာမူ အားကောင်းကောင်းဖြင့် လှုပ်ရှားနေ၏။





ပုလွေသံစဉ်က တစ်စထက်တစ်စ ပြင်းပြင်းထန်ထန် မြူးကြွလာသည်နှင့်အမျှ မြွေဟောက်ဖို၏ ပါးပျဉ်းကြီးက ပို၍ လှုပ်ရှားမြန်ဆန်လာသည်။ ကြာတော့ မြွေဟောက်မ၏ ရစ်ပတ်တုပ်နှောင်ထားမှုမှ လွတ်မြောက်သွား၏။

ထိုအခါ စိတ်လွတ်နေပြီဖြစ်သော မြွေဟောက်ဖိုကြီးမှာ ခန္ဓာကိုယ်အား ပုလွေသံစဉ်အလိုက် လှုပ်ရှားယိမ်းနွဲ့ရင်း ထွက်ခွာသွားသည်။ ပုလွေသံစဉ်က သူ့အား ကောင်းစွာညှို့မြူဖမ်းစားနိုင်လေပြီ။ သတိကောင်းသော မြွေဟောက်မပင် စိတ်လွှတ်ချင်နေပြီ။ ပုလွေသံစဉ်အတိုင်း စိတ်အာရုံကို လွှင့်မျောလိုက်ချင်နေပြီ။ ဒါမျိုးကို သူမအဖြစ်မခံနိုင်ပေ။

ယင်းကြောင့် သစ်ကိုင်းကိုက်ထားသော သူမ၏ပါးစပ်ရှေ့သို့ အမြီးကို ဆွဲယူ၏။ အမြီးရှေ့သို့ရောက်လျှင် သစ်ကိုင်းကိုလွှတ်၍ သူမ၏ အမြီးအရင်းကို ပြောင်းလိုက်သည်။ အရေခွံများ ပေါက်ပြဲပြီး သွေးများစီးကျလာသည်အထိ ဖိကိုက်ရင်း ခန္ဓာကိုယ်ကို ခက်ခက်ခဲခဲ ရွှေ့လျားကာ မြွေဟောက်ဖိုကိုရှာလေသည်။ မြွေဟောက်ဖိုကို လုံးဝမမြင်ရတော့။ ပုလွေသံစဉ်၏ ညှို့မြူခိုင်းစေချက်အတိုင်း စိတ်နောက်ကိုယ်ပါ လှုပ်ရှားနေရောပေါ့။

ထိုအခါ မြွေဟောက်မသည် မြွေဟောက်ဖိုထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရာနှင့်ဆန့်ကျင်ဘက်အရပ်သို့ အမြီးကိုကိုက်ခဲရင်း ရွှေ့လျားသွားသည်။ ခက်ခက်ခဲခဲ သွားရခြင်းဖြစ်၏။ သို့သော် သူမ၏လှုပ်ရှားမှုမှာ မြန်ဆန်နေ၏။ ချစ်သူအတွက် အန္တရာယ်ကို အချိန်မီ တားဆီးရမည်မဟုတ်ပါလော။ သူမသည် ခြုံနွယ်များကြား သွားလာရာမှ ကျင်လည်နေ၏။ ဤနေရာများမှာ သူမတို့နှင့်ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်။

အတန်ကြာ စိုထိုင်း၍ ကွေ့ကောက်နေသော ရွှံ့လမ်းမကြီးပေါ်သို့ သူမရောက်ရှိလာသည်။ သူမက အမြီးကိုလွှတ်ပြီး လမ်းကွေ့လေးအတိုင်း ရွှေ့လျားသွားသည်။ မကြာပါချေ။ စိမ်းစိုနေသော စပါးခင်းကြီးကို လမ်းဘေး၌ တွေ့ရ၏။ သူမသည် စပါးခင်းကြီးကြားသို့ လျှင်မြန်စွာ တိုးဝင်သွားလေသည်။

* * *

ဤနေရာသည် အောင်မောင်းနှင့်မေဝင်းတို့ ရှင်းထားသော တစ်ဧကခန့်ကျယ်သည့် မြေနေရာလေးဖြစ်သည်။ ယခုထိုနေရာလေးပေါ်၌ လှပဆန်းကြယ်သော မြင်ကွင်းတစ်ခုရှိနေ၏။

အကြေးခွံများကို ထင်ထင်ရှားရှား မြင်နိုင်သည်အထိ





ကြီးမားသော မြွေဟောက်ဖိုကြီးသည် စကောဝိုင်းခန့်ကြီးသော ပါးပျဉ်းကြီးအား လှပစွာ လှုပ်ရှားယိမ်းနွဲ့နေ၏။ သူ၏ စိတ်နှလုံးအား ညှို့မြူဖမ်းစားထားနိုင်သည့် ပုလွေသံစဉ်ကို ဖန်တီးနေသူ လူသားနှစ်ဦးမှာ ဟိန္ဒူလူမျိုးများဖြစ်သည့် ပျာရီလားလ်နှင့်ရာနာဘီဘီတို့ဖြစ်၏။

သူတို့လင်မယားနှစ်ယောက်သည် မျက်နှာချင်းဆိုင်ထိုင်၍ ကြေးပုလွေများကို အဆက်မပြတ်မှုတ်ရင်း သံစဉ်ဖော်ကျူးနေကြသည်။ သူတို့၏အလယ်၌ သာမန်ထက် ငါးဆခန့်ပိုကြီးသော ပခြုပ်နှစ်လုံးမှာ အဖုံးပွင့်လျက်ရှိနေ၏။မြွေဟောက်ဖိုကြီးသည် ပုလွေသံစဉ်၏ စေစားချက်အတိုင်း လှုပ်ရှားရင်း ပခြုပ်နံဘေးသို့ တဖြည်းဖြည်းရောက်ရှိလာသည်။

ရုတ်တရက် တေးသွားမှာ ချက်ချင်းပြောင်းလဲသွား၏။ မြင့်နေသော ပုလွေသံစဉ်မှာ တဖြည်းဖြည်းတိုးလာသည်။ ထိုအခါ မြွေကြီး၏ ပါးပျဉ်းမှာ တဖြည်းဖြည်း သေးငယ်လာပြီး နောက်ဆုံး၌ မြေပြင်ပေါ်၌ ဝပ်ဆင်းသွား၏။ ပုလွေသံစဉ်က စိတ်အေးချမ်းသာစဖွယ် ငြိမ့်ငြိမ့်ညောင်းညောင်းလေး ထွက်ပေါ်လာသည်။ အသံက တိုးသဲ့သဲ့လေးဖြင့်. . .။ ရုတ်တရက် ရုတ်ချည်းပင် စူးရှကျယ်လောင်သော သံစဉ်က တဟုန်ထိုး ထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြွေဟောက်ဖိုက ပခြုပ်ပေါ် ခေါင်းတင်ပြီး တဟုန်ထိုးတက်သွား၏။ သူ၏ဦးခေါင်း ပခြုပ်ဝသို့ရောက်စဉ် စူးရှကျယ်လောင်နေသော သံစဉ်မှာ တဖြည်းဖြည်း ပြန်တိုးလာသည်။ သံစဉ်အလိုက် ကကွက်ဖော်နေသော မြွေဟောက်ကြီးမှာ အရာအားလုံးကို မေ့လျော့လျက်. . သံစဉ်လျော့သွားလျှင် ပခြုပ်တွင်းသို့ ခေါင်းစိုက်ကာ တိုးဝင်သွား၏။

ထိုစဉ် ရာနာဘီဘီက သူမနံဘေးရှိ ပခြုပ်အဖုံးအား ကောက်ယူပြီး ပခြုပ်အနီးသို့ လျှင်မြန်စွာ ပြေးကပ်သွားသည်။ ပျာရီလားလ်က ငြိမ့်ညောင်းအေးဆေးသော သံစဉ်လေးဖြင့် ပခြုပ်တွင်းရှိ မြွေဟောက်ဖိုကြီး၏ စိတ်နှလုံးကို ထိန်းချုပ်ပေးထားစဉ်. . ။ ရာနာဘီဘီက ပခြုပ်အဖုံးကို အသေအချာပိတ်လိုက်လေသည်။

ယင်းအချိန် ရုတ်တရက်. . ။

"ရှူး. . ဖြီး. . ."

ကျယ်လောင်သောအသံက ပုလွေမှုတ်နေသော ပျာရီလားလ်၏ နောက်ကျောမှ ထွက်ပေါ်လာသည်။

"ဟာ"

ရာနာဘီဘီက ခင်ပွန်းသည်အတွက် စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်၏။ ထိုအခါ ပျာရီလားလ်၏ ကျောပြင်နောက်မှ





ပါးပျဉ်းထောင်ရင်း သူမထံသို့ လျှင်မြန်စွာ ရွေ့လျားလာသော မြွေဟောက်မကြီးကို ကြောက်ရွံ့ထိတ်လန့်ဖွယ် တွေ့မြင်ရ၏။ သူမနောက်သို့ အလျင်အမြန် ခုန်ဆုတ်ပြီး ပျာရီလားလ်ကို ကြည့်၏။

"ယောက်ျားရေ. . ရှင်အမြန်ပြေးတော့၊ ဖြေဆေးသောက်ပြီး တစ်နေရာက စောင့်နေချည်၊ ကျွန်မ. . . သူ့ကို ဟန့်တားပေးထားမယ်"

စိုးရိမ်သောကဖြင့် လှမ်းမှာပြီး မြေပြင်ပေါ် တင်ပခွေထိုင်ကာ ကြေးပလွေကို စတင်မှုတ်လိုက်သည်။ ပျာရီလားလ်က ကျောပြင်မှစ၍ တစ်ကိုယ်လုံး မခံနိုင်အောင် ပူပြင်းလာသည့် အဆိပ်ဒဏ်ကို အန်တုခံရင်း မြူးကြွသွက်လက်သော တေးသွားတစ်ပုဒ်ကို ဆက်လက်ဖော်ကျူးနေ၏။ သူ၏ ပလွေသံစဉ်သည် ရာနာဘီဘီ၏ သံစဉ်နှင့်လိုက်ဖက်စွာ ထွက်ပေါ်လာသည်။

ထိုအခါ မြွေဟောက်ဖိုရှိနေသော ပခြုပ်ကို ခန္ဓာကိုယ်ဖြင့် ရစ်ပတ်ပြီး ယူဆောင်သွားရန် ကြိုးစားနေလျက်ရှိသော မြွေဟောက်မကြီးမှာ ပုလွေသံစဉ်၏ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်တော့ချေ။

သူမသည် ပခြုပ်အား ဖြေလျော့ပြီး လှပသော ပါးပျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုထောင်ကာ တေးသွားအလိုက် ယိမ်းနွဲ့လှုပ်ရှားလေပြီ။ သတိဝင်လာသော တစ်ချက်တစ်ချက်၌ မာန်ဖီရင်း ရာနာဘီဘီထံသို့ ရွှေ့လျားရန် ကြိုးစား၏။

ထိုအခါမျိုးတွင် ပျာရီလားလ်နှင့်ရာနာဘီဘီတို့သည် သံစဉ်ကို ပြောင်းလဲမြှင့်တင်ပစ်လိုက်သည်။ ယင်းကြောင့် မြွေဟောက်မမှာ ပြောင်းလဲသွားသော သံစဉ်နှင့်လိုက်လျောညီထွေ ပြောင်းလဲလှုပ်ရှားရင်း နစ်မြောသွားပြန်သည်။

ရာနာဘီဘီသည် ပုလွေအား သတိကြီးစွာ အစွမ်းကုန်မှုတ်ရင်း ပျာရီလားလ်ကို လှမ်းကြည့်၏။ ပုလွေအား မနားတမ်းမှုတ်နေသော ပျာရီလားလ်၏ နှုတ်ခမ်းထောင့်များမှ သွေးမည်းများ စီးကျနေပေပြီ။ သွားဖုံးထဲမှ သွေးများယိုစီးလာသည့် အခြေအနေအထိ ဆိုးဝါးနေပြီဖြစ်ကြောင်းကို သူမရိပ်မိလိုက်၏။

ပျာရီလားလ်၏ မျက်လုံးအစုံမှာ ပြာဝေနေပေပြီ။ သူသည် အားတင်းရင်း ပုလွေသံစဉ်ကို ဖော်ကျူးနေ၏။ ရာနာဘီဘီတစ်ယောက်တည်းဖြင့် ဒေါသကြီးနေသော တောကြီးမြွေဟောက်မကို မနိုင်နိုင်မှန်း သူသိထားသည် မဟုတ်ပါလော။

ရာနာဘီဘီသည် သူမအပေါ် သံယောဇဉ်ကြီးလွန်းသော ပျာရီလားလ်၏ အခြေအနေအားကြည့်ရင်း ကြေကွဲဝမ်းနည်းလာသည်။ မြွေဟောက်မအပေါ် ဒေါသနှင့်အတူ မုန်းတီး





လာ၏။ သူမက မြွေဟောက်မအား တောက်ပြောင်နေသော မျက်လုံးအစုံဖြင့်ကြည့်ရင်း သံစဉ်ပြောင်းမှုတ်ပြန်သည်။

ထိုစဉ် မြွေဟောက်မကြီးမှာ ပခြုပ်ဝသို့ ခေါင်းဝင်နေပေပြီ။ ရာနာဘီဘီက ပုလွေအား လက်တစ်ဖက်ဖြင့် ကိုင်မှုတ်ရင်း ကျန်လက်က ပခြုပ်ဖုံးကိုယူကာ ပခြုပ်အနီးသို့ ချဉ်းကပ်သွားသည်။

နှာခေါင်းထဲမှ သွေးမည်းတွေ လျှံထွက်နေပြီဖြစ်သော ပျာရီလားလ်က ငြိမ့်ညောင်းအေးဆေးသော သံစဉ်လေးကို လွှမ်းဆွေးဖွယ်ဖန်တီးရင်း မြွေဟောက်မ၏ စိတ်အာရုံကို ဖမ်းစားထား၏။

မြွေဟောက်မ၏ တစ်ကိုယ်လုံး ပခြုပ်ထဲရောက်သွားသည်နှင့် ရာနာဘီဘီက ပခြုပ်အဖုံးအား အသေအချာပိတ်လိုက်သည်။ ထိုနောက် လဲကျနေသော ပျာရီလားလ်အား အပြေးအလွှား ပွေ့ထူလိုက်သည်။

သူမအား မျက်လုံးဖွင့်ကြည့်သော ပျာရီလားလ်၏ မျက်လုံးအစုံ၌ သွေးခြေတွေ ဥကာ နီရဲနေသည်။ သူ၏မျက်လုံးထဲမှာ သူမကို တွေ့ဟန်မတူ။ လက်တစ်ဖက်မြှောက်ရင်း သူမမျက်နှာကို စမ်း၏။

"ရာနာ. . . မင်း. . . ဒီအလုပ်ကို စွန့်လွှတ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



လုံး၀. . မလုပ်နဲ့”

သူ၏ စကားသံမှာ တဖြည်းဖြည်း တိုးဝင်၍ပျောက်ကွယ်သွား၏။ သူ၏လက်မှာလည်း မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။ ရာနာဘီဘီ၏ ရင်ခွင်တွင်းသို့ ခေါင်းစောင်းကျကာ ငြိမ်သက်သွား၏။ သူငြိမ်သက်သွားပုံမှာ တစ်သက်စာငြိမ်သက်သွားသလိုမျိုး။ ရာနာဘီဘီက သူမအပေါ် အမြဲတမ်းဦးစားပေးကာ ငဲ့ညှာလွန်းသော ယောက်ျားဖြစ်သူ၏ အလောင်းကို ရင်ခွင်ပိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေပြီ။

ကိုယ့်အသက်ကို အလေးမထားပဲ နောက်ဆုံးအချိန်ထိ သူမအတွက် စိုးရိမ်ပူပန်ပေးနေခဲ့သော ယောက်ျား၊ သူမအတွက် တန်ဖိုးကြီးလှသော အဖော်ကောင်းကို ဆုံးရှုံးပျောက်ကွယ်သွားအောင် ဖန်တီးခဲ့သူမှာ မြွေဟောက်မပင်ဖြစ်၏။

သူမရင်ထဲ ရှိရှိသမျှ ဆွဲထုတ်အယူခံလိုက်ရသလို နာကျင်မှုမျိုးကို မြွေဟောက်မအလားတူ ခံစားရအောင် ဖန်တီးရပေမည်။ သူမက ပျာရီလားလ်၏ အလောင်းကို မြေပေါ်သို့ ဖြည်းညင်းစွာ ချလိုက်၏။

ထိုနောက် မြေပေါ်အသင့်စိုက်ထားသော ကိုင်းခုတ်ဓားရှည်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်နှုတ်ယူရင်း ထရပ်လိုက်သည်။ ပြီးလျှင် တင်းမာခက်ထန်သော မျက်နှာထားဖြင့် အံကို





တင်းတင်းကြိတ်ရင်း ပခြုပ်ကြီးရှေ့သို့ လျှောက်သွား၏။

ယင်းနောက်. . .။

“သေစမ်းဟဲ့”

အော်ဟစ်ကြုံးဝါးရင်း ပခြုပ်တွင်းသို့ ဓားဦးချွန်ဖြင့် အချက်ပေါင်းများစွာထိုး၏။ နီရဲသော သွေးများက ပခြုပ်တွင်းမှ ယိုစီးထွက်ကျလာ၏။ ပခြုပ်တွင်းမှ မသဲကွဲသော အသံဗလံတစ်ချို့ထွက်ပေါ်လာသည်။

အားရအောင် အချက်ပေါင်းများစွာ ထိုးပြီးကာမှ ပခြုပ်အား ခြေဖြင့်ကန်ကာ လှဲချပြီး အပိုင်းပိုင်း ခုတ်ဖြတ်လေသည်။ ပါးလွှထက်မြက်သော ဓားချက်များက ပခြုပ်နှင့်တကွ မြွေဟောက်ဖိုကြီး၏ ခန္ဓာကိုယ်ကို အပိုင်းပိုင်းဖြစ်အောင် ဖန်တီးပေးနိုင်ခဲ့၏။

“ဟား. . ဟား. . ဟား. . ငါ့ယောက်ျားသေသလို နင့်ယောက်ျားလည်း သေပြီ၊ မြွေဟောက်မရေ. . ဟား. . ဟား”

သွေးများစွန်းပေနေသော ဓားကို မြှောက်ကိုင်ရင်းမှ သူမ အားပါးတရ အော်ဟစ်ရယ်မောကြည့်သည်။ သို့သော် ယခုထိ သူမစိတ်မကျေနပ်နိုင်သေးပေ။ သူမစိတ်ကျေနပ်အောင် လုပ်ဖို့ တစ်နည်းပဲ ကျန်တော့သည်။ သူမ၏ ခင်ပွန်းအား သေစေခဲ့သော မြွေဟောက်မကိုပါ သတ်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုလည်း အရှင်မထားဘူး"

အငြိုးအမျက်ကြီးလွန်းသော ရာနာဘီဘီမှာ ကျန်ရှိသော ပခြုပ်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားသည်။ အံကိုတင်းတင်းကြိတ်ထားသော သူမ၏ မျက်နှာမှာ ကြောက်လန့်ဖွယ်ကောင်းအောင် တင်းမာခက်ထန်လျက်. . .။

ယင်းအချိန် ရုတ်တရက်. . .။

"တော်ပါတော့ ညည်း. . သူ့ကို ထပ်မသတ်ပါနဲ့တော့ သူတို့ဘာသာ နေတာကို ညည်းတို့က ရန်သွားစတာကိုးအေ့"

အော်ဟစ်ဟန့်တားရင်း ပြေးလွှားလာသူမှာ ဒေါ်မေဝင်းဖြစ်၏။ သူမနောက်မှ ဦးအောင်မောင်း ပြေးလွှားလိုက်ပါလာသည်။ သူတို့သည် အဖြစ်အပျက်အားလုံးကို တစ်ချိန်လုံး စိတ်ဝင်စားအံ့သြစွာ ချောင်းကြည့်နေကြခြင်းဖြစ်၏။

ရာနာဘီဘီက ကိုင်းခုတ်ဓားအား ဝှေ့ရမ်းရင်း. . .။

"ငါ့နား လုံးဝမကပ်နဲ့၊ ငါခုတ်ပစ်မှာနော်"

မေဝင်း၏ ခြေလှမ်းများ ရပ်တန့်သွားသည်။ အောင်မောင်းက သူမ၏ ပခုံးအား ဆွဲကာ ဟန့်တားထားလိုက်သောကြောင့်ဖြစ်သည်။ မေဝင်းက မြွေဟောက်မကြီးရှိနေသော ပခြုပ်ကို စိုးရိမ်တကြီး လှမ်းကြည့်ရင်း. . .။

"ဒီလောက်ဆို တော်ပါတော့ရှင်၊ သူ့ကို ထပ်မသတ်





ပါနဲ့တော့ ညည်းခံစားရသလို သူလည်း ခံစားနေရမှာပါ၊ ကျေနပ်လိုက်ပါတော့"

ရာနာဘီဘီက မဲ့ပြုံးပြုံးလိုက်၏။

"ဒါ. . ရှင်နဲ့ မဆိုင်ပါဘူး၊ ကျွန်မဖမ်းထားတဲ့ မြွေကို ကျွန်မကြိုက်သလို လုပ်မယ်"

ပြောပြီးသည်နှင့် ပခြုပ်အား ဓားဖြင့် အကြိမ်ကြိမ်ထိုးပြီးနောက် စလွယ်သိုင်းကာ ခုတ်ချလိုက်၏။ သူမ၏ ဓားချက်သည် ပခြုပ်အပေါ်ပိုင်းအား ပြတ်ကျသွားစေ၏။ လွင့်စင်သွားသော ပခြုပ်နှင့်အတူ လိုက်ပါခုန်ထွက်လာသည်က တောကြီးမြွေဟောက်မ၏ ဦးခေါင်းပြတ်ပင်ဖြစ်၏။

ထိုဦးခေါင်းသည် ကိုင်းခုတ်ဓားအား ထပ်မံမြှောက်ကာ အားယူနေသော ရာနာဘီဘီ၏ လည်မျိုသို့ ဦးတည်လွင့်စင်လာ၏။ ဟနေသော မြွေဟောက်မ၏ ပါးစပ်သည် ရာနာဘီဘီ၏ လည်မျိုကို မလွှတ်တမ်းခဲကာ တဆတ်ဆတ် တုန်ယင်နေသည်။

"အမလေး"

ရာနာဘီဘီ၏ မျက်လုံးအစုံမှာ မီးစနှင့်ထိုးသလို ပြူးပြင်းသော ဝေဒနာကို အံကြိတ်ရင်း ကိုင်းခုတ်ဓားအား လွှတ်ချပြီး မြွေဟောက်မ၏ ဦးခေါင်းပြတ်အား လက်နှစ်ဖက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကြောက်အကန် ဆွဲဖြုတ်၏။

"ဟာ"

"အမလေး"

အောင်မောင်းနှင့်မေဝင်းတို့မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်မိကြ၏။ တစ်သက်နှင့်တစ်ကိုယ် မမျှော်လင့်ထားသော အနိဋ္ဌာရုံမြင်ကွင်းကို မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားတို့ဖြင့် ငေးကြည့်နေမိကြ၏။

နောက်မှ သတိဝင်ပြီး ကူညီရန် ရာနာဘီဘီအနားသို့ ပြေးလွှားသွားကြသည်။ သူတို့အနား ရောက်သွားသောအခါ ရာနာဘီဘီက သူမ၏ လည်ပင်းသားများကို အပဲ့ခံကာ မြွေခေါင်းကိုဖြုတ်ကာ အဝေးသို့ လွှင့်ပစ်လိုက်နိုင်လေပြီ။ သူမ၏ ဒဏ်ရာမှာ ချက်ချင်းပင် နီရဲယောင်ကိုင်းလာသည်။

"ငါတို့. . ငါတို့. . ဘာလုပ်ပေးရမလဲ. . ရာနာဘီဘီ"

မေဝင်းက ရာနာဘီဘီ၏ ဒဏ်ရာကိုကြည့်ရင်း အတုန်တုန်အယင်ယင်ဖြင့် မေး၏။ ရာနာဘီဘီက သူမ၏ အင်္ကျီကြယ်သီးများကို တုန်ယင်သော လက်အစုံဖြင့် ဖြုတ်နေရာမှ။

"အတွင်းအင်္ကျီအိတ်ထဲမှာ. . . ဖြေဆေး"

အသံက တိုးညှင်းလွန်း၏။ ဦးအောင်မောင်းက ရာနာဘီဘီကို ပွေ့ထူလိုက်၏။





"မေဝင်း. . . သူ့အင်္ကျီအိတ်က ဖြေဆေးထုတ်ပြီး အမြန်တိုက်လေ၊ ဘာကြောင့်နေတာလဲ"

"ဩော်. . . အင်း. . . အင်း"

မေဝင်းက ရာနာဘီဘီ၏ အင်္ကျီအား အမြန်ဖြုတ်ပြီး အောက်ခံအင်္ကျီပေါ်ရှိ အိတ်အတွင်းသို့ လက်နှိုက်၏။ သူမလက်ပြန်ထုတ်လာသောအခါ စက္ကူခေါက်လေးတစ်ခုပါလာ၏

စက္ကူခေါက်လေးအား ဖွင့်ပြီး အဖြူရောင်ဆေးမှုန့်များကို ရာနာဘီဘီ၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။ ရာနာဘီဘီက အငမ်းမရ မျိုချ၏။ အောင်မောင်းက သူမကို မေဝင်းလက်ထဲသို့ ပြောင်းထည့်ပေးလိုက်၏။ ရာနာဘီဘီမှာ သတိလစ်နေပေပြီ။ အောင်မောင်းက ပုဆိုးပြင်ဝတ်ရင်း. . .။

"ငါ. . ဆေးဆရာ သွားခေါ်လိုက်ဦးမယ်၊ မေဝင်း. . မင်းနေခဲ့ဦး"

"ဟာ. . ကျွန်မ,မနေခဲ့ရဲဘူး"

"ခဏလေးပါကွာ၊ ငါတို့ တဲထဲမှာ သတင်းစောင့်နားထောင်နေတဲ့ ရွာသားတွေကို လွှတ်လိုက်မယ်၊ ဟုတ်ပြီလား"

ပြောပြီး လှည့်ပြေးသွားသော အောင်မောင်းနောက်ကျောကို ကြည့်ရင်း. . .။

မေဝင်းက အားငယ်စွာဖြင့်. . .။



www.burmeseclassic.com

www.burmeseclassic.com



"အမြန်လာခိုင်းလိုက်နော်. . . ကိုအောင်မောင်း"

"အေးပါကွာ"

အောင်မောင်းမျက်စိရှေ့က လုံးလုံးပျောက်သွားတော့မှ မေဝင်းတစ်ယောက် သူမပွေ့ထားသော ရာနာဘီဘီကို ငုံ့ကြည့်ဖြစ်၏။ ရာနာဘီဘီ၏ မျက်နှာအား မြင်သည်နှင့် သူမ အလွန်ထိတ်လန့်တုန်လှုပ်သွားရသည်။

"အမလေး"

ရာနာဘီဘီ၏ နှာခေါင်းနှင့်ပါးစပ်တို့မှ စီးကျနေသော သွေးမည်းများက သူမမျက်နှာပြင်က နေရာအတော်များများမှာ နေရာယူထားပြီ။ အဆမတန် ပြူးကျယ်နေသော မျက်လုံးအစုံက ထိတ်လန့်ဖွယ်ကောင်းအောင် ရဲရဲနီနေပြီမဟုတ်လော။ မေဝင်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် ရာနာဘီဘီ၏ အလောင်းအား လွှတ်ချကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးတော့သည်။

"ကိုအောင်မောင်းရေ. . . ကျွန်မကို စောင့်ပါဦး"

* * *

အလောင်းများ ပြန့်ကျဲနေခဲ့သော ထိုနေရာသို့ အောင်





မောင်းနှင့်မေဝင်းတို့ ရွာသားတချို့နှင့်ပြန်ရောက်လာသည့်အခါ သစ်သားအခေါင်းနှစ်လုံး ပါလာ၏။ အေးစက်တောင့်တင်းနေပြီဖြစ်သော ပျာရီလားလ်နှင့်ရာနာဘီဘီတို့၏ အလောင်းများကို အခေါင်းထဲသို့ထည့်ပြီး ရွာသားတချို့ ထမ်းထုတ်သွားကြသည်။ ကျန်လူများက အကြေးခွံများ ဖုံးလွှမ်းနေသော ကြီးမားသည့် အသားတုံးကြီးများကို တအံ့တဩကြည့်ရင်း တစ်ယောက်တစ်ပေါက် ဝေဖန်နေကြ၏။

"ကြည့်စမ်း. . ဒီလောက်ကြီးတဲ့ မြွေရှိတာကို မျက်မြင်တာမဟုတ်ရင် ငါယုံမိမှာမဟုတ်ဘူး"

"အပိုင်းပိုင်းပြတ်နေတာက အထီးကြီးကွ၊ ဒီမှာ ခေါင်းပြတ်နေတာက အမပဲ၊ လှလိုက်တာကွာ၊ ကိုယ်ပေါ်မှာ ဓားချက်တွေတော့ရှိတယ်"

"ဟာ. . . ဒီလိုဆို ငါတို့ ဒီနားတစ်ဝိုက်ကို အမြန်ရှင်းပြီး ရှာမှဖြစ်မယ်"

"ဘာရှာမှာလဲကွ"

"သူတို့ရဲ့ မျိုးဥတွေ၊ ဒါမှမဟုတ် အကောင်ပေါက်လေးတွေ ရှိနိုင်တယ်လေကွာ၊ ရွာကို အန္တရာယ်မပြုနိုင်မီ စောစောစီးစီး ရှင်းထားရမယ်မဟုတ်လား"

"အေး. . ဟုတ်တယ်၊ တို့ရွာအတွက် အသားစွန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြရရှာတဲ့ လင်မယားနှစ်ယောက်အတွက်လည်း လုပ်ပေးသင့်တာတွေ အသေအချာ လုပ်ပေးရမယ်"

"ကဲ. . ကဲ. . ပြန်ကြမယ်"

ရွာသားတွေ အရှိန်မပျက် စကားပြောရင်း လှည့်ပြန်သွားကြသည်။ ထိုအခါမှ အောင်မောင်းနှင့်မေဝင်းတို့ သက်ပြင်းချနိုင်၏။

"ဟင်း. . . တော်ပါသေးရဲ့၊ မြွေသားတွေကို ဘယ်သူမှ ယူမသွားကြဘူး"

"ကြီးလွန်းအားကြီးတော့ သူတို့စားဖို့တောင် မဝံ့မရဲဖြစ်နေကြမှာပေါ့. . မေဝင်းရာ၊ အဆိပ်ဘယ်လောက်ပြင်းတယ်ဆိုတာကလည်း မျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား"

"သနားပါတယ်ရှင်၊ သူတို့က လူတွေကို အန္တရာယ်မပြုရှာကြပါဘူး"

"ကောင်းရာမွန်ရာ ဘဝရောက်အောင် ဆုတောင်းပေးကြတာပေါ့ကွာ၊ ကဲ. . ကဲ. . မင်းဘေးဖယ်၊ ငါ. . သူတို့ကိုမြှုပ်ဖို့ မြေကျင်းတူးလိုက်ဦးမယ်"

"အတူတူ မြှုပ်ပေးလိုက်ပါရှင်"

"အေးပါကွာ"

အောင်မောင်းက ပြောပြောဆိုဆိုပင် သူယူလာသော





ပေါက်တူးဖြင့် စတင်တူးလိုက်သည်။ ခပ်နက်နက်ကလေးတူးလိုက်၏။ သူ့စိတ်ထဲ အတော်မကောင်းပေ။ မေဝင်းကတော့ စုတ်တသပ်သပ်ဖြင့်. . ။ ကောင်းမွန်သော ဘုံဘဝရောက်သွားအောင် အကြိမ်ပေါင်းများစွာ နှုတ်မှထုတ်ဖော်ဆုတောင်းပေးနေမိ၏။

မြေကျင်းနက်နက် တူးပြီးသောအခါ အောင်မောင်းက မြွေများ၏ ခန္ဓာကိုယ်ကို ပေါက်တူးဖြင့် ဆွဲယူကာ ကျင်းထဲထည့်၏။ မြွေခေါင်းနှစ်လုံးကို သတိကြီးစွာထား၍ ယူရသည်။

"ကိုအောင်မောင်း. . သတိထားနော်၊ အစွယ်နဲ့ မထိစေနဲ့"

"သိပါတယ်. . . မေဝင်းရယ်"

အောင်မောင်းက အားလုံးပြီးသောအခါ မြေပြန်ဖို့၏။ အညီဖြစ်သည်အထိ ညှိပြီးနောက် မေဝင်း၏ ပခုံးကိုဖက်ရင်း ပေါက်တူးကိုထမ်းကာ လှည့်ပြန်သွားသည်။

* * *

ယင်းအချိန်. . . ။

ဝက်ပါဝါးတောထဲမှ ကျွန်းအိမ်အိုကြီးအတွင်းရှိ မြွေ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ထုများအနက် စင်မြင့်ပေါ်ရှိ မြွေဘုရင်မချန်နီ၏ အမှတ်အသားဖြစ်သော တောကြီးမြွေဟောက်မရုပ်တုကြီးမှာ တဖြည်းဖြည်း ပြိုကျပျက်စီးသွား၏။ မြွေရုပ်တုကြီးများ၏ဘေး၌ ရပ်တန့်နေကြသော မိန်းမပျိုလေးများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သခင်မချန်နီ"

ရှေ့ဆုံးရှိ စပါးကြီးမြွေမ၏ ရုပ်တုဘေး၌ ရပ်တန့်နေသော ဆူဆီရီ၏ ကြေကြေကွဲကွဲ ခေါ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"သခင်မ. . သခင်မမရှိတော့ဘူး. . အဟင့်. . ဟင့်၊ သခင်မရယ်. . ."

မိန်းမပျိုလေးများ ဝမ်းနည်းကြေကွဲနေကြစဉ် ရုတ်တရက်. . .။

"ဟင်း"

ရှည်လျားပြင်းထန်သော သက်ပြင်းချသံက အခန်းတံခါးဝမှ ထွက်ပေါ်လာသည်။ အားလုံးက လှည့်ကြည့်လိုက်၏။

ထိုအခါ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော မျက်နှာထားကြည်လင်သန့်ရှင်းသည့် အဘိုးကြီးတစ်ယောက် ရပ်တန့်နေသည်ကို တွေ့ရ၏။ သူ့အားတွေ့သည်နှင့် မိန်းမပျိုအားလုံးတို့





၏ မျက်နှာပေါ်၌ အပြုံးရိပ်များ ထပ်ဟပ်လာကြသည်။

"အဘ"

တညီတညွတ်တည်းခေါ်ရင်း ထိုပုဂ္ဂိုလ်နား အပြေးအလွှား သွားကြ၏။ နောက်ဆုံးမှာရှိနေခဲ့သော ဆူဆီရီက အဘိုးကြီးအနားကို အရင်ဆုံးရောက်လာသည်။

"အဘ. . ပြန်လာပြီကိုး"

အဘက ခေါင်းညိတ်ရင်း. . .။

"အေးကွယ့် ပြန်ရောက်ချိန်တန်ပြီမို့ အဘပြန်ရောက်လာပါပြီကွယ်"

"စေတီတော်လေးတွေကို ပြုပြင်ဖို့ ထိုက်တန်တဲ့ပုဂ္ဂိုလ်ကို ရှာတွေ့ပြီလား. . အဘ"

ဆူဆီရီက အားတက်သရော မေး၏။ အဘက ကြည်ကြည်လင်လင်ပြုံးရင်း ခေါင်းညိတ်၏။ သူ၏အပြုံးက တွေ့မြင်သူတိုင်း၏နှလုံးကို အေးချမ်းသာယာစေသည့် အပြုံးမျိုး. .။

"တွေ့ချိန်တန်တော့ တွေ့ခဲ့ပါပြီ၊ ဒါပေမယ့် အချိန်ကို စောင့်ရဦးမယ်. . ဆူဆီရီ၊ သမီးတို့ရဲ့ စိတ်နှလုံးကို သိပ်ပြီးအပူမတိုက်ပါနဲ့ကွယ်၊ ချန်နီဟာ ဒီဘဝ၊ ဒီခန္ဓာကို စွန့်ချိန်တန်ပြီမို့ စွန့်သွားတာ၊ တစ်နေ့မှာ သမီးတို့အားလုံးလည်း သူ့လိုပဲ ဒီခန္ဓာကြီးကို စွန့်ခဲ့ရမှာပါကွယ်၊ လမ်းဆုံးမှ မရောက်သေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးရောက်အောင် ဗုဒ္ဓရဲ့ လမ်းညွှန်မှုအတိုင်း ကျင့်ကြံကြပါကွယ်"

မိန်းမပျိုလေးများက ရှိရှိကျိုးကျိုးနာခံရင်း ခေါင်းညိတ်ကြ၏။ သူတော်စင်အဘက ဆက်ပြော၏။

"အဓိကက စိတ်ကလေးပဲ၊ စိတ်ကို ထားတတ်ရမယ်၊ အဲဒီစိတ်ကလေးကို ထားတတ်ဖို့က ဓမ္မကို လက်ခံယုံကြည်နိုင်မှုဖြစ်မှာ၊ လောကရဲ့ အမှန်တရားဖြစ်တဲ့ ဓမ္မကို မပြတ်နှလုံးသွင်းနေကွယ့်"

"ကျွန်မနားလည်ပါပြီ. . . အဘ"

"ကဲ. . . ဒါဖြင့် လုပ်သင့်တာလေးတွေ ဆက်လုပ်ကြချည်၊ အဘ. . ချန်နီအတွက် လုပ်ပေးနိုင်သလောက် သွားလုပ်ပေးလိုက်ပါ့မယ်"

သူတော်စင်ကြီးက ကြည်လင်သော အသံဖြင့် နူးနူးညံ့ညံ့ ငြင်ငြင်သာသာကလေး တစ်လုံးချင်းပြောပြီး မိန်းမပျိုလေးများအား ကျောခိုင်းကာ ထွက်ခွာသွားလေသည်။

* * *





BURMESE CLASSIC .com

## အခန်း - ၉

### အိပ်မက်ထဲက သူတော်စင်

ဒီဇင်ဘာလ ကုန်ခါနီးလေ အအေးဓာတ်က ပိုတိုးလာသလိုပင်။ ဆောင်းည၏ အအေးဒဏ်ကို အန်တုရ၍ အိပ်ပျော်ရန် အတော်ပင် ကြိုးစားယူကြရ၏။ အောင်မောင်းနှင့်မေဝင်းတို့ ယာတဲကလေးပေါ်တွင် ကျောချင်းကပ်၍ စောင်အထပ်ထပ်ခြုံရင်း အိပ်ပျော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့နံဘေးသို့ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော သူတော်စင်အဘ ရောက်ရှိလာသည်။ သူက သူတို့၏ ခေါင်းရင်း၌ ရပ်တန့်ရင်း. . .။

“အောင်မောင်းနှင့်မေဝင်း. . ထကြပါဦးကွယ့်”

သူ၏အသံက ငြင်ငြင်သာသာ တိုးတိုးလေးရယ်။ ဒါပေမယ့် ကြည်လင်ပြတ်သားမှု အပြည့်ရှိ၏။ အောင်မောင်းနှင့်မေဝင်းတို့၏ မျက်လုံးများ ရုတ်ချည်းပွင့်လာကြသည်။ သူတို့အား အုပ်မိုးကြည့်နေသော သူတော်စင်ကြီးကို ထင်ထင်ရှားရှားပင် မြင်သွားကြ၏။ သူတို့ တပြိုင်နက်ပင် အိပ်ယာမှ ထလာကြသည်။ သူတော်စင်ကြီးက နူးညံ့သိမ်မွေ့စွာ ပြုံးပြ၏။

“မင်းတို့ ကလေးလိုချင်နေကြတယ်မဟုတ်လား”

အောင်မောင်းနှင့်မေဝင်းတို့ ချက်ချင်းပင် တပြိုင်နက်တည်းလိုလို ခေါင်းညိတ်ပြလိုက်ကြသည်။ ထွက်လာသည့် လေသံကလည်း တစ်ထပ်တည်း. . .။

“ဟုတ်ပါတယ်. . . အဘ”

သူတော်စင်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

“ကောင်းတယ်ကွယ်၊ ဒီလိုဆို အဘနောက်လိုက်ခဲ့ကြ”

ပြောပြီး လှည့်ထွက်သွား၏။ အောင်မောင်းနှင့်မေဝင်းတို့က သူတော်စင်ကြီးနောက်မှ လိုက်ပါသွားကြသည်။



BURMESE CLASSIC .com



အပြင်သို့ရောက်သောအခါ နှင်းမှုန်များ သယ်ဆောင်ထားသော မြောက်ပြန်လေက သူတို့ကို ဆီးကြိုနှုတ်ဆက်လေသည်။ နှင်းမှုန်များ ရစ်သိုင်းထားသဖြင့် လပြည့်ဝန်း၏ အလင်းရောင်က မှုန်မှုန်ဝါးဝါးမျှသာ. . .။

သူတော်စင်ကြီးက စပါးခင်းကြီးကြားရှိ လမ်းသေးသေးလေးအတိုင်း လျှောက်နေသည်။ စပါးခင်းကြီးက မှည့်ဝင်းစပြုနေပါပြီ။ အောင်မောင်းက ရှေ့ကလိုက်၏။ မေဝင်းက နောက်ဆုံးမှ လိုက်ပါလာသည်။ စပါးခင်းကြီးအား လွန်မြောက်ပြီး မြေကွက်လပ်ကျယ်သို့ ရောက်လာလေသည်။ မြေအလမ္ပာယ်လင်မယားနှစ်ယောက်နှင့်မြေဟောက်မောင်နှံတို့အသက်ချင်းထပ်ကာ စတေးခဲ့သော နေရာဖြစ်သည်။

သူတော်စင်ကြီးက ခြေလှမ်းရပ်တန့်ပြီး အောင်မောင်းတို့ လင်မယားဘက်လှည့်လာသည်။ သူ၏လက်ထဲ၌ အနှီးထုပ်ကလေးတစ်ထုပ်ရှိနေ၏။ ဘယ်အချိန်က ဘယ်လို သူ့လက်ထဲရောက်နေမှန်းမသိ။

“ရော့! ဒါ. . မင်းတို့ရဲ့ ကလေးပဲ”

မေဝင်းက မက်မက်မောမောပင် လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်သည်။ ချစ်စဖွယ် နုနယ်ချောမောသော ကလေး



www.burmeseclassic.com

www.burmeseclassic.com



လေးက နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ ကလေးငယ်၏ မျက်ခုံး နှစ်ခုကြား၌ မှဲ့နီလေးတစ်လုံးရှိနေ၏။

"ဘာလေးလဲမသိဘူး. . ကိုအောင်မောင်း၊ ကျွန်မ. . ကြည့်လိုက်မယ်"

သူမ၏ အသံမှာ ဝမ်းသာလွန်းသဖြင့် တုန်ယင်နေ၏။ သူမက အနှီးထုပ်လေးအား လက်တစ်ဖက်ဖြင့် ဖြည်ရန်ဟန် ပြင်လိုက်စဉ် သူတော်စင်ကြီးက ဟန့်တားလေသည်။

"မကြည့်နဲ့. . မေဝင်း၊ ကလေးက မိန်းကလေးပါ၊ မင်း တို့အတွက် ပစ္စည်းနှစ်ခုပေးခဲ့မယ်၊ တစ်ခုက မင်းတို့အတွက်၊ တစ်ခုကိုတော့ မင်းတို့လှူရမယ်. . . ကြားလား"

သူ၏အသံမှာ အနည်းငယ် ခက်ထန်သွား၏။ အောင် မောင်းတို့ လင်မယားက ခေါင်းညိတ်၏။ အောင်မောင်းသည် အလေးအနက်ဖြင့်. . .။

"ကြားပါတယ်. . . အဘ၊ ကျွန်တော်တို့ ဘယ်နေရာ မှာ သွားလှူပေးရမလဲဆိုတာ ပြောပါ"

"သန့်စင်ထွန်းဆိုတဲ့ လူရွယ်လေးတစ်ယောက်ရဲ့ လက် ထဲ ထည့်ပေးရလိမ့်မယ်၊ သူက မင်းတို့လှူတဲ့ ပစ္စည်းလေးကို အကောင်းဆုံးအသုံးပြုပေးနိုင်တဲ့ ပုဂ္ဂိုလ်ပဲ"





"သူက ဘယ်မှာရှိမလဲမသိဘူး"

"အခုတော့ ရန်ကုန်မှာရှိတယ်၊ ဗဟန်းမြို့နယ်က ဓမ္မ စေတီလမ်းမှာ နေတယ်၊ မင်းတို့က သူ့အိမ်ကို သွားမလို့ စဉ်း စားနေတာလား"

"ဟုတ်ပါတယ်. . . အဘ"

သူတော်စင်ကြီးက ပြုံးရင်း လက်ကာပြ၏။

"မလိုဘူး. . မောင်အောင်မောင်း၊ ကံကြမ္မာက မင်း တို့နဲ့ သူ့ကို တွေ့ဆုံရအောင် ဖန်တီးပေးပါလိမ့်မယ်၊ မင်းတို့ တကူးတက သွားတွေ့ဖို့ မလိုပါဘူး"

"ဒါဖြင့် ကျွန်တော်တို့က သူနဲ့ ဘယ်တော့မှ တွေ့ကြ ရမှာလဲ. . . အဘ'

"တွေ့ချိန်တန်ရင် တွေ့ရမှာပေါ့ကွယ်၊ မင်းတို့ လုပ်မြဲ ကိစ္စတွေကို ဆက်လုပ်ရင်း အချိန်ကို စောင့်နေပေါ့"

အောင်မောင်းက ခေါင်းညိတ်ရင်း မေဝင်းကို လှည့် ကြည့်၏။ ကလေးငယ်အား ရင်ခွင်ပိုက်ထားသော မေဝင်းက ကလေးမျက်နှာလေးအား ငုံ့ကြည့်နေရာမှ သူတော်စင်ကြီးထံ ခေါင်းထောင်ကြည့်ရင်း. . .။

"အဘ. . ကျွန်မတို့ကို ဘယ်လိုပစ္စည်းမျိုးပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီး၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။ သူက ခြေနင်းထားသော မြေနေရာကို လက်ညှိုးညွှန်ပြရင်း. . .။

"မင်းတို့အတွက် ပစ္စည်းတွေက ဟောဒီမြေအောက်မှာရှိတယ်"

အောင်မောင်းနှင့်မေဝင်းတို့ မယုံကြည်နိုင်အောင် ဖြစ်သွား၏။ သူတော်စင်ကြီး ညွှန်ပြသော နေရာမှာ တော်ကြီးမြွေဟောက်မောင်နှံကို အောင်မောင်းမြှုပ်ထားခဲ့သည့် နေရာဖြစ်သည်မဟုတ်ပါလော။

မေဝင်းက မဝံ့မရဲဖြင့်. . .။

"အဲဒီထဲမှာ ဘာပစ္စည်းရှိလို့လဲ. . . အဘရယ်"

"သိချင်ရင် တူးကြည့်ပေါ့ကွယ်. . အောင်မောင်း၊ ဟိုမှာ ကိုင်းခုတ်တဲ့ ဓားတစ်လက်တွေ့လား"

"တွေ့ပါတယ်. . . အဘ"

ထိုဓားမှာ ရာနာဘီဘီက တောကြီးမြွေဟောက်မောင်နှံတို့၏ ဇီဝိန်ကို ခြွေခဲ့သော ကိုင်းခုတ်ဓားဖြစ်ကြောင်း သူ. . ချက်ချင်းမှတ်မိလိုက်သည်။

သူတော်စင်ကြီးက နေရာရွှေ့ရပ်ရင်း. . .။





"အဲဒီဓားနဲ့ ဒီနေရာကို တူးလိုက်ပါ"

"အဲဒီနေရာမှာ မြွေကြီးနှစ်ကောင်ရဲ့ အလောင်းတွေကို ကျွန်တော်ကိုယ်တိုင် မြှုပ်ပေးထားခဲ့တယ်. . အဘ၊ အဲဒီမြေအောက်မှာ အသားပုပ်တွေ ရှိချင်ရှိမယ်၊ ဒါမှမဟုတ် မြွေခေါင်းနဲ့ အကြေးခွံတွေပဲလည်း ရှိနေနိုင်ပါတယ်၊ အဖိုးတန်တဲ့ ပစ္စည်း ဘာမှမရှိပါဘူးဗျာ"

"တူးမှာသာတူးပါ. . မောင်ရင်ရယ်၊  မင်းတို့က အတော်စိတ်လောကြတာပဲကိုး"

အောင်မောင်း. . ဘာမှမပြောတော့ပါ။ ကိုင်းခုတ်ဓားကို သွားကောက်လာပြီး သူတော်စင်ကြီးခိုင်းသည့်အတိုင်း မြေများကို ဓားဖြင့် တူးဆွလိုက်၏။ တူးဆွပြီးသား မြေများမှာကျစ်လျစ်မှုမရှိပဲ ပွနေသဖြင့် အဆင်ပြေပါသည်။ မကြာမီပင် အပုပ်နံ့နှင့်အတူ မြွေအရိုးခေါင်းနှစ်လုံးကို တွေ့လိုက်ရ၏။

"မင်း. . . ယူလိုက်ပါ"

သူတော်စင်ကြီးက ထပ်မံအမိန့်ပေးပြန်၏။ အောင်မောင်းက သက်ပြင်းတစ်ချက် ကြိတ်ချမိ၏။ ဘာပဲပြောပြော ကလေးတစ်ယောက်ပေးထားသည့် သူတော်စင်ကြီး၏ အလိုဆန္ဒကို သူလိုက်လျောဖို့ ဆုံဖြတ်ပြီးသား. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မြွေခေါင်းနှစ်လုံးကို ရွံရွံရှာရှာဖြင့်ပင် ကောက်ယူကာ သူတော်စင်ကြီးထံ လှမ်းပေးလိုက်သည်။ သူတော်စင်ကြီးက မြွေ၏ဦးခေါင်းကို အရင်ယူပြီး မြွေပါးစပ်အား ဟကာ တစ်စုံတစ်ခုကို လက်ဖြင့်နှိုက်ထုတ်၍ မြွေဖို၏ခေါင်းကို မြေကျင်းထဲသို့ ပြန်ပစ်ချလိုက်သည်။ သူနှိုက်ယူထားသော ပစ္စည်းလေးကို အောင်မောင်းထံ လှမ်းပေး၏။

"ရော့ . ဒါက မင်းတို့အတွက်"

သူက လက်ဖြင့်အုပ်မိုး ဆုပ်ကိုင်ထားသောကြောင့် ဘာပစ္စည်းမှန်း အောင်မောင်းမမြင်ရသေး။ အောင်မောင်းက လက်ဝါးဖြင့် ထုတ်ပေးမိ၏။ သူတော်စင်ကြီးက အောင်မောင်း လက်ဝါးပေါ်သို့ အတန်ငယ်လေးသော ပစ္စည်းလေးတစ်ခုကို တင်ပေးလိုက်သည်။

"ဟင် . . ဒါ . . ဒါ . . ပတ္တမြားကြီးလား"

လရောင်အား တန်ပြန်အလင်းတန်းလွှတ်ပေးနေသော အရည်အသွေးကောင်းလွန်းသည့် နီနီရဲရဲပတ္တမြားခဲက အောင်မောင်းတို့လင်မယားကို မျက်လုံးအစုံ ပြူးကျယ်စေလျက် ပါးစပ်အဟောင်းသားဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။ သူတော်စင်ကြီးက အောင်မောင်း၏ ဘယ်လက်ရှိ မြွေဟောက်မ၏ ဦး





ခေါင်းကို လှမ်းယူရင်း ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အဲဒါ သန်းထိုက်ပတ္တမြားပဲ"

ခပ်အေးအေးပင်ပြောပြီး မြွေဟောက်မ၏ အာခံတွင်းထဲမှ အလားတူပတ္တမြားခဲတစ်လုံး ထုတ်ယူကာ ထပ်မံပေးလိုက်သည်။ မြွေခေါင်းကိုတော့ ကျင်းထဲပြန်ထည့်သည်။

အောင်မောင်းက သူ၏ လက်ဝါးနှစ်ဘက်ပေါ်တွင်ရှိ ပတ္တမြားနှစ်ခဲကို အသက်ကင်းမဲ့နေသူလို တအံ့တဩ ငေးမောကြည့်နေသည်။ မေဝင်းကလည်း အလားတူပင်။ သူတော်စင်ကြီးက အောင်မောင်းတို့လင်မယားကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . လောကီသားတွေ၊ လောကီသားတွေ၊ တကယ့်ရတနာအစစ်အမှန်ကို မမြင်တွေ့နိုင်ရှာကြသေးပဲကိုး"

သူ၏ စကားကိုကြားမှ အောင်မောင်းတို့လင်မယား သတိဝင်လာကြသည်။ သူတို့သည် သူတော်စင်ကြီးကို ကြည့်ပြီး ဘာပြောရမှန်းမသိ။ အသက်ရှူနှုန်း မြန်ဆန်နေကြသည်။ သူတော်စင်ကြီးက အောင်မောင်းလက်ဝါးပေါ်မှ ပတ္တမြားနှစ်ခဲ မြေကျင်းထဲသို့ ပစ်ချလိုက်၏။ သူပစ်ချလိုက်သော သန်းထိုက်ပတ္တမြားနှစ်ခဲ မြေကျင်းထဲရောက်သွားသည်နှင့် ကျင်းနံ



www.burmeseclassic.com

www.burmeseclassic.com



ဘေးရှိ မြေသားများက အလိုအလျောက် ကျင်းထဲပြန်ကျသွား သည်မှာ အဆက်မပြတ်ပင်။

မကြာမီမှာပင် ပကတိအတိုင်း ပြန်ပြည့်သွားခဲ့သည်။ အောင်မောင်းက ကိုင်းခုတ်ဓားဖြင့် မတူးဖော်ရသေးမီက အခြေအနေအတိုင်းပင်။

သူတော်စင်ကြီးက အောင်မောင်း၏ မျက်လုံးအစုံကို စိုက်ကြည့်လိုက်၏။ သူ၏ အကြည့်က အောင်မောင်း၏ မျက်လုံးများကို ထွင်းဖောက်ပြီး စိတ်နှလုံးကိုပါ တွေ့မြင်နေပြီဟု အောင်မောင်းယုံကြည်မိသည်။

သူတော်စင်ကြီး၏ မျက်လုံးအစုံမှ အလင်းတန်းများ ဖြာထွက်နေသလိုပင်။ နှုတ်ခမ်းလှုပ်ရုံပြောသော သူ၏အသံက အောင်မောင်းနားထဲ ပဲ့တင်ထပ်၍ ဝင်ရောက်လာသည်။

"မှတ်ထားပါ၊ မြွေဟောက်အမရဲ့ သန်းထိုက်ပတ္တမြား ခဲက ပိုကြီးတယ်၊ အဲဒီအခဲက မင်းတို့အတွက်မဟုတ်ဘူး၊ သန့်စင်ထွန်းနှင့်တွေ့တဲ့အချိန်မှာ ဒီသန်းထိုက်ပတ္တမြားခဲကို ပေးရမယ်၊ ကဲ. . . မင်းတို့ပြန်တော့၊ မနက်မှ ဒီသန်းထိုက်ပတ္တမြား နှစ်ခဲကို လာယူချည်၊ သွားတော့"

သူ၏ အမိန့်အတိုင်း အောင်မောင်းတို့လင်မယားမှာ





နောက်လှည့်ကာ လာလမ်းအတိုင်း ပြန်လျှောက်သွားကြသည်။ သူတို့ ယာတဲထဲပြန်ရောက်သည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။ ငေးငိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

ယင်းအချိန်. . . ရုတ်တရက်. . .။

"အဲ့. . အဲ့. . အူဝဲ"

စူးစူးရှရှအော်ရင်း အော်ဟစ်ရုန်းကန်ခြင်းဖြင့် တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင်ဖြိုခွင်းသူက မေဝင်း၏ ရင်ခွင်တွင်း ငြိမ်သက်စွာ အိပ်ပျော်နေခဲ့သော ကလေးငယ်ပင်ဖြစ်သည်။ ကလေးငယ်မှာ သန်မာလွန်းလှ၏။ စူးရှသော အသံဖြင့် ငိုကြွေးရင်း ရုန်းကန်နေသည့်အားက ကြီးမားလွန်း၏။

"သမီးလေး. . သမီးလေး. . မငိုပါနဲ့ကွယ်"

မေဝင်းက ကမန်းကတမ်း ချော့မော့၏။ ကလေးငယ် လွတ်မကျသွားအောင် တင်းတင်းကြပ်ကြပ် ပိုက်လိုက်သည်။ ကလေးငယ်က ခါးကိုကော့ပစ်လိုက်သည်။ အားကောင်းလှသဖြင့် မေဝင်း၏ လက်နှစ်ဖက်မှာ မခံရပ်နိုင်အောင် နာကျင်သွား၍ လက်လွတ်သွား၏။ ထို့ကြောင့် ကလေးငယ်မှာ မြေပေါ်သို့ ပြုတ်ကျသွား၏။ အနီးစမှာလည်း အဝေးသို့ လွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်"

"အူဝဲ. . . အူဝဲ"

ဆက်လက်ငိုနေသော ကလေးငယ်ကို အောင်မောင်းတို့လင်မယား စိုးရိမ်တကြီးဖြင့် ငုံ့ကြည့်လိုက်သည်။ ကလေးငယ်က ဘာမှမဖြစ်ပါ။ သို့သော် သူတို့ လိပ်ပြာလွင့်မတတ် ထိတ်လန့်တုန်လှုပ်သွားမိကြသည်။ ကလေးငယ်၏ လည်ပင်းမှ ခြေဖျားလက်ဖျားအထိ နေရာမလပ် နေရာယူထားသော အကြေးခွံများကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

"ဟာ"

"အမလေး"

သူတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြိုင်တူအော်မိကြလေတော့သည်။

* * *

"အမလေး"

မေဝင်းအော်ဟစ်ရင်း အိပ်မက်မှ လန့်နိုးလာသည်။ ငေါက်ကနဲထထိုင်ပြီး. . .။





"သမီးလေး. . သမီးလေးရဲ့ ကိုယ်မှာ မြွေအကြေးခွံတွေနဲ့၊ မြွေအကြေးခွံတွေနဲ့"

ကယောင်ကတမ်းဖြင့် အော်ဟစ်ပြီးမှ သတိဝင်လာသည်။ တဒုတ်ဒုတ်ခုန်နေသော ရင်ဘတ်ကို လက်ဖြင့်ဖိရင်းမှ မျက်လုံးစုံမှိတ်ကာ သက်ပြင်းချလိုက်သည်။

"အင်း. . . ငါအိပ်မက်,မက်နေတာကိုး၊ တော်ပါသေးရဲ့"

သူမမှာ မရှိသောရင်သွေးကို မိခင်စိတ်ဖြင့် ပူပန်သွားလေသည်။ သူမ. . အောင်မောင်းဘက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခါ မီးထွန်းပြီး သူမကို လှမ်းကြည့်နေသော အောင်မောင်း၏ မျက်လုံးအစုံကို တွေ့မြင်လိုက်ရသည်။ သူ၏ မျက်လုံးအစုံ၌ ထူးဆန်းသော အရိပ်အယောင်တချို့ နေရာယူထားတာကို သူမချက်ချင်း သတိပြုမိလိုက်သည်။

"ကိုအောင်မောင်း. . ရှင်ကော. . ရှင်ကော အိပ်မက်က လန့်နိုးလာတာလား. . . ဟင်"

အောင်မောင်းက ဖြည်းညှင်းစွာ ခေါင်းညိတ်သည်။

"ဟုတ်တယ်. . . မေဝင်း၊ ငါလည်း သမီးလေးရဲ့ကိုယ်ပေါ်က မြွေအကြေးခွံတွေကို တွေ့လို့ လန့်နိုးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



မေဝင်းရင်ထဲ တလှပ်လှပ်ဖြစ်လာသည်။ သူမက တဆတ်ဆတ် တုန်ယင်သွားသော နှုတ်ခမ်းအစုံကို ကြိုးစားထိန်းချုပ်ပြီး စကားပြောနိုင်ရန် အတော်လေးကြိုးစားယူရသည်အထိ စိတ်လှုပ်ရှားသွားမိသည်။

"ကျွန်မတို့ . . ကျွန်မတို့နှစ်ယောက်လုံး အိပ်မက်တစ်ခုတည်းကို အတူမက်ပြန်ပြီ၊ ဒါဆို . . ဒါဆို . . ကျွန်မတို့ . . ."

သူမ . . ဆက်မပြောနိုင်တော့ပါ။ အောင်မောင်းက သူမအနီး ကပ်လာပြီး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း . . ။

"စိတ်အေးအေးထားပါ . . မိန်းမရယ်၊ မနက်ကျရင် ငါတို့ ဟိုနေရာကို သွားကြည့်တာပေါ့"

မေဝင်းက အောင်မောင်း၏ လက်မောင်းနှစ်ဖက်ကို ပြန်လည်ဆုပ်ကိုင်ပြီး မော့ကြည့်လိုက်သည်။

"အိပ်မက်ကတော့ မယုံကြည်နိုင်လောက်အောင် ထူးဆန်းတယ် . . ကိုအောင်မောင်း၊ ဖြစ်နိုင်ပါ့မလား . . ဟင်"

အောင်မောင်း၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွား၏။

"ငါတို့အိပ်မက်အပေါ် ငါအပြည့်အဝ ယုံကြည်တယ် မေဝင်း"





သူ၏ ယုံကြည်ချက် လုံးဝမမှားပါ။ အာရုဏ်တက်ချိန်၌ သူတို့ ပေါက်တူးတစ်လက်ဖြင့် မြွေဟောက်မောင်နှံတို့၏ မြေပုံသို့ သွားရောက်ကာ တူးဖော်ရာ သန်းထိုက်ပတ္တမြားနှစ်လုံးကို အံ့သြဖွယ်ရာ တွေ့မြင်ရရှိခဲ့၏။

သူတို့သည် လျှို့ဝှက်စွာ သိမ်းဆည်းထားရင်း စပါးပေါ်ချိန်ကို စောင့်ရ၏။ သန့်စင်ထွန်းဆိုသော လူနှင့်တွေ့ဆုံခွင့်ရမည့်အချိန်ကို မျှော်လင့်ကြီးစွာဖြင့် စောင့်မျှော်နေစဉ် မေဝင်းမှာ ကိုယ်ဝန်ရှိလာသည်။

သူတို့ အလွန်ပင် ပျော်ရွှင်သွားကြ၏။ လှပသည့် အနာဂတ်လေးကို မျက်စိထဲ ပုံဖော်မြင်ယောင်ရင်း ကြည်နူးနေမိကြသည်။ သူတို့ စိုးရိမ်မိတာ တစ်ခုတော့ရှိသည်။အိပ်မက်ထဲကအတိုင်း သူတို့ မွေးလာမည့် ကလေးလေး၏ကိုယ်ပေါ်တွင် မြွေအကြေးခွံများ ပါလာမှာကို စိုးရိမ်စွာဖြင့် မေဝင်းမှာ အကြိမ်ကြိမ် ဆုတောင်းနေခဲ့သည်။

ထိုအတောအတွင်း သူမ၏ ဝမ်းဗိုက်အတွင်းရှိ ကလေး၏ အစွမ်းကို သူမတို့ တအံ့တသြ သိရှိခွင့်ရရှိခဲ့ကြသည်။ ဖုန်ဆိုးမြေအား ရှင်းလင်းရင်း မြွေဟောက်မောင်နှံကို တွေ့မြင်ခဲ့ကြချိန်မှစ၍ သူတို့သည် အံ့သြထူးဆန်းမှုများကို ခံစားနေခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရပေပြီ။

'မိန်းကလေး'ဟု သိထားသော သူမရင်သွေးလေးနှင့် ပတ်သက်သည့် ထူးဆန်းမှုက သူတို့ကို ယုံကြည်ရဲရင့်မှုများကို ဖန်တီးပေးခဲ့လေသည်။

* * *





## အခန်း- ၁၀

အဖေ့ကို ကယ်ပါ

"အမေ . . အမေ . . ထပါဦး၊ အဖေ . . ဝါးတောထဲမှာ သတိလစ်နေပြီ"

နား,အနားကပ်ပြောသော စူးရှရှအသံလေးကြောင့် မေဝင်းလန့်နိုးလာသည်။ ဘေးနားကိုကြည့်လိုက်တော့ ဒေါင်မောင်းကမရှိ။ နေရောင်ကတော့ ထွက်ပေါ်နေပြီ။ မေဝင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ထိတ်ကနဲဖြစ်သွားရ၏။ မနက်တိုင်း တောထဲဝင်ကာ ဟင်းရှာက်သွား၊ သွားခူးတတ်သည့် အောင်မောင်းအတွက် အကြီးအကျယ် စိုးရိမ်သွားရသည်။

"ဟင်. . . ကိုအောင်မောင်း. . ကိုအောင်မောင်း၊ ဝါးတောထဲမှာ သတိလစ်နေပြီဆိုပါလား"

သူမယောက်ယက်ခတ်သွား၏။ ပြူးပြူးပျာပျာဖြင့် ယာတဲထဲမှထွက်ကာ တောထဲဝင်ခဲ့သည်။ ဝါးတောထဲအရောက်၌ ပက်လက်ကြီးလဲနေသော အောင်မောင်းကို တွေ့ရသည်။ သူမပြေးသွားပြီး ပွေ့ထူလိုက်၏။

"ကိုအောင်မောင်း. . ကိုအောင်မောင်း၊ အိုး. . ခေါင်းနောက်မှာလည်း သွေးတွေနဲ့ပါလား၊ ကိုအောင်မောင်း. . ခေါ်လို့လည်း မရဘူး၊ ဒုက္ခပါပဲ"

မေဝင်းက မျက်ရည်တလည်လည်ဖြင့် အောင်မောင်း၏ ခေါင်းနောက်ဘက်ကို လက်ဝါးဖြင့်အုပ်ရင်း ဘာလုပ်ရမှန်းမသိ။ ရင်ထဲ မီးမြိုက်ခံရသလို ပူလောင်လာသည်။

"ကယ်ကြပါဦးရှင်၊ ဒီမှာ. . ကျွန်မယောက်ျား ဒုက္ခရောက်နေလို့ပါ၊ ကယ်ကြပါဦး"

အသံကုန် ဟစ်အော်လေတော့၏။ မျက်ဝန်းထဲ ပြည့်လာသော မျက်ရည်ပူတွေကလည်း ပါးနှစ်ဖက်ပေါ် တလိမ့်





လိမ့် စီးကျလာနေပြီ။

ထိုစဉ်. . .။

"ငါလာပြီ. . . မေဝင်းရေ"

ထိုအသံနှင့်အတူ လွယ်အိတ်ကြီးတစ်လုံးဖြင့် မေဝင်းအနားရောက်လာသူက ရွာမှ ဆေးဆရာကြီးဦးခင်အောင်ဖြစ်၏။ သူမ. . ဝမ်းသာအားတက်သွားရသည်။

"ဟာ. . . ဦးလေး၊ ဝမ်းသာလိုက်တာ. . ဦးလေးရယ်၊ ကိုအောင်မောင်းကို ကယ်ပေးပါ၊ ဒီမှာ ခေါ်လို့မရတော့ဘူး"

ဦးခင်အောင်က လွယ်အိတ်ကို ဘေးချပြီးမှ အောင်မောင်း၏ ခန္ဓာကိုယ်ကို မှောက်ခုံဖြစ်အောင် ပြုလုပ်လိုက်၏။

"ညည်းလက်ဘေးဖယ်. . မေဝင်း၊ ငါကြည့်စမ်းမယ်"

မေဝင်းက အောင်မောင်း၏ ဦးခေါင်းပေါ်ရှိ သူမ၏ လက်ကို ဖယ်ပေးလိုက်၏။ ဦးခင်အောင်က ဂွမ်းလိပ်တစ်လိပ်ကို ပုလင်းတစ်ခုထဲမှ ဆေးရည်အနည်းငယ်စွတ်ပြီး သွေးများကို အမြန်ဖယ်ရှား၏။ အနာပေါက်ပေါ်လာသည်။

"ဒဏ်ရာက မကြီးပါဘူး၊ စိတ်မပူနဲ့. . မေဝင်း"

သူကပြောရင်း သွေးဆေးမှုန့်များကို ထုတ်ယူကာ အောင်မောင်း၏ ဒဏ်ရာကိုသိပ်၏။ ပြီးလျှင် ဂွမ်းစဖြင့်အုပ်ပြီး ပတ်တီးစည်းလေသည်။ မေဝင်းက လိုအပ်သည်များအား



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ကူညီကိုင်ပေးရင်း. . .။

"အားကိုးပါတယ်. . ဦးလေးရယ်၊ သူ. . သူ. . ဘာမှ မဖြစ်နိုင်ပါဘူးနော်"

"ဘာမှမဖြစ်ပါဘူး၊ အသက်နဲ့ အဝေးကြီးပါ၊ အဲ. . . ဒါပေမယ့် သွေးထွက်တော့ နည်းနည်းလွန်နေပြီ၊ ကံကောင်း လို့ပေါ့ကွာ"

ဦးခင်အောင်က ထိုသို့ပြောပြီး အောင်မောင်းအား ပက်လက်ပြန်လှန်စေလျက် ဆေးတစ်ဖုံတိုက်သည်။ ပြီးလျှင် မှောက်လျက် ပြန်နေစေ၏။ အောင်မောင်းကတော့ အခုချိန် ထိ သတိမရသေး။

"ဒီကောင်. . ဒီမျှစ်စို့ကြီးကို နင်းမိပြီး ချော်လဲရာက ဒီကျောက်ခဲစွန်းနဲ့ ဆောင့်မိတာဖြစ်မယ်၊ ချက်ချင်းသတိလစ် သွားတော့ ပိုဆိုးသွားတာပေါ့၊ တော်သေးတာပေါ့ကွာ၊ မြင်တဲ့ လူကမြင်ပြီး သတင်းလာပို့လို့၊ မဟုတ်ရင် မလွယ်ဘူး"

မေဝင်းမှာ အံ့ဩသွား၏။

"ဟင်. . ဦးလေးကို ကိုအောင်မောင်းအကြောင်းကို ဘယ်သူက သတင်းလာပို့တာလဲ၊ ကျွန်မကိုတော့ လာမပြော ဘူး"

ဦးခင်အောင်. . မျက်လုံးပြူးသွားသည်။





"ဟေ. . ဒါဖြင့် ညည်းက ဒီကို ဘယ်လိုလုပ်ရောက် လာတာလဲ"

"ဟို. . ဟို. . ကိုအောင်မောင်း ထွက်သွားတာ ကြာ လွန်းနေလို့ စိတ်ပူပြီး လိုက်လာတာ၊ ဦးလေးကို ဘယ်သူလာ ပင့်သွားတာလဲ"

"မသိဘူး၊ အော်သံကြားတာနဲ့ ငါလွယ်အိတ်ယူပြီး ချက်ချင်းလာခဲ့တာပဲ၊ ဘယ်သူလာပြောသွားလဲတောင် မသိပါ ဘူးလေ၊ တခြားလူတွေကို လိုက်အကြောင်းကြားနေပြီထင်ပါ တယ်"

မေဝင်းရင်ထဲ နားလည်လိုက်သလိုရှိသည်။ ပို၍သေ ချာအောင် ဦးခင်အောင်ကိုပဲ မေးရပါမည်။

"အသံက ဘယ်သူ့အသံလဲ ဆိုတာကိုကော ဦးလေး မမှတ်မိဘူးလား"

"အသံစူးစူးလေးပဲ၊ ကလေးအသံနဲ့တောင်တူသေး၊ ဘယ်သူလဲတော့ မသိပါဘူး၊ မမှတ်မိဘူး"

"ရှင်"

"ဩော်. . ညည်းကလည်း ဘယ်သူဖြစ်ဖြစ် အရေးမ ကြီးပါဘူး၊ ညည်းကို ဝင်ပြီးအကြောင်းမကြားတာက ငါ့ကိုအ မြန်ရောက်ဖို့ကိုသာ အာရုံစိုက်ရင်း မေ့သွားလို့ဖြစ်မှာပေါ့၊ အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်ကြာမှာလည်း စိုးတယ်နဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် ညည်းရဲ့ ယောက်ျား အချိန်မီ ဆေးကုခံရဖို့က အရေးကြီးဆုံး မဟုတ်လား”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် လမ်းကြောင်းသင့်နေရဲ့ သားနဲ့ လှမ်းအော်ပြောသွားလို့ ဘာမှအပမ်းကြီးတာမှမဟုတ်ပဲ. . ဦးလေးရယ်”

ဦးခင်အောင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

“ဒါလည်း ဟုတ်တာပဲ၊ ဩော်. . မင်းရောက်နေတာကိုပါ သူတွေသွားလို့လားမှမသိတာ၊ မင်းရောက်တာ ကြာနေပြီလား”

“မကြာသေးပါဘူး၊ ဦးလေးနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ”

“အိုကွယ်၊ ဘာပဲဖြစ်ဖြစ် ညည်း. . သူ့ကို ကျေးဇူးတင်သင့်တယ်၊ ဘာလို့ ရန်လိုနေရတာလဲ”

မေဝင်းက ခေါင်းကောလက်ပါ ခါရင်း ငြင်းရသည်။

“ဟာ. . ကျွန်မရန်မလိုပါဘူး. . ဦးလေးရယ်၊ ဘယ်သူလဲဆိုတာကို ကျွန်မက သိချင်နေတာပါ၊ ကျွန်မတို့ ရွာသူတွေထဲမှာကလည်း အသံစူးပြီး ကျယ်တဲ့လူက အများသားနော်”

“အချိန်တန်တော့ သိရမှာပေါ့၊ ဟော. . ဟိုမှာ ငါတို့ရွာသားတွေတောင် ရောက်လာပြီ၊ ဟော့ကောင်တွေ ဒီကောင်





ကြီးကို လာမကြပါဦး”

ရောက်လာသော ရွာသားများအနက် ဗလတောင့်သော ရွာသားနှစ်ယောက်က အောင်မောင်းကို မှောက်လျက်အနေအထားဖြင့်ပင် သယ်ဆောင်သွားကြသည်။ သူတို့ကို သတင်းလာပို့သူ မည်သူမှန်းမသိကြ။ ကလေးအသံနှင့်တူသော အသံစူးစူးလေးဟုသာ ပြောကြသည်။

ရွာမှာက အသံစူးပြီး ကျယ်တဲ့လူရှိသော်လည်း ကလေးအသံနှင့်တူတဲ့ အသံပိုင်ရှင်တော့မရှိပေ။ ဒီအကြောင်း အောင်မောင်းသတိရလာတော့ မေဝင်း. . ဝမ်းသာအားရပြောပြပြီး။

“သမီးလေးက ရှင့်အသက်ကို ကယ်လိုက်တာရှင့်”

ဟုမှတ်ချက်ပေးလိုက်သည်။

သူမ၏ မှတ်ချက်ကို အောင်မောင်းက အပြည့်အဝယုံကြည်ထောက်ခံပေးခဲ့သည်။

“ဟုတ်တယ်. . မေဝင်း၊ ငါ့သမီးလေးက ဗိုက်ထဲမှာဖြင့် နှစ်လပဲရှိသေးတယ်၊ မိဘကို ကူညီစောင့်ရှောက်နေပြီ၊ တကယ့် သမီးကောင်း၊ ငါတို့ ကံကောင်းတာပေါ့. . မိန်းမရယ်”

မေဝင်းက ကြည်ကြည်နူးနူးပြုံးရင်း ခေါင်းညိတ်လိုက်၏။

“ဒါပေါ့ရှင်၊ ဒီကမ္ဘာပေါ်မှာ ကျွန်မတို့လောက်ကံကောင်းတဲ့လူ မရှိတော့ဘူးထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူဝမ်းမြောက်စွာပြောရင်း သူမဝမ်းဗိုက်ကို ပွတ်သပ်နေမိသည်။ ထိုအသံရှင်နှင့်ပတ်သက်ပြီး ရွာသူရွာသားများလည်း တအံ့တသြဖြစ်သွားကြရသည်။

နောက်တော့ အားလုံးက 'အောင်မောင်းမှာအစောင့်အရှောက်ရှိတယ်'လို့ မှတ်ချက်ချသွားကြလေတော့သည်။

* * *





## အခန်း– ၁၁

အမေ့ကို ခေါ်သွားပါ

"အဖေ. . ဒီနေ့ စပါးခင်းထဲဆင်းရင် အမေ့ကိုပါ ခေါ်သွားပါနော်"

အောင်မောင်းအိပ်ပျော်နေရာမှ နိုးချင်သလိုလို ဖြစ်လာချိန် သတိလုံးလုံးမကပ်နိုင်သေးမီ ကြားရသည့် အသံစူးစူးလေးက ပီပီပြင်ပြင်ပင် နားထဲသို့ ဝင်လာသည်။ သူ့မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များကို ဖွင့်လိုက်၏။

တဲထဲ၌ အလင်းရောင်မှုန်မှုန်လေးရှိနေ၏။ အပြင်မှာ နေရောင်ထွက်နေပြီဖြစ်ကြောင်း သူခန့်မှန်းသိရှိလိုက်သည်။ သူက အကြောဆန့်ပြီး သမ်းဝေရင်း ထထိုင်လိုက်သည်။

ထိုစဉ် မေဝင်းလည်း အိပ်ယာမှ နိုးလာ၏။ နိုးနိုးချင်းပင် သူမက အောင်မောင်း၏ လက်မောင်းကို လှမ်းဆွဲပြီး. . ။

"ကိုအောင်မောင်း. . ရှင်ဒီနေ့ စပါးခင်းထဲမှာ ဘာလုပ်စရာရှိလဲ"

"ထုံးစံအတိုင်း ရေလောင်းပေးရမှာပေါ့၊ ပြီးရင်တော့ ပေါင်းသင်ဖို့ စဉ်းစားထားတယ်၊ ဘေးနားမှာ မြက်ပင်လေးတွေ အတော်ပေါက်နေတာ မနေ့ကမှ ငါသတိထားမိလို့လေ"

"ဒီနေ့တော့ ရှင်နှင့်အတူ ကျွန်မပါ လိုက်ခဲ့မှဖြစ်မယ်၊ သမီးလေးက လိုက်ခိုင်းနေပြီရှင့်၊ ဘာဖြစ်လို့လဲမသိဘူး"

အောင်မောင်းပြုံးလိုက်၏။

"ကိစ္စထူးရှိလို့ နေမှာပေါ့ကွာ၊ ကဲ. . ထ. . ကိုယ်လက်သန့်စင်ပြီးရင် မနေ့ညက ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းကို ငါးရံ့ ခြောက်ဖုတ်နဲ့ စားကြတာပေါ့၊ ပြီးမှ လုပ်ငန်းခွင်ဝင်ကြမယ်"

"အင်း"





မေဝင်းက ဆံပင်အားထုံးရင်း ထသွားသည်။ သူမနောက်မှ အောင်မောင်းလိုက်သွားသည်။ သူ့စိတ်ထဲတွင်တော့ ဒီနေ့ ဘယ်လိုထူးဆန်းတာတွေနဲ့ တွေ့ရမလဲမသိဘူးဟု တွေးတောမှန်းဆကြည့်နေမိလေသည်။

ကိုယ်လက်သန့်စင်ခြင်း၊ နံနက်စာစားသောက်ခြင်းတို့ ပြီးစီးသောအခါ အောင်မောင်းက ထမ်းပိုးကိုမကာ ပခုံးပေါ်တင်၏။ ထမ်းပိုးတစ်ဖက်တစ်ချက်၌ ချိတ်ဆွဲထားသော သံချိတ်၌ ရေပန်းခရားနှစ်လုံးကို ချိတ်ကာ မေဝင်းနှင့်အတူ ရေခပ်ထွက်ခဲ့သည်။

မေကြည်တို့ လယ်ခင်းရှိ ရေတွင်းထဲမှရေကို ရေပန်းခရားထဲ ခပ်ထည့်ပြီးနောက် အောင်မောင်းက ထမ်းပိုးရင်းဖြင့် ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ မေဝင်းက ဘေးမှလိုက်ရင်း ပြောလာသမျှစကားတွေကို စိတ်ရှည်လက်ရှည်ပင် စိတ်ပါဝင်စားစွာ နားထောင်ပေးလေသည်။

ယာခင်းထဲပြန်ရောက်တော့ မေဝင်းက စပါးခင်းထဲကို လှမ်းဝင်သွားသည်။ အောင်မောင်းက ရေပန်းခရားနှစ်လုံးထဲက ရေများကို တစ်ဖက်တစ်ချက်ရှိ စပါးတန်းများကိုလောင်းရင်း မေဝင်းနောက်မှ လိုက်ရသည်။

တဖန် ရေတွင်းထဲက ရေကို ပြန်ခပ်ရ၊ သယ်ရ၊ ဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ရဖြင့် အကြိမ်ပေါင်းများစွာ လုပ်ရလေသည်။ ခဏကြာတော့ အောင်မောင်းတစ်ကိုယ်လုံး ချွေးတို့ရွှဲရွှဲစိုသွားသည်။ သူ့အား ကြည့်ရင်း မေဝင်းက သက်ပြင်းချမိ၏။

"အင်း . . ရှင်လည်း တစ်နေ့တစ်နေ့ သိပ်ပင်ပန်းမှာပဲ နော်. . ကိုအောင်မောင်း၊ ကန်ကြီးဘေးနားကို ရှင်းပစ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"အေးကွာ၊ ဒီလိုသာဆို ငါတို့အတွက် အတော်အဆင်ပြေမှာ၊ တို့ရွာသားတွေလည်း လူစုပြီးရှင်းမယ်၊ ရှင်းမယ်နဲ့ မရှင်းဖြစ်ကြသေးဘူး၊ အေးလေ. . အားလုံးက ကိုယ့်စိုက်ခင်းနှင့်ကိုယ် အလုပ်ရှုပ်နေကြတာကိုး၊ ငါကလည်း အဲဒီနားကို သွားရှင်းချင်စိတ်ကို မွေးလို့ကိုမရဘူး၊ ဘာဖြစ်မှန်းမသိဘူးကွာ၊ အဲဒီနားရောက်ရင် ငါ့စိတ်ထဲတစ်မျိုးကြီးပဲ"

"ဟိုအဖြစ်အပျက်ကို ရှင့်မျက်စိထဲစွဲနေလို့ ဖြစ်မှာပေါ့တော်၊ ရှင်းမနေပါနဲ့၊ နောက်ဆို ရှင်လည်း ဒီလိုအလုပ်ကြမ်းတွေ လုပ်ရတော့မှာ မဟုတ်ပါဘူး၊ သူဌေးကြီးလို နေရတော့မှာပါရှင့်"

အောင်မောင်းက ပြုံးပြုံးပျာပျာဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး. . .။

"တိုးတိုးပြောစမ်းပါ. . မေဝင်းရယ်"





"ဘယ်သူမှ မရှိပါဘူး"

"သတိဆိုတာ ပိုတယ်လို့မရှိဘူးကွ၊ ဒီကိစ္စကို မေ့ထားစမ်းပါ၊ ငါတို့က 'သန့်စင်ထွန်း'ဆိုတဲ့လူကို တွေ့ပြီးမှ အကျိုးခံစားခွင့်ရမှာ၊ ဒီအတောအတွင်း မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်စေဖို့က ဒီကိစ္စကို ဘယ်သူမှသိလို့မဖြစ်ဘူး"

မေဝင်းကပြုံးရင်း ခေါင်းညိတ်၏။

"ကျွန်မသိပါတယ်ရှင်၊ ရှင်ပင်ပန်းနေတာကို တွေ့လို့ အားပေးတာပါ"

"ရပါတယ်ကွာ၊ နောက်ဆို ဒီအလုပ်တွေကို လုပ်ချင်တောင် လုပ်ခွင့်ရတော့တာမှမဟုတ်ပဲ၊ သန့်စင်ထွန်းနှင့်တွေ့ပြီးရင် အားလုံးပြောင်းလဲသွားတော့မှာလေ"

"သူ. . ကျွန်မတို့ဆီ အခုထိ ရောက်မလာသေးဘူးနော်၊ သူ့ကို ကျွန်မသွားသာ တွေ့ပစ်လိုက်ချင်တယ်၊ နေရာလည်း သိနေတဲ့ဟာကို"

"သူတော်စင်ကြီး ဟန့်တားထားတာကို လုပ်ဖို့စိတ်မကူးပါနဲ့ကွာ"

"ကျွန်မရဲ့ ကိုယ်ဝန်တောင် သုံးလကျော်နေပြီ၊ ဘယ်အချိန်ထိ စောင့်ရဦးမယ်မသိဘူး"

"အေးကွာ၊ စပါးပေါ်ချိန်ဆို ငါက ရွာမှာရှိမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒီအချိန်မှ ရောက်လာရင် မင်းတစ်ယောက်တည်းရယ်၊ မင်းကလည်း ကိုယ်ဝန်နဲ့၊ ထားခဲ့ရမှာ စိတ်မချဘူး၊ ဒီကြားထဲ ရောက်လာရင် ကောင်းမယ်ကွာ”

“ဒီတစ်ခေါက် ရှင်မြို့တက်ရင် ကျွန်မလည်း လိုက်ခဲ့မယ် . . ကိုအောင်မောင်း၊ ပစ္စည်းတွေကိုလည်း တစ်ခါတည်း ယူသွားမယ်”

အောင်မောင်းက မျက်မှောင်ကုတ်ပြီး မေဝင်းကိုလှည့်ကြည့်သည်။

“မင်းက ကိုယ်ဝန်ကြီးနဲ့ကို ဘာလိုက်လုပ်မှာလဲ”

“ကျွန်မတစ်ယောက်တည်း ဒီပစ္စည်းတွေနဲ့ ရှင်စိတ်ချလက်ချထားခဲ့မလို့လား၊ မတော်တဆဆိုတဲ့ ကိစ္စတွေကြုံလာရင် ကျွန်မတစ်ယောက်တည်း ဘယ်လိုဖြေရှင်းရမှာလဲ၊ အခု ရွာကိုရောက်လာကြတဲ့ ဟိုလင်မယားနှစ်ယောက်ရဲ့ဆရာကြီး ဂိုဘင်တို့လူစုက ကျွန်မတို့ဆီ မကြာမကြာလာ,လာပြီး စကားလာ,လာပြောနေတာကို ကျွန်မမကြိုက်ဘူး၊ သူတို့ ဒီကိစ္စကိုများ ရိပ်မိထားသလားလို့”

“အေး . . ဟုတ်တယ်ကွ၊ ဟိုနေ့က သူ . . ငါ့ကို လာမေးသေးတယ်၊ နှစ်ချို့မြွေတွေကို ဘယ်နေရာမှာ မြုပ်ထားခဲ့လဲတဲ့၊ ဧကန္တ နှစ်ချို့မြွေရဲ့ အာခေါင်ထဲမှာ သန်းထိုက်ပတ္တမြား





ရှိတာကို သူသိလို့လားမသိဘူး”

မေဝင်းက မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် . . .။

“ဟင် . . ဟုတ်လား၊ ရှင် . . ဘာပြန်ပြောလိုက်လဲ”

“အတိအကျ မမှတ်မိဘူးလို့တော့ ဖြေလိုက်တယ် . . မေဝင်း၊ မင်းပြောတာမှန်တယ်၊ မင်း . . ငါနှင့်အတူသာ လိုက်ခဲ့ပေတော့”

“ကျွန်မတစ်ခုစဉ်းစားမိတယ် . . ကိုအောင်မောင်း”

“ဘာလဲ . . မေဝင်း၊ ပြောလေ”

“ကျွန်မတို့ လှည်းကူးမြို့ပေါ်မှာ တစ်နေရာရာရှာပြီး သန့်စင်ထွန်းကိုစောင့်ရင် ကောင်းမလားလို့၊ ကံကြမ္မာက ကျွန်မတို့ကို သူနှင့်တွေ့ခွင့်ပေးထားတယ်ဆိုမှတော့ ကျွန်မတို့ ဘယ်နေရာမှာနေနေ တွေ့ရမှာပဲလေ”

အောင်မောင်း၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

“မင်းက ရွာကနေ တစ်ခါတည်း ပြောင်းပြေးမလို့ . . ဟုတ်လား”

“ဟုတ်တယ်လေ၊ နောက်လည်း ကျွန်မတို့ မြို့မှာပဲ အခြေချရမှာမဟုတ်လား၊ လောလောဆယ် ကိစ္စမရှင်းမီ ရွာက လူတွေနဲ့ ဆက်သွယ်လို့မဖြစ်ဘူး၊ နောက်မှ ပြန်ဆက်သွယ်ကြတာပေါ့ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိတော့ လိုအပ်မယ် မထင်ဘူးနော်"

မေဝင်းက နှုတ်ခမ်းတစ်ချက်ကိုက်ပြီး . . ။

"ကျွန်မကတော့ အဲဒီလိုပဲ လုပ်ချင်တယ်. . ကိုအောင်မောင်း၊ ကျွန်မတို့ကို သူတို့က စောင့်ကြည့်နေပြီ၊ မတော်တဆများ သိသွားခဲ့ရင် ယုတ်မာကောက်ကျစ်တဲ့နည်းနဲ့ ဒုက္ခပေးနိုင်တယ်လေ၊ ဒီရွာကလည်း မြို့နဲ့ အလှမ်းနည်းနည်းဝေးတော့ တစ်ခုခုဆို သက်ဆိုင်ရာတွေဆီက အကူအညီရဖို့မလွယ်ဘူး မဟုတ်လား"

"တို့ရွာသားတွေက ကြည့်နေပါ့မလားကွာ"

"ဒါတော့ ဒါပေါ့ရှင်၊ ဒါပေမယ့် သူတို့က မြွေတွေကို ခိုင်းစေနိုင်တာ မမေ့နဲ့လေ၊ ရွာသားတွေကိုပါ မြွေတွေနဲ့ ဒုက္ခပေးနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ရှောင်နေတာ မမှားဘူးရှင်"

အောင်မောင်းစဉ်းစားကြည့်တော့ မေဝင်းပြောတာက နည်းလမ်းကျနေသည်။ ဂိုဘင်တို့လူစုကို သူသိပ်သဘောမကျပေ။ ရွာနှင့်အတော်ဝေးသော သူတို့၏ ယာခင်းထဲကို တကူးတက လာ,လာနေတာကို သံသယဖြစ်လာမိသည်။

ထို့ကြောင့် . . ။

"အေး. . . မင်းအကြံမဆိုးဘူး၊ စပါးပေါ်ချိန်ကျရင် ငါတို့ တစ်ခါတည်း လစ်ကြတာပေါ့"





သူတို့သည် စကားတပြောပြောဖြင့် စပါးခင်းကို ရေလောင်းနေသည်မှာ အစွန်ဆုံးသို့ ရောက်လာခဲ့သည်။ ရုတ်တရက် မေဝင်းက အောင်မောင်း၏ လက်ကို လှမ်းဆွဲပြီး. . ။

"နေဦး. . ကိုအောင်မောင်း၊ အဲဒါ စပါးတန်းကြားကို ရှင်မဝင်နဲ့၊ ကျွန်မဝင်ကြည့်ဦးမယ်"

"ဘာဖြစ်လို့လဲ. . . မေဝင်း"

"ကျွန်မနှာခေါင်းထဲ ပုပ်အက်အက် အနံ့တစ်မျိုးရနေတယ်၊ ဒီနေရာမှာ ရှင့်အတွက် အန္တရာယ်ရှိနေတယ်လို့ ကျွန်မ သိနေသလိုပဲ"

အောင်မောင်းက မျက်မှောင်ကုပ်ရင်း လေကို အားပါးတရ ရှူကြည့်၏။

"ငါတော့ ဘာအနံ့မှ မရပါဘူး. . မေဝင်းရယ်၊ ငါ့အတွက် အန္တရာယ်ရှိတာကို မင်းက ဝင်သွားရင် မင်းလည်းပဲ အန္တရာယ်ဖြစ်မှာပေါ့၊ မင်းမဝင်ပါနဲ့၊ ငါသတိထားပြီး ဝင်လောင်းလိုက်မယ်"

"ကျွန်မအတွက်က အန္တရာယ်မရှိပါဘူး၊ ကျွန်မ. . သိတယ်၊ ဒါကြောင့် သမီးက ကျွန်မကို ရှင်နှင့်လိုက်ခိုင်းတာဖြစ်မယ်"

"ကဲ. . ဒါဆိုလည်း မင်း. . သွား၊ ဘေးနားဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသေအချာကြည့်နေ၇်၊ မမွေးရသေးတဲ့ သမီးလေးရဲ့ စကား ကို နားထောင်တာ မမှားဘူးကွ၊ ဟား. . . ဟား. . .”

မေဝင်းက ရယ်မောပြီး စပါးတန်းထဲ လှမ်းဝင်သွား သည်။ သူမရနေသော ပုပ်အက်အက်အနံ့က စပါးခင်းအလယ် အရောက်မှာ အလွန်ဆိုးဝါးလာသလိုရှိသည်။ ထို့ကြောင့် သူမ ခြေလှမ်းရပ်တန့်ပြီး အနံ့လာသည်ဟု ထင်ရသော စပါးခင်း ဘေးကို အသေအချာ ကြည့်လိုက်သည်။

ထိုအခါ မြက်ရိုင်းရှည်အခြောက်များ တစ်နေရာတည်း ၌ စုပုံနေတာကို သူမတွေ့မြင်လိုက်ရသည်။ သူမ့မြင်တွေ့သွား စဉ်မှာပင် မြက်ခြောက်အုံကြီးမှာ လှုပ်ရှားလာသည်။ နောက် တော့ မြွေခေါင်းတစ်ခု ထိုးထွက်လာသည်။

“အမလေး”

သူမက လန့်ပြီး အော်လိုက်သည်။ ထိုအခါ. . .။

“ဖြီး”

မြွေက ပါးပျဉ်းကို ထောင်ကာ မာန်ဖီရင်း သူမဘက် လှည့်လာသည်။ ယောကျ်ားပေါင်လုံးခန့်ရှိသော ငန်းပုပ်မြွေအ မကြီးဖြစ်၏။

ရုတ်တရက် မြွေမကြီးသည် ပါးပျဉ်းကိုချကာ စပါးခင်း နှင့်ဆန့်ကျင်ရာဘက်သို့ လှည့်ထွက်သွားသည်။ သူမ၏ ဝမ်း





ဗိုက်ကြီးမှာ ဖောင်းကားနေ၏။ အစာမျိုထား၍ ဖောင်းနေသည့် ပုံမျိုးမဟုတ်။ မျိုးဥလွယ်ထားရ၍ ဖောင်းနေခြင်းဖြစ်ကြောင်း ကို မေဝင်းသိလိုက်သည်။

“ဘုရား. . ဘုရား. . သူက ဒီမှာ အသိုက်လုပ်ထား တာကိုး”

သူမရင်ဘတ်အား လက်နှစ်ဖက်ဖြင့် ဖိရင်း ရေရွတ်မိ ၏။ ထိုစဉ် သူမအနီးသို့ အောင်မောင်းက ကိုင်းခုတ်ဓားတစ် လက်နှင့်အတူ ရောက်လာသည်။

“မေဝင်း. . မေဝင်း. . မင်းဘာဖြစ်တာလဲ”

“ဟိုမှာ. . . ဟိုမှာ. . .

မေဝင်း. . လက်ညှိုးညွှန်ရာကို အောင်မောင်းကြည့် လိုက်တော့ ဖောင်းကားသော ဗိုက်ကြီးကို သယ်ရင်း တရွေ့ ရွေ့သွားနေသော မြွေမကြီးကို တွေ့သွားသည်။

“ဟာ. . မိန်းမ၊ မင်းကို ပေါက်သွားသေးလားဟင်”

“မပေါက်ပါဘူး၊ သူ့ဘာသာ လှည့်ထွက်သွားတာ”

“သေချာလို့လားကွာ”

“သေချာပါတယ်၊ သူက စပါးတန်းရဲ့ ဟိုဘက်ဘေးမှာ အသိုက်လုပ်နေရှာတာ၊ အခုတော့ ဒီအသိုက်ကို သူစွန့်သွား ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက စပါးခင်းဘေးရှိ မြက်ခြောက်အုံအား ကြည့်ရင်း မျက်လုံးပြူးသွားသည်။

"ဟာ. . သူက ဒီဘေးမှာမှ လာကပ်လုပ်ထားတာကိုး၊ တော်ပါသေးရဲ့ကွာ၊ ငါ. . စပါးတန်းကို ရေလောင်းတဲ့အခါ သူ့အသိုက်ပေါ် ရေပေါက်တွေကျမှာပဲ၊ ဒါဆို ငါ့ကို ထွက်ပြီး ပေါက်မှာ သေချာတယ်၊ သမီးရေ. . သမီး. . အဖေ့ကို ကယ်ပြန်ပြီ၊ အဖေ့မှာ သမီးပေးတဲ့အသက်ပဲ ရှိတော့တယ်"

သူက သဘောအကျကြီး ကျသွားသည်။ အားပါးတရ အော်ဟစ်ရယ်မောသည်အထိ အူမြူးသွား၏။

"ဟား. . ဟား. . ငါ့သမီးက ဗိုက်ထဲကနေ ဟိုမြွေမကို နှင်ထုတ်လိုက်ပြီကွ၊ ဒါမှ အောင်မောင်းသမီး"

ကြိမ်းဝါးရင်း မေဝင်းအား ဖက်ထားလိုက်လေသည်။

* * *





**အခန်း- ၁၂**

အနီရောင်အင်ဖူး

"ကိုအောင်မောင်း. . ကိုအောင်မောင်း၊ ထတော့လေ၊ နေတောင် အတော်မြင့်နေပြီရှင့်"

မေဝင်းက အောင်မောင်းအား လှုပ်နှိုး၏။ အောင်မောင်းက မျက်လုံးများကို တစ်ဝက်ခန့်သာဖွင့်ရင်း. . . ။

"မေဝင်း. . ငါဝမ်းလျှောနေတယ်၊ ညက ထသွားရ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါးခါလောက်ရှိတယ်၊ အခု ငါ့တစ်ကိုယ်လုံး အားမရှိတော့သလို နွမ်းချိနေပြီကွ”

“ဟင်. . ဟုတ်လား၊ ဒါဖြင့် ကျွန်မရွာထဲသွားပြီး ဦးလေးဦးခင်အောင်ကို ပင့်ခဲ့မယ်၊ ရှင်ခဏစောင့်ဦးနော်. . ကိုအောင်မောင်း”

“ဖြည်းဖြည်းသွားနော်. . မေဝင်း၊ ရေးကြီးသုတ်ပျာလုပ်မနေနဲ့၊ တော်ကြာ ချော်လဲသွားဦးမယ်၊ မင်းက ကိုယ်ဝန်ဆောင်ဆိုတာ မမေ့နဲ့”

အောင်မောင်းက လေးလရှိပြီဖြစ်သော မေဝင်း၏ ဗိုက်အတွက် စိတ်မချနိုင်ပဲ မှာတမ်းခြွေ၏။ မေဝင်းက ခေါင်းတဆတ်ဆတ် ညိတ်ရင်း. . .။

“စိတ်ချပါ. . ကိုအောင်မောင်း၊ ကျွန်မသတိထားပြီး သွားမှာပါတော်”

မေဝင်းကပြောပြီး မျက်နှာသစ်ကာ ရွာဘက်ထွက်ခဲ့သည်။ သွားရင်းလာရင်းမှာပင် သူမနိုးခါနီး ကြားလိုက်ရသော သမီး၏ စကားသံကို ပြန်လည်ကြားယောင်လာ၏။

“အမေ. . အနီရောင်အင်ဖူးတွေက ယာခင်းနဲ့မဝေးလှတဲ့ ရေကန်ကြီးဘေးမှာ အများကြီးရှိတယ်၊ အပြင်ကကြည့်ရင် ရေကန်ကြီးဘေးမှာ အများကြီးရှိတယ်၊ အပြင်ကကြည့်





ရင် မတွေ့ရဘူး၊ အင်ပင်ပေါက်လေးတွေကို တောင်ပို့ကြီးက ကာကွယ်ပေးထားတယ်”

သူမက မျက်မှောင်ကုတ်သွားမိ၏။

“အနီရောင်အင်ဖူးရှိတဲ့ နေရာကို သမီးက ဘာလို့ပြောပြတာပါလိမ့်”

ထိုမေးခွန်း၏ အဖြေကို ဦးခင်အောင်က ပေးခဲ့သည်။

အောင်မောင်း. . အလွန်အကျွံ ဝမ်းလျှောနေကြောင်း ဦးခင်အောင်ကို သူမပြောလိုက်သောအခါ ဦးခင်အောင် မျက်လုံးမျက်ဆန်ပြူးသွားပြီး ခေါင်းတဖျင်းဖျင်း ကုပ်တော့သည်။

“ဟာ. . အဲဒါမှ ဒုက္ခပဲ၊ ငါ့ရဲ့ဝမ်းပိတ်ဆေးမှုန့်က ကုန်နေပြီ၊ အနီရောင်အင်ဖူးကိုလည်း ဒီတောထဲ ခုထိရှာမတွေ့သေးဘူး၊ ခက်တော့တာပဲကွာ”

သူက စိတ်ပျက်သွားပေမယ့် မေဝင်းက အားတက်သွား၏။

“အနီရောင်အင်ဖူး. . ဟုတ်လား၊ ဦးလေး”

“ဟုတ်တယ်. . မေဝင်း၊ ငါ့ရဲ့ အစွမ်းထက် ဝမ်းပိတ်ဆေးက အနီရောင်အင်ဖူးကို အခြောက်လှန်း၊ ထုထောင်းပြီး ရလာတဲ့ ဆေးမှုန့်ပေါ့၊ အဲဒါကို ရေနွေးနဲ့ ကျိုသောက်ရင် [illegible] ရှင်းပြီ”

“အင်ဖူးကို အခြောက်လှမ်းရဦးမှာဆိုရင်တော့ ကြာနေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့. . ဦးလေးရဲ့၊ ကိုအောင်မောင်းက အခုအိပ်ယာထဲမှာ တောင် ခွေနေပြီ”

ဦးခင်အောင်က ခေါင်းခါရမ်းလိုက်သည်။

“ဒါက အရေးမကြီးဘူး. . မေဝင်း၊ အင်ဖူးအစိမ်းကို ပါးပါးလှီးပြီး ဆီ၊ ဆား၊ ကြက်သွန်၊ နှမ်းလှော်တို့နဲ့ သုပ်ကျွေး လိုက်ရင်လည်း အဆင်ပြေတယ်၊ အရမ်းဝမ်းလျှောနေတာမ ဟုတ်ရင်တော့ အင်ဖူးကို တစ်ရေခမ်းအောင်ပြုတ်ပြီးမှ ပါးပါး လှီးပြီး သုပ်ကျွေးရတယ်၊ အခြောက်မလှမ်းမီလည်း သုံးလို့ရ တယ်။ ဒါက အရေးမကြီးဘူး၊ အရေးကြီးတာက အင်ပင်တွေ မရှိတော့တာပဲ၊ အားလုံး အခုတ်ခံလိုက်ရပြီ၊ ငါ. . တခြားတော တွေထဲ လိုက်ရှာရဦးမယ်”

မေဝင်း၏ မျက်လုံးအစုံ ဝင်းလက်တောက်ပသွား၏။ သူမက အားပါးတရ ပြုံးလိုက်၏။

“ဦးလေး. . အဲဒီလောက်ထိ အပင်ပန်းခံဖို့ မလိုဘူး၊ ဦးလေး! ကျွန်မ. . ဦးလေးပြောတဲ့ အနီရောင်အင်ဖူးတွေကို တွေ့ထားတယ်”

သမီးလေးအပေါ် အားကိုးယုံကြည်စိတ်ဖြင့် အတိအ ကျပင် ပြောလိုက်၏။ ဦးခင်အောင်လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

“ဘယ်မှာလဲ၊ ညည်း. . ဘယ်နေရမှာ တွေ့ခဲ့တာလဲ”

ဟုအငမ်းမရ မေး၏။ မေဝင်းက သူမမျက်စိဖြင့် ကိုယ်





တိုင်မြင်တွေ့ထားဟန်ဖြင့်. . .။

“ရေကန်ကြီးဘေးမှာ အင်ပင်ပေါက်လေးတွေရှိတယ်၊ အင်ရွက်စိမ်းစိမ်းကြီးတွေရဲ့ အလယ်မှာရှိတဲ့ အနီရောင်အင်ဖူး က တစ်မိုက်လောက်ရှည်တယ်၊ တောင်ပို့နဲ့ကွယ်နေလို့ ထင် ထင်ရှားရှားကြီး မမြင်ရတာ. . . ဦးလေးရဲ့”

“ဟာ. . ဒီလိုဆို ငါရွာသားသုံးလေးယောက်လောက် ခေါ်ပြီး သွားခူးမှပဲ၊ ကျေးဇူးတင်လိုက်တာ. . မေဝင်းရာ၊ ကဲ ကဲ. . ညည်း အောင်မောင်းဆီပြန်နှင့်ချေ၊ ငါအင်ဖူးခူးပြီး လာ ခဲ့မယ်”

“ကျွန်မပဲ သွားခူးလိုက်ပါ့မယ်. . ဦးလေး”

“ဟာ. . မသွားနဲ့၊ မသွားနဲ့၊ မတော်တဆ မြွေတွေနဲ့ တွေ့ပြီး အပေါက်ခံလိုက်ရရင် ညည်းဒုက္ခရောက်သွားမယ်”

“မရောက်ပါဘူး. . ဦးလေးရဲ့”

မေဝင်းက သူမ၏ဝမ်းဗိုက်ကို ငုံ့ကြည့်ပြီး ပြုံးရင်းပြော လိုက်မိသည်။

“ဟာ. . ဒီကလေးမ ဘာမှလည်းမသိဘူး၊ ကိုယ်ဝန် ဆောင်တွေ ပိုးထိရင် ဘာလက္ခာမှမပြဘူး၊ အေး. . မီးဖွားပြီး ရင်တော့ မြွေဆိပ်ပျံ့ပြီး ချက်ချင်းသေတာပဲ၊ ဗိုက်ထဲ သန္ဓေ သားရှိနေချိန်မှာတော့ သားဆိပ်က မြွေဆိပ်ကို တားထားလို့ ဘာမှမသိသာဘူးကွယ့်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဩော်မနေနဲ့၊ တို့ရဲ့ ဒီတောက သားကောင်ကြီးတွေ မရှိဘူး၊ မြွေတွေကတော့ ပေါသလားမမေးနဲ့၊ ညည်းဘာသာ အေးအေးဆေးဆေး ပြန်နေပါ၊ ငါအင်ဖူးတွေခူးပြီး ဝင်လာခဲ့ ပါ့မယ်"

"ကျေးဇူးပါပဲ. . ဦးလေးရယ်၊ ဒီလိုဆို ကျွန်မပြန်လိုက် တော့မယ်"

ဦးခင်အောင်က တပြုံးပြုံးဖြင့် ခေါင်းညိတ်၏။

"အေး. . လောလောဆယ်တော့ သကြားကို ရေဖျော် ပြီး တိုက်ထားချေ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

မေဝင်း. . ယာတဲထဲ ပြန်ရောက်တော့ အောင်မောင်း ကို အကြောင်းစုံပြန်ပြောပြလိုက်သည်။ အောင်မောင်းသဘော အကျကြီးကျသွား၏။

"ဟာ. . ငါ့သမီးက ဆေးလည်းကုတတ်တာကိုး၊ ဟား ဟား. . ဟား. . ဟား"

မကြာပါချေ။ သူတို့ထံသို့ ဦးခင်အောင်က တပြုံးပြုံး ဖြင့် ရောက်ရှိလာ၏။ သူနှင့်အတူ အနီရောင်အင်ဖူးအများအ ပြား ပါရှိလာလေသည်။

* * *





## အခန်း– ၁၃

လျှို့ဝှက်ချက်မဟုတ်တော့သည့် လျှို့ဝှက်ချက်

နွေဦးကာလသို့ ရောက်ရှိလာပေပြီ။ အောင်မောင်း နှင့်မေဝင်းတို့ လင်မယားသည် ယာတဲသို့ ပြန်ရောက်သည်နှင့် ထုံးစံအတိုင်း ဝှက်ထားသော သံဗူးလေးကို ထုတ်ယူကာ အ ဖုံးကိုဖွင့်ပြီး သန်းထိုက်ပတ္တမြားနှစ်ခဲကို ထုတ်ယူကြည့်ကြသည်။

ထိုစဉ်. . . ရုတ်တရက်. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . အစ်မ. . နင်တို့. . နင်တို့ ဒီပစ္စည်းတွေကို ဘယ်ကရလာတာလဲ"

ကျယ်လောင်သော စကားသံက ထွက်ပေါ်လာသည်။ အောင်မောင်းနှင့်မဝင်းတို့ ထိတ်လန့်တုန်လှုပ်စွာဖြင့် အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။ ဝါးလှေကားပေါ်မှ အပြေးအလွှားဆင်းလာသော မကြည်ကို တွေ့ရ၏။

မကြည်မှာ မဝင်း၏ ညီမအရင်းဖြစ်၏။ မကြည်သည် သူတို့အနီးသို့ အပြေးအလွှား ရောက်ရှိလာသည်။ မဝင်းက သူမလက်ဝါးပေါ်ရှိ သန်းထိုက်ပတ္တမြားနှစ်ခဲကို သံဗူးထဲ အမြန်ပြန်ထည့်ကာ အဖုံးပိတ်ပစ်လိုက်သည်။

"မကြည်. . ညည်းအပေါ်တက်ပြီး ဘာလုပ်နေတာလဲ"

"ငါ့ယောက်ျားနှင့်စကားများလာလို့ ဒီည ငါ. . နင်တို့ဆီမှာအိပ်မယ်ဆိုပြီး လာနေတာ၊ ကြည့်စမ်း. . နင်တို့မှာ ဒီပစ္စည်းတွေရှိတာ ငါ့တောင် အသိမပေးဘူး၊ ပြစမ်းပါဦးဟယ်"

မကြည်က မဝင်းလက်ထဲရှိ သံဗူးလေးကို လှမ်းယူ၏။ မဝင်းက သံဗူးကိုင်ထားသောလက်ကို ကိုယ်နောက်သို့ ဖျတ်ကနဲရွှေ့ပြီး အောင်မောင်းကိုကြည့်သည်။ အောင်မောင်းက သက်ပြင်းငွေ့ငွေ့ချပြီး ခေါင်းညိတ်ပြလိုက်သည်။ မဝင်း





က မကြည်ကို စိုက်ကြည့်ရင်း. . ။

"ဒီကိစ္စ. . ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေး၊ အဲဒီကတိပေးရင် ငါပြမယ်"

မကြည်က မျက်စောင်းရွယ်ပြီး. . ။

"ငါက နင့်ညီမအရင်းပါဟဲ့၊ ဒါမျိုးကိစ္စကို လျှို့ဝှက်ထားရမယ်ဆိုတာ ငါနားလည်ပါတယ်၊ နင်. . ဒီကတိတောင်းစရာတောင်မလိုဘူး၊ ဒီလိုကိစ္စမျိုးကို ငါက တခြားသူစိမ်းတွေကို ပြောပါ့မလား၊ စိတ်ချ. . ငါဘယ်သူ့ကိုမှ ပြန်မပြောဘူး"

"နင့်ယောက်ျားနှင့်ကလေးတွေရှေ့မှာလည်း မဟာရဘူးနော်"

"အေးပါဟယ်၊ ငါသတိထားပြီး နှုတ်စောင့်ပါ့မယ်၊ ကတိပေးတယ်၊ ငါ့ကိုပြတော့"

မဝင်းက စိတ်မသက်မသာဖြင့်ပင် သံဗူးလေးအား မကြည့်လက်ထဲ ထည့်ပေးလိုက်ရသည်။ မကြည်သည် နှုတ်ဖွာလွန်းသူတစ်ယောက်ဖြစ်၏။ သူမသိသမျှ ကိစ္စရပ်များအား ရင်ထဲမထားတတ်။ ယခု သူတို့၏ လျှို့ဝှက်ချက်ကို သူသိသွားပေပြီ။ မကြည်က ပတ္တမြားနှစ်ခဲကို ပါးစပ်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြင့် မျက်လုံးပြူးကြည့်ရင်း အသက်ရှူမြန်လာသည်။

"လှလိုက်တာဟယ်၊ အရောင်တွေတောင် ဖြာထွက်နေတယ်၊ တန်ဖိုးအတော်ရှိမယ်ထင်တယ်နော်"

"အတိအကျတော့ ဘယ်သိမလဲဟယ်၊ ငါတို့က နားလည်တဲ့သူတွေမှမဟုတ်ပဲ"

"ကြည့်လိုက်တာနဲ့ သိသာပါတယ်အေ၊ ငါ့ဟာ နားမလည်ပေမယ့် ကြားဖူးနားဝတော့ ရှိထားပါတယ်၊ ငါ့အထင် ပတ္တမြားဆိုတာ ဒါပဲဖြစ်မယ်. . အစ်မ"

မေဝင်းက မေကြည့်လက်ထဲက ပတ္တမြားနှစ်ခဲကို ပြန်ယူပြီး သံဗူးထဲ ပြန်ထည့်လိုက်သည်။

"ငါတို့လည်း အဲဒီလိုထင်လို့ သိမ်းထားတာ၊ ရန်ကုန်တက်ပြီး နားလည်တဲ့လူနဲ့ ပြကြည့်မလားလို့"

"ဟာ. . ပြရမှာပေါ့ အစ်မရဲ့၊ ဒါနဲ့ ဒါတွေကို နင်တို့ ဘယ်ကဘယ်လို ရလာတာလဲ၊ ပြောစမ်းပါဦးတော်"

"ငါတို့ပြောရရင် နင်ယုံချင်မှတောင် ယုံလိမ့်မယ်၊ ကိုအောင်မောင်း. . ဒီကိစ္စကို ရှင်ပဲပြောပြလိုက်ပါ"

မေဝင်းက အောင်မောင်းဆန္ဒ ဘယ်လိုရှိမှန်းမသိသ





ဖြင့် သူမခေါင်းရှောင်လိုက်သည်။ အောင်မောင်းက ခေါင်းညိတ်ပြီး. . ။

"ဒီလိုပေါ့. . ဟိုနှစ်ချို့ မြွေကြီးနှစ်ကောင်ရဲ့ အလောင်းကို ငါမီးရှို့လိုက်တာ နောက်ဆုံး ဒါတွေကျန်ခဲ့တာပဲ၊ ငါတို့ထင်တဲ့ ပတ္တမြားဟုတ်၊ မဟုတ်တော့ မသေချာဘူး၊ ဒီတစ်ခေါက် စပါးပေါ်ချိန်ရောက်မှ အခြေအနေကြည့်ပြီး လှုပ်ရှားရလိမ့်မယ်"

အောင်မောင်းက အမှန်တစ်ဝက်၊ အမှားတစ်ဝက် ပြောလိုက်သည်။ ဘာရယ်တော့မဟုတ်။ မေကြည်ကို ပြောပြနေစဉ် မတော်တဆ တခြားလူတွေ ကြားသွားမှာကို စိုးရိမ်မိသောကြောင့်ဖြစ်သည်။ အဖြစ်မှန်ကို ပြောပြရလျှင် တော်တော်နဲ့ ပြီးမည်မဟုတ်သဖြင့် ခပ်တိုတိုပင် ပြောလိုက်ခြင်းဖြစ်၏။ ဒီလောက်လေး အသိပေးလိုက်တာတောင် မေကြည်က အတော်အံ့သြနေပြီ။

"ဟယ်. . ဒီလိုဆို နှစ်ချို့မြွေတွေရဲ့ ကိုယ်ထဲမှာ ပတ္တမြားတွေရှိနေတာပေါ့. . ဟုတ်လား"

"ဒီလိုတော့ မဖြစ်နိုင်ဘူး. . ခယ်မရဲ့၊ မုဆိုးကြီးဖိုးတော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်ချို့မြွေတွေ ရတတ်တာပဲ၊ နှစ်ချို့မြွေတိုင်းရဲ့ ကိုယ်ထဲမှာ မရှိနိုင်တာ သေချာတယ်၊ ငါတို့တွေရတဲ့ မြွေကြီးတွေက မြင်တဲ့လူတိုင်း တအံ့တသြနဲ့ မူးမေ့သွားစေမတတ်ကို ကြီးတာ၊ လူကြိုတာလည်း အရမ်းပဲ၊ အဲဒီလိုမြွေမျိုး နောက်ထပ်တွေ့ရင် ခယ်မကို လာခေါ်မယ်. . သိလား"

"အမလေး. . တော်ပါတော့ ခဲအိုကြီးရယ်၊ ရှင့်ရဲ့ အစောင့်အရှောက်က မ,စတာဖြစ်ပါလိမ့်မယ်၊ ရှင်တို့က တကယ့်ကို ဘုန်းကံကြီးတဲ့ သူတော်ကောင်းတွေပဲ. . အစ်မ၊ နင်တို့တော့ ချမ်းသာပြီ၊ သိလား"

မေဝင်းက အလေးသိပ်မထားဟန်ဖြင့်. . .။

"မသေချာသေးပါဘူး. . မေကြည်ရယ်၊ ငါတော့ အရမ်းကြီး မမျှော်လင့်ထားဘူး၊ တော်ကြာ ရှုံးသွားမှာစိုးလို့"

မေကြည်က ရယ်မောရင်း မေဝင်းကို သူမအကျင့်အတိုင်း လှမ်းရိုက်၏။

"အစ်မကတော့ ပြောတော့မယ်၊ အစ်မ. . နင်ချမ်းသာသွားရင် ငါ့ကို မမေ့နဲ့နော်၊ ကြည့်ဦး"

"ကြည့်မှာပေါ့ဟဲ့၊ ငါ့မှာ သွေးသားရင်းဆိုလို့ နင်တစ်





ယောက်ပဲရှိတာ၊ အရေးကြီးတာက နင်နှုတ်လုံဖို့ပဲ၊ ငါစိတ်ချမယ်နော်"

"စိတ်ချ၊ ကဲ. . ငါတို့ ထမင်းစားရအောင်၊ ငါဗိုက်ဆာနေပြီ၊ ဘာဟင်းချက်ထားလဲ"

"ဝက်သားချက်ထားတယ်"

"ဒါပဲလား"

"ဒါဖြင့် ငါပဲ ထမင်းဝိုင်းပြင်လိုက်မယ်၊ နင်တို့ နားလိုက်ကြဦး"

အောင်မောင်းနှင့်မေဝင်းတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြသည်။

"မေဝင်း. . မင်း. . ခယ်မနှင့်အတူစားနှင့်၊ ငါ. . ရေချိုးပြီးမှ စားမယ်"

အောင်မောင်းက ပြောပြီး မေဝင်းလက်ထဲမှ သံပူးကို ယူကာ အပေါ်တက်သွား၏။ မေကြည်ကတော့ ထမင်းပွဲပြင်နေသည်။ မေဝင်းက သက်ပြင်းတစ်ချက်ချပြီး မေကြည်အနားသို့ လျှောက်သွားကာ ကူလုပ်ပေးရင်း သူမတို့၏ လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ မပေးမသိစေရန် အကြိမ်ကြိမ် ကတိတောင်း



www.burmeseclassic.com

www.burmeseclassic.com



၏။ မေကြည်က အကြိမ်ကြိမ် ကတိပေးခဲ့သည်။ သို့သော် သူမအကျင့်ကို မဖျောက်နိုင်ခဲ့ပါ။ နောက်ဆုံးတော့ သူမသိသော လျှို့ဝှက်ချက်မှာ တစ်ရွာလုံးကို သိသွားစေခဲ့သည်။

ထိုအခါ သိုက်တူးရန်ကြံစည်နေကြသော ဂိုဘင်တို့လူစု၏ လက်ထဲမှ အောင်မောင်းနှင့်မေဝင်းတို့ လွတ်မြောက်ရန် အသည်းအသန် ကြိုးစားကြရလေသည်။

* * *





## အခန်း- ၁၄

### ကယ်တင်ရှင်မြွေများ

မေဝင်းသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုလေး၏ မျက်လုံးအိမ်ကို တအံ့တသြ ငေးကြည့်နေမိသည်။ ထိုမျက်လုံးအိမ်ထဲ မပြတ်ပေါ်လာသော ပုံရိပ်များအနက် သူမကိုယ်တိုင် ပါဝင်ကြုံတွေ့ခဲ့ရ၍ သိနေသည်များရှိသလို သူမ, မသိ,မမြင်,မကြားခဲ့ရသော ဇာတ်ကွက်လေးများ



www.burmeseclassic.com

www.burmeseclassic.com



လည်း အပြည့်အစုံ ပါဝင်နေ၏။

အဖြစ်အပျက် အစအဆုံး အလုံးစုံကို ပြန်လည်ထုတ်ဖော်ပြနိုင်သည့် ထိုမျက်လုံးအိမ်ကို သူမအထူးအဆန်းဖြင့် အသေအချာ စိုက်ကြည့်နေစဉ် ပုံရိပ်များမှာ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ မေဝင်းက ပါးစပ်အဟောင်းသားဖြင့် ငေးငိုင်နေဆဲ။ မိန်းမပျိုလေးက မျက်တောင်ရှည်ရှည်ကော့ကော့များကို တဖျတ်ဖျတ်ခတ်လိုက်သည်။

"ဒီလောက်ဆို ရှင်. . ကျွန်မပြောတာတွေကို ယုံကြည်လက်ခံနိုင်မှာပါ၊ ရှင်. . အားလုံးကို နားလည်သွားပြီမဟုတ်လား"

မေဝင်းက သတိဝင်လာ၏။ သူမက သူမ၏ ဗိုက်အားတစ်လှည့်၊ လက်ထဲ၌ အခုတိုင် တင်းတင်းဆုပ်ထားသော သံဗူးလေးကို တစ်လှည့်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မနားလည်သွားပါပြီ. . ဆူဆီရီ"

မှန်ပါသည်။ အနက်ရောင်ဇာဝတ်စုံကို ဝတ်ဆင်ထားသော ထိုမိန်းကလေးမှာ လက်ရှိမြွေဘုရင်မ ဆူဆီရီဖြစ်သည်။ ဆူဆီရီက တစ်ချက်ပြုံးလိုက်၏။

"ဒါဆို. . ရှင်ဒီမှာပဲ စိတ်အေးလက်အေး အနားယူလိုက်ပါ"





မေဝင်းက ဦးခေါင်းအား ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

"မဖြစ်နိုင်တာရှင်၊ ကျွန်မက ဘယ်လိုလုပ် စိတ်အေးလက်အေး နေနိုင်မှာတဲ့လဲ"

ဆူဆီရီက မျက်မှောင်ကုတ်ရင်း မေဝင်းကို တစ်ချက်စိုက်ကြည့်၏။ နောက်မှ ခေါင်းအား ဆတ်ကနဲညိတ်ရင်း. . ။

"ဟုတ်သားပဲ၊ ရှင့်ရဲ့ ယောက်ျားအတွက် ရှင်စိုးရိမ်ပူပန်နေရမှာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မယောက်ျား ဟိုလူယုတ်မာတွေလက်က လွတ်ပါ့မလားမသိဘူး"

"ရှင်သိချင်ရင် ကျွန်မမျက်လုံးတွေကတစ်ဆင့် ပြပါ့မယ်၊ ကဲ. . . ကြည့်"

မေဝင်းက ဆူဆီရီ၏ မျက်လုံးအစုံကို စိတ်လှုပ်ရှားစွာဖြင့် စိုက်ကြည့်လိုက်၏။

ထိုအခါ. . . ။

* * *

အောင်မောင်းမှာ အားကုန်ပြေးလွှားနေ၏ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများမှာ စုတ်ပြဲနေ၏။ ပွန်းပဲ့ရာနှင့်ခြစ်ရာများက သူ၏ခန္ဓာကိုယ်အနှံ့အပြား၌ နေရာမလပ်။ ထို့အပြင် ညာဘက်ပခုံးပေါ်၌ ဓားဒဏ်ရာတစ်ချက် ရထား၏။

နီစွေးသော သွေးများက သူပြေးရာလမ်းကြောင်းတလျှောက်၌ ကျကျန်နေခဲ့သည်။ အသည်းခိုက်အောင် နာကျင်နေသည့် ဓားဒဏ်ရာကို သူဂရုမစိုက်နိုင်သေးပါ။ အသက်ရှင်နိုင်ရေးအတွက် နာကျင်မှုကိုလည်းကောင်း၊ မောပန်းမှုကိုလည်းကောင်း လျစ်လျူရှုထားရသည်။

သူ၏နောက်မှ လူငယ်နှစ်ယောက် ထပ်ကြပ်မကွာ ပြေးလိုက်နေ၏။ မြန်မာလူမျိုးများဖြစ်၏။ သို့သော် လူမျိုးခြားဘက်မှ ရပ်တည်၍ မြန်မာအချင်းချင်းကို သတ်ဖြတ်ရန် ကြိုးစားနေသော မြန်မာစိတ်ဓာတ်ကင်းမဲ့နေသူများဖြစ်သည်။

သူတို့၏ လက်ထဲရှိ ဓားရှည်များမှာ လရောင်အောက်တွင် တလက်လက် တောက်ပနေကြသည်။ ဓားကိုင်ထားသော သူတို့၏ မျက်နှာများပေါ်၌ အပြုံးရိပ်များ ထင်ဟပ်နေ၏။ ရက်စက်ကြမ်းကြုတ်လိုသော သွေးဆာသည့် အပြုံးမျိုးဖြစ်သည်။

"ပြေးစမ်း၊ ခင်ဗျားဘယ်လောက် ပြေးနိုင်သလဲဆိုတာ ကျုပ်ကြည့်စမ်းမယ်"

လူငယ်နှစ်ဦးအနက် အရပ်ပိုရှည်သော လူငယ်သည်





အောင်မောင်းနောက်သို့ ပြေးလိုက်ရင်း အော်ဟစ်ကြုံးဝါးလိုက်လေသည်။ ကျန်တစ်ဦးက သွားများပေါ်အောင်ပြုံးပြီး. . .။

"သူက ဒီတောဒီတောင်ကို သူတစ်ယောက်တည်းကျွမ်းတယ်ထင်နေတာ. . နန္ဒရဲ့၊ ငါတို့ ဆရာတပည့်တွေက ဒီတကြောကို မျက်စိမှိတ်သွားလို့ရတဲ့အထိ ကျင်လည်ခဲ့တာကို မသိရှာဘူးလေ"

နန္ဒဆိုသော လူငယ်က အော်ဟစ်ရယ်မောလိုက်၏။

"ဟား. . ဟား. . ဟား. . ဒါဟာ သူသေနေ့စေ့လို့ဖြစ်မှာပေါ့. . မင်းမင်းရဲ့၊ သနားဖို့ကောင်းလိုက်တာကွာ"

မင်းမင်းဆိုသော လူငယ်က ပြေးလွှားလိုက်ရင်းမှပင် ခေါင်းညိတ်လိုက်သည်။

"အမှန်ပေါ့ကွာ၊ အခု သူ့ပြေးအားက တဖြည်းဖြည်း အရှိန်လျှော့လာနေပြီ၊ ခြေထောက်တွေလည်း ယိုင်လာပြီ၊ မင်း သတိပြုမိတယ်မဟုတ်လား"

"လူကြီးနှင့်လူငယ်ဆိုတော့ သက်လုံကွာတာပေါ့ကွာ၊ သနားစရာပဲ၊ ကျွတ်. . . ကျွတ်"

သူတို့၏ လှောင်ပြောင်သံများကို အောင်မောင်းအ တိုင်းသာ ကြားနေရ၏။ သူ၏ရင်ထဲ အလွန်ပင် လေးလံနေ၏။ သူမြှားခေါ်ရာဘက်သို့ ထိုလူငယ်နှစ်ဦးသာ ပါလာပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခဲ့သည်။

သူ၏အကြံကို ရိပ်မိသွားဟန်ရှိသည့် ဂိုဘင်နှင့်ကျန်လူနှစ်ယောက်ကတော့ မေဝင်းကို တောနင်းရှာနေလောက်ပေပြီ။ ထိုလူများလက်မှ မေဝင်းလွတ်မြောက်စေဖို့ကို သူ့ရင်ထဲ အကြိမ်ကြိမ် ကြိတ်ဆုတောင်းနေရသည်။

သူ့ကိုယ်သူတော့ သေလူအဖြစ်သာ သတ်မှတ်ထားလိုက်ပြီ။ သူ့နောက်လိုက်လာသော နန္ဒနှင့်မင်းမင်းတို့မှာ အတိုက်အခိုက်၊အထိုးအခုတ် အလွန်ကျွမ်းကျင်တာကိုသူကောင်းစွာသိပြီးပြီမဟုတ်ပါလား။

ထို့အပြင် သူတို့သည် ဤတော၏ ရေမြေသဘာဝကို အသေအချာ သိထားကြ၏။ သူဘယ်လို လှည့်ပတ်ပြီး ပြေးပုန်းပုန်း မျက်ခြည်မပြတ် လိုက်လာနိုင်ခဲ့လေသည်။ ထိုအချက်က သူ့ကို သေစေရန် ဖန်တီးထားသည်လားမသိ။ ထိုသို့ ဖြစ်လိမ့်မည်ဟု သူလုံးဝမမျှော်လင့်ထားခဲ့ပေ။

ရွာသို့ရောက်တာ လပိုင်းမျှပင် ရှိသေးရုံဖြင့် ဤမျှတောကျွမ်းနေသည့်အချက်ကို သူပထမတော့ အံ့သြနေခဲ့လေသည်။ နောက်မှ သတိပြုမိသည်က ဂိုဘင်တို့သည် တောအနှံ့သွား၍ မြွေလိုက်ဖမ်းနေကျဖြစ်သည် မဟုတ်ပါလော။

“ငါ့မိန်းမက ကိုယ်ဝန်ကြီးနဲ့ ပြေးရလွှားရတာ၊ ဟိုလူ





ယုတ်မာတွေလက်က လွတ်ပါ့မလား၊ ဘုရား. . ဘုရား၊ သူတို့ မေဝင်းကို မတွေ့ကြပါစေနဲ့၊ တောစောင့်နတ်မင်းကြီးရေ. . . မေဝင်းကို ကယ်တင်ပေးပါ”

ပြေးရင်းလွှားရင်းဖြင့် စိတ်ထဲမှ ကြိတ်၍ ဘုရားတနေမိသည်။ ရင်ထဲ၌ တစ်စထက်တစ်စ ပို၍လေးလံလာသလို ခြေထောက်များကလည်း မသယ်ချင်အောင် လေးလံလာလေပြီ။

သူ့ရင်ထဲ မျှော်လင့်ချက် ကင်းမဲ့လာရသည်။ သူ့အတွက်က အရေးမကြီး။ သူ့ရင်သွေးကို လွယ်ထားရသည့် မေဝင်းအတွက်သာ အလွန်အမင်း စိုးရိမ်ပူပန်နေရသည်။ လမ်းခွဲပြေးဖို့ စီစဉ်ခဲ့သည့် သူ့ကိုယ်သူ အပြစ်တင်မိ၏။ အခုတော့ တစ်ယောက်အတွက် တစ်ယောက်စိတ်ပူနေရသည်က ပို၍ စိတ်ဝေဒနာတိုးစေသည်။

“ပြေးရင်းလွှားရင်း မေဝင်းတစ်ယောက် ချော်လဲနေမှဖြင့် ဒုက္ခပဲ၊ သူ. . ဂိုဘင်တို့လက်ထဲက လွတ်ဖို့တော့ မလွယ်ဘူး၊ သွားပြီ၊ ငါတို့ မိသားစုလေးတော့ သေဘေးနဲ့ ကြုံရတော့မှာပါလား”

ထိုအတွေးက စိတ်ထဲဝင်လာသည်နှင့် အောင်မောင်းရင်ထဲ မီးခဲမျိုထားရသလို အလွန်ပူလောင်လာမိသည်။ မျက်ရည်ကြည်တို့ ချက်ချင်းဝေ့တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန် ရုတ်တရက်. . .။

"မကြောက်နဲ့. . အောင်မောင်း၊ ကျွန်မတို့ ရှင့်ကိုကယ်တင်မှာပါ"

သူ၏နားတွင်းသို့ ဝင်ရောက်လာသော စူးရှသည့်အသံကြောင့် သူချက်ချင်းပင် အားတက်သွားသည်။ ထိုအသံမျိုးနှင့်သူ တရင်းတနှီးရှိပြီးသား။ သမီးလေး၏အသံနှင့်ဆင်သောအသံမျိုးဖြစ်သည်။ မယုံကြည်နိုင်လောက်အောင် ထူးဆန်းသော ဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ပြီးသော အောင်မောင်းက သူကြားရသော စကားသံအတွက် အထူးတလည် အံ့သြမနေတော့ပါ။

"ကျွန်တော်က အရေးမကြီးဘူး၊ ကျွန်တော့်မိန်းမကို ကယ်ပေးပါ"

သူက ယုံယုံကြည်ကြည်ပင် နှုတ်က ထုတ်ဖော်တိုင်တည်လိုက်သည်။

"ရှင့်မိန်းမအတွက် စိတ်မပူပါနဲ့၊ သူတို့သားအမိက လုံခြုံတဲ့ နေရာကို ရောက်နေပါပြီ၊ သန်းထိုက်ပတ္တမြားနှစ်ခဲလည်း သူတို့နှင့်အတူ ရှိနေပါတယ်"

နားထဲဝင်လာသည့် စူးရှရှစကားသံက ပီပီပြင်ပြင်ပင်။ သူ့တစ်ကိုယ်လုံး ခွန်အားပြည့်လာသလို ခံစားလိုက်ရသည်။





"ဒါဖြင့်လည်း ကျွန်တော့်ကို အမြန်ကယ်ပါဗျာ"

နှုတ်ခမ်းလှုပ်ရုံပြောလိုက်သည်။ အပြေးကိုတော့ မရပ်ရဲသေး။ နန္ဒနှင့်မင်းမင်းတို့က ဓားကိုယ်စီဖြင့် သူ့နောက်မ ထပ်ကြပ်မကွာ လိုက်နေသည်မဟုတ်ပါလော။

"စိတ်ချ၊ ရှင်. . ရှေ့တည့်တည့်ကို ဆက်မပြေးနဲ့၊ ညာဘက်ဘေးက ဆင်ခြေလျှောအတိုင်း လှိမ့်ချလိုက်၊ မကြောက်နဲ့၊ ရှင်. . ဘာအန္တရာယ်မှ မဖြစ်စေရဘူး၊ ကျွန်မခိုင်းတဲ့အတိုင်းသာ ယုံယုံကြည်ကြည်လုပ်ပါ"

"စိတ်ချ၊ ကျုပ်က ယုံကြည်ပြီးသားပါ"

အောင်မောင်းက စိတ်ထဲမှ ကြိတ်ပြောပြီး ချက်ချင်းပင် ဆင်ခြေလျှောထဲသို့ ခုန်ဆင်းလိုက်သည်။ ဘေးတိုက်အနေအထားဖြင့် ခုန်ဆင်းလိုက်ခြင်းဖြစ်၏။ သူ၏ ခန္ဓာကိုယ်မှာ ဆင်ခြေလျှောအတိုင်း ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်။

"အား"

သူအသည်းထဲ အေးကနဲဖြစ်သွားပြီး လန့်၍အော်မိလိုက်သည်။ သူ၏ ခန္ဓာကိုယ်သည် အတားအဆီးမဲ့စွာဖြင့် အောက်ဘက်သို့ တလိမ့်လိမ့်ကျသွား၏။ အောက်ခြေသို့ မရောက်မီမှာပင် သူသတိကင်းလွတ်သွားခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



နန္ဒနှင့်မင်းမင်းတို့က ခြေလှမ်းရပ်တန့်လိုက်ကြသည်။ 'အား'ကနဲ အော်ရင်း တလိမ့်လိမ့် ပြုတ်ကျသွားသော အောင်မောင်းကို လှမ်းကြည့်ပြီး ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက်ကြ၏။

"ဟား. . ဟား. . ဟား၊ အကြောက်လွန်ပြီးပြေးတာ ခြေချော်ကျသွားပြီ. . မင်းမင်းရေ"

နန္ဒက လက်ထဲရှိဓားကို မြေပေါ်ထိုးစိုက်ပြီး အောက်သို့ ငုံ့ကြည့်ကာ ပြောလိုက်သည်။ မင်းမင်းက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့်. . .။

"မရဏတိုင်းပြည်ကို သူ့စရိတ်နှင့်သူ သွားရှာပြီ၊ ငါတို့အပို့တောင် မစောင့်နိုင်တော့လို့ဖြစ်မှာပေါ့"

သူ၏စကားအဆုံး၌ ဟားတိုက်ရယ်မောလိုက်၏။ နန္ဒကလည်း သဘောကျစွာဖြင့် ရယ်မောလေသည်။ အတန်ကြာမှ မင်းမင်းက ရယ်မောခြင်းကို ရပ်တန့်လိုက်၏။

"ကဲ. . ငါတို့ ဆရာကြီးနောက်လိုက်ကြစို့"

"နေဦး. . မင်းမင်း၊ ဒီအဘိုးကြီး တကယ်သေနိုင်တဲ့ အခြေအနေရှိမရှိ ငါတို့ ဆင်းကြည့်ရင် ကောင်းမယ်ထင်တယ်"

"မလိုပါဘူးကွာ၊ ဒီလောက်အနက်ကို ကျမှတော့ သေ





သွားမှာပါ"

"အောက်ခြေမှာ ဘယ်လိုအခြေအနေရှိမှန်းမှ ငါတို့မသိတာ၊ တော်ကြာ ဆရာကြီးက ဆူနေဦးမယ်၊ တို့ဆရာကြီးအလုပ်လုပ်ရင် ဘယ်လောက်စေ့စပ်သေချာတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"သိပါတယ်ကွာ"

နန္ဒက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်။

"အေး. . ဒီတော့ ငါတို့ဘက်က အသေအချာပြောလို့ရအောင် အောက်ဆင်းကြည့်မှဖြစ်မယ်"

"ဘယ်လိုဆင်းမှာလဲကွ၊ ညဘက်ကြီးကို"

"နွယ်ကြိုးကိုသုံးပြီး ဆင်းမှာပေါ့ကွ၊ နွယ်ကြိုးသွားရှာခဲ့. . မင်းမင်း၊ ငါဆင်းကြည့်လိုက်မယ်"

မင်းမင်း၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

"မင်းကတော့ကွာ"

ထိုမျှသာဆိုပြီး သူလှည့်ထွက်လာသည်။ နန္ဒက အလွန်စေ့စပ်သေချာပြီး ဆရာကြီးဂိုဘင်ခိုင်းသမျှကို တသွေမှတိမ်းလုပ်တတ်တာကို သူသိသည်။ ယခုလည်း အပင်ပန်းခံကာ ဆင်ခြေလျှောထဲဆင်းကြည့်ရန် ပြင်ဆင်နေပြန်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးစွာပင် နွယ်ကြိုးခုတ်ရန် ထွက်ခဲ့သည်။ နွယ်ကြိုး အများအပြားရှိသည့်နေရာကို သူသိထားပြီးသား။ ယခုနေရာ နှင့်အနည်းငယ်ဝေး၏။

ရုတ်တရက် . . ။

သူ၏ ခြေလှမ်းများ တုန့်ကနဲ ရပ်တန့်သွား၏။ တော လမ်းကလေးပေါ်တွင် ပက်လက်ငြိမ်သက်နေသော မိန်းက လေးတစ်ယောက်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။ မျက်နှာလေးက သူ့ဘက်လှည့်နေသည်။ မိန်းမလှလေးတစ် ယောက်ပင်ဖြစ်၏။ ခန္ဓာကိုယ်ကလည်း လှပကြော့ရှင်းနေ၏။ မင်းမင်းရင်ထဲ အတိုင်းအဆမဲ့ လှုပ်ရှားသွားသည်။ လရောင် အောက်ရှိ မိန်းမလှလေးကို သူသတိလက်လွှတ် ငေးကြည့်နေ မိသည်။

ထိုစဉ် . . ။

"အင်း . . . အဇ်း"

မိန်းကလေးက ညည်းညူရင်း လှုပ်ရှားလာသည်။မျက် လုံးလေးများ တဖြည်းဖြည်းပွင့်လာသည်။ သူမအား ငေးကြည့် နေသော မင်းမင်းကိုမြင်တော့ အထိတ်တလန့်ဖြင့် မြေပေါ် လက်တစ်ဖက်ထောက်၍ ကမန်းကတမ်း ထထိုင်၏။





"အဟွတ် . . ဟွတ်၊ ရှင် . . ရှင်က လူဆိုးလား၊ လူ ကောင်းလား"

ကြောက်ကြောက်ရွံ့ရွံ့ဖြင့်မေးသော အသံစူးစူးလေး က တုန်ယင်နေရှာသည်။ ပထမတုန်းက မင်းမင်းတစ်ယောက် ညကြီးမိုးချုပ် တောထဲ၌တွေ့ရသော မိန်းမလှလေးကို လန့်နေ ခဲ့မိသည်။ အခု သူမက သူ့ကို လန့်နေပုံရတာကိုတွေ့ရမှ စိတ် အေးသွား၏။ ပျော်ရွှင်မှုက ရင်ထဲစိမ့်ဝင်လာသည်။ သူကပြုံး ရင်းမှ . . ။

"မကြောက်ပါနဲ့၊ ကျွန်တော်က လူကောင်းပါ၊ ဒီက ညီမက ဘာအခက်အခဲ ဖြစ်နေလို့လဲ . . ဟင်"

"ကျွန်မ . . ကျွန်မ . . ပထွေးရန်ကိုကြောက်ပြီး အဝတ် တစ်ထည်၊ ကိုယ်တစ်ခုနှင့်ထွက်ပြေးလာတာ၊ မင်းလွင်ကုန်းရွာ က အဒေါ်ဆီသွားမလို့၊ လမ်းမှာ အဖျားကြီးပြီး သတိလစ်နေ တာပါ၊ ကျွန်မ . . ကျွန်မကို ကူညီပါ . . အစ်ကိုရယ်"

တိုးဖျော့သော လေသံလေးဖြင့် စကားဆိုရင်း သူမ ထရပ်ရန် ကြိုးစားကြည့်၏။ မဟန်နိုင်ပဲ ပြန်လဲကျသွားရှာ၏။

"အို"

မင်းမင်း . . ဓားအားပစ်ချပြီး သနားစရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးကို ပြေး၍ပွေ့လိုက်သည်။

ရုတ်တရက်. . . ။

မိန်းကလေးက ပါးစပ်အား ဟလိုက်ရာ အပေါ်သွားနှစ်ချောင်းမှာ ရှည်ထွက်လာပြီး လျှာကလည်း ရှည်ထွက်လာကာ နှစ်ခွဖြစ်သွား၏။ သူမ၏ နှာခေါင်းမှာလည်း ရှေ့သို့ထိုးထွက်လာကာ မျက်နှာပုံစံ ချက်ချင်းပြောင်းသွားသည်။ ဆံပင်ရှည်များ ပျောက်ကွယ်သွားသောအခါ သတ္တဝါတစ်ကောင်၏ပုံက ပီပီပြင်ပြင် ထွက်ပေါ်လာသည်။ မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းပင်ဖြစ်၏။

တဆက်တည်းမှာပင် သူမ၏ ခန္ဓာကိုယ်ကလည်း အကြေးခွံများပြည့်နှက်နေသော မြွေတစ်ကောင်၏ ရှည်မျောမျောပုံစံအဖြစ် ပြောင်းလဲသွားသည်။ ထိုသို့ ပြောင်းလဲသွားသည့်အချိန်ကာလမှာ အလွန်တိုတောင်းလှ၏။ မျက်စိတမှိတ်မျှသာကြာလေသည်။

ချက်ချင်းလိုလို ပြောင်းလဲသွားသော မြင်ကွင်းက မင်းမင်းကို အသက်ရှူရပ်မတတ် ထိတ်လန့်သွားစေ၏။ သူသည် ပွေ့ထားမိသော မြွေ၏ ကိုယ်လုံးကြီးကို တအားတွန်းရင်းဖြင့် နောက်သို့ ဆုတ်လိုက်သည်။





သို့သော် သူ၏ကြိုးစားမှုက အရာမထင်ပါချေ။ မိန်းမလှလေးအဖြစ်မှ ချက်ချင်းပြောင်းလဲသွားသော မြွေမကြီးက သူ၏ လည်မျိုကို မိမိရရ ကိုက်ခဲပစ်လိုက်နိုင်သည်။ မင်းမင်း၏ မျက်လုံးအစုံမှာ ပြာဝေသွား၏။ သူသည် အသံပင်မထွက်နိုင်ပါ။ မြွေမကြီးက လွှတ်လိုက်သောအခါ မင်းမင်း၏ ခန္ဓာကိုယ်မှာ အသက်ကင်းမဲ့လျက် မြေပေါ်သို့ လဲပြိုကျသွား၏။

“ဝုန်း”

ယင်းအချိန် နွယ်ကြိုးသွားခုတ်သည့် မင်းမင်းအားစောင့်နေသော နန္ဒမှာ အစိမ်းရောင်ဇာဝတ်စုံအား ဝတ်ဆင်ထားသည့် အလွန်ချောမောလှပသော မိန်းကလေးကို တအံ့တသြ ငေးငိုင်ကြည့်နေလေ၏။

သူ့တသက်နှင့်တကိုယ်တွင် ဤမျှချောမောလှပပြီး ဆွဲဆောင်နိုင်စွမ်းရှိသော မိန်းကလေးမျိုးကို မတွေ့မမြင်ခဲ့ဖူးပါ။ သူသည် အရာအားလုံးကို မေ့လျော့လျက် မိန်းကလေးကိုသာ သတိလက်လွှတ် ငေးမောကြည့်နေမိ၏။

မိန်းကလေးက သူ၏ မျက်လုံးအစုံကို ညို့မာတ်ပြင်းသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ခပ်နွဲ့နွဲ့လေးလျှောက်လာသည်။ တဖြည်းဖြည်း သူနှင့်နီးကပ်လာတော့မှ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သူသတိဝင်လာပြီး မြေပေါ်စိုက်ထားသော ဓားကို ဆွဲထုတ်ပြီး နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်သည်။

"မင်း. . မင်း. . ဘယ်သူလဲ"

မိန်းကလေး၏ ခြေလှမ်းများ ရပ်တန့်သွား၏။

"ရှင်က နန္ဒဆိုတာလား"

နန္ဒအံ့သြသွား၏။ သူတစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးသော မိန်းကလေးက သူ့နာမည်ကို သိနေသည့်အတွက် ထိတ်လန့်တုန်လှုပ်မှုလည်း ဖြစ်သွားရသည်။ သူက ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း စိတ်အားတင်းထားလိုက်၏။

"အထူးအဆန်းပဲ၊ မင်းက ငါ့နာမည်ကို ဘယ်လိုလုပ်သိနေတာလဲ"

"မင်းမင်းဆိုတဲ့ လူတစ်ယောက်က ကျွန်မကို ပြောခိုင်းလိုက်တယ်၊ သူ့ဆီကို အမြန်လာပါတဲ့၊ သူပိုးထိသွားလို့"

"ဘာ. . မင်းတကယ်ပြောတာလား၊ မင်းကို ငါမယုံဘူး၊ မင်းဘယ်သူလဲ. . ပြောစမ်း"

မိန်းကလေးက နှုတ်ခမ်းဖူးဖူးလေးအားစူပြီး ခြေတစ်ဖက်ဆောင့်လိုက်၏။

"မပြောဘူး၊ ရှင်မယုံရင် သွားကြည့်၊ ဟိုဘက်က လမ်း





ကွေ့လေးမှာ မင်းမင်းဆိုတဲ့လူရှိတယ်၊ သေနေပြီလားတောင် မသိဘူး"

နန္ဒ. . ဓားအား ရှေ့သို့ဆန့်ထုတ်ရင်း မိန်းကလေးကို ကျော်ကာ လမ်းကွေ့လေးဘက်သို့ ခပ်သွက်သွက်လျှောက်ခဲ့သည်။ ဓားအား အသင့်အနေအထားဖြင့် ကိုင်ရင်း သတိကြီးစွာဖြင့် လျှောက်လာရာ တစ်နေရာအရောက်၌ မင်းမင်း၏ဓားကို တွေ့ရ၏။

ဓားနှင့်မလှမ်းမကမ်း၌ လဲကျငြိမ်သက်နေသော မင်းမင်း၏ အသားအရေပေါ်၌ ခရမ်းရင့်ရောင်အကွက်များ ရှိနေသည်ကို အထင်းသား တွေ့မြင်နေရသည်။ နှာခေါင်းနှင့်နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်တို့မှ သွေးမည်းများ စီးကျနေဆဲ။ နီရဲပြီး ပြူးထွက်နေသော မျက်လုံးအစုံကို မြင်ရုံဖြင့် မင်းမင်းအသက်မရှိတော့မှန်း နန္ဒသိလိုက်သည်။

"ဟာ"

ယင်းအချိန်. . . ရုတ်တရက်. . . ။

"ဝှီး"

သစ်ပင်ကြီးအောက်ရှိ အမှောင်ထုထဲမှ အရွယ်ကြီးမားလှသော မြွေမကြီးတစ်ကောင် သူ့ထံသို့ လျှပ်တပြက် ခုန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာကို သတိထားနေသူမို့ ချက်ချင်းတွေမြင်၍ ဓားကို ဝှေ့ရမ်းကာကွယ်ရင်း နောက်သို့ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်နိုင်သည်။

နန္ဒတစ်ယောက် ထူပူတုန်လှုပ်သွား၏။ သို့သော် အတွေ့အကြုံရင့်ကျက်သူဖြစ်သည့်အလျောက် စိတ်ကို ထိန်းချုပ်ပြီး သူ့ထံသို့ တိုးဝင်လာသော မြွေမ၏ ပါးပျဉ်းကို ဓားဖြင့်ထိုးစိုက်လိုက်သည်။

မြွေမက ခေါင်းကို ဘယ်ဘက်သို့ တိမ်းရှောင်ပြီး နန္ဒ၏ ခြေထောက်ကို ကိုယ်လုံးရှည်ကြီးဖြင့် ရိုက်၏။ နန္ဒက အပေါ်သို့ ခုန်တက်ကာ ရှောင်တိမ်းလိုက်သည်။ ထိုနောက် သူ့ထံတိုးဝင်လာသော မြွေ၏ဦးခေါင်းကို စလွယ်သိုင်း၍ ခုတ်ချလိုက်သည်။

နန္ဒ၏ လျင်မြန်ဖျတ်လတ်မှုကြောင့် မြွေမမှာ ပေါက်ခွင့်မသာပဲ နောက်သို့ ပြန်ဆုတ်သွားသည်။ နန္ဒကလည်း ဓားအား အသင့်အနေအထားဖြင့် ကိုင်ရင်း နောက်သို့တစ်လှမ်းချင်း ပြန်ဆုတ်လာသည်။

ထိုစဉ်. . . ရုတ်တရက်. . .။

"ဝှီး. . . ဝှစ်"





လေတိုးသံနှင့်အတူ သူ၏ခြေထောက်ကို အစိမ်းရောင်တောက်ပနေသော မြွေအမြီးတစ်ခုက လျှပ်တပြက် ရစ်ပတ်ကာ ဆောင့်ဆွဲလိုက်စဉ် နန္ဒက ဓားဦးဖြင့် ထိုအမြီးကို ထိုးစိုက်လိုက်၏။ မိမိရရ ထိုးစိုက်မိသွား၏။ နီရဲသောသွေးများ စိမ့်ထွက်လာသည်။ မြွေအမြီးမှာ လူးလွန့်သွားပြီး ပျောက်ကွယ်သွားသည်။

နန္ဒမှာ မြွေနှစ်ကောင်၏ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းကို ခံနေရပေပြီ။ သူ့ရင်ထဲ အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။ သူ. . လက်နှစ်ဖက်စလုံးကို မြင်နိုင်သည့် အနေအထားရောက်အောင် ချက်ချင်းပြောင်းလိုက်သည်။

ထိုအခါ သူ့အား နောက်မှ အလစ်ဝင်တိုက်သည့် ကြီးမားလှပသော မြွေစိမ်းစိမ်းကြီးနှင့် သူဦးစွာတိုက်ခိုက်ခဲ့ရသော အဝါရောင်နှင့်အမည်းရောင်အရစ်များဖြင့် လှပသည့် မြွေမတို့က ပါးပျဉ်းများထောင်ရင်း သူ့ထံသို့ ချဉ်းကပ်လာသည်ကိုတွေ့ရ၏။

သူ. . လမ်းဘေးရှိ သစ်ပင်များကြားသို့ ပြေးဝင်လိုက်သည်။ သစ်ပင်များမှာ ကြီးမားပြီး အရွက်အခက်များ ထူထပ်လွန်းသဖြင့် ဘာမှမမြင်ရအောင် မည်းမှောင်နေ၏။ သ[illegible]များ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပြုလုပ်လိုက်မိပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

အတွင်းဘက်၌ သစ်ပင်ကြီးများ ရှုပ်ထွေးစွာပေါက်နေ၍ အမြန်မပြေးနိုင်။ မှောင်နှင့်မည်းမည်းမှာ နောက်က ထပ်ကြပ်မကွာလိုက်လာသော မြွေမနှစ်ကောင်လက်မှ သူဘယ်လိုမှ မလွတ်မြောက်နိုင်တော့တာကို တုန်လှုပ်ချောက်ချားစွာတွေးမိ၏။ သို့သော် သူအားတင်းကာ ကြိုးစားပြေးနေ၏။

ဓားကို ရှေ့သို့ဝှေ့ရင်း ပြေး၏။ ဓားက သစ်ပင်တစ်ခုကို ထိခုတ်မိလျှင် ထိုနေရာကို ရှောင်၍ပြေးရ၏။ ထိုသို့ပြေးနေရင်း သူ၏ မျက်စိထဲတွင် သူသတ်ခဲ့ဖူးသော လူများသည် သွေးသံရဲရဲဖြင့် သူ၏ရှေ့မှ ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့မြင်သွားသည်။

သူ၏ခြေလှမ်းများ တုန့်ကနဲ ရပ်တန့်သွား၏။ သူသတ်ခဲ့မိသော လူများက ကြောက်လန့်ဖွယ်ရာ အပြုံးကိုယ်စီဖြင့် သူ့ထံသို့ ရွေ့လျားလာတာကို ခြောက်ချားဖွယ်ရာ တွေ့ရ၏။ တုန်လှုပ်ချောက်ချားမှု၏ လွှမ်းမိုးမှုအောက်၌ နန္ဒတစ်ယောက် ဆောက်တည်ရာမရအောင် ကြောက်ရွံ့သွားသည်။ သူသည် သွေးရူးသွေးတန်းဖြင့် နောက်သို့ ပြန်လှည့်ပြေး၏။

ထိုအခါ သူ၏နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာ





သော မြွေမနှစ်ကောင်က သူ၏ရင်အုံတစ်ဖက်စီကို တပြိုင်နက် ပေါက်ချလိုက်သည်။

"အား"

* * *

ယင်းအချိန် မြွေလေးကောင်၏အလယ်၌ ဂိုဘင်နှင့် သူ၏တပည့်များဖြစ်သော အန်းကျီနှင့်ချွတ်စတင်းတို့ ရောက်ရှိလာကြသည်။ လှပကြီးမားလွန်းသော မြွေမကြီးများက တရှုးရှုးနှာမှုတ်ရင်း သူတို့အနားသို့ ချဉ်းကပ်လာကြသည်။

ဂိုဘင်တို့က အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားခြင်းမရှိပါ။ ဂိုဘင်က သာမန်ထက်အနည်းငယ်ပိုကြီးသော ပုလွေတစ်ချောင်းကို ထုတ်ပြီး တင်ပခွေထိုင်ချကာ ပုလွေအားနှုတ်ခမ်း၌တေ့ရင်း စတင်မှုတ်တော့သည်။ အန်းကျီနှင့်ချွတ်စတင်းတို့က ဓားရှည်ကိုယ်စီဖြင့် ဂိုဘင်အား ကာကွယ်ပေးရန် အသင့်ပြင်ထားကြသည်။ ဂိုဘင်၏ ပုလွေသံက မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာ၏။

မြွေမကြီးများက ပုလွေသံ၌ ယစ်မူးခြင်းမရှိပဲ အန်းကျီ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ချွတ်စတင်းတို့ထံ လျှောကနဲ တိုးဝင်လာကြသည်။ အန်းကျီနှင့်ချွတ်စတင်းတို့က ဓားရှည်ဖြင့်လည်းကောင်း၊ ဓားအိမ်ဖြင့်လည်းကောင်း ရိုက်ပုတ်တုန့်ပြန်တိုက်ခိုက်လျှင် နောက်သို့ပြန်ဆုတ်သွားကြပြီး အခွင့်အရေးကို ချောင်းနေပြန်၏။

ထိုစဉ် ဂိုဘင်က ပုလွေသံစဉ်ကို တစ်ဆင့်ထပ်တိုးမှုတ်၏။ မထူးခြားသေး။ နောက်တစ်ဆင့်သို့ မြှင့်လိုက်သောအခါ အနည်းငယ် လှုပ်လှုပ်ရှားရှားဖြင့် ပုံစံပျက်လာကြသည်။ ပုလွေမှုတ်နေသော ဂိုဘင်၏ မျက်လုံးအစုံမှာ အရောင်တောက်ပနေ၏။ သူ့မျက်စိရှေ့ရှိ မြွေမကြီးများမှာ သာမာန်မြွေများမဟုတ်ပဲ သူလိုချင်နေသော သိုက်မြွေများဖြစ်ကြောင်း သူသိရှိနေပြီမဟုတ်ပါလော။

ထိုအချက်ကို အန်းကျီနှင့်ချွတ်စတင်းတို့သည် ရိပ်မိသွားသည်။ ထိုအခါ ဂိုဘင်ပေးထားသော 'နဂါးနိုင်ဆေးမှုန့်' ကိုသူတို့၏ ဓားဖြင့် အမြန်သုတ်လိမ်းကြသည်။ ထိုဆေးမှုန့်၏ အနံ့မှာ သင်းထုံကြိုင်လှိုင်လွန်း၏။

မြွေမများထံမှ အသံမျိုးစုံ ထွက်ပေါ်လာကြ၏။ ယင်းအချိန် ဂိုဘင်က လွမ်းမောဖွယ်တေးသွားတစ်ပုဒ်ကို ပြောင်း၍မှုတ်၏။ သူ့တပည့်များက 'နဂါးနိုင်ဆေးမှုန့်'တချို့ကို လေ





ထဲသို့ ပက်ဖျန်းလိုက်သည်။ ဝန်းကျင်တစ်ခုလုံးကို ထုံအီသောအမွှေးနံ့က ဖုံးလွှမ်းသွား၏။

မြွေမလေးကောင်အနက် အဝါရောင်ရှိသော မြွေမ၏ ပါးပျဉ်းမှာ အောက်သို့တဖြည်းဖြည်း ငိုက်ဆင်းသွားသည်။ကျန်မြွေသုံးကောင်က တစ်နေရာစီ ခွဲထွက်ကာ အမြန်ပြေးသွားကြသည်။

ထိုစဉ် ဂိုဘင်က ကြည်နူးဖွယ်ရာ သံစဉ်ကို ပြောင်းမှုတ်၏။ အဝါရောင်မြွေမ၏ ပါးပျဉ်းမှာ တဖြည်းဖြည်း ပြန်ထောင်ရင်း ယိမ်းနွဲ့လာသည်။ အန်းကျီနှင့်ချွတ်စတင်းတို့သည် အနီရောင်ပိုးကြိုးတစ်စစီကို ဆွဲထုတ်ပြီး နှစ်ခုကိုဆက်၍ ချည်လိုက်သည်။ ထိုနောက် ကြိုးစတစ်ဖက်စီကို ကိုင်ပြီး နူးနူးညံ့ညံ့ ငြင်ငြင်ယာသာ ယိမ်းနွဲ့နေသော မြွေမ၏ တစ်ဘက်တစ်ချက်စီသို့ ချဉ်းကပ်သွား၏။ ကျန်လက်တွေကတော့ ဓားကို အသင့်ကိုင်ထားလိုက်သည်။

ယင်းအချိန်. . . ရုတ်တရက်. . . ။

"ကယ်ကြပါဦးရှင်"

"ကယ်ကြပါဦး"

အော်ဟစ်သံနှင့်အတူ ပြေးလွှားလာကြသော မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ အလွန်ချောမောလှပသော မိန်းကလေးနှစ်ယောက်၏နောက်မှ ကြီးမားသော မြွေမကြီးတစ်ကောင် ပါးပျဉ်းထောင်ရင်း လိုက်ပါလာသည်။ အန်းကျီနှင့်ချွတ်စတင်းတို့မှာ မိန်းမလှလေးများအတွက် အလွန်စိုးရိမ်သွားကြရသည်။ အန်းကျီက သူရဲကောင်းတစ်ဦး၏ ရဲရင့်ဟန်ဖြင့် . . . ။

"ဟေ့ . . ညီမ၊ ဒီကိုလာခဲ့"

သူ၏ ခေါ်သံမဆုံးမီ ချွတ်စတင်း၏ အသံက ကြားဖြတ်ထွက်ပေါ်လာသည်။

"ဒီကိုသာ အမြန်ဆုံးအရောက်လာခဲ့၊ ဒီကိုရောက်တာနဲ့ ညီမတို့ရဲ့ အန္တရာယ်က လွတ်ပြီမှတ်"

ချွတ်စတင်း၏ အော်ဟစ်ဖိတ်ခေါ်သံအဆုံး၌ ဂိုဘင်က ပုလွေမှုတ်ခြင်းကို ရပ်တန့်ပြီး ကပျာကယာ လှမ်း၍ဟန့်တားသည်။

"ဟေ့ . . အဲဒီမိန်းကလေးကို အနားအကပ်မခံနဲ့"

စဉ်းစားဆင်ခြင်ဉာဏ်မရှိသော အန်းကျီနှင့်ချွတ်စတင်းတို့ ကြောင်အမ်းအမ်းဖြစ်သွားစဉ် သူတို့၏ ရင်တွင်းသို့ မိန်းကလေးတစ်ယောက်စီ တိုးဝင်လာပြီး ပွေ့ဖက်လိုက်ကြသည်။





တစ်ဆက်တည်းမှာပင် သူမတို့သည် ပါးစပ်များကိုဟကာ သူတို့၏ လည်ပင်းများကို ကိုက်ချလိုက်ကြသည်။

ထိုမိန်းကလေးများ ပါးစပ်ဟလိုက်ရာ ချက်ချင်းပေါ်လာသော မြွေစွယ်နှစ်ချောင်းတို့က အန်းကျီနှင့်ချွတ်စတင်းတို့၏ လည်ပင်းများထဲသို့ နစ်ဝင်သွားကြသည်။

"အ"

"ခြွမ်း"

"အင့်"

"ခြွင်"

အန်းကျီနှင့်ချွတ်စတင်းတို့က မသဲမကွဲ ညည်းညူရင်း ခန္ဓာကိုယ်များ တဆတ်ဆတ် တုန်ခါသွားကြသည်။ ဓားများလည်း လွတ်ကျသွား၏။ သူတို့သည် ဂိုဘင်ဘာကြောင့် တားရသည်ကို နားလည်သွားကြသည်။ သို့သော် အလွန်နောက်ကျမှ သိလိုက်ရခြင်းဖြစ်၏။

မိန်းကလေးများက သူတို့အား တွန်းခွာလိုက်သည်နှင့် မြေပြင်ပေါ်သို့ တောင့်တောင့်ကြီး လဲပြိုသွားကြသည်။ ပြူးကျယ်နေသော သူတို့၏ မျက်လုံးအစုံ၌ မယုံကြည်နိုင်ခြင်းအံ့သြခြင်းနှင့်ထိတ်လန့်ခြင်းများ ပြည့်နှက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း၊ ဒီလောက်ပညာလေးနဲ့များ ငါတို့ကို ဒုက္ခပေးလို့ ရမတဲ့လား"

အန်းကျီအား သတ်လိုက်သော မိန်းမပျိုလေးက ပြော လိုက်ခြင်းဖြစ်သည်။ ထိုနောက် မျှင်းမျှင်းကလေး ရယ်မော လိုက်သည်။ လှောင်ပြောင်ခြင်းက သူမရယ်မောသံလေးမှာ အပြည့်အသိပ် ပါဝင်နေ၏။

ကျန်မိန်းကလေးက မိန်းမောနေသော အဝါရောင်မြွေ ကြီးကို ပွေ့မပြီး ပြန်ထွက်သွား၏။ ထိုစဉ် ဂိုဘင်က လက်တစ် ဖက်ဖြင့် ပုလွေကိုမှုတ်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်သွား လေသည်။

"ရှင်. . ပြေးလို့မလွတ်ပါဘူးလေ"

မိန်းကလေးက ခြိမ်းခြောက်စကားဆိုရင်း ဂိုဘင်ထံသို့ ပြေးလွှားသွား၏။ သူမသည် ပြေးရင်းလွှားရင်းဖြင့် လူပုံစံလုံးဝ ပျောက်ကာ ပါးပျဉ်းထောင်ရင်း ရွေ့လျားနေသော မြွေမကြီး တစ်ကောင်အဖြစ် ပြောင်းလဲသွားသည်။

ထိုစဉ် အဝါရောင်မြွေမနှင့်အတူ မြွေမတစ်ကောင် အတူတကွ ပြန်လည်ရောက်ရှိလာသည်။ ထိုမြွေနှစ်ကောင်မှာ ကျန်မြွေတစ်ကောင်နှင့်အတူ ဂိုဘင်ထံသို့ ရွေ့လျားသွားသော





မြွေမနောက်သို့ လိုက်ပါသွားကြ၏။

ဂိုဘင်သည် ပုလွေသံစဉ်အား မြင့်တင်ရင်း 'နဂါးနိုင် ဆေးမှုန့်'ကို လေထဲပက်ဖျန်းလိုက်သည်။ သင်းထုံအီသောအ နံ့က ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ ဂိုဘင်ထံသို့ ပြေးလွှားလာသော မြွေမကြီးများမှာ တုံ့ဆိုင်းဆိုင်းဖြစ်သွားကြ ၏။ ထိုနောက် အတော်ဝေးဝေးသို့ ဆုတ်သွားကြသည်။

ယင်းအချိန် ဂိုဘင်သည် ချာကနဲလှည့်ကာ ပြေးလွှား သွား၏။ သင်းထုံအီသော အနံ့များ ပျောက်ကွယ်သွားတော့မှ မြွေမကြီးများက တရှိန်ထိုး ရွေ့လျားလိုက်ပါသွားကြသည်။

ပြေးလွှားနေသော ဂိုဘင်၏ ခြေလှမ်းများ တုန့်ကနဲ ရပ်သွား၏။ သူ၏ ပြေးလမ်းပေါ်၌ အဝါ,အဖြူနှင့်အမည်းရစ် များဖြင့် လှပနေသော မြွေမကြီးနှင့်အစိမ်းရောင်တောက်ပနေ သော မြွေမကြီးတို့က ပိတ်ဆို့ဟန့်တား ရောက်ရှိနေပြီမဟုတ် ပါလော။

ဂိုဘင်က နဂါးနိုင်ဆေးမှုန့်ကို ထိုမြွေနှစ်ကောင်ထံ ပစ် ပေါက်လိုက်သည်။ သင်းထုံအီသော အနံ့ကို ရှူရှိုက်မိသဖြင့် မြွေမနှစ်ကောင်တို့၏ ပါးပျဉ်းများမှာ တဖြည်းဖြည်း ကျုံ့လာ ပြီး အောက်သို့ ဝပ်ဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် နောက်သို့လှည့်ကြည့်ပြီး ဆေးမှုန့်များအား မြွေမနှစ်ကောင်ထံ ထပ်မံပစ်လွှတ်လိုက်ရာ မြွေမများ၏ လှုပ်ရှားမှုမှာ တဖြည်းဖြည်း နှေးကွေးသွား၏။ သူက အရုပ်ဆိုးစွာ ပြုံးရင်း ကျောတွင်လွယ်ပိုးထားသော ဓားအိမ်ထဲမှ ဓားရှည်ကို ဆွဲထုတ်ပြီး မြွေစိမ်း၏ ဦးခေါင်းကို ထိုးစိုက်လိုက်၏။ ထို နောက် ကျန်မြွေ၏ ဦးခေါင်းကို ထပ်မံထိုးစိုက်လိုက်သည်။

ယင်းအချိန် မြွေတွန်သံများနှင့်အတူ မြွေမလေးကောင် တရှိန်ထိုး ပြေးလွှားရောက်ရှိလာကြသည်။ ဂိုဘင်က ဆေးမှုန့် အများအပြားကို ထပ်မံပစ်လွှတ်ပြီး ချာကနဲလှည့်ကာ ပြေးလေတော့သည်။

မြွေမများသည် မြွေမနှစ်ကောင်၏ ငြိမ်သက်နေသော ခန္ဓာကိုယ်ကြီးတို့ကို တွေ့မြင်သွားသောအခါ ပါးပျဉ်းများကို ထောင်ရင်း ဒေါသတကြီးဖြင့် တရှူးရှူးနှာမှုတ်နေကြသည်။ ရှေ့ကိုတော့ မတိုးလာကြပေ။

ဆေးမှုန့်အနံ့များ လွင့်ပြယ်သွားတော့မှ ဂိုဘင်နောက်သို့ လိုက်ပါသွားကြသည်။ သူတို့၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်ကြ၏။ ယခုတစ်ကြိမ်တွင် သူတို့သည် အသံတိတ်ဆိတ်စွာဖြင့် ပို၍လျှင်မြန်စွာ လိုက်ပါသွားကြသည်။





ထိုစဉ် ဂိုဘင်မှာ အနည်းငယ်သာကျန်ရှိတော့သည့် ဆေးမှုန့်များကို သူ၏ လည်ပင်းနှင့်နေရာတချို့ကို ပွတ်လိမ်းလိုက်သည်။ သူသည် အလွန်အပြေးမြန်သူတစ်ယောက်ဖြစ်လေသည်။ ကားလမ်းမကြီးသို့ပင် လှမ်းမြင်နေရသည်။

သူအားတက်သွားသည်။ ပြေးနှုန်းကို မြှင့်တင်လိုက်၏။ ယင်းအချိန် ရုတ်တရက် 'ဗြိုး'ကနဲ ထွက်ပေါ်လာသော လေတိုးသံကို သူ၏ နောက်ကျောဘက်မှ ကြားလိုက်ရသည်။ ထိုအသံမှာ မြွေတစ်ကောင်က အမြီးကို အားပြုတွန်းထောက်ပြီး သူ့ထံခုန်ဝင်လာခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

သူထိတ်လန့်တုန်လှုပ်စွာဖြင့် လမ်းဘေးသို့ ပြေးဆင်း၏။ ထိုစဉ် သူ၏ဘယ်ဘက် လက်ဖျံရိုးတစ်နေရာမှ မီးစနှင့် အထိုးခံရသလို ပူကနဲဖြစ်သွားသည်။ လက်ထဲမှ ပုလွေလွှတ်ကျသွား၏။

သူ. . ဘာကိုမှ ဂရုမစိုက်နိုင်ပဲ ကားလမ်းမပေါ်သို့ ပြေးတက်သွား၏။ ထိုနောက် လမ်းမကြီးအတိုင်း အားကုန်ပြေးလွှားသွားသည်။ လက်ဖျံရိုးမှ ပူလောင်ကိုက်ခဲမှုသည် လက်မောင်းသားတို့တိုင်အောင် ချဲ့ထွင်လာနေကြောင်း ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူသည် ညာလက်ရှိဓားဖြင့် သူ၏ဘယ်လက်ကို လက်မောင်းရင်းမှနေ၍ ခုတ်ပိုင်းလိုက်သည်။ သူ့၌ရှိသော ဖြေဆေးအပေါ် စိတ်မချနိုင်သဖြင့် စွန့်စားပစ်လိုက်ရလေသည်။

"ဒုတ်"

"ဒုတ်"

ပြုတ်ကျကျန်ခဲ့သော သူ့လက်ကိုပင် လှည့်မကြည့်ပဲ ကားလမ်းမကြီးအတိုင်း ဆက်လက်ပြေးလွှားသွားသည်။ သူ၏ ကျောပြင်ကို စူးလက်သော မျက်လုံးလေးစုံတို့က မကျေမချမ်းဖြင့် စိုက်ကြည့်နေကြ၏။ သို့သော် သူတို့ ဆက်မလိုက်တော့ပါ။ သူတို့၏ နယ်မြေမှာ ဤနေရာ၌ အဆုံးသတ်သွားပြီ မဟုတ်ပါလော။

* * *







## အခန်း- ၁၅

အိပ်မက်လား. . . တကယ်လား

ဆူဆီရီ၏ မျက်လုံးအစုံမှ ပုံရိပ်များ ပျောက်ကွယ်သွားပေပြီ။ သူမ၏ မျက်နှာမှာ တင်းမာခက်ထန်နေသည်။

"တောက်. . ဒီလူယုတ်မာ လွတ်သွားပြီ၊ ငါ့မြွေနှစ်ကောင်လည်း သူ့လက်ချက်နဲ့ သေဆုံးခဲ့ရတယ်၊ ဂိုဘင်. . ဂိုဘင်. . ရှင့်ကို ကျွန်မအထင်သေးခဲ့မိတာ အမှားကြီးဖြစ်သွား



www.burmeseclassic.com

ပြီပဲ”

မေဝင်းမှာ သူမ၏ ဒေါသမျက်နှာကိုကြည့်ရင်း ကြောက်ရွံ့သွား၏။ ဆင်ခြေလျှောထဲကျသွားသော သူ၏ခင်ပွန်းအောင်မောင်း ဘယ်လိုအခြေအနေရှိသည်ကို မေးချင်သော်လည်း မမေးရဲတော့။ ဆူဆီရီမှာ အလွန်ဒေါသကြီးနေပြီမဟုတ်လော။

ဆူဆီရီက သူမကို ဖျတ်ကနဲကြည့်၏။

“ရှင်. . ဒီမှာနေဦး၊ ကျွန်မမှာ လုပ်စရာတွေ အများကြီးရှိလာပြီ၊ သွားတော့မယ်”

ပြောပြီး ပါးစပ်အားဟလိုက်ရာ အပေါ်သွားနှစ်ချောင်းမှာ အောက်သို့ရှည်ကျလာသလို လျှာမှာလည်း ရှည်ထွက်လာပြီး နှစ်ခွဖြစ်သွား၏။ ဆံပင်များမှာ တဖြည်းဖြည်း တိုလာပြီးလုံးဝပျောက်ကွယ်သွားချိန်၌ သူမ၏ ခန္ဓာကိုယ်မှာလည်း အကြေးခွံများ ပိတ်ဖုံးထားသော မြွေတစ်ကောင်၏ ကိုယ်လုံးရှည်ကြီးအဖြစ် ပြောင်းလဲသွားပေပြီ။

ချောမောလှပသော ဆူဆီရီမှာ စပါးကြီးမြွေမအဖြစ်လုံးလုံးလျားလျား ပြောင်းလဲသွားပြီးနောက် ကျန်မိန်းကလေးများကလည်း ပါးစပ်များကို တပြိုင်နက်ဟလိုက်ကြသည်။ သူတို့၏ ရှည်ထွက်လာသော သွားများနှင့်လျှာများကို ကြည့်ပြီး မေဝင်းတစ်ယောက် အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး အသံ





ကုန် အော်ဟစ်လိုက်သည်။

“အား”

* * *

“အား”

မေဝင်းသည် အသံကုန်အော်ရင်း မျက်လုံးပွင့်လာသည်။ သူမ. . ပထမဆုံးတွေ့မြင်လိုက်ရသည်မှာ အုတ်မြို့ ရိုးဟောင်းပေါ်မှ စေတီပျက်ကလေးများပင်ဖြစ်၏။ ထိုနောက်သူမထထိုင်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး၌ သက်ရှိဟူ၍ သူမတစ်ယောက်တည်းသာ ရှိနေသည်ကို တွေ့ရ၏။

“ဟင်. . မြွေကြီးတွေ ဘယ်ရောက်သွားပါလိမ့်”

အလင်းရောင်ယှက်သန်းလာပြီဖြစ်သော ကောင်းကင်ပြာအောက်၌ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါ၏။

“ငါ. . ငါအိပ်မက်မက်နေခဲ့တာဖြစ်မယ်၊ မြွေတွေကိုမြင်လို့ ငါသတိလစ်နေရင်းက အိပ်မက်မက်နေခဲ့တာပဲ၊ မဟုတ်သေးပါဘူး၊ ငါ. . ဆူဆီရီဆိုတဲ့ နတ်မြွေမလေးနဲ့ တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ အများကြီးပြောခဲ့တာပါ၊ သူက အားလုံးကို သိနေခဲ့တယ်၊ သူ့မျက်လုံးတွေကနေတစ်ဆင့် ငါအားလုံးကို မြင်ခွင့်ရခဲ့တယ်၊ ဒါ. . ဒါတကယ်ဖြစ်နိုင်လို့လား၊ ငါထူးဆန်းတဲ့ အိပ်မက်ရှည်ကို မက်ခဲ့တာပဲဖြစ်မယ်၊ ဟုတ်တယ်. . ဒါဟာ အိပ်မက်ရှည်တစ်ခုပါပဲ"

သူမ. . ဇဝေဇဝါဖြင့် တွေးတောနေခဲ့သည်။

"ဒါပေမယ့် အိပ်မက်ထဲက အဖြစ်အပျက်တစ်ချို့ဟာ အပြင်မှာ ငါကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းတွေပဲ၊ ဒါတွေကို စိတ်စွဲပြီး ငါအိပ်မက်ရှည်ကို ဆက်မက်တာများလား၊ ဒါမှမဟုတ်. . ."

သူမ. . ဆက်မတွေးတော့ပါ။ မယုံကြည်နိုင်လောက်အောင် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များအတွက် သူမထင်မြင်ချက် မပေးဝံ့ချေ။

သို့သော် သူမ၏ ရင်တွင်းနက်နက် တစ်နေရာတွင်တော့ တကယ်လား၊ အိပ်မက်လားလို့ မခွဲခြားနိုင်ပဲ သူမတွေ့မြင်ခွင့်ရခဲ့သော ဖြစ်ရပ်များမှာ အပြင်လောကတွင် အမှန်တကယ်ဖြစ်သွားခဲ့သည်ဟု လက်ခံယုံကြည်မှုက ကိန်းဝပ်နေရှဲ။





ထို့ကြောင့် ကိုအောင်မောင်းအတွက် သူမ၏ စိုးရိမ်ပူပန်မှုမှာ လျော့နည်းသွား၏။ သူမက ယခုတိုင် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားမိသော သံဗူးလေးကို ငုံ့ကြည့်ရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . ဒီသန်းထိုက်ပတ္တမြားနှစ်ခဲ ငါတို့ လက်ထဲရောက်လာကတည်းက ငါတို့မှာ နှစ်နှစ်ခြိုက်ခြိုက် မအိပ်နိုင်ခဲ့ဘူး၊ စိုးရိမ်ပူပန်နေခဲ့ရတယ်၊ အခုလည်း ကံကောင်းလို့ သေဘေးက လွတ်ရတာ"

ရုတ်တရက် သူမသည် အိပ်မက်မက်ခဲ့ဖူးသော သူတော်စင်ကြီး၏ စကားသံကို ပြန်လည်ကြားယောင်လာသည်။

"အင်း. . လောကီသားတွေ၊ လောကီသားတွေ တကယ့်ရတနာအစစ်အမှန်ကို မမြင်တွေ့နိုင်ရှာကြသေးပဲကိုး"

မေဝင်း၏ မျက်လုံးအစုံမှာ ပျက်စီးနေသော စေတီပျက်လေးများထံ ရွေ့လျားသွားသည်။

"သူတော်စင်ကြီးပြောတဲ့ တကယ့်ရတနာအစစ်အမှန်ဆိုတာ ဘာများပါလိမ့်"

ထိုမေးခွန်းအား သူမအသေအချာ စဉ်းစားအဖြေရှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ထိုအဖြေမှန်ကို သူမသိချင်စိတ် ပြင်းပျလာသည်။ သူမ. . ဘာကိုမှ အသေအချာ မသိသေးမီမှာပင် သူမ၏ ခြေလှမ်းများသည် စေတီပျက်လေးများရှိနေသော အုတ်မြို့ ရိုးအဟောင်းပေါ် သို့ တက်နိုင်သည့် လှေကားထစ်လေးများထံ တစ်လှမ်းချင်း ရွေ့လျားသွားသည်။

* * *

သန့်စင်ထွန်းနိုးလာသောအခါ နေပင်ထွက်နေပေပြီ။ သူလှဲလျောင်းနေရာမှ မထပဲ ငြိမ်သက်စွာ စဉ်းစားနေမိ၏။

"ငါ့အိပ်မက်က ရှည်လှချည်လား၊ အတော်လည်းထူးဆန်းတယ်၊ ကိုအောင်မောင်းနှင့်မမေဝင်းတို့ အိပ်မက်ထဲက သူတော်စင်ကြီးဟာ ငါ့ကို ဒီလာဖို့ ဖိတ်ခေါ်သွားတဲ့ အဘပဲ၊ အဘက မြွေဟောက်မရဲ့ သန်းထိုက်ပတ္တမြားခဲကို ငါ့ဆီပေးခိုင်းတာ ဘာရည်ရွယ်ချက်နဲ့လဲ"

ထိုမေးခွန်းအား တွေးတောမိသည်နှင့် သန့်စင်ထွန်းသည် အိပ်မက်ထဲမှ သူတော်စင်ကြီး၏ စကားသံအချို့ ကိုပြန်





လည်ကြားယောင်လာသည်။ ဆုဆီရီ၏ စကားသံကလည်း ရောထွေးပါလာ၏။

စေတီတော်လေးတွေကို ပြုပြင်ဖို့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်ကို ရှာတွေ့ပြီလား. . အဘ"

ဆုဆီရီက ရောက်ရှိလာသော သူတော်စင်ကြီးကို ဆီးကြိုမေးခဲ့သည့် မေးခွန်းဖြစ်သည်။ သူတော်စင်ကြီး၏ အဖြေတချို့ ကလည်း သန့်စင်ထွန်းနားထဲ၌ ပီပီပြင်ပြင် ကြည်ကြည်လင်လင် ပြန်လည်ကြားယောင်လာသည်။

"တွေ့ချိန်တန်တော့ တွေ့ခဲ့ပါပြီ၊ ဒါပေမယ့် အချိန်ကို စောင့်ရဦးမယ်"

ကိုအောင်မောင်းကို သူတော်စင်ကြီးပြောခဲ့သည့် စကားတစ်ခွန်းက သန့်စင်ထွန်း၏ နားထဲပဲ့တင်ထပ်၍ ရိုက်ခတ်နေသည်ကတော့။

"သန့်စင်ထွန်းဆိုတဲ့ လူရွယ်လေးတစ်ယောက်ရဲ့ လက်ထဲ ထည့်ပေးရလိမ့်မယ်၊ သူက မင်းတို့လှူတဲ့ ပစ္စည်းလေးကို အကောင်းဆုံးအသုံးပြုပေးနိုင်တဲ့ ပုဂ္ဂိုလ်ပဲ"

"သူက မင်းတို့လှူတဲ့ ပစ္စည်းလေးကို အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုပေးနိုင်တဲ့ ပုဂ္ဂိုလ်ပဲ"

"သူက မင်းတို့လှူတဲ့ ပစ္စည်းလေးကို အကောင်းဆုံး အသုံးပြုပေးနိုင်တဲ့ ပုဂ္ဂိုလ်ပဲ"

ရုတ်တရက် သန့်စင်ထွန်းငေါက်ကနဲ ထထိုင်လိုက်၏။

"ဒါဆို စေတီတော်လေးတွေကို ပြုပြင်ဖို့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်ဆိုတာ ငါ. . ငါပဲပေါ့၊ အဘက ငါ့ကို စေတီတော်လေး တွေကို ပြုပြင်ဖို့ ဖိတ်ခေါ်ခဲ့တာပဲ"

နှုတ်မှ ဝမ်းသာအားရ ထုတ်ဖော်ရေရွတ်မိသည်အထိ သူစိတ်လှုပ်ရှားသွားသည်။ ပီတိအဟုန်က သူ၏ခန္ဓာကိုယ်တစ် ခုလုံးကို လွှမ်းခြုံလိုက်သောအခါ တစ်ကိုယ်လုံး ကြက်သီးမွေး ညှင်းလေးများထကာ မျက်ရည်လည်သည်အထိ ဝမ်းမြောက် ကြည်နူးသွားရသည်။

ထိုစဉ်. . .။

"အစ်ကိုကြီး. . အစ်ကိုကြီး. . ဘာဖြစ်လို့လဲ"

ထွန်းကြည်က အိပ်မှုန်စုံမွှားဖြင့်ထလာပြီး သန့်စင်ထွန်း ၏ ပခုံးကို လှမ်းကိုင်ကာ မေးလိုက်သည်။ သန့်စင်ထွန်းက တဆတ်ဆတ်တုန်ယင်နေသော သူ၏ လက်ချောင်းလေးများ





ကို အချင်းချင်းဖိဆုပ်ရင်း ရယ်မောပြီး ခေါင်းခါရမ်းလိုက်၏။

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး. . ညီလေး"

အသံက တုန်တုန်ယင်ယင်။ မျက်ရည်စက်များသည် ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။ သူတစ်ကြိမ်တစ်ခါမျှ ဤမျှ လောက်အထိ စိတ်လှုပ်ရှားစွာ ဝမ်းမြောက်ကြည်နူးခြင်းမဖြစ် ခဲ့ချေ။ ဝမ်းမမြောက်ပဲ နေနိုင်ပါ့မလား။ စေတီတစ်ဆူ တည် နိုင်ဖို့ ထိုက်တန်တဲ့လူဆိုတာ တော်ရုံပါရမီမျိုးနဲ့ မရနိုင်ပါချေ။ ထိုပါရမီ သူ့ထံ၌ ရှိနေသည်ဟု ယုံကြည်မှုဖြင့် သိလိုက်သော အခါ သူမျက်ရည်ကျသည်အထိ ပီတိဖြစ်ရ၏။

သူစိတ်ကို တည်ငြိမ်အောင် အမြန်ထိန်းလိုက်သည်။ မျက်ရည်များကို ချက်ချင်းသုတ်ဖယ်ပစ်လိုက်၏။

ထိုစဉ်. . .။

"ဟော. . မောင်သန့်စင်၊ မင်းနိုးလာပြီကိုး၊ ကနေ့. . မင်းအိပ်ယာထ နောက်ကျတယ်နော်"

တံခါးမကြီးကို တွန်းဖွင့်ပြီး အိမ်ပေါ်တက်လာရင်း ပြောလိုက်သူက ဦးလေးဦးထွန်းရီဖြစ်၏။ ဦးထွန်းရီပင် အခြ လက်သန့်စင် မျက်နှာသစ်ပြီးပေပြီ။ သန့်စင်ထွန်းက အားပါး



www.burmeseclassic.com

www.burmeseclassic.com



တရပြုံးရင်း ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ် . . ဦးလေးရေ အိပ်မက်က ရှည်လွန်းနေလို့လေ”

သူပြောပြီးထကာ နေ့စဉ်လုပ်နေကျ ကိစ္စရပ်များကို စတင်၍ စိတ်ပါလက်ပါ လုပ်ဆောင်လေတော့သည်။

* * *





## အခန်း – ၁၆

လမ်းပြသူ

အောင်မောင်းသည် ကြီးမားသော ကောက်ရိုးပုံကြီးပေါ်တွင် ငြိမ်သက်နေ၏။ အသက်ကတော့ မှန်မှန်ရှူနေလေသည်။ သူ၏ ခန္ဓာကိုယ်ပေါ်ရှိ ပွန်းပဲ့ရာနှင့်ခြစ်ရာများမှ စိမ့်ထွက်နေခဲ့သော သွေးများပင် ခြောက်သွေ့နေပေပြီ။ ညာဘက်ပခုံးပေါ်ရှိ ဓားဒဏ်ရာကတော့ ယခုတိုင် သွေးများစီးကျနေသေး။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန် ရုတ်တရက်. . သူ၏ နံဘေးသို့ သူတော်စင်ကြီးရောက်လာပြီး သူ၏ဦးခေါင်းကို လက်ဖြင့်ပုတ်နှိုးလေသည်။

"အောင်မောင်း. . ထတော့"

အောင်မောင်း၏ မျက်လုံးအစုံမှာ ချက်ချင်းပွင့်လာသည်။ သူတော်စင်ကြီးအား တွေ့မြင်သည်နှင့်သူ၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွား၏။ သူက အားတက်သရောဖြင့်။

"ဟာ. . အဘ၊ ကျွန်တော်တို့ မိသားစုလေးကို ကယ်ပါဦး. . . အဘရယ်"

သူတော်စင်ကြီးက ခေါင်းညိတ်ပြီး. . .။

"မင်းလွင်ကုန်းရွာက ဦးထွန်းကြည်နှင့်ဒေါ်ဝိုင်းရီတို့ရဲ့ အိမ်ကို အရောက်သွားပါ၊ အဲဒီမှာ သန့်စင်ထွန်းရောက်နေပြီကွယ့်"

ပြောပြီးသည်နှင့် ချက်ချင်းပျောက်သွား၏။ အောင်မောင်းဖျတ်ကနဲနိုးလာသောအခါ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ နာကျင်ကိုက်ခဲနေပြီး ညာဘက်ပခုံးမှာ အထိမခံနိုင်အောင်ကို ဆိုးရွားနေတာ သိရသည်။

သူ. . အံကို တင်းတင်းကြိတ်ရင်း ထထိုင်လိုက်သည်။ သူကျခဲ့သော ဆင်ခြေလျှောမှာ အတော်လေးမြင့်တာကို တွေ့





ရ၏။

ရုတ်တရက် သူ၏မျက်လုံးအစုံသည် သူနှင့်မလှမ်းမကမ်းရှိ နွယ်ကြိုးတစ်ချောင်းထံသို့ ရောက်ရှိသွားသည်။ ဆင်ခြေလျှော၏ အပေါ်မှ အောက်သို့တွဲလောင်းကျနေသော တစ်ချောင်းတည်းသော နွယ်ကြိုးကိုကြည့်ရင်း သူအံ့သြသွားသည်။

ဤနေရာတစ်ဝိုက်၌ နွယ်တစ်ချောင်းမှမရှိတာကို သူသိထား၏။ ယခုတော့ နွယ်ကြိုးတစ်ချောင်းက သူနှင့်မလှမ်းမကမ်းမှာ သီးသန့်ကြီးရှိနေ၏။ သူ့အပေါ်သို့ တက်နိုင်ရန် တမင်ဖန်တီးပေးထားသလို ဖြစ်နေသည်။ သူခွန်အားပြည့်သွားသလို ခံစားရ၏။ ကိုက်ခဲနာကျင်မှုများကို လျစ်လျူရှုပြီး နွယ်ကြိုးကို လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ဆင်ခြေလျှောကို ခြေဖြင့်ကန်ထောက်ရင်း တဖြည်းဖြည်းတက်သွား၏။

တစ်ဝက်ကျော်တော့ သူ့မျက်လုံးတွေ ပြာဝေလာ၏။ ညာဘက်ပခုံးက ဒဏ်ရာကလည်း တစ်ဆစ်ဆစ် ထိုးကိုက်လာလေသည်။ သူသည် အံကိုတင်းတင်းကြိတ်ရင်း ဆက်တက်၏။ ဇွဲလုံ့လအကျိုးကို သူခံစားလိုက်ရပေသည်။ မကြာမီမှာပင် သူအပေါ်သို့ ရောက်ရှိလာသည်။

ထိုအခါ သူပို၍ အံ့သြသွားရ၏။ သူအပေါ်သို့တက်ရန် အသုံးပြုခဲ့သော နွယ်ကြိုး၏ အစတစ်ဖက်မှာ ဆင်ခြေ



www.burmeseclassic.com

www.burmeseclassic.com



လျှောနှင့်မျက်နှာချင်းဆိုင်ရှိ လမ်းဘေးတစ်ဖက်မှာ သစ်ပင်ကြီး၏ ပင်စည်၌ အခိုင်အခံ့ ချည်နှောင်ထားသည်ကို တွေ့ရသောကြောင့်ဖြစ်၏။

"ငါ့ကို ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ စောင့်ရှောက်ကူညီနေတယ်မသိဘူး၊ အသံစူးစူးလေးနဲ့ မိန်းကလေးအသံ၊ သမီးလေးရဲ့ အသံနဲ့ အတော်လေးဆင်တယ်၊ အင်း. . သမီးလေးနဲ့ ပတ်သက်နေသလားမသိဘူး"

သူတွေးတောရင်း တောလမ်း ကွေ့လေးအတိုင်းပင် လျှောက်လာသည်။ ရုတ်တရက် သူ၏ခြေလှမ်းများ တုန့်ကနဲ ရပ်တန့်သွား၏။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အလောင်းတစ်လောင်းက သူ၏သွားလမ်းရှေ့၌ တောင့်တောင့်ကြီးရှိနေတာကို တွေ့မြင်လိုက်ရပြီမဟုတ်ပါလော။

"ဟာ. . လူသေအလောင်းတစ်ခု၊ ဟင်. . ဒါ. . ဒါ. . ငါ့ကို လိုက်သတ်နေတဲ့ လူငယ်နှစ်ယောက်ထဲက မင်းမင်းဆိုတဲ့ လူရဲ့ အလောင်းပဲ၊ သူဘယ်လိုကြောင့် သေသွားရပါလိမ့်"

စူးစမ်းလိုစိတ်ဖြင့် သူအလောင်းတစ်ခုလုံးကို အသေအချာ ကြည့်လိုက်၏။ ထိုအခါ မင်းမင်း၏လည်ပင်း၌ သွေးမည်းများစို့နေသော ကြီးမားသည့် အပေါက်ရာနှစ်ခုကို တွေ့မြင်လိုက်ရသည်။ အောင်မောင်း၏ ခန္ဓာကိုယ်တစ်ခုလုံး ဆတ်





ကနဲ တုန်ခါသွား၏။

"ဟင်. . မြွေကိုက်ရာကြီး၊ မြွေကိုက်ရာကြီးက ကြီးမားလိုက်တာ. . ဘုရား. . ဘုရား"

သူသည် မင်းမင်း၏ အလောင်းကိုကြည့်ရင်း သူတစ်ဦးတည်း ထူးဆန်းစွာ ကြားခဲ့ရသည့် စူးရှသော မိန်းမအသံအကြောင်းကို စဉ်းစားနေမိ၏။ ရုတ်တရက် သူ၏ မျက်စိထဲ၌ မြွေဟောက်မောင်နှံကိုလည်းကောင်း၊ အိပ်မက်ထဲသို့ရောက်လာတတ်သော သူတို့ကိုယ်သူတို့ မြွေဟောက်များလို့ဆိုသည့် အသံစူးသော ကောင်လေးနှင့်ကောင်မလေးကိုလည်းကောင်း ပြန်လည်မြင်ယောင်လာသည်။

တစ်ဆက်တည်းမှာပင် သူတော်စင်ကြီး အိပ်မက်ထဲလာပေးခဲ့သော သမီးလေး၏ ကိုယ်ပေါ်မှ မြွေအကြေးခွံများနှင့်မကြာခဏကြားရသည့် သမီးလေး၏ အသံစူးစူးလေးကို မြင်ယောင်ကြားယောင်လာသည်။

"ဟုတ်ပြီ၊ သမီးလေးဟာ မြွေမကြီးဝင်စားတာဖြစ်မယ်၊ အခု ငါတို့ကို ကူညီပေးနေကြသူတွေဟာလည်း သမီးလေးရဲ့ မိတ်ဆွေ မြွေကြီးတွေပဲဖြစ်ရမယ်၊ ဟာ. . ထူးဆန်းလိုက်တဲ့အဖြစ်၊ ဒါ. . ဒါဟာ တကယ်ဖြစ်နိုင်ပါ့မလား"

ထိုသို့ တွေးတောမိသည်နှင့် သူ၏ခန္ဓာကိုယ် တဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဗုန်ခါသည်အထိ စိတ်လှုပ်ရှားသွားရသည်။ အသေအချာ စဉ်းစားကြည့်တော့ သူဘာကိုမှ နားမလည်နိုင်တော့ပေ။ ဦးခေါင်းတစ်ခုလုံး မူးနောက်ရီဝေလာ၏။

ယင်းအချိန်. . . ရုတ်တရက်. . .။

"အောင်မောင်း. . ရှင်ငိုင်မနေနဲ့ ကျွန်မတို့က ရှင့်ကို အစွမ်းကုန် ကူညီခဲ့ပြီးပြီ၊ အခု ရှင့်ဆီက အကူအညီ ကျွန်မတို့ ရမှဖြစ်မယ်"

စူးရှသော အသံက နားထဲသို့ ပီပီသသ တိုးဝင်လာလေသည်။

"ဟင်"

အောင်မောင်းမျက်လုံးပြူးကြီးဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်၏။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ရင်းနှီးပြီးသား အသံစူးစူးလေးကတော့ ထပ်မံထွက်ပေါ်လာပြန်သည်။

"အဲဒီအလောင်းအပြင် လမ်းဘေးက သစ်ပင်တွေရဲ့ကြားထဲမှာ နန္ဒရဲ့ အလောင်းရှိတယ်၊ ပြီးတော့ ဂိုဘင်ရဲ့ လက်ပြတ်တစ်ဖက်က ကားလမ်းမကြီးပေါ်မှာရှိတယ်၊ အဲဒါတွေအားလုံးကို ရှင်နွံအိုင်ထဲ ပစ်ချပေးပါ၊ အမြန်လုပ်. . တော်ကြာ လူတွေတွေ့သွားရင် ထိတ်လန့်ကုန်ကြလိမ့်မယ်"





ထိုအသံက လေးဖက်လေးတန်မှ တပြိုင်နက် ထွက်ပေါ်လာသလိုမျိုး။ အောင်မောင်း၏နားထဲ ပဲ့တင်ထပ်၍ ဝင်ရောက်လာသည်။ အောင်မောင်း. . ဘာမှစဉ်းစားမနေတော့ပါ။ ချက်ချင်းပင် မင်းမင်း၏အလောင်းကို ဘယ်ဘက်ပခုံးပေါ်ကောက်ထမ်းကာ လမ်းဘေးရှိ သစ်ပင်များကြားသို့ ပြေးဝင်သွား၏။

နန္ဒ၏အလောင်းကို သူရှာတွေ့သွား၏။ မင်းမင်းအလော [illegible] လောင်းပေါ်သို့ ပစ်ချပြီး ကားလမ်းမသို့ အမြန်ပြေး [illegible] သွားချင်းချင်းနီနေသော လက်ပြတ်ကို ကောက်ယူကာ အလောင်းများဆီ အရောက်ပြန်ပြေးရ၏။

ထိုနောက် သစ်ပင်ကြီးများ၏ အတွင်းဘက်ရှိ နွံအိုင်များထဲသို့ တစ်ခုပြီးတစ်ခု သွားပစ်ရလေသည်။ ဒဏ်ရာကိုပင်မေ့ပြီး အလျင်စလိုလုပ်၍ အားလုံးပြီးစီးသွားသောအခါ သူ့တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေလေပြီ။ လေပူတစ်ချက် မှုတ်ထုတ်ပြီး သစ်မြစ်တစ်ခုပေါ်၌ ထိုင်ချလိုက်၏။

ယင်းအချိန်. . . ရုတ်တရက်. . .။

"ရှင်နားလို့ မရဘူးလေ. . အောင်မောင်း"

စူးရှသောအသံက ထွက်ပေါ်လာပြန်၏။

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက အလန့်တကြား ဖြစ်သွားသည်။ မိန်းမသံစူးစူးလေးက ဆန်းကြယ်စွာ ထပ်မံထွက်ပေါ်လာသည်။

"ရှင့်မိန်းမမေဝင်းနောက်ကို လိုက်လာတဲ့ လူနှစ်ဦးရဲ့ အလောင်းတွေကို ရှင်ဖျောက်ဖျက်ရဦးမယ်၊ အဲဒီအလောင်းတွေရှိတဲ့နေရာကို ကျွန်မတို့ လမ်းပြခေါ်သွားမယ်၊ ရှင်. . မြွေတွန်သံကြားတဲ့နေရာကို မှန်းပြီးလျှောက်ပါ၊ အမြန်လျှောက်နော်၊ အချိန်သိပ်မရှိဘူး၊ ကျွန်မတို့က လူတွေကို အထိတ်တလန့်မဖြစ်စေချင်ဘူး၊ ရှင်ကူညီပါ"

အောင်မောင်းက 'မေဝင်းဘယ်နေရာမှာရှိနေလဲ'ဟု မေးရန်ပြင်နေစဉ်. . .။

"ရှီ. . ရှီ. . ရှီ"

မြွေတွန်သံများက အဆက်မပြတ် ထွက်ပေါ်လာ၏။ အောင်မောင်းမှာ အသံကြားရာဘက်သို့ ပြေးလွှားသွားရ၏။ မြွေတွန်သံများက အဆက်မပြတ် ထွက်ပေါ်လာသလို အောင်မောင်းကလည်း မရပ်မနား ပြေးလွှားလိုက်ပါသွားရသည်။

ဤသို့ဖြင့် အန်းကျီနှင့်ချွတ်စတင်းတို့၏ အလောင်းများကို သူထပ်တွေ့ရ၏။ သူဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်. .။

"အောင်မောင်းရေ. . စိတ်ချရအောင် ဟိုနွံအိုင်ထဲကိုပဲ သွားပစ်ပေးပါ၊ ကျွန်မတို့က တောထဲဝင်လာတဲ့လူတွေ ရှင့်





ကိုမမြင်အောင် ဒီနေရာကို ရောက်မလာအောင် ဟန့်တားထားနေရတယ်"

အောင်မောင်း. . မကျေမနပ်ဖြစ်လာ၏။

"မင်းတို့က ဘယ်သူတွေလဲ၊ ဘာတွေလဲ၊ လူတွေလား၊ မြွေတွေလား"

"ရှင့်အတွက် ဒီမေးခွန်းရဲ့ အဖြေက အရေးမကြီးပါဘူး၊ အရေးကြီးတာက ရှင့်မိန်းမ ဘယ်မှာရှိနေတယ်ဆိုတာပဲမဟုတ်လား"

"ဟာ. . ဟုတ်တယ်၊ ကျွန်တော်မေးချင်နေတာ အဲဒီမေးခွန်းပါပဲ"

သူသည် မြင်ခွင့်မရသော အသံရှင်နှင့်စိတ်ပါလက်ပါ စကားပြောနေလေသည်။

"အဲဒီမေးခွန်းရဲ့ အဖြေကို ကျွန်မတို့ ပြောပြမှာပါရှင်၊ လောလောဆယ် အရေးကြီးတာကို အမြန်လုပ်ပါ"

အောင်မောင်းစကားမပြောတော့ပါ။ အန်းကျီ၏ အလောင်းကို ဘယ်ဘက်ပခုံးပေါ် ကောက်တင်ကာ ခပ်သွက်သွက်ပြေးသွား၏။ အန်းကျီအလောင်းကို နွံထဲပစ်ချလိုက်၏။

ထိုနောက် ချွတ်စတင်း၏ အလောင်းရှိရာသို့ပြန်ပြီး ပြေးရ၏။ အလောင်းကို ကောက်ထမ်းကာ လျှောက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



နွံထဲသို့ အလောင်းကို ပစ်ချပြီးနောက် သူအလွန်ပင်ပန်းနွမ်းနယ်နေပေပြီ။ အသက်အား မောဟိုက်စွာ ရှူနေရ၏။

ယင်းအချိန်. . .။

"ရှင်တာဝန်ကျေပါတယ်၊ ရှင့်ရဲ့ မေးခွန်းကို ကျွန်မအဖြေပေးမယ်၊ မေဝင်းရှိတဲ့နေရာကို သန့်စင်ထွန်းသိတယ်၊ ရှင်သူ့ဆီသာ အရောက်သွားပါ"

အောင်မောင်းသည် လူလေးဦးတို့၏ အလောင်းများကို ဝါးမြိုထားသော နွံအိုင်ကြီးကို ငေးကြည့်ရင်း ခြောက်ချားလာမိသည်။ ထို့ကြောင့် သူအမောမပြေမီမှာပင် ထိုနေရာမှ ပြေးလွှားထွက်ခွာလာခဲ့၏။

အချိန်မှာ ထမင်းစားချိန်သို့ပင် ရောက်နေပေပြီ။ သူသည် ဆာလောင်မှုကို ကြိတ်မှိတ်ခံရင်း မင်းလွင်ကုန်းရွာဘက်သို့ ခပ်သွက်သွက် ခရီးနှင်ခဲ့လေသည်။

* * *





## အခန်း - ၁၇

### စောင့်ကြိုနေသူ

မင်းလွင်ကုန်းရွာသို့ အောင်မောင်းရောက်သောအခါ နေ့လည်(၁)နာရီခန့်ရှိပေပြီ။ သူသည် လေးလံနေသော ခြေနှစ်ချောင်း အနိုင်နိုင်သယ်ရင်း ရွာအဝင်ဝသို့ လှမ်းဝင်လိုက်၏။

ရုတ်တရက်. . .။

"ကိုအောင်မောင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှင့်အတူ သူ့အနီးသို့ အပြုံးမျက်နှာဖြင့်ရောက်လာသော ရုပ်ရည်သန့်ပြန့်လွန်းသည့် လူရွယ်ကို အောင်မောင်း ဇဝေဇဝါကြည့်နေမိ၏။ သူ. . လုံးဝမတွေ့ဖူးတာ သေချာ၏။ လူရွယ်ကတော့ သူ့ကို အသေအချာ သိနေဟန်ရှိသဖြင့် စဉ်းစားရကြပ်သွားသည်။ ထိုစဉ် လူရွယ်က ယိုင်နဲ့နေသော သူ၏ ခန္ဓာကိုယ်ကို ခါးမှ ဖေးမရင်း. . .။

"သန့်စင်ထွန်းဆိုတာ ကျွန်တော်ပါ"

မှန်ပါသည်။ ထိုလူရွယ်မှာ အောင်မောင်းအလာကို ရွာထိပ်ထွက်ကာ စောင့်မျှော်နေခဲ့သော သန့်စင်ထွန်းဖြစ်၏။ သန့်စင်ထွန်းမှာ အလွန်ဝမ်းမြောက် ကြည်နူးနေမိ၏။ သူ၏ ဂမ္ဘီရဆန်သော အိပ်မက်ရှည်ထဲမှ အောင်မောင်းကို မျက်မြင်တွေ့နေရပြီမဟုတ်ပါလော။

ထို့အတူ အောင်မောင်းမှာလည်း အံ့သြတကြီးဖြင့် ဝမ်းမြောက်သွား၏။ သူသည် သန့်စင်ထွန်း၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာလွန်း၍ ဘာပြောရမှန်းမသိဖြစ်နေခဲ့သည်။ သန့်စင်ထွန်းက သူ၏ ခံစားချက်ကို နားလည်သလို သူ့အတွက် အရေးတကြီး လိုအပ်ချက်များကို သိရှိလိုက်လေသည်။

"ကိုအောင်မောင်း. . ခင်ဗျားသိပ်ပင်ပန်းနေပြီ၊ ခင်





ဗျားမစာအရင်စားရမယ်၊ ပြီးရင်. . အနားယူ၊ နောက်တော့မှ အစ်မမေဝင်းဆီ သွားကြတာပေါ့ဗျာ"

"သူ. . သူဘယ်မှာလဲဟင်"

"ဝက်ပါတောထဲမှာ"

"ဟမ်"

"ဟုတ်တယ်. . ကိုအောင်မောင်း၊ သူက ဝက်ပါတောထဲမှာ ကျွန်တော့်အလာကို စောင့်နေရတယ်၊ လာပါ. . ကျွန်တော့်အကြောင်းတွေကို ဖြည်းဖြည်းချင်းပြောပြမယ်၊ ခင်ဗျားတို့အကြောင်းအားလုံးကိုတော့ ကျွန်တော်သိပြီးပါပြီ"

အောင်မောင်း တအံ့တသြပင် သန့်စင်ထွန်းကို တွဲခိုအားပြုရင်း အလိုက်သင့်လိုက်ပါသွားသည်။ သန့်စင်ထွန်းက ဦးထွန်းရီနှင့်ဒေါ်ဝိုင်းကြည်တို့၏ အိမ်လေးသို့ လှမ်းကြည့်ရင်း တစ်စုံတစ်ခုအား သတိရသွားဟန်ဖြင့်. . .။

"သြော်. . လောလောဆယ်တော့ ခင်ဗျားကို ဒုက္ခသည် သူစိမ်းတစ်ယောက်အဖြစ် သူတို့ကို အသိပေးထားလိုက်မယ်၊ မမေဝင်းဆီသွားဖို့ကလည်း ခိုးကြောင်ခိုးဝှက်သွားရမှာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဒေါ်လေးတို့က အတင်းတားနေမှာစိုးလို့၊ ကျွန်တော်တို့ အခုသွားရမယ့် ဝက်ပါဝါးတောထဲကို ဒီရွာကလူတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ မဝင်ရဲဘူး၊ မြွေတွေ ထွက်,ထွက်လိုက်လို့တဲ့”

အောင်မောင်း၏ ခြေလှမ်းများ တုန့်ကနဲရပ်သွား၏။

“ဟင်. . . မြွေတွေက အတော်ကြီးသလား”

သန့်စင်ထွန်းကပြုံးရင်း. . . ။

“ကျွန်တော်က မမြင်ဖူးသေးဘူး၊ ဒါပေမယ့် ကိုအောင်မောင်းတို့ မြင်ဖူးတဲ့ တောကြီးမြွေဟောက်တွေလောက်တော့ မကြီးနိုင်ပါဘူး၊ အဲဒီလောက်ကြီးတဲ့ မြွေကို မြင်လို့ကတော့ တစ်ရွာလုံး ပြောင်းပြေးမှာသေချာတယ်”

အောင်မောင်းက အထူးတလည် အံ့ဩမနေတော့ပါ။ သန့်စင်ထွန်း၏ ဖေးမမှု၌ အလိုက်သင့်ရွှေ့လျားလိုက်ပါရင်း။

“ကိုယ်တို့ရွာလည်း အဲဒီတုန်းက အတော်လေးလှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်၊ မြွေသေသွားပြီဆိုတော့မှ ငြိမ်သွားကြတာ၊ သူတို့ဟာ မြွေတွေလား၊ လူတွေလား. . ညီလေး”

သန့်စင်ထွန်းက ချင့်ချင့်ချိန်ချိန် တွေးဆနေဟန်ဖြင့်။

“သူတို့က ခန္ဓာနှစ်ခုနှင့် ရပ်တည်နေနိုင်ပေမယ့် တကယ်တော့ မြွေတွေပါပဲ၊ နတ်မြွေလို့ပြောတယ်”

“နတ်မြွေ”

“ဒါက အရေးမကြီးပါဘူး. . ကိုအောင်မောင်း၊ သူတို့ဟာ လူကောင်းတွေကို ဘယ်တော့မှ ထိခိုက်နစ်နာအောင်လုပ်





ကြမှာမှမဟုတ်ပဲ၊ သူတို့အကြောင်းကို အများကြီးတွေးမနေပါနဲ့၊ အခုချိန်မှာ အရေးကြီးတာက ခင်ဗျားရဲ့ ဒဏ်ရာသက်သာဖို့နဲ့ ဟာနေတဲ့ဗိုက်ထဲ အာဟာရထည့်ဖို့ပဲဆိုတာ သိထားပါဗျ”

အောင်မောင်းနှုတ်ဆိတ်သွား၏။ သန့်စင်ထွန်းပြောသည်မှာ မှန်ကန်ပေသည်။ ထို့ကြောင့် သူသည် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းအားလုံးကို မေ့ထားရန် ဆုံးဖြတ်ပြီး သန့်စင်ထွန်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။

* * *

မေဝင်းသည် စေတီလေးတစ်ဆူအား မှီ၍ထိုင်နေ၏။ သူ၏ဘေးနား၌ သန်းထိုက်ပတ္တမြားနှစ်ခဲရှိနေ၏။ အရည်အသွေးကောင်းလွန်းသော သန်းထိုက်ပတ္တမြားနှစ်ခဲမှ အလင်းတန်းများ ဖြာထွက်နေသည်။

မေဝင်းသည် မလှုပ်မယှက်ငြိမ်သက်ရင်း ရှေ့တူရှုသို့ အဓိပ္ပါယ်မဲ့ ငေးကြည့်နေ၏။ သူမ၏ မျက်လုံးအစုံမှာ ရီဝေဖျော့တော့လျက်။ မောပန်းနွမ်းလျှဟန်များက အထင်းသား ပေါ်လွင်နေသည်။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင်ကုန်ခမ်းမဲ့နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်က တကြုတ်ကြုတ် ဆာလောင်နေသည်။ အမှန်စင်စစ် သူမသည် ယခုကဲ့သို့ ဤနေရာတွင် ထိုင်နေချင်စိတ်မရှိပါ။ ဝက်ပါဝါးတောထဲမှ လွတ်မြောက်ရန် ကြိုးစားချင်နေမိ၏။

သို့သော် သူမထိုနေရာလေးမှ မရွှေ့ပါချေ။ အကြောင်းကား အိပ်မက်ထဲတွင် သူမတွေ့မြင်ဖူးခဲ့သော သူတော်စင်ကြီးက မိုးမလင်းမီကပင် သူမထံရောက်လာပြီး ပြောထားသောစကားများကြောင့်ဖြစ်သည်။

"မေဝင်း . . သမီးကို အောင်မောင်းနှင့်သန့်စင်ထွန်းတို့ လာခေါ်လိမ့်မယ်၊ သူတို့ မလာမချင်း ဒီပေါ်ကမဆင်းနဲ့၊ အဘစကားကို နားမထောင်ရင် သမီးဒုက္ခရောက်လိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် သူတော်စင်ကြီး ပျောက်ကွယ်သွားခဲ့သည်။ မျက်စိရှေ့မှာပင် ပျောက်ကွယ်သွားခြင်းဖြစ်သည်။

မေဝင်းမှာ သူတော်စင်ကြီး၏ တားမြစ်ချက်ကို မချိုးဖောက်ဝံ့ပါချေ။ သူမကို ကိုအောင်မောင်းနှင့်အတူ သန့်စင်ထွန်းက လာခေါ်မည်တဲ့လေ။ သူတို့အား လာနိုးလာနိုးနဲ့စောင့်မျှော်နေခဲ့သည်မှာ ညနေပင်စောင်းနေပေပြီ။ သူမ၏ ယုံကြည်ချက်မှာ တဖြည်းဖြည်း ယိုင်နဲ့လာခဲ့သည်။ မျှော်လင့်ချက်တို့လုံးလုံးပျောက်ကွယ်နေပြီ။





သူမ၏ ခြေလက်များကို မလှုပ်ချင်လောက်အောင် အားအင်ကင်းမဲ့နေပေပြီ။ သူမတစ်သက် ယခုလောက်အထိ ဆာလောင်မွတ်သိပ်ခြင်းကို မခံစားရဖူးပါ၊ ရေတစ်ပေါက်ပင် မသောက်နိုင်သည့်အခြေအနေမျိုးကို တင်းခံနေရသည့်အဖြစ်။ သူမ၏ မျက်လုံးအစုံသည် ဘေးနားရှိ သန်းထိုက်ပတ္တမြားထံသို့ ရွေ့လျားသွား၏။ ထိုအခါ သူမ၏ရင်ထဲမှ တိုးတိတ်သောစကားသံများ ထွက်ပေါ်လာသည်။

"ဩော် . . ရတနာတစ်ပါးအဖြစ် ငါ့အသက်နှင့်ထပ်တူတန်ဖိုးထားခဲ့ရတဲ့ အခဲလေးတွေ၊ ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ၊ အခုချိန်မှာ ဒီအခဲလေးတွေဟာ ထမင်းတစ်လုပ်၊ ရေတစ်ပေါက်လောက်တောင် တန်ဖိုးမရှိဘူး၊ ဒါလား အဖိုးတန်ရတနာ၊ တကယ်တော့ အေးအေးချမ်းချမ်းနဲ့ နေထိုင်စားသောက်ရတဲ့ဘဝဟာ အရမ်းကာရောချမ်းသာနေတဲ့ဘဝထက်ပိုပြီး နှစ်သက်ဖို့ကောင်းတယ်၊ ချမ်းသာတဲ့လူတွေဟာ သူတို့ရဲ့ဥစ္စာပစ္စည်းအတွက် တစ်ချိန်လုံး စိုးရိမ်ပူပန်မှုတွေနဲ့ အသက်ရှင်နေကြရမှာ၊ ကံမကောင်းရင် ဥစ္စာပစ္စည်းအတွက် အသက်တောင် ဆုံးရှုံးနိုင်တာပဲ"

သူမ . . သန်းထိုက်ပတ္တမြားခဲလေးများကို ကြည့်ရင်း ဆက်လက်တွေးတောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မရှိမီက ငါတို့ဘဝဟာ အတော်အေးချမ်းခဲ့တာပဲ၊ တစ်နေကုန် ဘာမှမစဉ်းစားပဲ အလုပ်လုပ်တယ်၊ ထမင်းကို စိတ်ပါလက်ပါ စားခဲ့တယ်၊ ညတွေမှာလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်တယ်၊ ဒါတွေရတော့မှ ငါတို့စိတ်တွေ တစ်ချိန်လုံး ပူလောင်နေခဲ့ရတယ်၊ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုပြီးဆင်းရဲတာပဲ"

သူမငြိမ်သက်စွာ တွေးတောနေစဉ် ရုတ်တရက် ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်။ ခြေသံနှင့်အတူ. . .။

"မေဝင်းရေ. . . မေဝင်း"

ကိုအောင်မောင်း၏ ခေါ်သံအကျယ်ကြီးကို ကြားမိလိုက်ရသည်။ သူမရင်ထဲ လှိုက်ကနဲ ဝမ်းမြောက်သွားသည်။ ခေါ်သံထွက်ပေါ်လာရာ အောက်ဘက်သို့ လှမ်းကြည့်လိုက်၏။ တကြော်ကြော်ခေါ်ရင်း ဝါးတောထဲမှ ပြေးထွက်လာခဲ့သော အောင်မောင်းကို တွေ့မြင်သည်နှင့်သူမအနိုင်နိုင် ထရပ်ကာ လက်ဝှေ့ရမ်းပြလိုက်သည်။

"ကိုအောင်မောင်း. . . ကျွန်မဒီမှာ"

ခြောက်သွေ့အက်ကွဲနေသော အသံက တိုးသဲ့သဲ့ရယ်။ သို့သော် ထိုအသံကို အောင်မောင်းကြားပါသည်။ မေဝင်းကို





မြင်သည်နှင့်အောင်မောင်းက ဝမ်းသာအားရဖြင့် 'မေဝင်း'ဟု အော်ခေါ်ရင်း ပြေးတက်လာ၏။

မကြာမီမှာပင် သူမထံသို့ ရောက်ရှိလာသည်။ မေဝင်းသည် ယခုမှ မျက်ရည်များကျလာ၏။ အောင်မောင်း၏ ပခုံးပေါ်သို့ မျက်နှာအပ်ပြီး. . .။

"ရှင်. . ဘာလို့ အခုမှလာရတာလဲ၊ ကျွန်မ. . . ဒီမှာ ဘယ်လောက်ဒုက္ခရောက်နေတယ်ဆိုတာ ရှင်မသိဘူးမဟုတ်လား"

အောင်မောင်းက မေဝင်းအား အသာအယာဖက်ရင်း။

"သိပါတယ်၊ ငါလည်း ဒုက္ခရောက်ခဲ့ရတာပါပဲ. . . မေဝင်းရာ"

မေဝင်းက ခေါင်းထောင်ပြီး အောင်မောင်းကို ကြည့်လိုက်သည်။

"အခုလို ကျွန်မတို့ ဒုက္ခရောက်ရတာ ဘာကြောင့်လဲ သိလား"

"သာမန်စဉ်းစားကြည့်ရင်တော့ ဂိုဘင်တို့ကြောင့်လို့ ဖြေရမယ်၊ ဒါပေမယ့် အသေအချာစဉ်းစားကြည့်လိုက်တော့ တို့ရထားတဲ့ ရတနာတွေကြောင့်ပဲ၊ အဲဒီပစ္စည်းကို လိုချင်မက်မောတဲ့လူတိုင်းက ငါတို့ကို အန္တရာယ်ပြုမှာပဲ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လက်ထဲမှာ ဒီပစ္စည်းတွေရှိလို့ ဒုက္ခရောက်ရတာ”

“ဟင်. . . ရှင်လည်း အဲဒီလိုပဲ တွေးမိနေတာကိုး”

အောင်မောင်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်. . မေဝင်း၊ ငါတော့ ချမ်းသာရမယ့်ဘဝကို သိပ်ကြောက်သွားပြီ၊ အသက်တိုနိုင်တဲ့ ဘဝမျိုးလေ”

“သိပ်မှန်တာပေါ့ရှင်၊ ကျွန်မတော့ ဒီရတနာတွေကို လုံးဝမမက်မောတော့ဘူး. . သိလား”

မေဝင်း၏ စကားအဆုံး၌ ရုတ်တရက်. . .။

“အစ်မပြောတာ ဘယ်ရတနာလဲ”

ချိုကြည်သြရှသော စကားသံနှင့်အတူ သူတို့အနားသို့ ရောက်လာသူက သန့်စင်ထွန်းဖြစ်သည်။ မေဝင်းက သူ့ကို သန့်စင်ထွန်းဖြစ်မှန်း ခန့်မှန်းသိရှိလိုက်သည်။ မေဝင်းက သန်းထိုက်ပတ္တမြားနှစ်ခဲကို လက်ညှိုးထိုးပြလိုက်သည်။

“အဲဒါတွေလေ”

သန့်စင်ထွန်းက ကြည်ကြည်လင်လင်လေး ပြုံးလိုက်၏။

“အဲဒါ စစ်မှန်တဲ့ရတနာ မဟုတ်ပါဘူးဗျာ”

မေဝင်းရင်ထဲ လှုပ်ရှားသွား၏။ အဘယ်ကြောင့်မှန်းတော့မသိ။





“ဒါဖြင့် စစ်မှန်တဲ့ ရတနာက ဘာလဲ”

သန့်စင်ထွန်းက စေတီပျက်လေးအား စိုက်ကြည့်ရင်း တည်ကြည်လေးနက်သော မျက်နှာဖြင့်. . .။

“လောကမှာ စစ်မှန်တဲ့ ရတနာသုံးပါးရှိတယ်၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာလမ်းကို ညွှန်ပြထားတဲ့ ဘုရားရှင်ဟာ ကျွန်တော်တို့ စံထားဦးခိုက်ရတဲ့ ရတနာတစ်ပါးပေါ့၊ လောကရဲ့ အမှန်ကန်ဆုံးသစ္စာတရားဖြစ်တဲ့ တရားတော်မြတ်ကတော့ ကျွန်တော်တို့ အစဉ်အမြဲနှလုံးသွင်းထားရမယ့် ရတနာပဲ၊ ဘုရားရှင်ရဲ့ တရားတော်တွေကို နှလုံးသွင်းပြီး နိဗ္ဗာန်လမ်းကို ရည်မှန်းလျှောက်နေကြတဲ့ သံဃာတော်တွေကတော့ ကျွန်တော်တို့ စိတ်နှလုံးသားကို ဓမ္မနှင့်ဆေးကြောသန့်စင်ပေးနိုင်လို့ မှီခိုအားထားရာ ရတနာပါပဲ”

တစ်လုံးချင်းပြောသော သူ၏စကားသံမှာ နားထောင်သူ၏ စိတ်နှလုံးသားကို သိမ်းသွင်းဆွဲဆောင်နိုင်စွမ်းရှိ၏။

“ဘုရား,တရား,သံဃာဆိုတဲ့ ရတနာသုံးပါးကို ခင်ဗျားတို့ တန်ဖိုးထား ကိုးကွယ်နှလုံးသွင်းရင် အဲဒီရတနာသုံးပါးရဲ့ ဂုဏ်တော်တွေက ခင်ဗျားတို့ရဲ့ စိတ်နှလုံးနှင့်ဘဝတွေကို အေးချမ်းအောင် ဖန်တီးပေးလိမ့်မယ်”

အောင်မောင်းနှင့်မေဝင်းတို့သည် ငြိမ်သက်စွာ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေကြသည်။ သန့်စင်ထွန်းစကားဆုံးသွားတော့မှ မေဝင်းက. . .။

"အစ်မတော့ မောင်လေးစကားကို သိပ်နားမလည်ဘူး ဒါပေမယ့် မင်းပြောတာတွေ မှန်မယ်လို့ ယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဆိုတာ အစ်မသိနေလို့ပါပဲ"

သူမ၏ စကားကို အောင်မောင်းက ခေါင်းညိတ်ပြီး ထောက်ခံလေသည်။

"ဟုတ်တယ်. . မေဝင်း၊ ဒီက ညီလေးက ငါတို့ကြုံခဲ့သမျှ ကိစ္စအားလုံးကို သိနေခဲ့တယ်၊ မင်း. . ဒီမှာ ရှိနေတာကိုလည်း သိတယ်၊ အင်မတန်ရှုပ်ထွေးတဲ့ ဝါးတောထဲကနေ မင်းဆီကို အရောက်လာနိုင်တယ်၊ သူဟာ ပုဂ္ဂိုလ်ထူးတစ်ဦးပဲ၊ ဒါကြောင့် သူတော်စင်ကြီးက ဒီက စေတီပျက်လေးတွေကို အသစ်တည်ဖို့ သူ့ကို ရွေးချယ်လိုက်တာပေါ့"

သန့်စင်ထွန်းက ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်၏။

"မဟုတ်ပါဘူး၊ ဒါဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်စွမ်းအင်ထူးတွေမဟုတ်ဘူး၊ အဘက သိချိန်မြင်ချိန်တန်လို့ သိမြင်ခွင့်ပေးခဲ့တာကြောင့်ပါ၊ ပြီးတော့ ဒီနေရာလေးမှာ ကျွန်တော့်ရဲ့ ပဋ္ဌာန်းဆက်တွေ ရှိနေလို့ဖြစ်မယ်"





"ဒါဖြင့် မောင်လေးကို သန်းထိုက်ပတ္တမြားခဲတစ်လုံးကို ပေးဖို့ သူတော်စင်ကြီးက အစ်မတို့ကို ညွှန်ကြားထားတာကို သိမှာပေါ့နော်"

"သိပါတယ်"

"အဲဒီပတ္တမြားခဲကို မောင်လေးက အကောင်းဆုံးအသုံးပြုပေးနိုင်တယ်တဲ့၊ မောင်လေးက ဘယ်နေရာမှာ သုံးမှာလဲ"

သန့်စင်ထွန်းက ပြုံးရွှင်သော မျက်နှာထားဖြင့်. . .။

"ကျွန်တော်. . ဒုတ္တစေတီကို ပထမဆုံးတည်မယ်၊ အဲဒီအထဲမှာ ဒီသန်းထိုက်ပတ္တမြားကို ဌာပနာထည့်မှာ"

မေဝင်းက သန့်စင်ထွန်း၏ မျက်နှာကို ငေးကြည့်နေ၏။ အတန်ကြာမှ သူမက ပတ္တမြားနှစ်ခဲကို ကုန်းကောက်ပြီး။

"ကိုအောင်မောင်း. . ကျွန်မတို့အတွက် သူတော်စင်ကြီးပေးထားတဲ့ အခဲကိုပါ သူ့ကိုပေးလှူလိုက်မယ်၊ သူက ကျွန်မတို့ရဲ့ ပစ္စည်းလေးကို အကောင်းဆုံးအသုံးပြုမှာရှင့်"

အောင်မောင်းက တွေဝေခြင်းမရှိပဲ ချက်ချင်းခေါင်းညိတ်သဘောတူသည်။

"အေး. . ကောင်းတယ်၊ ဒီပစ္စည်းမရှိတော့မှ ငါတို့အန္တရာယ်ကင်းမှာ"

မေဝင်းက သန့်စင်ထွန်းထံ ပတ္တမြားနှစ်ခဲကို လှမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"နှစ်လုံးလုံးယူပါ. . မောင်လေး၊ စေတီနှစ်ဆူ တည်လို့ရတာပေါ့"

သန့်စင်ထွန်းက အောင်မောင်းနှင့်မေဝင်းကို တလှည့်စီကြည့်ရင်း ပြုံးလိုက်၏။

"ခင်ဗျားတို့မဆိုးဘူး၊ အစစ်အမှန်လို့ထင်တဲ့ အတုအယောင်ကို ရဲရဲဝံ့ဝံ့ စွန့်လွှတ်ရဲသားပဲ၊ ဒါပေမယ့် ကျွန်တော်. . ခင်ဗျားတို့ရဲ့ ပစ္စည်းလေးကို အလကားမယူပါရစေနဲ့၊ ကျွန်တော် ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို ယူပါ၊ ကျွန်တော့်ရဲ့ စည်းစိမ်အားလုံးပေါင်း သိန်းနှစ်ထောင်လောက်တော့ရှိတယ်၊ ဒီပစ္စည်းလေးက သိန်းနှစ်ထောင်မကတန်တယ်လေ"

အောင်မောင်းနှင့်မေဝင်းတို့ မျက်လုံးပြူးသွားကြ၏။

"သိန်းနှစ်ထောင်၊ ဟာ. . မယူဘူး၊ အဲဒီလောက်ထိ ချမ်းသာတဲ့ဘဝမှာ အစ်မမနေရဲဘူး"

"ဟုတ်တယ်. . ညီလေး၊ အစ်ကိုတို့ ဘာမှမယူပါရစေနဲ့"

သန့်စင်ထွန်းက လက်ကာပြလိုက်သည်။

"ကျွန်တော်ပြောတာ နားထောင်ပေးပါဦး၊ ဒီနေရာလေးမှာ သာသနာတော် ပွင့်လာအောင်လို့ ကျွန်တော်တို့ အတူတကွ ကြိုးစားကြရမယ်၊ အဲဒီအခါမှာ အလှူရှင်လိုတယ်၊





ကျွန်တော့်ရဲ့ စည်းစိမ်တွေကို အစ်မတို့ လက်ခံထားပြီး လိုအပ်တဲ့နေရာတွေမှာ လှူဒါန်းပေးပါဗျာ"

အောင်မောင်းနှင့်မေဝင်းတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ငေးငိုင်သွားကြသည်။ သန့်စင်ထွန်း ဆက်လက်တိုက်တွန်း၏။

"အစ်ကိုတို့. . အစ်မတို့ရဲ့ ခံစားချက်ကို ကျွန်တော်နားလည်ပါတယ်၊ အစ်ကိုတို့လက်ထဲမှာ ပစ္စည်းဥစ္စာအများကြီးမထားချင်ရင် အကျိုးရှိရှိ လှူပစ်လိုက်ပေါ့၊ ဥပမာ-အစ်ကိုတို့ရွာက တစ်အိမ်စီကို သိန်းနှစ်ဆယ်စီ ဝေငှလိုက်တာမျိုး၊ မိဘမဲ့ကလေးကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းခင်းတာတွေ၊ ဘုရားတည်တာတွေ၊ ကျောင်းဆောက်တာတွေ အို. . လှူသင့်လှူထိုက်တဲ့နေရာတွေ အများကြီးရှိပါတယ်လေ"

"မင်းဘာသာမင်းပဲ လိုက်လှူလိုက်ပေါ့. . ညီလေးရာ"

"သိန်းထိုက်ပတ္တမြားနှစ်ခဲကို အသက်နှင့်ရင်းပြီး စောင့်ရှောက်ခဲ့တဲ့ အစ်ကိုတို့လင်မယားအတွက် ကျွန်တော်က တတ်နိုင်သလောက် ကျေးဇူးဆပ်ချင်လို့ပါ၊ ကျွန်တော့်ရဲ့ ပစ္စည်းတွေကို ပေးရမှ ကျွန်တော်စိတ်ကျေနပ်မှာ၊ မဟုတ်ရင် ဒီပတ္တမြားနှစ်ခဲကို ကျွန်တော်လက်မခံနိုင်ဘူး"

အောင်မောင်းနှင့်မေဝင်းတို့ မျက်နှာပျက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အန္တရာယ်ကြီးသော ထိုပစ္စည်းများကို လက်ထဲမထားချင်တော့ပါ။

“ဟာ. . ဒီလိုတော့ မလုပ်ပါနဲ့. . ညီလေးရယ်”

“မောင်လေးမယူလို့ ဘယ်ဖြစ်မလဲ”

သန့်စင်ထွန်းက တစ်ချက်ပြုံးလိုက်၏။

“ဒီလိုဆို ကျွန်တော်ပြောတာကို လက်ခံပေးပါ၊ အစ်ကိုတို့. . အစ်မတို့မိသားစုအတွက် သင့်တော်ရုံချန်ပြီး ကျန်တာတွေကို လှူလိုက်လေ၊ အစ်ကိုတို့ ကလေးရဲ့ နောင်ရေးကိုလည်း ကျွန်တော်က အေးချမ်းစေချင်လို့ အကြံပေးနေတာပါ၊ အစ်ကိုတို့ အသက်အရွယ်နဲ့ ဒီကလေးအတွက် အဆင်ပြေအောင် ကိုယ့်ဘာသာ ဖန်တီးပေးနိုင်ခဲ့လို့ မလွယ်ဘူးမဟုတ်လားဗျာ”

အောင်မောင်းနှင့်မေဝင်းတို့က မေဝင်း၏ ဝမ်းဗိုက်ပူပူကြီးအား တပြိုင်နက်ငုံ့ကြည့်ပြီး ခေါင်းညိတ်သဘောတူလိုက်ကြသည်။

“မောင်လေးပြောတာကို အစ်မနားလည်ပါပြီကွယ်၊ မောင်လေး. . ဒီစေတီလေးတွေကို တည်တဲ့နေရာမှာ အစ်မတို့ မောင်လေးရဲ့ စည်းစိမ်တွေကို လက်ခံပြီး အားလုံးကူညီပေးပါ့မယ်”

“ညီလေးအစီအစဉ်ကို အစ်ကိုတို့ လက်ခံသဘောတူ





ပါတယ်၊ ကဲ. . ဒီသန်းထိုက်ပတ္တမြားနှစ်ခဲကိုလည်း ညီလေးလက်ခံလိုက်ပါတော့”

သန့်စင်ထွန်းက ပတ္တမြားနှစ်ခဲကို စိုက်ကြည့်ရင်းခေါင်းခါရမ်းလိုက်သည်။

“အခု ကျွန်တော်လက်ခံလို့ မဖြစ်သေးဘူး”

အောင်မောင်းနှင့်မေဝင်းတို့က နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကုတ်ရင်း သန့်စင်ထွန်းကို စိုက်ကြည့်လိုက်ကြသည်။ သန့်စင်ထွန်းက ကြည်လင်တောက်ပစွာ ပြုံးရင်း. . .။

“ကျွန်တော်. . ရဟန်းဝတ်နဲ့မှ ဒီပစ္စည်းနှစ်ခုကို အလှူခံပါ့မယ်၊ လောလောဆယ် ခဏသိမ်းပေးထားကြပါဦး၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ပြီးရင် ကျွန်တော်ကိုယ်တိုင် ရဟန်းဝတ်နဲ့ အရောက်လာခဲ့မယ်၊ အဲဒီတော့မှ လှူကြပါ”

သူ၏ စကားသံ၌ ကြည်နူးဝမ်းသာမှုများ အပြည့်အသိပ် ပါရှိနေတာကို အောင်မောင်းတို့လင်မယား သတိပြုမိလိုက်သည်။ သန့်စင်ထွန်းတစ်ယောက် အကြည်နူးကြီး ကြည်နူးနေမိ၏။ သူ၏ အိပ်မက်ထဲက စေတီပျက်လေးများ အုတ်မြို့ ရိုးဟောင်းဘေးမှ ကျွန်းအိမ်အိုကြီး၊ ဝက်ပါဝါးတောကြီးသည်များကိုကြည့်ရင်း အားပါးတရ ပြုံးနေမိ၏။

ထိုနောက် သူသည် စေတီပျက်လေးတစ်ဆူချင်းစီကို



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုစွာဖြင့် လိုက်လံဝတ်ပြုလေသည်။ သူ၏ ခံစားမှုက အောင်မောင်းတို့လင်မယားထံ ကူးစက်သွားဟန်ရှိ၏။ အောင်မောင်းတို့ လင်မယားသည်လည်း ကိုယ်စိတ်နှပါးလုံးဖြင့် စေတီပျက်လေးများကို တမြတ်တနိုး ဦးခိုက်ကန်တော့ပါတော့သည်။

ယင်းနောက် သူတို့သည် အုတ်မြို့ ရိုးဟောင်းပေါ်မှ ဆင်းကာ ဝါးတောတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။ သူတို့၏ နောက်ကျောကို အပြုံးကိုယ်စီဖြင့် စိုက်ကြည့်နေကြသော မျက်လုံးနှစ်စုံမှာ ကြည်လင်တောက်ပနေကြသည်။ ထိုမျက်လုံးပိုင်ရှင်မှာ သူတော်စင်ကြီးနှင့်ဆူဆီရီတို့ပင် ဖြစ်လေ၏။

* * *





''နိဂုံး''

နောက်တစ်နေ့မနက်. . . ။

အောင်မောင်းတို့ လင်မယားသည် ဦးထွန်းရီတို့မိသားစုကို နှုတ်ဆက်ပြီး အိမ်ပြင်သို့ထွက်ခဲ့သည်။ သူတို့ကို သန့်စင်ထွန်းက မင်းလွင်ကုန်းရွာပြင်အထိ လိုက်ပို့ပေး၏။ ရွာပြင်၌ ထူးဆန်းအံ့ဩဖွယ်မြင်ကွင်းတစ်ခုက အောင်မောင်းတို့ လင်မယားကို စောင့်ကြိုနေခဲ့သည်။

မြင်းနှစ်ကောင်တပ်ထားသော သူတို့၏ မြင်းလှည်းက



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ ရပ်တန့်နေ၏။ ထိုမြင်းလှည်းမှာ ဂိုဘင်တို့လက်မှ လွတ်မြောက်ဖို့ တောတွင်းဝင်ပြေးစဉ်က သူတို့စွန့်ပစ်ထားခဲ့ပြီးပြီမဟုတ်ပါလော။

ယခု ထိုမြင်းလှည်းက တစ်နေရာတည်း၌ အနည်းငယ်မျှ လှုပ်ရှားမှုမရှိပဲ ရပ်တန့်နေလေသည်။ အောင်မောင်းတို့လင်မယားကို အသင့်စောင့်ကြိုနေဟန်ရှိ၏။

"ဟယ်တော့. . ကျွန်မတို့ရဲ့မြင်းလှည်း ဒီကိုရောက်နေပါလား၊ ထူးဆန်းလိုက်တာနော်. . ကိုအောင်မောင်း"

"ငါတို့ ရွာကိုပြန်ဖို့ အဆင်ပြေအောင် သူတော်စင်အဘ စီစဉ်ပေးထားတာဖြစ်မှာပေါ့. . မေဝင်းရဲ့"

"ဟုတ်မယ်. . . ဟုတ်မယ်"

မေဝင်းက ဝမ်းသာအားရဖြင့် မြင်းလှည်းပေါ်တက်၏။ အောင်မောင်းက သူမကို ကူညီဖေးမ၍ တင်ပေးလိုက်သည်။ ထိုနောက် ပြုံးရင်း ရပ်တန့်နေသော သန့်စင်ထွန်းကို လှည့်ကြည့်လိုက်၏။

"ညီလေး. . အစ်ကိုတို့သွားတော့မယ်၊ အစ်ကိုက ခရီးထွက်ရဦးမှာ၊ ညီလေးဘယ်တော့လောက် လာမှာလဲ"

"ကျွန်တော်က အိမ်နှင့်ခြံအပြင် ကားနဲ့ပွဲရုံကိုပါ ရောင်းရဦးမှာဆိုတော့ ဆယ်ရက်လောက်တော့ ကြာလိမ့်မယ်၊ အစ်ကိုက ဘယ်နှစ်ရက်လောက်ကြာမှာလဲ"

"ငါးရက်က အလွန်ဆုံးပေါ့"

"ဒီလိုဆို ကျွန်တော်ရောက်တဲ့အချိန်ကျရင် အစ်ကိုရှိမှာပေါ့၊ ဪ. . အစ်ကိုတို့ဆီက ကျွန်တော်တစ်ခု တောင်းဆိုရဦးမယ်"

အောင်မောင်းက ဝမ်းသာအားတက်ဖြင့်ပင်. . .။

"ဟာ. . ပြောပါညီလေး၊ အစ်ကိုတို့ ဘာလုပ်ပေးရမလဲ"

"ဦးလေးဦးထွန်းရီတို့ မိသားစုအတွက် ရင်းနှီးစားသောက်လို့ရမယ့် လုပ်ငန်းတစ်ခု ထောင်ပေးလိုက်ချင်လို့. . အဲဒါ"

သန့်စင်ထွန်း၏ စကားမဆုံးမီမှာပင် အောင်မောင်းက အားတက်သရောဖြင့် ကြားဖြတ်ပြော၏။

"ဟာ. . ညီလေးစိတ်ကြိုက်တာလုပ်၊ အစ်ကိုတို့က ညီလေးစီမံသမျှကို လက်ခံပြီးသားပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ"

အောင်မောင်းက လက်ကာပြလိုက်၏။

"မလိုဘူး၊ မလိုဘူး၊ အရေးကြီးတာက ညီလေး. . ဟိုပစ္စည်းတွေကို လာယူဖို့ပဲ"

"စိတ်ချ. . ကျွန်တော်လာကိုလာမှာ"





www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစ်ကိုတို့ သွားတော့မယ်"

"ဟုတ်ကဲ့"

သန့်စင်ထွန်းက ခေါင်းညိတ်၏။ အောင်မောင်းက မြင်းလှည်းမောင်းသမားနေရာ၌ ဝင်ထိုင်ရင်း လက်တစ်ချက် ဝှေ့ရမ်းပြပြီး မြင်းများကို မောင်းနှင်လိုက်၏။ မေဝင်းက လက်ဝှေ့ရမ်းနှုတ်ဆက်ရင်း . . ။

"အစ်မတို့ ရွာကပဲ စောင့်နေမယ်နော်"

* * *

မြင်းလှည်းသည် တောလမ်းလေးအတိုင်း မှန်မှန်ပြေးလွှားနေသည်။ မြင်းလှည်းမောင်းသူ အောင်မောင်းနှင့်မေဝင်းတို့မှာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြ၏။

သူတို့တွေးတောနေသည်မှာ သူတော်စင်ကြီးနှင့်သန့်စင်ထွန်းအကြောင်း။ ပြီးတော့ ထူးခြားဆန်းကြယ်သော အစွမ်းသတ္တိကို ပိုင်ဆိုင်ထားကြသည့် မြွေကြီးများ ဂိုဘင်၏ လူများ သေဆုံးသွားပုံ စူးရှသော အသံပိုင်ရှင် သူတို့၏ ရင်သွေးလေး အကြောင်းနှင့်ဝက်ပါဝါးတောထဲ လျှို့ဝှက်စွာရှိနေသော အုတ်မြို့ ရိုးဟောင်းပေါ်ရှိ စေတီပျက်လေးငါးဆူ အုတ်မြို့ ရိုးဟောင်း





က ကျွန်းအိမ်အိုကြီးစသည့် မယုံကြည်နိုင်အောင် ထူးခြားဆန်းကြယ်မှုများပင်ဖြစ်သည်။

သူတို့ ကြုံတွေ့ခဲ့သော ဖြစ်ရပ်များကို သူတို့ကလွဲပြီး ဘယ်သူကိုမှ သိခွင့်ပေးမည်မဟုတ်ပါ။ သူတို့ပြောခဲ့လျှင်လည်း မည်သူမျှ ယုံကြည်ကြမည်မဟုတ်။ ပုံပြင်တစ်ပုဒ်အဖြစ်သာ သတ်မှတ်ကြပေလိမ့်မည်။

ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းကို သူတို့ မသေမချင်း ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။ ရုတ်တရက် မေဝင်းက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်၏။

"ကိုအောင်မောင်း. . ကျွန်မတော့ မင်းလွင်ကုန်းရွာလေးမှာပဲ အခြေချချင်တယ်၊ စေတီတော်လေးတွေကို အမြဲဖူးမြင်ချင်လို့ အောင်မောင်းက ခေါင်းညိတ်ထောက်ခံလိုက်၏။

"အေး. . ကောင်းတယ်"

ရုတ်တရက်. . . ။

သူက မြင်းလှည်းကို ရပ်တန့်ပြီး လမ်းဘေး၌ သစ်ပင်ငယ်တစ်ခုကို တူးဆွနေသော လွယ်အိတ်လွယ်ထားသည့် လူကို လှမ်းကြည့်လိုက်၏။ ထိုလူက သူတို့ကို ကျောခိုင်းထားပါသော်လည်း ဘယ်သူဆိုတာ သူကောင်းကောင်းသိနေသည်။

"ဗျို့. . ဦးလေးဦးခင်အောင်၊ ဘာတွေတူးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံကြောင့် သစ်ပင်ငယ်အောက်ခြေက မြေတွေကို တူးဆွနေသော ဦးခင်အောင်က လှည့်ကြည့်၏။ ပြီးတော့ လှည်းနားကို အပြေးရောက်လာ၏။

"ဟေ့ကောင်. . . အောင်မောင်း၊ မင်းတို့ တစ်ရက်နှင့်နှစ်ညလုံးလုံး ဘယ်သွားနေကြတာလဲ၊ ငါတို့အားလုံး စိတ်ပူနေရတယ်ကွ"

"မင်းလွင်ကုန်းရွာက အသိတွေအိမ်ကိုသွားတာ၊ ဦးလေးတို့က ဘာလို့စိတ်ပူနေကြရတာလဲ"

"မေကြည့်စကားကြောင့်ပေါ့ကွ၊ မင်းခယ်မတော့ ရူးနေပြီလား မသိပါဘူးကွာ၊ အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောနေတယ်၊ မင်းတို့ရွာရောက်ရင် သူ့ကို အရင်သွားကြည့်လိုက်ကြဦး"

အောင်မောင်းက မျက်မှောင်ကုပ်လိုက်၏။ မေဝင်းကလည်း လှည်းရှေ့ပိုင်းသို့တိုးလာပြီး ဦးခင်အောင်ကို လှည့်ကြည့်သည်။

"မေကြည်က ဘာတွေလျှောက်ပြောနေလို့လဲ. . . ဦးလေးရဲ့"

ဦးခင်အောင်က မျက်နှာကြီးရှုံ့မဲ့ပြီး. . .။

"ညည်းညီမကပြောတယ်၊ နင်တို့ ဟိုမြွေတွေကို မီးရှို့





လိုက်တာ သန်းထိုက်ပတ္တမြားနှစ်ခဲကို ရလိုက်တယ်တဲ့၊ ပြီးတော့ မင်းနှင့်ဂိုဘင်တို့လူစု တစ်ချိန်တည်းပျောက်သွားလို့ သူက ဖင်မထိုင်နိုင်အောင် စိတ်ပူနေတယ်၊ ဂိုဘင်တို့က နင်တို့ဆီက သန်းထိုက်ပတ္တမြားခဲတွေကို လိုက်ရှာနေတာဖြစ်မယ်တဲ့လေ၊ ဟားဟား. . ဟား. . ဟား"

သူကပြောပြီး ဟားတိုက်ရယ်မောလိုက်၏။ အောင်မောင်းနှင့်မေဝင်းတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

ဦးခင်အောင်က အတန်ကြာအောင် ရယ်မောပြီးမှ။

"ဟေ. . ငါ့ကို ခဏစောင့်ကြဦး၊ ငါမဟာဂါသစ်ဆွေးပင်ရဲ့ အမြစ်ကို တူးနေတာ ရတော့မယ်၊ ငါ. . မင်းတို့လှည်းနဲ့ ပြန်လိုက်မလို့၊ စောင့်ကြဦး"

"လုပ်. . လုပ်. . ကျွန်တော်ပါ ကူညီရဦးမလား"

"ကောင်းတာပေါ့ကွာ"

မဟာဂါသစ်ဆွေးပင်မှာ တစ်ပေ၊ တစ်ထွာမျှသာမြင့်ပြီး မြေပြင်မာပေါ်၌ကပ်၍ အကိုင်းများ ဖြာထွက်နေကြသည်။ အရွက်များမှာ ၂-လက်မကျော်ခန့်ရှည်ပြီး အနံ့သေး၏။ ဦးခင်အောင်က တူသံရွှင်းဖြင့် မြေကိုဆွရင်း. . .။

"ဒီအမြစ်က အဖုအကျိတ်တွေပေါက်ရင် သုံးဖို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအမြစ်ကို ရေစင်စင်ဆေးပြီး ထုထောင်းကြိတ်ချေ အုံပေးလိုက်လို့ကတော့ နုရင်ပိန်၊ ရင့်ရင့်ပေါက်ပဲ၊ လူတင်မကဘူး၊ ကျွဲ၊ နွားတိရစ္ဆာန်တွေ အတွက်ပါ သုံးလို့ရတယ်ကွ"

ဦးခင်အောင်က ထုံးစံအတိုင်း ဆေးပင်များအကြောင်း ပြောနေ၏။ အောင်မောင်းက စိတ်မဝင်စားနိုင်ပါ။

"ဒါနဲ့. . စကားမစပ် မေးရဦးမယ်၊ ဂိုဘင်တို့ လူစုက ဘယ်သွားကြတာလဲ"

"မသိပါဘူးကွာ၊ ဒီလူတွေက ရောက်တဲ့နေရာမှာ နေချင်သလောက်နေကြတဲ့လူတွေ ရောက်လာပြီးအခြေချနေတုန်းကလည်း အားချင်းပဲ၊ ပြန်ထွက်သွားတော့လည်း ချက်ချင်း၊ငါတော့ သူတို့ကို ကြည့်မရပါဘူးကွာ၊ သူတို့ ရောက်လာကတည်းက ငါတို့ရွာသားတွေ မြွေခဏခဏ အကိုက်ခံရတယ်၊ သူတို့က ငါ့ထက်အရင်ရောက်နေပြီး ကုပေးတယ်၊ တန်တော့ သူတို့ မြွေတွေကို သူတို့သုံးပြီး စီးပွားရှာနေတာ ဖြစ်မယ်၊ သူတို့က မင်းတို့ဆီက ပတ္တမြားကို လိုက်လုတယ်လို့ မေကြည်ကတော့ ငိုကြီးချက်မနဲ့ လျှောက်ပြောနေတာပဲ"

အောင်မောင်းက ကျေနပ်စွာပြုံးလိုက်သည်။

"အဲဒါနိမိတ်ပဲ. . ဦးလေးခင်အောင်၊ ကျွန်တော်တို့မှာ သန်းထိုက်ပတ္တမြားမရှိပေမယ့် သိန်းနှစ်ထောင်လောက်ရမယ့် ကံ ကြုံခဲ့သဗျို့. "





ဦးခင်အောင် မျက်လုံးပြူးသွားပြီး တအံ့တသြဖြင့် အကျယ်ကြီးထအော်လေပြီ။

"ဘာ. . သိန်းနှစ်ထောင်၊ သိန်းနှစ်ထောင်၊ မင်းတို့ သိန်းနှစ်ထောင်ရတော့မယ်. . ဟုတ်လား"

"ဟုတ်တယ်. . ဦးလေးရဲ့၊ ကျွန်တော်တို့လမ်းမှာ လူတစ်ယောက်နဲ့ တွေ့တယ်၊ သူက သာသနာဘောင်ထဲ အပြီးဝင်တော့မှာ၊ အဲဒါ သူ့ရဲ့ ပစ္စည်းအားလုံးကို ကျွန်တော်တို့လင်မယားနှစ်ယောက်ဆီပေးမယ်၊ သူနဲ့ ရေစက်ဆုံတယ်တဲ့လေ"

"ယဉ်ယဉ်လေးရှူးနေတာ ဖြစ်မှာပေါ့ကွာ၊ မင်းစိတ်ကူးယဉ်မနေနဲ့ဦးနော်. . အောင်မောင်း"

အောင်မောင်းက ခပ်တည်တည်ဖြင့်. . .။

"ကျွန်တော်လည်း သိပ်တော့မှန်းမထားပါဘူး၊တကယ်လို့ ကျွန်တော်သိန်းနှစ်ထောင်ရရင်တော့ ရွာကတစ်အိမ်စီကို သိန်းနှစ်ဆယ်လောက်စီပေးမယ်၊ ဒီလိုဆို ကျွန်တော်တို့တစ်ရွာလုံး လှည်းကူးမြို့ ပေါ်တက်ပြီး ရင်းနှီးစားသောက်နိုင်ပြီဗျ"

ဦးခင်အောင်က ခေါင်းမော့ကာ အားပါးတရ ဟားတိုက်ရယ်မောလိုက်သည်။ ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ခုကို ကြားလိုက်ရဟန်ဖြင့် ရယ်မောမဆုံးနိုင်။ အတန်ကြာမှ သူက ပြုံးစစဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၏။

"ကောင်းတာပေါ့ကွာ၊ မင်းစကား မင်းမှတ်ထား၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



သိန်းနှစ်ထောင်ရလို့ကတော့ ငါက သိန်းနှစ်ဆယ်ကို လည်ပင်းညှစ်တောင်းမှာ"

"လည်ပင်းညှစ်တောင်းဖို့ မလိုပါဘူးဗျာ၊ ကျွန်တော်က တကယ်ပေးမှာ"

"အေး. . အေး. . အောင်မောင်းရာ၊ မင်းကတော့ အတည်ပေါက်ကြီးနဲ့ နောက်နေပြီ"

အောင်မောင်းနှင့်မေဝင်းတို့ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ရင်း ပြုံးမိကြသည်။ သူတို့၏စကားကို မယုံကြည်နိုင်ခဲ့သော ဦးခင်အောင်မှာ မကြာမီရက်ပိုင်းအတွင်းမှာပင် တအံ့တသြဖြစ်သွားရသည်။ တစ်ရွာလုံး တအံ့တသြဖြစ်အောင်ကို အောင်မောင်းတို့က တစ်အိမ်ကို သိန်းနှစ်ဆယ်စီ လိုက်ပေးခဲ့သောကြောင့်ဖြစ်သည်။

ယင်းနောက် သန့်စင်ထွန်းတစ်ဖြစ်လည်း ဦးပဥ္စင်းဝိဇယကို လာရောက်ဖူးမျှော်ရင်း ဦးပဥ္စင်း၏ ရည်ရွယ်ချက်ကို သိသွားကြ၏။ ထိုအခါ ဝါးများခုတ်ထွင်ခြင်း၊ လမ်းခင်းခြင်းနှင့် ကျောက်ဆောက်ခင်းတို့၌ အားတက်သရော ပါဝင်ကူညီကြလေသည်။ တစ်ရွာလုံးမှာ ဦးပဥ္စင်းဝိဇယ၏ စည်းစိမ်မျှကို မျှဝေသုံးစွဲရင်း လှည်းကူးမြို့ပေါ် ပြောင်းရွှေ့နေထိုင်ကြလေ၏။

ဝက်ပါဝါးတောမှာ ရှင်းလင်းနေပေပြီ။ ကတ္တရာခင်းထားသော လမ်းကြီးက ဖြူးနေ၏။ အုတ်မြို့ရိုးပောင်းဘောင်း၌





ယခင်ကရှိခဲ့သော ကျွန်းအိမ်အိုဟောင်းကြီးမှာ မပြောင်းလဲပါ။ ထိုအိမ်အိုကြီးနှင့် မျက်နှာချင်းဆိုင်၌ ဘုန်းကြီးကျောင်းတစ်ကျောင်းက ဝင့်ဝင့်ထည်ထည်ဖြင့် နေရာယူထားသည်။

အာရုဏ်ဦး၏ ရောင်ခြည်အောက်တွင် ဒုတ္ထစေတီနှင့် စူဠာမဏိစေတီတော်တို့၏ ထီးတော်များမှာ အရောင်တဖျတ်ဖျတ်လက်နေ၏။ ထိုစေတီနှစ်ဆူအပြင် စေတီပျက်လေးများရှေ့၌ လေးထောင့်စားပွဲတစ်လုံးစီရှိနေ၏။ စားပွဲပေါ်၌ ရေချမ်းနှင့်သစ်သီးဝလံများ နံ့သာတိုင်နှင့်ဆီမီးများကို ကပ်လှူပူဇော်ထားသည်။

ဒုတ္ထစေတီ၏ရှေ့၌ တင်ပလ္လင်ခွေထိုင်ရင်း ခါးကိုဖြောင့်ထားလျက် လက်ဝါးနှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ် သက်တောင့်သက်သာတင်ပြီး မျက်လုံးအစုံမှိတ်ကာ တရားမှတ်နေသော ဦးပဥ္စင်းတစ်ပါးကို တွေ့ရ၏။

ဦးပဥ္စင်း၏ အသားအရေမှာ ကြည်လင်ဝင်းဖန့်နေ၏။ ဥပမိရုပ်မှာ ခန့်ညားတည်ကြည်လွန်း၏။ ဖူးတွေ့သူတိုင်း ကြည်ညိုစိတ်ယိုဖိတ်လာစေနိုင်သည့် ထိုဦးပဥ္စင်းဝိဇယမှာ ဝက်ပါဝါးတောထဲက ဖိတ်ခေါ်မှုကို လက်ခံခဲ့သည့် သန့်စင်ထွန်းဖြစ်၏။ ဦးပဥ္စင်းဝိဇယဦးဆောင်၍ ထိုနေရာလေးကို ရှင်းလင်းစဉ်က မင်းလွင်ကုန်းရွာသားများ စိုးရိမ်ထိတ်လန့်နေကြသည်။ မြွေကြီးများ ထွက်လိုက်မှာကို ကြောက်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့ယခုအထိ မြွေတစ်ကောင်မျှ မတွေ့ရ သလို မြွေတွန်သံကိုလည်း မကြားရတော့ပါ။ ဘုရားဖူးများဖြင့် စည်ကားသိုက်မြိုက်နေသော ဤနေရာလေး၏ တားမြစ်နယ် မြေမှာ ကျွန်းအိမ်အိုကြီးပင်ဖြစ်လေသည်။

ယခု ကျွန်းအိမ်အိုကြီး၏ အမိုးပေါ်၌ လူနှစ်ဦးရပ်တန့် နေကြသည်။ သူတော်စင်ကြီးနှင့်ဆူဆိရိတို့ဖြစ်၏။ သူတို့သည် ပြုံးရွှင်သော မျက်နှာထားဖြင့် လက်အုပ်များချီရင်း စေတီတော် များနှင့်ဦးပဉ္စင်းဝိဇယကို ပူဇော်နေကြသည်။ သူတို့အား မည် သူတစ်ဦးတစ်ယောက်မျှ တွေ့မြင်ခြင်းမရှိပါ။

ထိုစဉ် ဦးပဉ္စင်းဝိဇယက တရားဖြုတ်ပြီး မျက်လွှာကို ဖြည်းဖြည်းချင်း ပင့်တင်လိုက်၏။ ထိုနောက် ဝတ်ပြုပြီးဖြည်း ဖြည်းချင်း ထရပ်လိုက်၏။

ရုတ်တရက် သူ၏ မျက်လုံးအစုံသည် ကျွန်းအိမ်အို ကြီးပေါ်သို့ ရောက်ရှိသွားသည်။ သူတော်စင်ကြီးနှင့်ဆူဆိရိတို့ ကို တွေ့မြင်သွား၏။ သူပြုံးရင်း လက်အုပ်ချီကာ ဦးညွှတ်လိုက် လေတော့သည်။

* * *

ရတနာသုံးပါးအား ဦးထိပ်ထားလျက်



BURMESE CLASSIC .com
www.burmeseclassic.com


ဂမ္ဘီရ သန်းကြွယ် လုံးချင်းဝတ္ထု
ဝက်ပါတောထဲက သန်းထိုက်ပတ္တမြား
BURMESE CLASSIC .com
www.burmeseclassic.com